
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စိစဉ်သူ : ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် : ၂၀၁၂၊ စက်တင်ဘာလ
အုပ်ရေ : ၅၀၀
မျက်နှာဖုံး : မြတ်မင်းဟန်
ကွန်ပျူတာစာစီ : *Maw Maw*
အတွင်းဖလင် : *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ ◦ ၈၃

သိန်းဝင်း၊ ထောင်မှူးကြီး
စိတ်ရင်းကောင်းသောလူပေလူရှုတ်ကြီးများအပါအဝင်
ရသစုံဝတ္ထုတိုများ / ထောင်မှူးကြီးသိန်းဝင်း ။ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၃၀၅–စာ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁) စိတ်ရင်းကောင်းသောလူပေလူရှုတ်ကြီးများအပါအဝင်ရသစုံဝတ္ထုတိုများ

# မာတိကာ


| | | |
|---|---|---|
| ၁။ | စိတ်ရင်းကောင်းသော လူပေလူရှုတ်ကြီးများ | ၁ |
| ၂။ | ဆေးကောင်းဝါးကောင်း | ၂၅ |
| ၃။ | ဂျင်ပေါက်ထုံးများ | ၄၁ |
| ၄။ | မြူမှုန်ကင်း၍ လမင်းသာချိန် | ၆၇ |
| ၅။ | ထောင်မှူးဘဝအမှတ်တရလေးများ | ၉၃ |
| ၆။ | အင်ဂျန်းယန်မြို့က ထူးဆန်းသောရိုးရာပွဲများ | ၁၁၂ |
| ၇။ | ဘို့အင်ရွာမှ လူပေကြီးများ | ၁၂၉ |
| ၈။ | သီတင်းကျွတ်အောင်ပွဲ | ၁၅၁ |
| ၉။ | နာရီပင်ကြီး | ၁၆၉ |
| ၁၀။ | သူ့စည်းနှင့်သူ | ၁၈၅ |
| ၁၁။ | ယုံကြည်ခြင်း၊ မယုံကြည်ခြင်း၏ အခြားတစ်ဖက်၌ | ၂၀၃ |
| ၁၂။ | လုံးတီးထမင်း | ၂၁၀ |
| ၁၃။ | ကျွန်ုပ်နှင့် အာဂမလိသားများ | ၂၃၇ |
| ၁၄။ | အချစ်အတွက် အသက်စွန့်ရုံကြသူများ | ၂၆၄ |
| ၁၅။ | ခွေးမြီးကောက်ကျည်တောက်စွပ် | ၂၈၃ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## [ ၁ ]

❏

ပြီးခဲ့သောလက 'ထိတ်တုံးရွှေ' အမည်ဖြင့် ကျွန်တော့်မွေးရာဇာတိ ကော့မှူးမြို့နယ်၊ ဘို့ဒင်ကြီးရွာမှ လူပေလူတေကြီးများအကြောင်းကို ရေးခဲ့ပြီးဖြစ်သည်။

လူပေလူတေကြီးများ ဆိုသော်လည်း အရက်သောက်တတ်သည်မှလွဲ၍ ကျေးတောရွာသား လူရိုးလူဖြောင့်ကြီးများဖြစ်သည်နှင့်အညီ သူတစ်ပါး သားမယားအား ဖျက်ဆီးခြင်း၊ ခိုးဝှက်ခြင်း၊ လုယက်ခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အနိုင်ကျင့်ခြင်းတော့ ကင်းကြသည်။ သို့သော် တောရွာသားများပီပီ အနောက်အရှတ် အကျီစားတော့ အလွန်သန်ကြသည်။

လူစုံ၍ ကိစ္စတစ်ခုကို အငြင်းအခုန်ဖြစ်ကြလျှင် လောင်းကြေးထပ်၍ စိန်ခေါ်ကြသည်က ရွာဓလေ့ထုံးစံ။ ကျွန်တော့်တို့ရွာတွင် လူပေ





လူတေများအဖွဲ့၏ ခေါင်းဆောင်က ကျွန်တော့်ဘကြီး ဦးထိတ်တုံးရွှေပင်ဖြစ်တော့သည်။

ကျွန်တော်တို့မျိုးရိုးမှာ အင်္ဂလိပ်ခေတ်ကတည်းက သူကြီးမျိုးရိုးဖြစ်သည်။ ကျွန်တော်တို့ အဘေး၊ ဦးရွှေမွန်းမှာ ၆ ရွာအုပ်သူကြီး။ အင်္ဂလိပ်မင်းရွှေစလွယ်ရ နှစ်လုံးပြူးကိုင် အထင်ကရဖြစ်သည်။ သားဖြစ်သူ အဘိုးဦးရွှေလုပ်ကလည်း အဘေးအမွေကို ဆက်ခံပြီး ၆ ရွာအုပ် သူကြီးပင်ဖြစ်သည်။

ကျွန်တော့်အဖေ ဦးရွှေကျေးကလည်း မျိုးရိုးစဉ်ဆက် သူကြီးအမွေကို ဆက်ခံပြန်သည်။ ဘကြီးထိတ်တုံးရွှေက အလတ်ဖြစ်သည်။ အကြီးဆုံးဘကြီးက ဘို့ဒင်ရွာ ကျောင်းထိုင်ဆရာတော်ဖြစ်၍ သူကြီးမလုပ်။ ဘကြီးထိတ်တုံးရွှေကတော့ အရက်သမား လူပျော်လူရွှတ်ကြီးဖြစ်သဖြင့် သူကြီးလုပ်မရ။ သူကလည်း ဝါသနာမပါ။ ထို့ကြောင့် အငယ်ဆုံး ကျွန်တော့်အဖေက သူကြီးလုပ်ရခြင်းဖြစ်သည်။

တော်လှန်ရေးအစိုးရတက်စ ၁၉၆၂ ခုနှစ်ခန့်က ဖြစ်သည်။

ကျွန်တော်တို့ ဘို့ဒင်ရွာကြီးမှာ တံတားတောကြီးတန်းနှင့် နီးသဖြင့် ထိုအချိန်က မငြိမ်ဝပ်ပါ။ ဓားပြအလွန်သောင်းကျန်းသောကြောင့် ကျေးရွာကာကွယ်ရေး ဖွဲ့ထားရသည်။ အဖွဲ့ခေါင်းဆောင်က ကျွန်တော့်ဘကြီး ဦးထိတ်တုံးရွှေဖြစ်သည်။ စစ်အတွင်း လက်ကျန်သေနတ်နှင့်ဗျည်ဆန်ကလည်း အလွန်ပေါသည်။

ကျေးရွာကာကွယ်ရေးအဖွဲ့မှာ ကော့မှူးမြို့ဂါတ်တဲ လက်အောက်ခံအဖွဲ့အစည်းဖြစ်၍ ကျေးရွာကာကွယ်ရေးအတွက် တရားဝင်ကိုင်ဆောင်ရန် အင်္ဂလိပ်ခေါင်းတို ဒသမ (.၃၀၃) ရိုင်ဖယ်ကြီး အလက် ၂၀ ခွင့်ပြုထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ရေးအတွက် လိုအပ်သော ကျည်ဆန်များကိုလည်း ဂါတ်ထဲက စာရင်းဇယားဖြင့် တရားဝင် ထုတ်ပေးထားသည်။ လက်နက်အင်အား လူအင်အားတောင့်သဖြင့် ကျွန်တော်တို့ ဘို့ဒင်ရွာကြီးကို တော်တန်ရုံဓားပြ မဝင်ရဲပါ။

✿ ✿ ✿

[ ၂ ]

❑

တစ်နေ့ အဘ ထိတ်တုံးရွှေတစ်ဦးတည်း နေထိုင်သော ရွာပြင်တလင်းထဲမှ လယ်တဲကြီးတွင် ကျေးရွာ ကာကွယ်ရေးအဖွဲ့ဝင်များ စုံညီစွာ စုမိကြသည်။ စုမိတော့ အရက်ဝိုင်းဖြစ်သည်။ အရက်ကိုလည်း ဝယ်သောက်ခြင်းမဟုတ်။ အဘ ဦးထိတ်တုံးရွှေက ရွာလယ်တရုတ်မဆိုင်မှ ထန်းလျက်ကို ဖိုလိုက်ဝယ်၍ ကိုယ်တိုင်ချက်ပြီး စဉ့်အိုးကြီးများဖြင့် အိုးလှောင်ထားခြင်းဖြစ်သည်။ အဘက လာသမျှလူကို ထန်းလျက်အရက် ခပ်ဝစ်၊ မြေပဲလှော်ဖြင့် ဧည့်ခံရင်း ...

"ပျင်းလှသကွာ။ ကျယ်တို့၊ ခွေးပုတို့၊ ကျီးကန်းတို့ရာ တိုက်ပွဲမဖြစ်တာလည်း ကြာပြီ။ ဓားပြအဖွဲ့တွေလည်း ငါတို့ရွာက အင်အားတောင့်တော့ ရွာနားတောင် မသီရဲကြဘူး။ တခြား ရွာသိမ်ရွာငယ်ကလေးတွေဘက်ပဲ လှည့်တိုက်နေကြတယ်။ အဲဒါကြောင့် ညကျရင် ငါတို့ရွာကို သူပုန်ဝင်စီးတဲ့သဘောနဲ့ စစ်တိုက်တမ်း ကစားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးရွှေ ... ဘယ်လိုလုပ်မှာလဲဗျ"

"ဟ ... ကျီးကန်းရ၊ ငါတို့ နှစ်ဖွဲ့ခွဲမယ်လေကွာ။ မင်းက သူပုန်ခေါင်းဆောင်ဘက်က လုပ်။ ငါကတော့ ကာကွယ်ရေးခေါင်းဆောင်ပေါ့။ တောကြီးတန်းဘက်က ဝင်လာရင် တုတ်မီးနဲ့ သုံးကြိမ် အချက်ပြ။ ဆဲဆိုပြီး ဝင်လာခဲ့။ အသေအချာ မှတ်ထားနော်။ တော်ကြာ တကယ့် သူပုန်အစစ်နဲ့ တိုက်ဆိုင်ပြီး မှားနေဦးမယ်။

ပြီးရင် ခေါင်းပေါ် ကျော်ပစ်ကြ။ နာရီဝက်လောက် ပစ်ကြမယ်။ ငါ တုတ်မီး သုံးကြိမ်အချက်ပြရင် ရပ်မယ်။ ပြီးရင် ဟေး .. ဟေး ... အော်ပြီး လူပြန်စုမယ်။ သူပုန်တွေကို တိုက်ထုတ်နိုင်တဲ့ သဘောပေါ့။

ပြီးမှ သူကြီးကို သတင်းပို့ပြီး ငါ့လယ်တဲမှာ အောင်ပွဲခံမယ်။ ခွေးပုတို့အုပ်စုက ဒီပွဲမှာ မပါဘူး။ ဆိတ်တစ်ကောင်ပေါ်ပြီး ငါ့လယ်တဲမှာ ညလယ်စာစားဖို့ အဆင်သင့် ချက်ပြုတ်ထားကြ။ ဘယ်နှယ့်။ သဘောတူကြသလား"

"အားလုံးသဘောတူပါတယ်"

"ကဲ ... အဲဒါဆို ကိုယ့်အိမ်ကိုယ်ပြန်ပြီး သေနတ်နဲ့ ကျည်ဆန် ၁၀ တောင့်စီ ယူလာခဲ့ကြ။ ပိုမယူလာခဲ့ကြနဲ့။ ညစာ စောစောစားပြီး ငါ့တဲမှာ ပြန်လူစုမယ်။ နှုတ်လုံပစေ။ မပေါက်ကြားစေနဲ့။ ပေါက်ကြားရင် ငါ့အကြောင်း သိတယ်မဟုတ်လား။ တိုက်ပွဲဖြစ်ဟန်ဆောင်ပြီး တကယ်ပစ်သတ်မှာ၊ နားလည်ကြသလား"

"နားလည်သဘောပေါက်ပါတယ် ကိုရွှေ"

"အေး ... အဲဒါဆိုရင် ည ၈ နာရီမှာ ခါတိုင်းညတွေလိုပဲ လူစုပြီး ရွာပတ်ကင်းလှည့်မယ်။ ၉ နာရီမှာ လူခွဲပြီး တိုက်ပွဲစမယ်။ မရှင်းတာရှိရင် မေး"





"အားလုံးရှင်းပါတယ်"

ည ၈ နာရီခွဲတွင် ရွာပတ် ကင်းလှည့်ပြီးသည်နှင့် ဘကြီးထိတ်တုံးရွှေ တာဝန်ခွဲပေးထားသည့်အတိုင်း နေရာယူကြသည်။ ည ၉ နာရီတိတိတွင် တောကြီးတန်းဘက် တာဝန်ကျသော ကျီးကန်းတို့အဖွဲ့ဘက်က အသင့်နေရာယူပြီးစီးကြောင်း တုတ်မီးဖြင့် သုံးကြိမ် အဖွင့်အပိတ်လုပ်ပြပြီးနောက် ကာကွယ်ခေါင်းဆောင် ဘကြီးထိတ်တုံးရွှေနှင့် ရွာဘက်မှ အဖွဲ့နာမည်များအား အော်ဟစ်ဆဲဆို၍ သေနတ်ဖောက်ပြီး ဝင်လာကြဟန် အသံပေးသည်။

ကျီးကန်းတို့အဖွဲ့က သူ့နာမည်ခေါင်းစဉ်တပ်၍ ဆဲဆိုနေသော်လည်း အဘထိတ်တုံးရွှေကတော့ ကျီးကန်းတို့အဖွဲ့အား နာမည်တပ်၍ ဆဲ၏။ ကိုယ့်ရှုးကိုယ်ပတ်ဖြစ်မှာစိုး၍ နာမည်မတပ်ဘဲ ပြန်ဆဲရသည်။ ကျီးကန်းတို့အဖွဲ့အား နေနှင့်ဦးပေါ့ကွာဟု စိတ်ထဲက ကြိမ်းမောင်းရင်း မူလက ပြောဆိုညှိနှိုင်းထားခဲ့သလို ကျီးကန်းတို့အဖွဲ့အား ခေါင်းပေါ်မှ ကျော်မပစ်ဘဲ ကပ်၍ပစ်သဖြင့် ...

"ဟာ ... ဟ ... ဘယ်လို ဖြစ်တာလဲ"

ဟု အော်ဟစ်ကာ ကျီးကန်းတို့အဖွဲ့ အဆဲရပ်၍ မြေပြင်တွင် ခေါင်းမဖော်တမ်း ဝပ်နေရတော့သည်။

"ဘိုးဒင်ကြီးရှာ ကာကွယ်ရေးခေါင်းဆောင် ထိတ်တုံးရွှေတဲ့ [illegible] မှတ်ထား ... ငါ ... မသားတွေ"

ဟု ဆဲဆိုကာ တရစပ်ပစ်တော့သည်။ အဘရွှေမှာ သတ်မှတ်ထားသည့် နာရီဝက်မတိုင်မီ ကျည်ဆန် ၁၀ တောင့်ကုန်သဖြင့် တိုက်ပွဲကိုရပ်ပြီး တုတ်မီးကို သုံးကြိမ် အဖွင့်အပိတ်လုပ်ပြသဖြင့် တိုက်



www.burmeseclassic.com

www.burmeseclassic.com



ပွဲရပ်သည်။ ရွာကတော့ တကယ့်တိုက်ပွဲဖြစ်သည်အထင်ဖြင့် ငြိမ်ကုပ်ပုန်းအောင်းနေကြရသည်။

အဘရွှေနှင့် ကျီးကန်းတို့အဖွဲ့ ပြန်ပေါင်းမိတော့မှ . . .

"ဟော့ကောင် . . . ကျီးကန်း၊ မင်းက ဘာကြောင့် ငါ့နာမည်တပ်ပြီး ဆဲရတာလဲ"

"မသိဘူးလေ . . . ကိုရွှေပဲ သဏ္ဌာန်လုပ် သရုပ်တူအောင် ဟန်ဆောင်ရမယ်ဆို။ ဒါကြောင့် . . ."

"တော် တော် . . . အခွင့်အရေးရတုန်း မင်းတို့ ငါ့ကိုနှိပ်ကွပ်ကြတာမဟုတ်လား။ အေး . . . မှတ်ထား၊ ငါ့အကြောင်း သိမယ်။ ထိတ်တုံးရွှေတဲ့ကွ နော်"

"တော်ပါတော့ . . . ကိုရွှေရယ်၊ တောင်းပန်ပါတယ်။ ကျေပါတော့။ ကျွန်တော်တို့က ဓားပြအဖွဲ့အနေနဲ့ သရုပ်ဆောင်ရတော့ ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ကိုရွှေကိုမဆဲရင် ဘယ်သူ့ကို ဆဲရမလဲ။ ကိုရွှေပဲ သဘာဝကျအောင် သရုပ်ဆောင်ရမယ်ဆိုပြီး ကိုရွှေပစ်တော့ မြေပြင်ကို ရှုပ်ပစ်တယ်။ ကျွန်တော်တို့အဖွဲ့ ခေါင်းတောင်မဖော်ရဲဘဲ သေနတ်မိုးပေါ် ထောင်ဖောက်ရတာ ကျည်ဆန် ၅ တောင့်စီပဲ ကုန်တယ်"

"ဟား . . . ဟား . . . ဟား . . . အေး ကျေပါတယ်။ ငါလည်း ငါ့ကိုဆဲတော့ သောက်မြင်ကပ်လို့ ပစ်တာ။ ကျည်ဆန် ၁၀ တောင့်ကုန်သွားလို့။ နို့မို့ . . . မင်းတို့ မလွယ်ဘူး။ ကဲ . . . လာကြ၊ သူကြီးအိမ်သွားကြမယ်"

✿ ✿ ✿

| ၃ |

ကာကွယ်ရေးအဖွဲ့ဝင်များ အဘဦးထိတ်တုံးရွှေ ခေါင်းဆောင်ပြီး သူကြီးအိမ်သို့ ချီတက်ခဲ့ကြသည်။ ညက လဆန်းရက်ဖြစ်၍ ဆန်းစလကလေး ကွေးကွေးကလေးထွက်နေသည်။ ညဉ့်နက်ပြီဖြစ်သော်လည်း လရောင်ကလေးကြောင့် သူကြီးနှင့် ရွာသူရွာသားများ ပုန်းအောင်းနေရာမှ ကာကွယ်ရေးအဖွဲ့အသံကြားရပြီး မြင်သည်နှင့် အလျိုလျို ထွက်လာကြသည်။

သူကြီးက . . .

"အစ်ကိုရွှေ . . . ဓားပြအဖွဲ့လား၊ သူပုန်အဖွဲ့လား၊ ပစ်ထိုက်ကြတာ ကြောက်ခမန်းလိလိပဲ။ ဒီဘက်က ဒဏ်ရာ အနာတရဖြစ်ကြသေးလား"

www.burmeseclassic.com



"ဘယ်ဘက်မှ မထိဘူးဟေ့။ ငါတို့လည်း အသံကြားရာ ရမ်းသန်းပစ်ကြတာ။ ငါတို့ဘက်က အင်အားတောင့်တော့ အမြန်ဆုတ်သွားကြတယ်။ နို့မို့လားကွာ . . . ဟိုဘက်အဖွဲ့ အလောင်းချင်းထပ်သွားမှာပေါ့။ ထိတ်တုံးရွှေတဲ့။ မင်းအစ်ကိုအကြောင်း မင်းသိတယ်မဟုတ်လား"

"သိပါတယ် . . . အစ်ကိုရာ။ ဒါကြောင့်လည်း အစ်ကိုတို့ ကာကွယ်ရေးအဖွဲ့ဆို ရွာက အားကိုးနေရတာ။ အစ်ကို . . . ကျွန်တော်ဘာလုပ်ပေးရဦးမလဲ"

"ထုံးစံအတိုင်းပေါ့ကွာ။ ငါတို့ ကာကွယ်ရေးအဖွဲ့ ပင်ပန်းလာကြတယ်။ ညလယ်စာချက်စားကြဖို့ ကြက်ကလေး၊ ငှက်ကလေးတော့ ဆုချတဲ့အနေနဲ့ ပေးဦးမှပေါ့"

"ရတယ် . . . အစ်ကိုရွှေ။ အိမ်နောက်ဖေး ကြက်ခြံထဲက ကြိုက်သလောက် ဖမ်းသွားပေတော့။ ရော့ . . . ဟော့ဒါက အစ်ကိုရွှေတို့အဖွဲ့အတွက် အရက်ဖိုး"

"အေး . . . အေး . . . ကျေးဇူးတင်တယ် ညီလေး။ ကဲ . . ရွာသူရွာသားအားလုံး ကိုယ့်အိမ်ကိုယ်ပြန်ပြီး စိတ်ချလက်ချ အိပ်ကြတော့။ ကျုပ်တို့အဖွဲ့ ညလယ်စာချက်စားကြရင်း တစ်ညလုံး ရွာလုံခြုံရေးအတွက် ကင်းစောင့်ပေးမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ထိုညက တကယ်ပင် အဘ ဦးထိတ်တုံးရွှေတို့အဖွဲ့ မအိပ်ကြပါ။ ဆိတ်သားဟင်းနှင့် ကြက်သားကာလသားဟင်း ချက်စားကြ၍ တစ်ညလုံး ဆက်ရက်မင်းစည်းစိမ် ခံစားကြရင်း မိုးလင်းမှ ကောက်ရိုးပုံခေါင်းဆိုက်၍ အတုံးအရုံး အိပ်ပျော်သွားကြသည်။





မနက် (၉)နာရီခန့်တွင်မှ ကော့မှူးမြို့က ဌာနအုပ် ဦးမောင်ကလေးနှင့် ပုလိပ်အဖွဲ့၊ သူကြီးကိုခေါ်၍ ဆင်းလာတော့မှ အတော်နှိုးကြရတော့သည်။ သူကြီးလုပ်သူက ရွာကာကွယ်ရေးအဖွဲ့ကို တကယ်အထင်ကြီးသော်လည်း ဌာနအုပ်ဦးမောင်ကလေးက လူပါး။ မြွေမြွေချင်း ခြေမြင်သည်။

ပြုံးပြုံးပြုံးပြုံးဖြင့် အဘ ဦးထိတ်တုံးရွှေကို ကြည့်ရင်း ခေါင်းတငြိမ့်ငြိမ့်လုပ်နေသည်။ အဘကလည်း လူလည်။ ဒီယုန်မြင်၍ ဒီချုံထွင်ခြင်းဖြစ်သဖြင့် ဘယ်အချိန်ကတည်းက ရှာထားမှန်းမသိသော ပုလင်းဖွင့်၍ ဆိတ်သားဟင်း၊ ကြက်သားဟင်းတို့ဖြင့် ပျာပျာသလဲ ဧည့်ဝတ်ပြုတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

ဌာနအုပ် ဦးမောင်ကလေးက စားသောက်ခြင်းကို စောစော စီးစီး ခေတ္တရပ်၍ သူ့တွင် အသင့်ပါလာသော ကြောင်နက်စီးကရက် ဘူးကို ဖွင့်ပြီး Ron Son မီးခြစ်ကလေးကို ထောက်ဆို ဟန်ပါပါဖွင့် လျက် မီးညှိပြီး တစ်ရှိုက်နှစ်ရှိုက် ဖွာလိုက်သေးသည်။ ပြီးမှ မီးခိုးငွေ့ ကို ညင်သာစွာ မှုတ်ထုတ်လိုက်သည်။

"ကိုရွှေ ... ညက ဘယ်သူ့အဖွဲ့နဲ့ ဖြစ်တာလဲဗျ"

"တောကြီးတန်း တင်ထွန်းတို့၊ မြင့်ထွန်းတို့ ညီအစ်ကို သူ ပုန်အဖွဲ့ထင်တာပဲ ဆရာ။ အင်အားတော့ ကောင်းတယ်"

"ဟဲ ... ဟဲ ... ကိုရွှေရယ်၊ ကြည့်လည်း လုပ်စမ်းပါဦး။ တင်ထွန်းတို့၊ မြင့်ထွန်းတို့အဖွဲ့ မနှစ်ကတည်းက ရန်ကုန်က စစ်ပုလိပ်





တွေဆင်းလာပြီး ထိုးစစ်ဆင်လို့ အဖွဲ့ပျက်သွားတာ ကြာပြီပဲ။ မားပြ ကြီးနဲ့ မိုးကြီးတို့ လက်ကျန်အဖွဲ့ကလေးလောက်သာ ကျန်တာပါ။

အဲဒီအဖွဲ့ကလည်း မီးကျိုးမောင်းပျက် ရိုင်ဖယ်အစုတ်နဲ့ လုပ် သနတ်လောက်သာ ရှိတာပါ။ ညက ကော့မှူးမြို့က ကျွန်တော်တို့ ကြားရတာကတော့ ဒသမ (. ၃၀၃) အင်္ဂလိပ်ခေါင်းတို ရိုင်ဖယ်သံချည်း ပဲ"

အဘ ဦးရွှေထံမှ စကားသံ ထွက်မလာတော့။ ရေငုံနှုတ်ပိတ် နေသည်။ ဌာနအုပ် ဦးမောင်ကလေးက တိုသွားသော စီးကရက်ကို နောက်ဆုံး တစ်ဖွာရှိုက်ဖွာလိုက်ပြီး တဲကြမ်းခင်းနှင့် ဖိချေ၍ မီးသတ်လိုက်သည်။ ကြမ်းခင်းကြားထဲမှအောက်သို့ ထိုးချလိုက်ပြီး ...

"ထားပါတော့ ... ကျွန်တော် သဘောပေါက်ပါတယ် ... ကိုရွှေ။ Pritice is Perfect တဲ့။ လေ့ကျင့်တာဟာ ကောင်းပါတယ်။ ဒါ ကြောင့် ညတွင်းချင်း ကျွန်တော်တို့အဖွဲ့ ဆင်းမလာတာပါ။ နောင်ဆို ရင်တော့ ကြိုတင်သတင်းပို့ပြီး ဌာနက ခွင့်ပြုချက်ဖြင့်မှ လုပ်ပါ။ မနက် ဖြန် ကုန်သွားတဲ့ ကျည်ဆန်အင်အားစာရင်းပြုစုပြီး ခင်ဗျားရော၊ သူကြီး ရော လက်မှတ်ထိုးပါ။ ကော့မှူးမြို့နယ်ဂါတ်တဲမှာ လာထုတ်ပါ။ ကျွန် တော်ခွင့်ပြုချက် လက်မှတ်ထိုးပေးမယ်"

"ဟုတ်ကဲ့ပါ ... ဆရာ။ ကျွန်တော်တို့ စာရင်းပြုစုပြီး လာ ထုတ်ပါ့မယ်။ သုံးဆောင်ပါဦး ဆရာ"

"တော်ပြီ ... စောသေးတယ်။ မနက်ဖြန်ညနေ ရုံးချိန် မကုန်ခင် နောက်မကျစေဘဲ လာခဲ့ကြပါ။ ကျွန်တော် စောင့်နေမယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဌာနအုပ်နှင့်အဖွဲ့ပြန်တော့ သူကြီးက လှည်းများဆင့်၍ ပေးလိုက်ရသေးသည်။ မြို့သို့ တိုက်ရိုက်ပြန်မည်မဟုတ်။ ရွာစဥ်လှည့်၍ စစ်ဆေးသောက်စားပြီးမှ ညနေ မိုးချုပ်စတွင် ကော့မှူးမြို့သို့ ပြန်မည်ဖြစ်သည်။ ရွာက လှည်းအဖွဲ့ကတော့ နွားမျှား ပင်ပန်းလွန်းသဖြင့် ညတွင်းချင်း ပြန်လာနိုင်မည်မဟုတ်။ နောက်တစ်နေ့ မနက်စောစောမှ ပြန်လာနိုင်မည်ဖြစ်ပြီး နေ့လယ်ခင်းမှ ရွာပြန်ရောက်ပေလိမ့်မည်။

အကျိုးအကြောင်းသိသွားသော သူကြီးကတော့ ဘကြီးထိတ်တုံးရွှေကို မျက်စောင်းတခဲခဲ၊ အံတကြိတ်ကြိတ်။ သို့သော် ညီအစ်ကိုချင်း ငယ်ကြောက်ဖြစ်သဖြင့် နှုတ်ကတော့ ဖွင့်မပြောပါ။ ရိုးသားသော ရွာသူရွာသားများကတော့ ဘာမှန်းပင် မသိလိုက်ရှာပါ။ ထိုသို့ ရွှတ်တေသော အဘဦးထိတ်တုံးရွှေ ဖြစ်ပေသည်။

✿ ✿ ✿

| ၅ |

❑

နောက်တစ်နေ့ နံနက်စောစောတွင် ပဲဆီတစ်ပုံး၊ ကြွေဆန်တစ်အိတ်၊ ဖီးကြမ်းငှက်ပျောခိုင်ကြီး လှလှတစ်ခိုင်နှင့် အဘ ဦးထိတ်တုံးရွှေ ခေါင်းဆောင်ပြီး ကျိုးကန်း၊ ကျေယ်၊ ခွေးပုတို့အဖွဲ့ ကော့မှူးမြို့သို့ လှည်းတစ်စီးဖြင့် ချီတက်ခဲ့ကြသည်။ ညောင်ပင်သာရွာတွင် ခေတ္တနားစဥ် တံခူခြံရွာတွင် နေသော မိတ်ဟောင်းဆွေဟောင်း ထမင်းချိုးနှင့် ဆုံသည်။

"ကိုကြီးရွှေ ... ဘယ်လဲဗျ"

"ကော့မှူးသွားပြီး ကျည်ဆန်ထုတ်မလို့ဟေ့။ မင်းက ဒီရွာဘာလာလုပ်တာလဲ"

"လက်နိုက်ဘုရားကြီး ထီးတော်မြှုပြင်ဖို့ ရွာသူကြီးကို အစည်းအဝေးဖိတ်ခိုင်းလို့ လာတာပါ။ ညကတည်းက ဒီရွာမှာ အိပ်တာ။ ကိုကြီးရွှေတို့ ဘိုဒင်ကြီးရွာဘက်လည်း လာဖိတ်ပြီး ဒီညအိပ်ဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာစမ်းပါ ... ထမင်းချိုးရာ။ ငါတို့ပြောပြီး ပြီးတာပဲ။ အစည်းအဝေးက ဘယ်နေ့လဲ။ လိုသေးတယ်မဟုတ်လား"

"လိုပါသေးတယ် လပြည့်နေ့ဆိုတော့ သုံးလေးရက်လိုပါသေးတယ်"

"ကဲ ... ဒါဖြင့် လာကွာ၊ ငါတို့နဲ့ ကော့မှူးထိလိုက်ခဲ့။ မင်းကို ကောင်းကောင်းပြုစုမယ်။ ငါတို့ဘက်က ရွာသူကြီးတွေကို အပြန်ကျ ငါတို့ပဲ ဝင်ပြောပေးပါ့မယ်"

"အကောင်းဆုံး အစီအစဉ်ပေါ့။ ကိုကြီးရွှေရာ၊ ကျေးဇူးပဲ"

အဘရွှေတို့ ထမင်းချိုးကို လှည်းပေါ်တင်ကာ ပစ္စည်းပစ္စယများဖြင့် ကြပ်ကြပ်တည်းတည်း မောင်းနှင်ခဲ့ကြသည်။ နွားများမှာ သူကြီးအိမ်မှ အားကောင်းမောင်းသန် ဘက်ညီသော နွားများဖြစ်ကြ၍ အရွေ့အရှိန်ကောင်းသည်။ ထို့ကြောင့် မနက် (၉)နာရီခန့်တွင် ကော့မှူးမြို့ မြို့မဂိတ်တဲသို့ ရောက်သည်။ ရောက်ရောက်ချင်း ဌာနပိုင် ဦးမောင်ကလေးနှင့်တွေ့ရာ ...

"အလို ... ကိုရွှေတို့ ဝီရိယကောင်းလှချည်လား။ လူစုံတက်စုံပဲနော်။ ကျွန်တော်တောင် Break Fast မစားရသေးဘူး။ လာဗျာ ... ဈေးရှေ့က လက်ဖက်ရည်ဆိုင်သွားကြရအောင်။ ကျွန်တော် ဧည့်ခံပါ့မယ်"

အဘရွှေတို့အဖွဲ့ လှည်းပေါ်မှ လက်ဆောင်ပစ္စည်းများချပြီး လက်ဖက်ရည်ဆိုင်သို့ လှမ်းခဲ့ကြပါသည်။ ဈေးရှေ့ လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ စားသောက်နေကြစဉ် ထမင်းချိုးက ဆိုင်အနောက်ဘက်ထောင့်စွန်းတွင် တစ်ဦးတည်းထိုင်၍ စားသောက်နေသော လူတစ်ဦး





ကို ညွှန်ပြပြီး အဘရွှေနားနားကပ်၍ တိုးတိုးပြောသည်။ ဌာနအုပ် ဦးမောင်ကလေးက မြင်သဖြင့် ...

"ကိုရွှေနဲ့ ထမင်းချိုးတို့ ဘာကြိတ်ကြံပြီး တိုင်ပင်နေကြတာလဲ"

"ဩော် ... ထမင်းချိုးက ပြောတယ်ဆရာ။ ဆိုင်အနောက်ဘက်ထောင့်စွန်းမှ ထိုင်နေတဲ့ကောင်က သူ့လိုလူပဲတဲ့။ မွေးရာပါ မျောက်လို၊ အိမ်မြှောင်လို၊ တောက်တဲ့လို အမြင့်တက်ကျွမ်းကျင်တဲ့ ဖောက်ထွင်းဝိဇ္ဇာတဲ့။ သတိပေးတာပါ"

ဌာနအုပ်က လှမ်းကြည့်ပြီ ...

"ဩော် ... ဟိုထောင့်က အသားမဲမဲ ပိန်ပိန်ကောင်ကလေးလား။ နာမည်က ဘယ်သူတဲ့လဲ။ ဘယ်ရွာမှာ နေတာတဲ့လဲ"

"ငှက်အော်စမ်းက ကျီးညိုတဲ့ ဆရာ။ သူက ထမင်းချိုးလို ရှုကောင်းမဟုတ်ဘူး"

"အေးဗျာ ... ကျွန်တော် မှတ်ထားပါ့မယ်။ အခုလိုသတိပေးတာ ကျေးဇူးပဲ။ ထမင်းချိုးရေ ... မင်းအကြောင်းတော့ ငါတို့က သိပြီးသားပါ။ အခု ကားလမ်းမကြီးချဲ့နေတာ မြို့ကုန်းရွာနားက အဝိအရ ကညင်ပင်ကြီးနဲ့ မလွတ်ဘူးဖြစ်နေတယ်။ ဘယ်သူမှလည်း မခုတ်ရဲကြလို့ ကားလမ်းချဲ့တာ ရပ်ထားရတယ်။ မင်းခုတ်ပေးမလား။ ထိုက်ထိုက်တန်တန် ပေးမှာပေါ့ကွာ"

"ရတယ် ... ဆရာ။ ကန်တော့ပွဲ တစ်ပွဲသာ စီစဉ်ပေး။ ကျွန်တော်တို့အဖွဲ့ကို ကျွန်တော် ဦးဆောင်ပြီး ခုတ်ပေးမယ်"

"အေးကွာ ... မင်းကို အားကိုးပါတယ်။ အမြန်ဆုံးသာ ခုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေရော့။ လိုအပ်တာမှန်သမျှ အားမနာတမ်းပြော။ စားရေးသောက်ရေးလည်း ငါအကုန်စီစဉ်ပေးမယ်''

''ဒီလိုလုပ်ပါလား ဆရာ။ ကျွန်တော့်မှာက ပိုက်ဆံမရှိဘူး။ အလုပ်သမားခ ရှင်းပေးဖို့ ပိုက်ဆံနည်းနည်းတော့ပေးပါ။ ကျန်တာကတော့ ကျွန်တော့်ကို ကညင်ပင်ကြီးပေးပါ။ ကျွန်တော် သစ်ခွဲပြီး ကျွန်တော်နေတဲ့ တံခူခြံရွာက ဘုန်းတော်ကြီးကျောင်းကို ပြင်မယ်။ ပိုတာကို ဆွမ်းစားကျောင်းဆောင်ကလေး ဆောက်ပေးချင်တယ်ဆရာ။ ကိုင်းဖျားကိုင်းနားကိုတော့ ကျွန်တော့်မိသားစုအတွက် ထင်းအဖြစ် ရောင်းစားပါရစေ''

''အေး . . . အေး . . . မင်းစိတ်ထား မွန်မြတ်လှပါတယ်။ ကြို တင်သာဓုခေါ်ပါတယ်ကွာ။ ငါတောအုပ်နဲ့ မြို့နီစီပယ်အဖွဲ့ကို ညှိပေးမယ်။ ဖြစ်အောင်လုပ်ပေးမယ်။ မင်းသာ မင်းအဖွဲ့စုပြီး အမြန်စီစဉ်ပေတော့။ ငါငွေလည်း ထုတ်ပေးမယ်''

''ဟုတ်ကဲ့ . . . စိတ်ချပါ ဆရာ။ ကျွန်တော် တစ်ပတ်အတွင်း ခုတ်ပေးပါ့မယ်။ ကျွန်တော့်မှာ သစ်ဖြတ်လွှနဲ့ ပုဆိန်၊ ကြိုးတွေက အဆင်သင့်ရှိပါတယ်။ သစ်ခွဲလွှကြီးနဲ့ သစ်ခွဲသမား၊ လှည်းသမားသာ ငှားရမှာပါ''

''အေးပါ . . . ငါ့မှာ အပိုင်စားတွေရှိပါတယ်။ ဝိုင်းကူညီကြလိမ့်မယ်။ မင်းဘာမှမပူနဲ့။ အကုန် ငါ စီစဉ်ပေးမယ်''

''ဟုတ်ကဲ့ပါ ဆရာ''

ထိုနေ့က နှစ်ဦးနှစ်ဖက် အလုပ်ကိစ္စတွေ အဆင်ပြေကြသဖြင့် ဌာနအုပ် ဦးမောင်ကလေးကလည်း အဘဦးထိတ်တုံးရွှေတို့ စားရန် တင်ပြသော ကျည်ဆန်များကို ရောရောရှုရှုထုတ်ပေးသည်။ အဘာ





လည်း ဈေးရှေ့စားသောက်ဆိုင်တွင် လိုက်ပါလာသောအဖွဲ့အား ကောင်းမွန်စွာ ပြုစုကျွေးမွေးပါသည်။

အပြန်ခရီးတွင်တော့ ထမင်းချိုးက တံခူခြံရွာအနီး ဆင်းကျန်နေခဲ့ပါသည်။ အဘကလည်း ကတိအတိုင်း အပြန်ခရီးတွင်ရှိသည့် ရွာသူကြီးများအား ထမင်းချိုးကို ကူညီသည့်အနေဖြင့် လက်ခိုက်ဘုရားကြီးပြုပြင်ရန် ဝင်ရောက်ဖိတ်ကြားခဲ့ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၆ |

❑

လပြည့်နေ့တွင် လက်နိုက်ဘုရားကြီး၌ ရွာသူကြီးများ အစည်းအဝေးရှိရာ အဘထိတ်တုံးရွှေတို့အဖွဲ့ပင် ဘို့ဒင်ရွာသူကြီးအား လှည်းဖြင့် လိုက်ပို့ရသည်။ ရွာသူကြီးများ အစည်းအဝေးလုပ်နေကြစဉ် ထမင်းချိုးတို့အဖွဲ့ မြို့တွင်း ကညင်ပင်ကြီးအား ခုတ်လှဲမည်ဆိုသဖြင့် လှည်းဖြင့်ပင် သွားရောက်အားပေးကြည့်ရှုကြသည်။ ထမင်းချိုးကလည်း အဘဦးရွှေတို့အဖွဲ့အား ကောင်းစွာ ကျွေးမွေးညှဲ့ခံသည်။

ကညင်ပင်ကြီးမှာ ပေ ၃၀၀ ကျော်မြင့်ပြီး လူကြီး သုံးလေးဖက်စာခန့်ရှိသည်။ မြစ်ပျဉ်းကြီးကျနေသော မြစ်ဆုံမှာ ထိုးလွှမိုးသဖြင့် လူနှစ်ရပ်စာခန့်မြင့်သော မြစ်ပျဉ်းများလွတ်ရာ ပင်စည်အထိ အလုပ်သမားများက ငြမ်းဆင်နေကြသည်။ ပင်ခြေတွင် ကန်တော့ပွဲပေး၍ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ထားသည်။





လာကြည့်သည့်သူများကလည်း မနည်း။ ပွဲလေးတစ်မျှပင် စည်ကားလှသည်။ အချိန်ကျသည်နှင့် ထမင်းချိုးဦးဆောင်၍ ခုတ်မည့်လက်နက်များအား ကညင်ပင်ပင်စည်တွင် ထောင်ထားပြီး ကညင်ပင်စောင့် ရုက္ခစိုးနတ်မင်းကြီးကို ကန်တော့ပွဲဖြင့် ပူဇော်ကန်တော့ကြသည်။

ပြီးသည်နှင့် ထမင်းချိုးက သစ်ခုတ်ပုဆိန်ကို ခါးထိုး၍ ကြိုးခွေကြီးကို စလွယ်သိုင်းလွယ်ကာ ကညင်ပင်ထိပ်ဖျားသို့ မျောက်တစ်ကောင်လို ပေါ့ပါးစွာ တက်သွားတော့သည်။ ကညင်ပင်ဆိုသည့်အတိုင်း ပင်စည်က ပေ ၂၀၀ ကျော်ခန့်မှ အကိုင်းအခက်များ ထွက်နေသည်။

ထမင်းချိုးက ကိုင်းဖျားအထိ တက်သွားပြီး ကိုင်းတက်ပေါ်တွင် ခေတ္တနားရင်း ပက်လက်လှန်အိပ်နေသည်။ ပြီးမှ လွတ်ကင်းရာကိုင်းများကို အဖျားတွင် ကြိုးချည်ပြီး အရင်းက ခုတ်ချ၍ သစ်ပင်အောက်သို့ လျှော့ချပေးသည်။ သေးကိုင်းတက်များ ခုတ်ချ၍ ကုန်မှ ခင်ကိုင်းကို ချိုင်တော့သည်။

ခေါင်းဆောင်သစ်ခုတ်သမား ထမင်းချိုးကလည်း ကျွမ်းကျင်ပြီး အောက်ကတပည့်များကလည်း ဘက်ညီသဖြင့် ကားလမ်းဘေးလွတ်ကင်းရာတွင် ထင်းပုံကြီးမှာ ဟည်းထပြီး မြန်ဆန်စွာ ပေါ်ထွန်းလာသည်။ နေ့လယ်ထမင်းစားချိန်တွင် ခေတ္တနားကြပြီးနောက် လိုအပ်သော ပေအရှည်ရအောင် တိုင်းတာပြီး ပင်စည်ကြီးကို ဆစ်၍ ခုတ်ပိုင်းသည်။ ကြိုးကြီးများဖြင့် ထိန်း၍ချသည်။

ညနေစောင်းတော့ ကညင်ပင်ကြီး ပင်စည်ငုတ်တိုသာ ကျန်တော့သည်။ စိတ်ဝင်တစား ကြည့်ရှုနေကြသော အဘရွှေတို့အဖွဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ လက်ခိုက်ဘုရားကြီး အစည်းအဝေးပွဲမှ ဘို့ဒင်ရွာသူကြီးကို ကြိုဆိုရန် သတိရသဖြင့် လှည်းကောက်နေကြစဉ် ဌာနအုပ် ဦးမောင်ကလေးပါဝင်သော သူကြီးအဖွဲ့နှင့် ဘုရားလူကြီးများ သစ်တောနှင့် မြူနီစီပယ်အဖွဲ့များကားဖြင့် ရောက်လာကြပြီး သစ်ခုတ်သမားအဖွဲ့ ခေါင်းဆောင် ထမင်းချိုးအား အုံသြချီးမွမ်းကြ၍ ဆုငွေများ ပေးအပ်တော့သည်။

ထိုအချိန်တွင် သစ်ခွဲလွှသမားကြီးများအဖွဲ့က မြေကျင်းတူး၍ လည်းကောင်း၊ သစ်လုံးကြီးများအား ကုတ်နှင့်ကော်၍ နေရာရွှေ့ပြီး ပျဉ်ခွဲရန် စီစဉ်နေကြသည်မှာ တက်ညီလက်ညီ မြန်ဆန်လှသည်။ အုတ်ဖုတ်သမားနှင့် မုန့်ဟင်းခါးဖိုကလည်း လမ်းဘေးမှ ထင်းပုံကြီးကို ဈေးအပြိုင်ပေး၍ ဝယ်ယူနေကြပြီဖြစ်သည်။

တစ်ရက်တည်းနှင့် ထမင်းချိုးအတွက် တွက်ခြေကိုက်ချေပြီ။ နောက်ရက်များတွင် လွှဆွဲ၊ ပျဉ်ခွဲရန်နှင့် ကညင်ပင်မြစ်ဆုံကြီးအား ဖော်ယူရန်သာ ကျန်တော့သည်။ ကညင်ပင်မြစ်ဆုံကြီးက သဘာဝစားပွဲလုပ်ရန် မြစ်ဆုံဖြတ်ပိုင်းများနှင့် ထင်းများက ထွက်ပေဦးမည်။

ဘုရားလူကြီးများနှင့် ဂေါပကအဖွဲ့ကလည်း လွန်စွာ သဘောကျကြသဖြင့် ...

"ထမင်းချိုးရေ ... တော်တယ်ကွာ၊ လက်ခိုက်ဘုရားကြီး ထီးတော်ပြင်ဆင်ရာမှာလည်း မင်းလုပ်မှဖြစ်မယ်။ နို့မို့ ... ငြိမ်းဖိုးနဲ့ ဆင်ခါ၊ အလုပ်သမားခက မနည်းကုန်မှာ။ မင်းကိုပဲ အားကိုးတယ်ဟေ့။ မင်းကိုပဲ အလုပ်အပ်မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျွန်တော် ဒီက ကိစ္စပြီးတာနဲ့ ဆောင်ရွက်ပေးပါ့မယ်။ စိတ်ချပါခင်ဗျား"





ထိုနေ့က ညနေအတော်စောင်းမှ အဘရွှေတို့အဖွဲ့ ထမင်းချိုးကိုနှုတ်ဆက်ပြီး ဘို့ဒင်ရွာကြီးသို့ ပြန်လာနိုင်ကြသည်။ ရွာရောက်တော့လည်း အဘရွှေ၏ လယ်တလင်းထဲတွင် အောင်ပွဲခံကြပြန်သည်။ တောရွာဓလေ့စရိုက်နှင့်အတူ 'ပျော်ပျော်နေသေခဲ' ဟူသည့် စကားပုံကို လက်ကိုင်ထားသော အဘထိတ်တုံးရွှေတို့အဖွဲ့ကတော့ နေ့စဉ် အပျော်ရှာ၍ အောင်ပွဲခံနေမည်သာဖြစ်သည်။ လယ်ယာလုပ်ငန်းသည် လွန်စွာ ပင်ပန်းဆင်းရဲလှပါသည်။ အဘရွှေတို့လို အပျော်ရှာတတ်မှသာ တောရွာတွင် နေပျော်၊ သေပျော်ပေလိမ့်မည်ဖြစ်သည်။

နောက်တစ်ပါတ်အကြာတွင် ထမင်းချိုးက လက်ခိုက်ဘုရားကြီးအား ငြိမ်းမဆင်ဘဲ တက်ရောက်၍ ထီးတော်အား ပြင်ဆင်ပြီး ရွှေဆေးသုတ်ပေးခြင်း၊ စေတီတော်အား ငှက်ပျောဖူးမှစ၍ ကြာမှောက်ကြာလှန် အထက်ပစ္စယံအထိ ထုံးသင်္ကန်းကပ်လှူဖော်ပေးခြင်းများ ပြုလုပ်ပေးကြောင်း ကြားသိရသဖြင့် ကြားရသူအပေါင်း သာဓုခေါ်မိကြသည်။

နောက်နှစ်ပတ်ခန့်ကြာတော့ သတင်းဆိုးတစ်ခုကို ကြားရပြန်သည်။ မဆည်ဆိပ်ရွာ ရွှေနဂါးဘုရားမှ စိန်ဖူးတော်နှင့် ထီးတော်မှ အလှူရှင်များ ပူဇော်လှူဒါန်းထားသော ရတနာပစ္စည်းများ၊ အခိုးခံရသော သတင်းဖြစ်ပြီး အံ့သြဖွယ်ဖြစ်၍ ထမင်းချိုးအား ဖမ်းထားသောသတင်းဖြစ်သည်။

သို့သော် တစ်ပတ်ခန့်အကြာတွင် လက်ခိုက်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌအား လူသူတော်ကြီးတစ်ဦးက ဘုရားလာဖူးရင်း ရွှေနဂါးဘုရားစိန်ဖူးတော်နှင့် ထီးတော်မှ ရတနာပစ္စည်းများခိုးသူမှာ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဒိန်ဒိန်ခဲခဲနေနိုင်သူဖြစ်ပြီး ကြည့်မြင်တိုင် တစ်ဖက်ကမ်း [illegible] နေကြောင်း သတင်းပေးသွားသည်။


[illegible] ပညာကြောင့်လား၊ ကိုယ်တိုင်ဆုံတွေ့ခဲ့ရ၍လား [illegible] မသိနိုင်ပါ။ ထိုအခါတွင်မှ ဌာနအုပ် ဦးမောင်ကလေးမှာ အဘ [illegible]တို့ ကျည်ဆန်လာထုတ်စဉ်က ထမင်းချိုးပြခဲ့သော ငှက်အော်စမ်းရွာမှ ကိုးညိုကို သတိရတော့သည်။

ထို့ကြောင့် ကြည့်မြင်တိုင်ဌာနနှင့် ဆက်သွယ်ပြီး တစ်ဖက်ကမ်း အေးရွာသို့လိုက်ကြရာ ဘုံးဘောလအောသုံးဖြုန်း ဖိမ်ခံနေသော ကိုးညိုအား လက်ကျန် ရွှေငွေရတနာများဖြင့် ပက်ပင်းမိသည်။ သူ ဖော်၍ ပေါင်နှံရောင်းချထားသော နေရာများမှ ရတနာပစ္စည်းများ အကုန် ပြန်လည် သိမ်းဆည်းမိသည်။ ထို့ကြောင့် ကော့မှူးမြို့ဌာနအုပ်က ထမင်းချိုးအား တောင်းပန်၍ ပြန်လွှတ်ရသည်။

ကော့မှူးမြို့နှင့် ကွမ်းခြံကုန်းမြို့တစ်ကြော ရပ်ရွာက ပြောဆိုထင်ကြေးပေးနေကြသည်ကတော့ မြို့ကုန်းက ကညင်ပင် အဓိကရကြီးကို ခုတ်သဖြင့် ရုက္ခစိုးစိတ်ဆိုးပြီး ထမင်းချိုး အချုပ်ခံရခြင်းဖြစ်ကြောင်း၊ လက်ခိုက်ဘုရားကို ပြုပြင်ပေးသဖြင့် ဘုရားအစောင့်က လူသူတော်ယောင်ဖန်ဆင်း၍ ကယ်တင်ခြင်းဖြစ်ကြောင်း အမျိုးမျိုး ပြောဆိုဝေဖန်နေကြခြင်းဖြစ်တော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

# ဓားတောင်း ပိုးတောင်း



www.burmeseclassic.com

www.burmeseclassic.com

❑

ယခုနှစ် ဇူလိုင်လ (၁၉) ရက်၊ အာဇာနည်နေ့က သန်လျင်မြို့မှ ကိုညိုမှိုင်းနှင့် ရွှေနေကြီး ဦးမောင်စံသိန်းတို့က ဝါဆိုသင်္ကန်းကပ် အလှူဖိတ်ထားသဖြင့် ကိုတင်ထွန်း၏ စိတ်ကူးသစ်စာပေအဖွဲ့သားများ စုရုံးပြီး သန်လျင်မြို့သို့ ချီတက်ခဲ့ကြပါသည်။

ပထမ ရွှေနေကြီး ဦးမောင်စံသိန်းအိမ်သို့ ဝင်သည်။ သန်လျင်မြို့မြေရပ်ကွက်အတွင်း ဖြစ်သော်လည်း ကျွန်တော်တို့ကို တစ်ကြိမ်သာ မောင်ညိုမှိုင်းက လမ်းပြခေါ်ဆောင်ဖူးသဖြင့် ရောက်ဖူးပါသည်။ ယခုအကြိမ်တော့ လမ်းမသိ၍ မောင်ညိုမှိုင်းကို လမ်းပြခိုင်းရန် သူ့အိမ်သို့ ဝင်ခေါ်သော်လည်း သူ၏သမီးအိမ်၌ ဝါဆိုသင်္ကန်းကပ်သဖြင့် သွားနေကြောင်း သိရသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့က လမ်းမသိသဖြင့် စကားပုံတိုင်း ပန်းချီဆရာမြတ်မင်းဟန်အား ကားရှေ့ခေါင်းခန်းတွင် တင်၍ ဦးဆောင်စေတော့သည်။

ပန်းချီဆရာ မြတ်မင်းဟန်မှာ အလှူနှံ့ကို ရဟန်တူသည်။ "အရှာအဖွေ ကောင်းလှသည်၊ လှတော်ရယ်ပါ။ ကောင်းမကောင်းတော့





ရှည် ပေါင်းကြည့်ရဦးမည်ပေါ့။ ဖြောင်ဖြောင့်တန်းတန်း လမ်းပြနိုင်သည်။ ထိုလုပ်ငန်းကို အလွန်ကျွမ်းကျင်ပုံရသည်။ တကယ်တော့ မောင်ညိုမှိုင်းနှင့် ရွှေနေကြီး ဦးမောင်စံသိန်းအိမ်မှာ မဝေးလှ။ နှစ်လမ်းကျော်သုံးလမ်း လောက်သာ ဝေးသည်။

ဦးမောင်စံသိန်းက ကျွန်ုပ်တို့အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပြီး ရေချပေးသည်။ ပြီးနောက် သူ၏ဘုရားခန်းတွင် လေပစ်နေကြသော သန်လျင်စာရေးဆရာများနှင့် မိတ်ဆက်ပေးသည်။ ပြီးနောက် ထမင်းပွဲဖြင့် ညှော်ခံပါသည်။

"ဆရာတင်ထွန်းတို့အဖွဲ့ လာမှလာပါ့မလားလို့ဗျာ . . . ကျွန်တော့်မှာ မျှော်လိုက်ရတာ။ ကိုညိုမှိုင်းကတော့ အစောကြီးကတည်းက ရောက်နေပြီး သူ့သမီးအိမ်မှာလည်း ဝါဆိုသင်္ကန်းကပ်တာမို့ ပြန်ပြေးသွားပြီ။ ဆရာတို့အဖွဲ့လည်း ဆက်ဆက်ကြွခဲ့ကြဖို့ မှာသွားပါတယ်"

"ဟုတ်ကဲ့ . . . ဆရာစံ၊ ဒီကပြီးရင် သွားကြမှာပါ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆရာမှိုင်းအိမ် ဝင်ခေါ်သေးတယ်။ မရှိဘူး။ ဆရာစံတို့က နှစ်စဉ် အာဇာနည်နေ့မှာ ဝါဆိုသင်္ကန်းကပ်တယ်နော်"

"ဟုတ်ကဲ့ . . . ဆရာတင်ထွန်းရယ်၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးတွေကိုလည်း အမှုအတန်းဝေရင်း ဝါဆိုသင်္ကန်းကပ်အလှူလုပ်တော့ ပိုအကျိုးမဖြစ်ပေဘူးလား။ နှစ်စဉ် ဒီနေ့ရက်မှာ ကျွန်တော်တို့ နှစ်တိုင်း အလှူလုပ်နေကျပါ။ ဆရာတင်ထွန်းတို့အဖွဲ့က တစ်နှစ်ကျော်တုန်းကတော့ လာကြတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ မလာကြဘူး။ ကျွန်တော် မှတ်မိနေပါတယ်"

"ဟုတ်ပါတယ် . . . ဆရာစံ၊ ပြီးခဲ့တဲ့နှစ်က လူမစုံလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... စားကြဗျာ။ အကျွေးအမွေးကို ထူးထူးခြားခြားလေး ဖြစ်အောင် စီစဉ်ထားပါတယ်"

ဟုတ်ပါသည်။ အလှူများတွင် မုန့်ဟင်းခါး၊ ဒံပေါက်ထမင်း ထောပတ်ထမင်းများသာ ကျွေးမွေးလေ့ရှိသော်လည်း ဦးမောင်စံသိန်း အိမ်ကကျွေးသည်မှာ ထမင်းသုပ်နှင့်ရေခဲမုန့်၊ ထမင်းသုပ်မှာ ပုစွန် ခြောက်၊ အာလူးတို့ဖြင့်သာ သုပ်ထားသော်လည်း အလွန်အရသာရှိလှ သည်။

ကျွန်တော်က ...

"ဆရာစံ ... ဒါ မော်လမြိုင်လက်ရာလား"

"မဟုတ်ဘူး ... ထောင်မှူးကြီး၊ ဒီထမင်းသုပ်က သန်လျင် လက်ရာ။ လူတိုင်း ထမင်းကို သုပ်တတ်ကြပေမယ့် ဒီလက်ရာမျိုး ရှာ မဟုတ်ဘူး။ ဒီထမင်းသုပ်ကတော့ ကျွန်တော်တို့ ဆွေစဉ်မျိုးဆက် အမွေ ဆက်ခံလာခဲ့တဲ့ လက်ရာ။ ဒါကြောင့် သန်လျင်လက်ရာလို့ ပြောတာပါ"

"ဟုတ်ပါ့ဗျာ ... တကယ်ကောင်းပါတယ်။ ကျွန်တော်စားဖူး ထမင်းသုပ်ထဲမှာတော့ လက်ရာထူးခြားပြီး အလွန်ကောင်းပါတယ်"

"ထူးခြားမှာပေါ့ ... ဆရာရယ်၊ အများကြီး တစ်ခါတည်း သုပ်ထားတာမဟုတ်ဘူး။ ကျွေးခါနီး တစ်ပိုင်းစာ သီးသန့်လုပ်ပေးတာ"

"အဲဒါကြောင့် ကောင်းတာထင်ပါရဲ့ဗျာ"

ကျွန်တော်တို့ စားသောက်ကြအပြီး ရှေ့နေကြီးဦးမောင်စံသိန်း ကို နှုတ်ဆက်ပြီး သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်၊ မောင်ညိုမှိုင်း သမီးအိမ်သို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ရောက်ဖူးကြသော်လည်း လမ်းမမှတ်မိ၍ ပန်းချီဆရာ မြတ်မင်းဟန်ကိုပဲ လမ်းမသိ၍ သူ့နောက်





လိုက်ကြရပြန်သည်။ လမ်းမသိတော့ မြတ်မင်းဟန်နောက် လိုက်ပေါ့။ ဘိုစကားပုံလိုပေါ့။ မနက် (၁၁)နာရီခန့်ရှိ၍ မောင်ညိုမှိုင်းသမီးအိမ်တွင် လူရှင်းနေချေပြီ။ မောင်ညိုမှိုင်းလည်း ရောက်နေသဖြင့် သူတို့သားအဖ လှိုက်လှဲစွာ ကြိုဆိုကြသည်။

"ကဲ ... ဆရာတို့ တစ်ခါတည်း စားလိုက်ကြရအောင်။ ဘာ သို့ နောက်ကျနေကြတာလဲ"

"ဆရာမှိုင်းအိမ်ကို ဝင်ခဲ့တယ်။ မတွေ့တာနဲ့ ရှေ့နေကြီး အိမ်ကို ဝင်စားတယ်"

"သန်လျင်ထမင်းသုပ်မဟုတ်လား၊ စားရခဲ့တယ်။ ဒီမှာတော့ ကြက်သားနဲ့ ပလာတာ။ ကဲ ... သုံးဆောင်ကြဗျာ"

ကျွန်တော်တို့ ဒုတိယမှ စားကြပြန်သည်။ စားပြီးနောက် လက် ဖက်ရည်ဝိုင်းထိုင်ကြပြီး လူရှင်းသဖြင့် စကားဝိုင်းဖွဲ့ကြသည်။

"မုဆိုးကြီးဦးလေးမောင်ရဲ့ လုံးချင်းဝတ္ထုမကြာမီ ထွက်တော့ မယ်ဗျို့ ... ဆရာမှိုင်းရေ"

"ကောင်းတာပေါ့ ... ဆရာတင်ထွန်းရယ်၊ မုဆိုးကြီးဦးလေး မောင်ရဲ့ လုံးချင်းဝတ္ထု မဖတ်ရတာကြာပြီပဲ။ ကျွန်တော်လည်း တော အကြောင်း၊ တောင်အကြောင်းနဲ့ အညာဒေသနောက်ခံဝတ္ထုတွေ ရေးချင် တာဗျ။ ခက်တာက ... အညာဒေသလည်း မရောက်ဖူးဘူး။ တောတွေ တောင်တွေအထဲလည်း မရောက်ဘူးတော့ အတွေ့အကြုံက မရှိဘူးလေ"

"အေးပေါ့ဗျာ ... ကိုမှိုင်းက သန်လျင်မြို့ စက်ကန်ကြီးနဲ့ ထိုင်စားလာတာလည်း ကြာပြီ။ သန်လျင်ရေနံချက်စက်ရုံလည်း ရှိုးသွား ပြီ သီချင်းအဆိုကောင်း၊ အကကောင်းပြီး ပေဒင်ပညာတတ်တဲ့ တိုက် ဦးရာကျော်နဲ့ ပုံပျက်ပန်းပျက်ရသေ့ကြီးလည်း ဒီနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ မုဆိုးကြီးဦးလေးမောင်က ကိုမှိုင်းကို ပဲရှုးရိုးမထဲ ခေါ်သွား၊ ကိုတင်ထွန်းကတော့ ကိုမှိုင်းကို အညာဒေသဘက် ပို့ပေးလိုက်ပါဗျာ။ ဒါမှ ကုန်ကြမ်းအသစ် အဆန်းကလေးတွေရမှာ။ ကျွန်တော်တို့လည်း ရိုးမသရဲနဲ့ အညာဒေသ တစ္ဆေတွေအကြောင်း အသစ်အဆန်းဖတ်ရတာပေါ့''

ကျွန်တော်က ထောင်လိုက်တော့ ပန်းချီဆရာမြတ်မင်းဟန်က ဝင်ဖောက်သည်။

''ထောင်မှူးကြီးပြောတာ မှန်တယ်။ ကျွန်တော်လည်း ဘတွိုက်ပုံဦးရာကျော်နဲ့ ပုံပျက်ပန်းပျက်ရသေ့ကြီးကို ပုံဆွဲရတာကို အီနေတော့ လက်မတွေ့ချင်တော့ဘူး။ ဇာတ်ကောင်အသစ်အဆန်းကလေးတွေထွင်စမ်းပါဦး ... ဆရာမှိုင်းရယ်။ ရုပ်ချောတဲ့ အပျိုမကလေးတွေကို ဇာတ်ကောင်သစ်မွေးစမ်းပါ။ ကျွန်တော် လှလှပပ ဆွဲပေးပါ့မယ်''

''ထားစမ်းပါ ...။ သောက်လိုက်ရင် ဖင်ကမ်မချွင်းချန်တဲ့ ခြောက်ပုလင်း မြတ်မင်းဟန်ရယ် ... ကိုယ်က အခု တောအကြောင်း တောင်အကြောင်း၊ ဆေးပင်တွေအကြောင်း မုဆိုးကြီးနဲ့ ထောင်မှူးကြီးကို မေးမလို့ စကားပလ္လင်ခံနေတာ။ ဆေးရိုးသည်က ကန့်လန့်လုပ်နေပြန်ပြီ''

မြတ်မင်းဟန် ဇက်ပုသွားတော့ ကိုတင်ထွန်းက ဝင်နောက်ပြန်သည်။

''ဆရာကြီးဦးလေးမောင် ... တောထဲတောင်ထဲက ယောဂီအားဆေးဖော်လို့ရတဲ့ အပင်တွေနဲ့ တိရစ္ဆာန်တွေအကြောင်း ပြောစမ်းပါဗျာ''





''ဟုတ်တယ် ... ဆရာလေးမောင်၊ ကျွန်တော်လည်း အဲဒီဆေးပင်နဲ့ အကောင်တွေအကြောင်း အသေးစိတ်သိချင်တယ်။ ထောင်မှူးကြီးကလည်း တောအတွေ့အကြုံစုံတော့ နှစ်ယောက်ပေါင်းပြီး ပြောပြပါဗျာ။ ကျွန်တော် လိုက်မှတ်ထားပါ့မယ်''

''ဟုတ်ပါတယ်။ ဆရာတို့အဖွဲ့တွေ ဆုံကြတုန်း ပြောကြစမ်းပါ။ ကျွန်တော်လည်း ဝါသနာပါတယ်''

လူပျိုကြီး ကလေးတစ်ယောက်အဖေ ကိုတင်ထွန်းကလည်း ဝင်ရောက်ထောက်ခံသည်။

အရိုးခံအတိုင်း မုဆိုးကြီးဦးလေးမောင်က ရှင်းပြသည်။

ကျွန်တော်က ဖြည့်စွက်ထောက်ပံ့ပေးသည်။

''ဒီလိုပါ ... ဆရာတို့ရေ၊ တောထဲတောင်ထဲ သွားပါများတော့လည်း ဆေးဖက်ဝင်ဆေးပင်တွေအကြောင်းနဲ့ တောကောင်တွေ၊ ဆေးဖက်ဝင်တဲ့အကြောင်းတွေကို လက်တွေ့သိလာရတော့တာပါပဲ။ ဆရာမှိုင်းပြောတဲ့ ယောဂျီအားဆေး ဆေးပင်တွေအကြောင်းကတော့ အများကြီးပါ။ အဲဒီအထဲကမှ ကျွန်တော် လက်တွေ့ကြုံဖူးတဲ့ အစွမ်းထက်တဲ့ ဆေးပင်တွေအကြောင်းကို ပထမ ပြောပြပါ့မယ်''

''ပန်းသေးပန်းညိုးဖြစ်ရင် ကုန်းထိကရုန်းအမြစ်ပါ။ ပဥ္စငါးပါး ... သသကိုင်း (အပေါ်ခွံအခေါက်) ကို ဆတူရောပြီး အမှုန့်ထောင်း၊ ... ကြော်ကြော်လှော်ပြီး ပျားရည် သင့်တင့်အောင်ရောပြီး လက်ဖက်ရည်ဖျော် ... နှန်းကလေးနဲ့ ဆီးကင်းခန့် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် (၃)ရက် ... ဆက်ပါ။ ဘေးထွက်ဆိုးကျိုးမရှိ။ အန္တရာယ်ကင်းပြီး ဆီးဝမ်းလည်းမှန် ... စိတ်ရွှင်လန်းပြီး အားပြန်ပြည့်လာရမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်မျိုးကရော ... ဆရာကြီး၊ မြန်မြန်ပြောပါဗျ"

"ပြောမှာပေါ့ ... ကိုမှိုင်းရယ်၊ ဆန္ဒတွေ မစောပါနဲ့။ ဆရာစား မချန်ပါဘူး။ ကျွန်တော်သိသလောက် ဆရာစားမချန်ဘဲ ပြောပြမှာပါ"

"နောက်တစ်မျိုးက ကျားမနိုင်နွယ်ပင်။ တောနက်ထဲမှာပဲ ပေါက်တယ်။ သစ်ပင်ကြီးတွေအပေါ်ကို နွယ်ပြီး တက်တာပါ။ လက်ကောက်ဝတ်၊ လက်ညှိုး၊ လက်မောင်းလုံးခန့်ရှိတယ်။ နွယ်ပင်က ပြောင်ချောချော မြေဝါရောင်အဆင်းရှိတယ်။ နွယ်ကိုဖြတ်လိုက်ရင် သွေးရောင် အဆင်း နီညိုရောင်အစေးတွေ ထွက်လာတယ်။

အဲဒီနွယ်ကို ဖြတ်လိုက်တာနဲ့ နွယ်အတွင်းက မျက်နှာပြင်ပေါ်မှာ ကျားခြေရာပုံ ထင်ထင်ရှားရှား ထင်နေတယ်။ နွယ်ကို အကွင်းလိုက် ပါးပါးလှီးရင်လည်း တောက်လျှောက် နွယ်ချောင်းတစ်ခုလုံး ကျားခြေရာပုံစံက ထင်နေတာပဲ။ အဲဒီနွယ် ပါးပါးလှီးထားတဲ့ အချပ်တွေကို ဆန်ကောသန့်သန့်ထဲမှာ ထည့်ပြီး နေလှန်း၊ ရေမဆေးရဘူးနော်။

ခြောက်ရင် ပုလင်းထဲထည့်ပြီး ပျားရည်နဲ့အရက် ဆတူအလေးချိန်နဲ့ စိမ်ထားပြီး၊ ညစာစားပြီးတိုင်း တရုတ်လက်ဖက်ရည်ကြွေပန်းကန်လေးနဲ့ တစ်ခွက်သောက်ပါ။ အစာကြေလေနိုင်ပြီး ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှု မှန်ကန်ကောင်းမွန်လို့ ကျန်းမာရေးကောင်းပြီး အင်အားကို ရပါလိမ့်မယ်။

နောက်တစ်မျိုးကတော့ ရှဉ့်မတက်ပင်ပဲ။ ဥကို အသုံးချရတာ။ ရွက်ကြွေသစ်တောတွေမှာ အပေါက်များတယ်။ အမြဲစိမ်းနေတဲ့ ချုံနွယ်မျိုးဖြစ်ပြီး နွယ်တစ်လျှောက်လုံး ဆူးကလေးတွေပါတယ်။ ဥကတော့





အပင်အရွယ်အလိုက် အကြီးအသေးရှိတယ်။ ကြီးကြီးသေးသေး ဆေးဖက်ဝင်တာချည်းပါပဲ။

ဥကို ရေစင်အောင်ဆေး၊ ဓားနဲ့ပါးပါးလှီး၊ နေလှန်းအခြောက်ခံ၊ အမှုန့်ထောင်းပြီး ပျားရည်နဲ့ တေစားရတာပါ။ မနက်တစ်လုံး၊ ညတစ်လုံး ဆီးကင်းခန့်စားပြီး ရေအေးအေးနဲ့ သောက်ရတာပါ။ အသက်ကြီးပေမယ့် မျက်စိမှုန်ဘူးဆိုတဲ့ ထိရောက်တဲ့ဆေးပါ။ အန္တရာယ်လည်း မရှိပါဘူး"

"နောက်ဆေးနည်းတွေလည်း ရှိသေးသလား ... ဆရာကြီး ပေးပါဗျာ"

"ရှိသပေါ့ ... ဆရာမှိုင်းရယ်။ ကျွန်တော်က ကျွန်တော့်လက်တွေ့ ဆေးပင်တွေအကြောင်းကိုပဲ ပြောတာပါ။ တခြား ဓားမကြီးပင် သီးအစေ့တို့၊ မင်းကတော်ညှပ်ကြီးတို့၊ ဂမုန်းဥတွေအကြောင်းလည်း ရှိသေးတယ်။ ကိုယ်တွေ့မဟုတ်တော့ နည်းမပေးတော့ပါ။ တောတောင်ထဲက သဘာဝပေါက်ပင်ဆိုတာ အကြောင်းသိရင် ဆေးပင်ချည်းပါပဲ။ ဆေးဖက်မဝင်တဲ့ အပင်ရယ်လို့ မရှိပါဘူး။

နောက်ဆုံးတင်ပြရရင် တောတောင်စိမ့်ရေစမ်းတွေအနားမှာ ပေါက်တတ်တဲ့ ဖက်ယားကြီးပင်အမြစ်နဲ့ ပျားရည်၊ ခွေးလှေးယားသီး အစေ့နဲ့ ဆင်တုံးမနွယ်၊ ပျားရည်တို့ဟာလည်း အလွန်ပဲ အင်အားကို ဖြစ်စေပါတယ်။ ဒါပေမဲ့ အတိုင်းအဆ အချိန်အတွယ်မသိရင် တန်ဆေး လွန်ဘေးဆိုတဲ့စကားပုံလို အန္တရာယ်ရှိနိုင်လို့ မတင်ပြတော့ပါဘူး။ ကျွန်တော်သိသေးတဲ့ ဆေးနည်းတွေလည်း အများကြီးရှိဦးမှာပါ"

"ကဲ ... နောက်တစ်ခါ လူသားတွေအတွက် ဆေးဖက်ဝင်တဲ့ တိရစ္ဆာန်တွေအကြောင်းလည်း ပြောပါဦး ... ဆရာကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒီအပိုင်းကို ပြောရရင်တော့ ကျွန်တော့်ထက် မြန်မာပြည်တောအနှံ့၊ တောင်အနှံ့ရောက်ဖူးတဲ့ ဆရာထောင်မှူးကြီး အတွေ့အကြုံလည်း လိုလိမ့်ဦးမယ်ထင်ပါတယ်"

"မုဆိုးကြီးပဲ အရင်ပြောပါ။ ကျွန်တော် နောက်ပိုင်းမှ ပြော ပါ့မယ်။ တော်ကြာ အရှိန်ပျက်သွားလို့ မောင်ညိုမှိုင်းနဲ့ မောင်တင်ထွန်း တို့က စိတ်ခုနေပါဦးမယ်"

"ဟုတ်ကဲ့ ... ဒါဆို ကျွန်တော် ဆက်ပြောပြပါ့မယ်။ မျောက် ညိုသွေးနဲ့ အရက်ဟာ အလွန်ပဲ ကာမအားကိုပေးပါတယ်။ မျောက်ကို ပစ်ပြီးတာနဲ့ ချက်ချင်းလည်လှီးပြီး သွေးခံရတာပါ။ လည်ပင်းက သွေး ကုန်သွားရင် အမြီးရင်းကို ဖြတ်ပြီး သွေးခံရပါတယ်။ မျောက်ဦးနှောက် မျောက်ချေးခါးကလည်း အလွန်ပဲ အားရှိစေတဲ့အရာတွေပါပဲ"

နောက်တစ်ခုက ဆတ်ချိုနု၊ ဆတ်တွေဟာ နှစ်နှစ်တစ်ကြိမ် ဦးချိုလဲပါတယ်။ ပထမဦးချိုနုနှစ်ချောင်းဟာ တစ်မိုက်လောက်ရှိတဲ့ ချို ပေါ့။ အလွန်အားကောင်းစေတယ်။ ပါးပါးလှီးပြီး အရက်နဲ့စိမ်သောက် ရတာပါ။ ဆတ်တွေရဲ့သဘောက ပထမဦးချိုနုနှစ်ချောင်းက ရင့်လာရင် ဖြာထွက်ပြီး ဦးချိုလေးချောင်းဖြစ်လာတယ်။ နောက်ချိုနုတစ်စုံ ဖြာထွက် ပြီး ဦးချိုလေးချောင်း ဖြစ်လာတယ်။ နောက်ချိုနုတစ်စုံ ဖြာထွက်ပြီး ရင့်လို့ တစ်စုံဖြစ်လာရင် ခြောက်စထောင်ပေါ့။ ချိုစုံ၊ ဆတ်လားမြောက် တဲ့ အရွယ်ပေါ့။ ပိဿာအလေးချိန်က (၈၀)နဲ့ (၁၀၀) ကျော်ပေါ့။

ချိုစုံလို့ (၂) နှစ်ကြာတော့ ဦးချိုက ကျောက်ဖြစ်လာပြီး အလေး ချိန်က လေးလာတယ်။ ချိုရင်းကလည်း ယားလာတယ်။ အဲဒါကြောင့် ပွတ်ရင်းတိုက်ရင်းနဲ့ ဦးချို အစုံလိုက် ပြုတ်ကျသွားတယ်။ ကလေးတွေ





ယ်သွားလဲသလို ချိုသစ်ပေါက်လာပြီး ချိုဟောင်းကွာကျသွားတာ သဘောပါပဲ။

အဲဒီအချိန်မှာ ဦးချိုနုထွက်လာလို့ ဆတ်ကြီးဟာ မစားမစား၊ နေမသောက်ဘဲ ဦးချိုနုကို ထိခိုက်မိမှာစိုးလို့ ချုံထဲမှာ ပုန်းအောင်း နေရတတ်တယ်။ မုဆိုးက တွေ့ရင်တော့ မပြေးနိုင်လို့ လည်စင်းခံပြီး သေရတာပဲ။ ဆတ်ချိုနု အဖိုးတန်ကိုရပေမယ့် အလွန်သနားစရာကောင်း ပါတယ်။ ပြေးရင်လည်း ဦးချိုနုနဲ့ ချုံနွယ်တိုက်မိပြီး အသည်းခိုက်အောင် နာကျင်ရှာတာကိုး"

"အဲဒီဆေးနည်းတော့ မလိုချင်ပါဘူး ... ဆရာကြီးရယ်၊ သနားလွန်းလို့ပါ။ တခြားဆေးဖက်ဝင်တဲ့ တောကောင်တွေအကြောင်းကို လည်း ပြောပါဦး၊ ကျွန်တော် မှတ်ထားချင်လို့ပါ"

"နောက်တစ်ခုက ... တောကြက်ဥစစ်စစ်ကို အစိမ်းလိုက် သောက်ပြီး ပျားရည်စစ်စစ်နဲ့မွှေပြီး သောက်ရတာ၊ အလွန်ဦးနှောက်လန်း တယ်ပေါ့ ... ဆရာမှိုင်းရယ်၊ ကျွန်တော်နောက်ဆုံးတင်ပြမယ့် သတ္တဝါ ကတော့ သင်းခွေချပ်သွေးပဲ ... ဆရာမှိုင်းရေ"

"အဲ ... အဲ ... လုပ်စမ်းပါဦး မုဆိုးကြီးရယ်၊ အခုမှ ကောင်းခန်းရောက်တော့မှာ"

"ကျွန်တော်က ဆေးနည်းညွှန်းနေတာပါ ... ဆရာမှိုင်း။ ဇာတ် သင်းပြောနေတာ မဟုတ်ပါဘူး။ ကဲ ... နားထောင်ဗျာ၊ ဆက်ပြောမယ်"

ထိုအချိန်တွင် ဝါသနာမပါရှာသော မောင်ညိုမှိုင်းနှင့် မောင်တင်ထွန်း၊ ပန်းချီဆရာမြတ်မင်းဟန်တို့မှာ မကြားလိုက်ရမှာစိုးသဖြင့် နားစွင့်ပြီး မုဆိုးကြီးအနားသို့ တိုးလာကြသည်။ မုဆိုးကြီးကလည်း သမ်းမှုပြန်ပြီး အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြောဟောတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို . . . ဆရာမှိုင်းရဲ့၊ သင်းခွေချပ်ဆိုတာ တောထဲတောင်ထဲမှာတောင် အင်မတန်တွေ့ရခဲတဲ့ ရှားပါးသတ္တဝါပဲ။ သစ်ပင်အွေးသစ်ခေါင်းပေါက်တွေအထဲမှာနေတာ၊ မိကျောင်းပေါက်ပုံစံ။ ဒါပေမဲ့ . . . မိကျောင်းမှာ လျှာမရှိဘူး။ သင်းခွေချပ်က မြွေလိုပဲ လျှာနှစ်ခွနဲ့။ သူ့လျှာက အရှည်ကြီး။ ပုရွက်နဲ့ပိုးကောင်ကလေးတွေကို လျှာနဲ့လျှက်ပြီးဖမ်းစားတာ။ အကြေးခွံက ကမာကောင်လိုပဲ။ အလွန်မာကျောတာ။

ကလေးတွေကို သင်းခွေချပ်အခွံကို ဖောက်ပြီး လည်ပင်းမှာဆွဲထားပေးရင်း ပယောဂမကပ်နိုင်ဘူးလို့ တောသူတောင်သားများနဲ့ ရှေးလူကြီးတွေ ယုံကြည်ကြတယ်။ ဂမ္ဘီရဆန်တဲ့ သတ္တဝါပါပဲ။ တောတောင်ထဲမှာ သွားလာလုပ်ကိုင်ကြတဲ့သူတွေကလည်း သင်းခွေချပ်က နာမည်ခေါ်လို့ ထူးရင် သေတတ်တယ်လို့ အရိုးစွဲ ယုံကြည်နေတတ်တယ်။

ကျွန်တော့် အမြင်ပြောရရင်တော့ သင်းခွေချပ်လျှာဟာ မြွေလျှာလို နှစ်ခွအရှည်ကြီးဖြစ်လို့ လူနာမည်ကို ပီသအောင်ခေါ်နိုင်မယ်လို့ မယုံကြည်ပါဘူး။ ပြောသံသာကြားဖူးတာ ကျွန်တော့်ကိုယ်တွေ့လည်း မဟုတ်ပါဘူး။

နောက်ပြီး သင်းခွေချပ်ဆိုတာ လူကို အင်မတန်ကြောက်တာ။ လူကိုမြင်ရင် သစ်ပင်ပေါ်တက်ပြေးတတ်တယ်။ အကယ်၍ မြေပြင်ပေါ်မှာ လူနဲ့ဆုံရင် ပြေးနိုင်သမျှ ပြေးတယ်။ လွတ်ပုံမပေါ်ရင် ခေါင်းကစပြီး တစ်ကိုယ်လုံးကို လိမ်ပစ်လိုက်တာ။ အလုံးကြီးဖြစ်ပြီး အမြီးဖျားပဲ အစွန်းထွက်နေတာ။ မြင်တဲ့လူက အမြီးဖျားကကိုင်ပြီး ဆွဲလာရုံပဲ။ သနားစရာလည်း ကောင်းပါတယ်။ သင်းခွေချပ်အနံ့က အတော်ပြင်းတာ။ သူ့အသားကတော့ အလွန်စားကောင်းတယ်။ အရိုးနုကလေးတွေနဲ့ ဖွဲ့စည်းထား





တာ။ ညှီတယ်လို့ ပြောရမှာပေါ့။ ဟင်းချိုမဆလာ့တော့ လိုတယ်။ သူ့အသားကို အရက်နဲ့စိမ်သောက်ရင်တော့ မိန်းမ၊ ယောကျ်ားတွေအတွက် ကာယအရာနဲ့မှမတူတဲ့ အားဆေးပါပဲ။ ကျွန်တော့်ကိုယ်တွေ့မို့ ပြောရတာပါ"

"ဆရာကြီး . . . အခု ဘယ်မှာရနိုင်မလဲ။ လုပ်ပါဗျာ . . . ညည်းနည်းလောက်"

"စိတ်လျှော့ပါ . . . ဆရာမှိုင်း။ မလောပါနဲ့။ ကျွန်တော်လည်း အသက်ကြီးတော့ မုဆိုးမလုပ်တော့ပါဘူး။ ယမ်းမှုပြန်ပြီး မုဆိုးစာရေးဆရာလုပ်နေတော့ တောနဲ့လည်း အဆက်အသွယ်ပြတ်နေပါပြီ။ ဖောင်ကြီးတက်သွားပြီး အရင်မုဆိုးတပည့်တွေကို မှာထားရင်တော့ ကံကောင်းရင် ရတတ်ပါတယ်"

"ဟာဗျာ . . . မလွယ်လိုက်တာ။ ကဲ . . . ဆရာထောင်မှူးကြီးကလည်း အတွေ့အကြုံကလေးတွေကို ဖောက်သည်ချပါဦး။ ဆရာကတောပိုစုံတော့ နည်းသစ်ကလေးတွေရတာပေါ့။ လက်လှမ်းမီရင်တော့ အတွေ့စမ်းချင်လို့၊ လုပ်စမ်းပါဦးဗျာ"

"ကျွန်တော် ကြုံဖူးတာတွေကိုပဲ ပြောပြမှာ။ ကိုမှိုင်း လက်လှမ်းမီတာ မမီတာတော့ မသိဘူး။ ဆွမ်ပရာဘွန်စခန်းမှာ တစ်ခါကြုံခဲ့တာ။ ထီခနဲ့ ဒရုခချောင်းဆုံမှာ ကျွန်တော့်မုဆိုးကျော်ထွား ဖျံတစ်ကောင်ရတယ်။ ဖျံက ဖျံထီးပဲ။ သိုက အစိုးတန်မှန်းသိတော့ (ဆလက) အင်ဂျင်နီယာ ကိုအောင်မြင့်က အတင်းတောင်းဝယ်တာနဲ့ မုဆိုးအတွက် ဈေးသုံးဆအောင် ကျွန်တော်က ရောင်းခိုင်းလိုက်တယ်။

အဲဒီတုန်းကလည်း တောတွင်းမှာဆိုတော့ ရလုလေးငါးရာပေါ့ဗျာ။ အဲဒီညမှာပဲ မုဆိုးသုတ်ကိုင်းမှာ ကြောင်နံ့သာကြီးတစ်ကောင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျွန်တော်က သိုတိုဝိုက်လိုးဝိုင်းပြီး ရေနွေးနဲ့ ဆေးကြော၊ ကချင်အရက်ပြင်းနဲ့ စိမ်ထားလိုက်တယ်။

အမှန်ကတော့ ... နီးစပ်ရာတပည့်တွေကို နောက်ပြောင်ဖို့ပဲ။ နောက်နေ့တွေမှာ ဖျံသိုရတယ်ဆိုလို့ လာလိုက်ကြတာ။ ကျွန်တော်ကလည်း ခပ်တည်တည်နဲ့ ဆေးတော့ပေးမယ်။ ရောင်းတော့မရောင်းနိုင်ဘူးဆိုပြီး တိုက်လွှတ်လိုက်တာ။ အရက်ပြင်းနဲ့ စိမ်ထားပေမယ့် သိုနံ့က ပြင်းလွန်းလို့ ရှူမဲ့သွားကြတာပဲ။ စိတ်ကြောင့်လားတော့ မသိပါဘူး ... ဆရာရယ်။ အလွန်စွမ်းတယ်ဆိုပဲ ... ဆရာရဲ့၊ ဟား ... ဟား ... ဟား ..."

"ဟာ ... ဆရာတောင်မှူးကြီးရဲ့ ကြောင့်နံ့သာသိုကလည်း ဖျံသိုလိုပဲ စွမ်းတယ်လေ။ ကျွန်တော် စောစောပြောဖို့ ကျန်သွားတာ"

"ဟင် ... အဟုတ်လား ဆရာကြီး။ ကျွန်တော်က သိမှမသိဘဲ။ တပည့်တွေကို နောက်ချင်စချင်လို့ လုပ်လိုက်တာ"

ထိုစဉ် မောင်ညိုမှိုင်းက ...

"ဆရာတောင်မှူးကြီးမှာ အခု အဲဒါရှိသေးသလား။ ရှိရင် မျှစမ်းပါဦးဗျာ။ ဝယ်ဆိုလည်း ဝယ်ပါ့မယ်"

"မရှိတော့ဘူး ... ကိုမှိုင်းရဲ့။ ခင်ပျားလိုပဲ နာနီတဲ့။ အဲလေဖါသနာကြီးတဲ့ အင်းစိန်ကမ်းနားက သူငယ်ချင်းတစ်ယောက်က ခဏခဏလာတောင်းသောက်တာနဲ့ အမြင်ကပ်လို့ ပုလင်းလိုက် အပိုင်ပေးလိုက်တယ်"

"သွားပါပြီဗျာ၊ သေပြီဆရာ"

"မသွားပါဘူး"





"အဲ ... အဲ ... လုပ်စမ်းပါဦးဗျာ။ လေးဆယ်ကျော်မှ ကံခေါ်လို့ ကျွန်တော်စိုးရိမ်နေတာ။ လုပ်ပါဦး ... ဆရာတောင်မှူးကြီးရယ်၊ တောင်းပန်ပါတယ်။ ဆရာတင်ပါ့မယ်၊ ကျွန်တော် ကျေးဇူးဆပ်ပါ့မယ်။ ကျွန်တော့်မိန်းမ မွေးတော့မယ်ဗျ"

ထိုစဉ် ပန်းချီဆရာ (၆) ပုလင်းမြတ်မင်းဟန်က အကွက်ဆိုက်သည်နှင့် ...

"ဆေးစွမ်းတယ်ဆိုတာ တန်ဖိုးရှိလို့ပဲ။ တန်ဖိုးရှိရင် တန်ဖိုးကိုသိတတ်ရတယ်။ နားလည်ပါ။ ခြောက်ဆယ်ကျော်မှ ကံပေါ်လူရဲ့"

"လုပ်စမ်းပါ ... ဆရာရယ်။ ကျွန်တော် နားလည်ပါတယ်။ ဆရာတို့အုပ်စုကို တစ်ဝိုင်းကျွေးပါ့မယ်"

"အဲသည်လိုမှပေါ့။ ဆရာမှိုင်းတော် ဒုံးမဝေးတော့ဘူး"

"ကျွန်တော့်ပစ္စည်းက ဖြူကျစ်အမြီး၊ ဖြူကောင်အသေးစား။ မွန်ပရာဘွန်စခန်းမှာ တာဝန်ထမ်းဆောင်ရင်း ဆင်ဦးစီးရဲဘက်မှဆိုးကျော်ထွား ရှာပေးတာ။ သူ့အဖေက ဆေးဆရာကြီးဆိုတော့ သူကအဖြစ်လို့ နားလည်တယ်။ သူပေးတဲ့ ဖြူကျစ်အမြီးက မွေးဖွားရခက်တဲ့အမျိုးသမီး၊ အပျိုကိုယ်ဝန်ဆောင်၊ မွေးဖွားခါနီး ဆံပင်၊ ဆံထုံးထဲမှာထည့်ထားရုံပဲ၊ ရှောရှောရှူရှူ မွေးတယ်။ ကျိန်းရဆန်တယ်။ ဆန်းကြယ်တယ်။ သိပ္ပံပညာနဲ့ မတိုင်းတာပါနဲ့။ ကျွန်တော် အပျိုကိုယ်ဝန်ဆောင်(၃) ဦးကို လက်တွေ့စမ်းပြီးပြီ။ (၃)ယောက်စလုံး သက်သက်သာသာနဲ့မွေးမြင်တယ်။ (၃)ယောက်တောင်ဆိုတော့ တိုက်ဆိုင်တာ မဟုတ်လောက်ဘူး။ တကယ်စွမ်းလို့ပဲဖြစ်မယ်"

"သိပ်လည်း မညွှန်းပါနဲ့ ... ဆရာတောင်မှူးကြီးရယ်။ ဆောင်ဦးကို ကျွန်တော်ယုံပါတယ်။ အခုညနေပဲ ဆရာတို့လူစုံအောင် အကြို

www.burmeseclassic.com



ပွဲလေး လုပ်ပေးပါ့မယ်။ မစွမ်းရင်တော့ ပြန်လျော်ရမှာနော် ...ဟင်း ဟင်း။''

''ဒါ နောက်ပြောင်စရာမှမဟုတ်ဘဲ ... ဆရာမိုင်းရယ်။ ကျွန်တော့်ဆေးမစွမ်းရင် ဆယ်ဆပြန်လျော်ပါ့မယ်''

''အာမခံရဲလှချည်လား ... ဆရာထောင်မှူးကြီးရယ်''

''လက်တွေ့စမ်းပြီးလို့ ပြောရဲတာပါ ဆရာမိုင်းရယ်''

ထောင်မှူးကြီးသိန်းဝေ



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကျွန်တော်နာမည်က အောင်မြင့်။ ဆောက်လုပ်ရေးနဲ့ အထွေထွေလုပ်ငန်းကုမ္ပဏီတစ်ခုက မန်နေဂျာ။ ဒါရိုက်တာ အချို့ကတော့ အရပ်သားတွေပါ။ ကျွန်တော်တို့ကုမ္ပဏီက ဆောက်လုပ်ရေးလုပ်ငန်းလည်း လုပ်တယ်။ သစ်ကွက်တွေကိုလည်း လေလံဆွဲပြီး သစ်လုပ်ငန်းလည်း လုပ်တယ်။

သရက်ဘိလပ်မြေစက်ရုံက ပါမစ်တွေလျှောက်ထားပြီး ဘိလပ်မြေထုတ်၊ မော်တော်ကြီးတွေနဲ့ သွားသယ်ပြီး လက်လွှဲပြန်ရောင်းတယ်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုတာက ဟန်ပြပါပဲ။ လုပ်ငန်းတစ်ခုကို ပြနိုင်မှ အစိုးရဆီက သစ်တို့၊ သွပ်တို့၊ သံတို့၊ ဘိလပ်မြေတို့ လျှောက်ထားပြီး ရနိုင်တယ်လေ။ ကျွန်တော်တို့ကုမ္ပဏီက နိုင်ငံခြားအဆက်အသွယ်နဲ့ သဘော်သားအေးဂျင့်တစ်ခုလည်း ဖွင့်ထားသေးတယ်။





အချုပ်ပြောရရင်တော့ ဝင်ငွေကောင်းကောင်းရရင် ဘာမဆို လုပ်မယ့် ကုမ္ပဏီပါပဲ။ အဲဒီကုမ္ပဏီရဲ့မန်နေဂျာက ကျွန်တော်။ မန်နေဂျာဆိုပေမဲ့ ရှယ်ယာမထည့်ဝင်နိုင်တော့ လုပ်ပိုင်ခွင့်လည်းမရှိသလို လခစား ...ထမ်းပဲဖြစ်ပါတယ်။ ပြောရရင်တော့ ဒါရိုက်တာဆိုတဲ့လူတွေ၊ သစ်လိုက် ...။ ဘိလပ်မြေလိုက်ရင်း လက်လွှဲရောင်းစားနေကြတာ ကျွန်တော်သိ ...တယ်။ ငွေစာရင်းအဝင်အထွက်က ကျွန်တော့်ဆီမှာရှိတာလေ။

သူတို့ကလည်း အလည်သားဗျ။ ဆောက်လုပ်ရေးလုပ်ငန်းက ...re Keeper တွေနဲ့ပေါင်းပြီး ရိုက်ကြတာ။ အဝင်ပစ္စည်းကို အပြည့်ပြ ...ယ်။ ဆောက်လုပ်ရေးလုပ်ငန်းမှာ သုံးဖို့ထုတ်တော့ အထုတ်စာရင်း ... အပြည့်ပြပြီးပစ္စည်းကိုတော့ လျှော့ထုတ်ပေးတယ်။

ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်၊ သစ်၊ သံ၊ သွပ်ဆိုတာ ...သူက လိုက်ပြီး ရေတွက်နိုင်တာမှတ်လို့။ 'အများညီတော့ ဤကို ...တ်' ဆိုသလို နှစ်နဲ့ချီပြီး လုပ်စားကြတာ။ ဒါရိုက်တာငယ်ကလေး ...ရဲ့ စားကွက်၊ ဒါရိုက်တာကြီးတွေကလည်း သိမှာပါ။ သူတို့ဝင်ငွေ ...ည်း မနည်းဘူးလေ။ ပါမစ် ပစ္စည်းရောင်းစားရတာ လစဉ်အလုံး ...အခဲလိုက်ရတာကိုး ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ဒါရိုက်တာအကြီးရော အငယ်ရော ကျွန်တော့်ကို မန်နေဂျ
ဆိုပေမယ့် ရှယ်ယာခွဲမပေးချင်ကြဘူးဗျ။ ကျွန်တော့်ကိုလည်း အလကား
ကောင်လို့ ထင်ဟန်တူပါတယ်။ ဒါကြောင့် ကျွန်တော်ကလည်း မှတ်
မှတ်ရာတွေနဲ့ တေးထားတယ်။ သူတို့အပေါ် ဖုံကျုံဖို့မဟုတ်ပေမယ့် မိ
ကိုယ်ကို ကာကွယ်ဖို့ပါ။

တစ်နေ့မှာတော့ ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာကြီးက ကျွ
တော့်ကို အင်းစိန် Site ထဲက ပစ္စည်းစာရင်းတွေကို လက်ကျန်ကော
နိုင်းတယ်။ ကျွန်တော့်အထင်တော့ မိုးမကျမီ ပစ္စည်းတွေ ထပ်မံထည့်သွ
ထားဖို့ထင်တာပဲ။

ကျွန်တော် လက်ကျန်ပစ္စည်းစာရင်း၊ ကောက်ဖို့ ရုတ်တရ
ရောက်လာတော့ သူတို့တွေ အကုန် မျက်လုံးပြူးကုန်ကြတယ်။ အ
အထွက် စာရင်းတွေက မန်နေဂျာလုပ်တဲ့ ကျွန်တော့်ဆီမှာ အပြည့်အ
ရှိတာကို သူတို့သိတယ်လေ။ လဆန်းပိုင်းဆိုတော့ လချုပ်စာရင်း ဖွ





နေးကလည်း ကျွန်တော့်ဆီမှာ အရန်သင့်ရှိနေတယ်။ ကျွန်တော် Site
ထဲက Store အပေါ်ထပ်ရုံးခန်းပေါ် ထိုင်လိုက်တာနဲ့ Store Keeper
သန်းလွင် အပြေးရောက်လာတယ်။

"အာစရိ ဘာစားမလဲ၊ ဘာသောက်မလဲ၊ ဒီအနားမှာ အကုန်
ယ်လို့ ရပါတယ်။ အာစရိ စားချင်၊ သောက်ချင်ရာကိုပြောပါ။ ကျွန်တော်
စီစဉ်ပေးပါ့မယ်"

"အေး ... တစ်နေကုန်စာရင်းတွေစစ်ပြီး မြေပေါ်လက်ကျန်
စ္စည်းစာရင်းတွေပါ ကောက်ရမှာဆိုတော့ နေ့လယ်စာ ထမင်းစားမယ်။
ကျန်တာ ဘာမှမလိုဘူး"

"အာစရိကလည်း ဟိုသစ်စက်ဝင်းထဲမှာ ဒါရိုက်တာ ဆရာမြ
နဲ့ ဆရာထင်တို့လည်း ရှိနေကြပါတယ်။ အာစရိကို ဘီယာသောက်ဖို့
ခေါ်နိုင်းလိုက်ပါတယ်"

"သန်းလွင် ... ငါပြောပြီးပြီပဲကွာ။ ဘာမှ အထွေအထူးမလုပ်
နဲ့ ငါအခုလာတာကလည်း မန်နေဂျင်းဒါရိုက်တာက လက်ကျန်ပစ္စည်း
ကောက်နိုင်းလို့လာတာပါ။ မင်း ဒီနေ့ ထုတ်ပေးစာရင်းတွေ သွင်းပြီးတာ
နဲ့ လက်ကျန်ပစ္စည်းစာရင်းတွေစစ်မယ်"

"ဟုတ်ကဲ့ပါ ... အာစရိ၊ ဒါဆို ခဏစောင့်ပါဦး။ ကျွန်တော့်
ရိုက်တာ ဆရာမြနဲ့ ဆရာတင်ကို သွားသတင်းပို့လိုက်ဦးမယ်။ ဒီရုံးခန်း
ထဲမှာတော့ ရေခဲ့ကြမ်းပဲရှိပါတယ်။ အအေးသောက်မလား၊ အပူ
သောက်မလား။ ကျွန်တော် စီစဉ်ပေးပါ့မယ်"

"မလိုပါဘူး။ ရေနွေးကြမ်းရှိရင် ရပြီ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❏

အင်းစိန် Site ထဲ၌ သန်းလွင်တို့အုပ်စုဖွဲ့ပြီး မရိုးမသားလုပ်ဆ ကြသည်မှာ ကြာပြီဖြစ်သည်။ ထို့ကြောင့်လည်း သန်းလွင် ပျာယာခ နေခြင်းဖြစ်ပါသည်။ ကျွန်တော် ရေနွေးကြမ်းသောက်ရင်း စောင့်ဆိုင် နေစဉ် ဝန်ထမ်းတစ်ဦးက လက်ဖက်ရည်ချိုနှင့် မုန့်များလာပို့သည် ပြီးနောက် နာရီဝက်ခန့်အကြာမှ သန်းလွင်ပြန်ရောက်လာသည်။

"အာစရိ ... လက်ကျန်ပစ္စည်းတွေက စစ်စရာလိုပါသ ဆရာမြနဲ့ ဆရာတင်က ပြောပါတယ်။ သူတို့ နေ့စဉ်အနီးကပ် စစ်ဆေး နေတာပါတဲ့။ အာစရိလည်း နေမပူ၊ လူမပန်းရအောင် ကျွန်တော့်နေ အဝင်အထွက် လုပ်ထားတဲ့စာရင်းတွေကို ကူးပေးပါ့မယ်။ အေးအေး ဆေးဆေး အနားယူ၊ နေ့လယ်စာစားပြီးမှ ပြန်ပါတဲ့။ ဒါလေးကိုလည် အာစရိအတွက် ပေးခိုင်းလိုက်ပါတယ်"





"အဲဒါက ဘာလဲကွ"

"ငွေတစ်သိန်းပါဆရာ"

ထိုခေတ်က ငွေတစ်သိန်းဆိုသည်မှာ နည်းနည်းနောနော မဟုတ်ပါ။ Familia Van ကားကောင်းတစ်စီး ကောင်းကောင်းဝယ်လို့ရ ပါသည်။ ကျွန်တော့် မန်နေဂျာလစာမှ သုံးထောင်ကျပ်ပဲရှိပါသည်။ သို့ သော် ကိုမြနှင့်ကိုတင်ကို ခန့်ချင်သေး၍ မူလိုက်ရပြန်ပါသည်။

"သန်းလွင် ... အဲဒါကိုပြန်ပေးလိုက်၊ ငါ အရိုးအရင်းမစား ဘူး။ ကင်းကင်းပဲနေမယ်"

သန်းလွင်တစ်ယောက် ငွေထုပ်ယူ၍ ကိုမြနှင့်ကိုတင်တို့ စတည်း ချရာ သစ်ခွဲစက်ဝင်းထဲသို့ ပြန်ပြေးသွားသည်။ မကြာပါ။ အထုပ်ဆွဲ၍ ပြန်ရောက်လာပြန်သည်။

"အာစရိ ... နှစ်သိန်းယူပါတဲ့။ သူတို့ ဒီကလုပ်ငန်းကို တာဝန် ယူပါတယ်တဲ့"

"အေး ... အဲဒါဆိုရင်၊ သုံးသိန်းပေးရင် ငါပြန်မယ်"

စတိုတာဝန်ခံသန်းလွင် ပြန်ပြေးသွားပြန်သည်။ ကျွန်တော် လည်း အမြင်ကပ်၍ သူဌေးဖြစ်၊ ခွေးဖြစ် ကြံလိုက်ခြင်းဖြစ်သည်။ သန်းလွင်ပြန်ရောက်လာတော့ ငွေသုံးသိန်းပါလာသည်။ ထို့ကြောင့် ကျွန် တော်လည်း သန်းလွင်ပေးသော ငွေသုံးသိန်းနှင့် မြေပေါ်လက်ကျန် ပစ္စည်းစာရင်းများကို ယူခဲ့ပြီး Taxi ကားငှား၍ အိမ်တွင် ငွေပြန်ထားပြီး ကုမ္ပဏီသို့ ပြန်ခဲ့ပါသည်။ နေ့လယ်စာ ထမင်းပင်မစားခဲ့တော့ပါ။

ကုမ္ပဏီပြန်ရောက်တော့ မြေပေါ်လက်ကျန်ပစ္စည်းစာရင်း အလုပ် ရှင်အား မန်နေဂျင်းဒါရိုက်တာကို အပ်လိုက်ပါသည်။

"ကိုအောင်မြင့် ... အသေအချာစစ်ဆေးခဲ့ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဆရာ၊ တဝင်နိုင်သမျှ နေပူထဲမှာ စစ်ဆေးခဲ့တာပါ။ ဒါရိုက်တာကိုမြနဲ့ ကိုတင်လည်း Site ထဲမှာ ရှိနေပါတယ်"

"ကောင်းပြီ . . .။ ခင်များအတွက် လမ်းစရိတ်နဲ့ စားစရိတ်ကို အသေးသုံးထဲက ထုတ်ယူပါ"

"ဟုတ်ကဲ့ပါ ဆရာ"

နေ့လည် လက်ဖက်ရည်သောက်ချိန်ကျမှ အောက်ဆင်းပြီး နေ့လယ်စာထမင်းနှင့် ရောစားရသည်။ ငွေထုပ်ကြီးရထားတော့လည်း ဗိုက်မှာ မဆာပါ။ ငွေထုပ်အရှိန်အဝါကြောင့် ဗိုက်မှာ ဝမ်းသာလုံးဆို့ပြီး ပြည့်နေဟန်ရှိသည်။

✿ ✿ ✿

[ ၄ ]

❑

မကြာပါ။ နောက် (၇) ရက်၊ တစ်ပတ်ခန့်သာ ကြာပါလိမ့်မည်။ ထိုတာဝန်ခံ သန်းလွင်နှင့် မန်နေဂျာ ကျွန်တော် အဖမ်းခံရပါသည်။ ဆောက်လုပ်ရေးပစ္စည်းများအား အလွဲသုံးစားမှုဖြစ်သည်။ ကျွန်တော်က ရုံးခန်းတွင် ဝန်မခံပါ။ ငြင်းဆိုထားသည်။ ကျွန်တော့်အား ငွေပေးသည်ကို လက်မှတ်ထိုးထားခြင်းမရှိ။ သက်သေအနေဖြင့် သန်းလွင်တစ်ယောက်တည်းသာရှိသည်၊ သို့သော် အဓိကတရားခံ ဒါရိုက်တာကိုမြနှင့် ကိုတင်တို့ကတော့ လွတ်နေပါသည်။

အင်းစိန်ရဲစခန်းတွင် အချုပ်ခံရပြီး (၃)ရက်ခန့်အကြာတွင် အဆောင်သို့ပို့သည်။ အင်းစိန်ရဲစခန်းနှင့် အင်းစိန်ထောင်မှာ မဝေးလှသော်လည်း လမ်းကြောင်းခဆိုပြီး ၂၅ ကျပ်တောင်းသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ကလည်း ဘတ်ငွေကလေးများဆောင်ထား၍ ပေးနိုင်ပါသည်။ ပြဿနာမရှိပါ။

ထောင်ဘူးဝ၌ ကျွန်တော့်တွင်ပါလာသော ငွေ ၅၀၀၀ ကျပ်ကို စာရင်းနှင့် အပ်နှံရသည်။ အဝတ်အစားအပို (၂) စုံစီနှင့် အကြော်အလှော်၊ စားစရာ ကလေးများကို ယူခွင့်ပြုသည်။ ကျွန်တော်စီးလာသော မန္တလေးသားရေ ဖိနပ်ကိုတော့ စီးခွင့်မရှိ၍ အသိမ်းခံရသည်။ သန်းလွင်ကတော့ ရာဘာဖိနပ်စီးလာ၍ ပြဿနာမရှိပါ။ သို့သော် သူယူလာသည့် စီးကရက်ဘူးများ အသိမ်းခံရပြီး၊ ဆေးပေါ့လိပ်ကိုသာ ခွင့်ပြုသည်။ ကျွန်တော်က ဆေးလိပ်မသောက်တတ်၍ ပြဿနာမရှိပြန်ပါ။

Main Jail ရောက်တော့ ကျွန်တော့်တို့အား အသေးစိတ် ရှာဖွေပြန်သည်။ ပါလာသော ငါးပိကြော်၊ ငါးခြောက်ကြော်ကလေးများ တစ်ဝက်ပါသွားသည်။ ကျွန်တော်တို့က အချုပ်သစ်ဖြစ်၍ အိပ်ဆောင်အမှတ် (၂)အောက်အခန်း (၁) ပုံစံခန်းသို့ ဝင်ရမည်ဖြစ်သည်။

ထိုနေ့က ထောင်ကျများကိုတော့ အသေးစိတ်ရှာဖွေပြီး (၄) ဆောင်၊ ထောင်ကျဆောင်သို့ ပို့သည်။ ထောင်တွင်း၌ အလွန်သန့်ရှင်းပြီး စည်းကမ်းရှိကြသည်။ အဆောင်များဝင်းအတွင်း၌ အလှစိုက်ပန်းပင်များနှင့် ဝေဝေဆာဆာ၊ အိပ်ဆောင်တိုင်းတွင် နဂါးရုပ်၊ ဂဠုန်ရုပ်၊ ဒေါင်းရုပ်စသည်ဖြင့် အထိမ်းအမှတ် သင်္ကေတအရုပ်များအား လှပစွာ ထုဆစ်ပြီး ဆေးရောင်ခြယ်ထားသည်။

ကျွန်တော်တို့နေရမည့် အဆောင်က နဂါးရုပ်၊ အောက်(၁) ပုံစံခန်းသို့ တန်းစီဝင်ရပြီး တန်းစီ၍ ထိုင်ကြရသည်။ ရောက်ရောက်ချင်း ပုံစံအခန်းစာရေးနှင့် အခန်းလူကြီးတို့က ထောင်တွင်းနေထိုင်ရမည့် စည်းကမ်းချက်များအား တစ်လှည့်စီ မိန့်ခွန်းခြွေတော့သည်။ နေ့စဉ် ပြော





ပြောနေရ၍လားမသိ၊ အပြောအဟောက အလွန်ကောင်းသည်။ တိုရှင်း၊ သိုရင်း အလွန်ပြတ်သားသည်။

ထောင်အတွင်း၌ လူအများနှင့် စုပေါင်းနေထိုင်ရသဖြင့် အရာရာ၌ စည်းကမ်းချက်များရှိသည်။ ထမင်းစားရန်၊ အိမ်သာတက်ရန်၊ ရေချိုးရန် စည်းကမ်းများအပြင် ထောင်အရာရှိနှင့် ဆက်ဆံရာ၌လည်းကောင်း၊ ဝန်ထမ်းနှင့် ဆက်ဆံရာ၌လည်းကောင်း၊အချုပ်သားအချင်းချင်း ဆက်ဆံရာ၌လည်းကောင်း။ သတ်မှတ်ထားသော စည်းကမ်းချက်များရှိသည်။ အခန်းလူကြီးဆိုသူက စည်းကမ်းချက်များကို ရှင်းလင်းပြပြီးသည်နှင့် . . .

"ငါ့နာမည်က မြင့်ဦး။ ပုံစံခန်းလူကြီး။ လူသတ်မှုနှင့် ထောင်အဆ် အနှစ် (၂၀) ကျထားတာ။ အခန်းစာရေးက စိုးမြင့်။ စည်းကမ်းထိန်းသိမ်းရေးက (၄) ယောက်ရှိတယ်။ ငါတို့အခန်းထဲမှာ မတရားတာ နိုတာဝှက်တာ၊ လိမ်လည်တာ ဘာမှလက်မခံဘူး။ အဲ . . . အကျဉ်းထောင်စည်းကမ်းနဲ့နေသရွေ့ မင်းတို့ဘာမှမဖြစ်စေရဘူး။ စည်းကမ်းဖောက်ရင်တော့ အရိုက်အနှက်ခံရမယ်။ အပြစ်ကြီးရင်တော့ ထောင်ဥပဒေအရ အရေးယူခံရမယ်။ တိုက်ပိတ်ခံရမယ်။

အခု စနစ်တကျ ရေချိုးမယ်။ ပြီးရင် ညနေစာ စားရမယ်။ မင်းတို့ကို လောလောဆယ်၊ အိပ်ရာနေရာ မပေးနိုင်သေးတော့ မင်းတို့ပါလာတဲ့ ပစ္စည်းတွေကို အခု တန်းစီပုံထားတဲ့နေရာမှာပဲ ပုံထားခဲ့။ ပျောက်စေရဘူး။ ပြန်လာခါမှ နေရာချပေးမယ်"

"ဟုတ် . . ."

အပိုမပြောရ။ ကျွန်တော်တို့ အချုပ်သစ်များ၊ အခန်းစာရေး၏ဆောင်ရာနောက်သို့ နှစ်ယောက်တွဲတန်းစီပြီး လိုက်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်အပြင်ဘက် ပုံစံခန်းအနီး အုတ်ရေကန်ရှည်ကြီးသို့ရောက်တော့ အခန်းစာရေးက ရေကန်ပေါင်ပေါ်တွင် ကြိမ်လုံးကိုင်၍ စောင့်နေသော ရေကန်ဗာရာဆိုသူအား …

"ကိုတင်မောင်ရေ့ … အချုပ်သစ် (၂၅) ယောက် ရေချိုးမယ်"

"အေး …"

ရေကန်ဗာရာ ကိုတင်မောင်ဆိုသူက ရေချိုးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို အသေးစိတ် ရှင်းပြပြန်သည်။ ရေကန်ရှည်ကြီး ပေါင်ပေါ်၌ ပလက်စတစ်ရေခွက်များကို တန်းစီပြီးတင်ထားသည်။ ဆပ်ပြာတော့ မပါပါ။

"ခပ်"

ကျွန်တော်တို့ ရေခွက်များကို ကိုယ်စီကိုင်ကာ ဘောင်းဘီတိုကိုယ်စီဖြင့် ရေခပ်ကြရသည်။ မချိုးရသေးပါ။ ရေကန်ဗာရာ၏အမိန့်ကို စောင့်နေကြရသည်။

"ချိုး"

ဟုဆိုမှ ရေလောင်းပြီးချိုးရသည်။ တစ်ညီတစ်ညာတည်း လုပ်ကြရသဖြင့် လူအများစုပေါင်းကရသော ကရင်ဒုံးယိမ်းဖြင့်ပင် တူနေသယောင်ယောင်။

"ခပ်"

"ချိုး"

(၃) ကြိမ်အော်ပြီးတော့မှ …

"ချေးတွန်း"





ကျွန်တော်တို့ ဆပ်ပြာမပါဘဲ ချေးတွန်းကြရသည်။ ပြီးတော့မှ ရေကန်ဗာရာက အော်ပြန်သည်။

"ခပ်"

အချုပ်သားတစ်ဦးမှာ ခပ်ဆိုသောအချိန်တွင် ရေခပ်၍လောင်းချိုးမိသဖြင့် ရေကန်ဗာရာက ကန်ပေါင်ပေါ်၌ ပြေးလွှားသွားပြီး ကြိမ်လုံးစာကျွေးတော့သည်။

"ရွှမ်း … ရွှမ်း …"

နှစ်ချက်ပဲ ရိုက်ပါသည်။ သို့သော် အချုပ်သစ်ခများမှာတော့ ရိုက်ကြီးဖြင့် အရိုက်ခံရသဖြင့် ကျောကော့သွားရှာသည်။

"အား … အား … အား …"

"မအော်နဲ့။ နောင် စည်းကမ်းပျက်ရင် ဒါထက်ပိုနာမယ်။ ဒါတွေဟာ နေ့စဉ်လုပ်ရမယ့်အလုပ်တွေ မှတ်ထား။ ကဲ … ပြန်စမယ်"

"ချိုး"

ကျွန်တော်တို့မှာ ရေအပြည့်နှင့် ရေခွက်ကိုင်ပြီး စောင့်နေရာ ရ …

"ချိုး"

ဆိုသော အမိန့်ရမှ ချိုးရသည်။ ဤသို့ဖြင့် (၉)ကြိမ်၊ (၉)ခွက်၊ ချိုးပြီးသည်နှင့် ရေချိုးခြင်း အပြီးသတ်ရသည်။ မျက်နှာသုတ်ပဝါကို ရေလဲဘောင်းဘီတိုကိုချွတ်၍ အဝတ်အစားလဲပြီး မလျှော်နိုင်ပါ။ အခန်းစာရေးက နှစ်ယောက်တွဲ တန်းစီခိုင်းပြန်သည်။ ပြီးနောက် …

"ထမင်းဆွဲ"

ဟု အော်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရေကန်နှင့် အဆောင်ကြားရှိ အဖီချထားသည့် ဒု–အဆောင်မှူးရုံးခန်းရှေ့တွင် တန်းစီကြရသည်။ ထမင်းဘုတ်ကိုင်က ကမ်းပေးသော ဒန်ပန်းကန်ပြား တစ်ချပ်စီဆွဲပြီး သံစည်ပိုင်းပြတ်ထဲမှ လုံးတီးထမင်းပုံစံကို တန်းစီပြီး ယူကြရသည်။ ပြီးနောက် ကန်စွန်းရွက် ချဉ်ရည်ဟင်းပုံစံကို ထမင်းပန်းကန်ထဲ လောင်းထည့်ပေးပြန်သည်။

နောက်ဆုံးတစ်ယောက်က မှုင်ငါးပိကြော်ဖွန်းဝက်ခန့်ကို ထမင်းပန်းကန်နှုတ်ခမ်း၌ ပုံပေးသည်။ ညနေစာက ဒါပဲဖြစ်သည်။ ကျွန်တော်တို့တွင် ပုံစံခန်းထဲ၌ ငါးပိကြော်၊ ငါးခြောက်ကြော်များ ပါသော်လည်း ပြန်မယူရပဲ။ ရှိတာနှင့်သာ ဖြစ်သလိုစားကြရတော့သည်။ ထောင်ဆိုသည်မှာ ဤလိုပါလားဟု ယခုမှ သဘောပေါက်ရတော့သည်။

❁ ❁ ❁

[ ၁ ]

❑

စားသောက်ပြီးတော့လည်း လွတ်လပ်စွာ နားနေခွင့်မရသေး ပုံစံခန်းအတွင်းရောက်သည်နှင့် မူလထိုင်ခဲ့သော နေရာအသီးသီး ထိုင်ရပြီး အခန်းစာရေးနှင့် အခန်းလူကြီးက မှတ်ပုံတင်၍ အမှတ် ရှာပြန်သည်။ ကျွန်တော်တို့အုပ်စုမှာ (၂၅)ယောက်သာဖြစ်သဖြင့် ချိန်၌ဖြင့် မှတ်ပုံတင်ခြင်းကိစ္စပြီးသည်။

ပြီးတော့မှ အခန်းစာရေးကာပင် ဦးဆောင်၍ အဆောင်အနောက် မိလ္လာချောင်တွင် အပေါ့၊ အလေး စွန့်နိုင်းသည်။ ပုံစံခန်းပြန် တော့ ညထောင်ပိတ်၊ လူစစ်ဆေးရန် ပုံစံထိုင်ရပြန်သည်။ ကျွန် တို့ နှစ်ယောက်တစ်တွဲစီ ပုံစံထိုင်ရသည်။ အခန်းလူကြီးနှင့် အခန်း က အထပ်ထပ်အခါခါ ရေတွက်ပြီး စာရင်းရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အုပ်စု (၂၅)ယောက်နှင့် ပုံစံခန်းနေ လူဟောင်းများပေါင်းပါက အယောက် (၁၀၀)ကျော်ခန့်ရှိသည်။ ထို့နောက် ဒု-အဆောင်မှူးနှင့် ဝန်ထမ်းများက အဖွဲ့နှင့် လာရောက်စစ်ဆေးပြန်ပါသည်။ တန်းစီးမဖြုတ်ရသေးပါ။ လူပေါင်းမကိုက်သေးဟုဆိုကာ အဆောင်မှူးနှင့် ထောင်မှူးများအဖွဲ့က လာရောက်စစ်ဆေးပြန်သည်။ ကျွန်တော်တို့ စကားမပြောရ၊ ဆေးလိပ်မသောက်ရ၊ လှုပ်ပင်မလှုပ်ရဲ ပုံစံမပျက်နေရသည်။

ည (၇)နာရီခန့်ရှိမှ လူပေါင်းကိုက်ပြီဆိုပြီး တန်းစီဖြုတ်ရသည်။ သို့သော် (၁၀)မိနစ်ခန့်သာ အနားရပြီး၊ ဆောင့်ကြောင့်ထိုင် တန်းစီ၍ ဘုရားဝတ်ပြုရပြန်သည်။ ဦးစိန္တာဟုသောလူကြီးက ဘုရားရှိခိုးကို တိုင်ပေးသည်။ လွန်စွာ ဌာန်ကရိုဏ်းကျ၍ အသံနေအသံထား ကောင်းလှသည်။ ပြီးနောက် တစ်ဦးက ကိုကျော်ဖေယျဆိုသူဖြစ်သည်။ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုပူဇော်ပြီး မင်းကွန်းဆရာတော်ဘုရားကြီး၏ အရပ်(၁၀)မျက်နှာ မေတ္တာပို့ကို သံနေသံထားဖြင့် တိုင်ပေးပြန်သည်။ ထောင်အတွင်း၌ ဤသို့သော ကြည်ညိုဖွယ်ရာလူများလည်း ရှိသေး၍ ကျွန်တော် အံ့ဩဝမ်းသာမိပါသည်။

ဘုရားဝတ်ပြုပြီးတော့ အခန်းလူကြီးက ကျွန်တော်တို့ အချုပ်လူသစ်များအား ပုံစံခန်းအတွင်း၌ ညအခါ အသုံးပြုရမည့် မိလ္လာချောင်စည်းကမ်းကို ပြောပြပြန်သည်။

''အချုပ်သစ်တွေ မှတ်ထားပါ။ အခန်းခြေရင်းက ညအခါ သွားရမယ့် မိလ္လာမှာ ချေးအိုးနဲ့သေးအိုး ခွဲထားတယ်။ မိလ္လာမတက်ခင် သေးပေါက်တဲ့အိုးထဲမှာ အပေါ့သွားရမယ်။ ပြီးမှ မိလ္လာခုံပေါ်တက်ပြီး အလေးသွားရမယ်။ မိလ္လာခုံပေါ်မှာ အပေါ့အလေးတစ်ခါတည်း မစွန့်ရဘူး။ ဘာဖြစ်လို့လည်းဆိုတော့ မနက်မိလ္လာဘုတ်က ချေးအိုးသယ်ရာမှာ





ဒိတ်စဉ်မကျစေဖို့ဘဲ ညဘက်မိလ္လာခုံပေါ်မှာ အပေါ့အလေးတစ်ခါတည်း စွန့်တာကိုဖမ်းမိရင် မနက်မိလ္လာကြိုးရမယ်။ နားလည်သဘောပေါက်ကြသလား''

''ဟုတ်''

''အားလုံး နားလည်သဘောပေါက်ကြရင် တန်းဖြုတ်မယ်။ အိပ်ရာနေရာချပေးမယ်။ အချုပ်ကိုယ်ပိုင်အမှတ်စဉ်အတိုင်း ခေါ်မယ်။ နံပါတ်ခေါ်တဲ့ တစ်ဦးချင်းလာ''

ကျွန်တော်တို့ အချုပ်လူသစ်များအား အချုပ်လူဟောင်းများနောက်တန်းတွင် နေရာချပေးခြင်းဖြစ်သည်။ အချုပ်လူဟောင်းများ ပုံစံခန်းတွင် နေရခြင်းမှာ ဝန်ထမ်းများ၏ ပတ်သက်ရာပတ်သက်ကြောင်း အပ်ထည်များ၊ သို့မဟုတ် ဘောက်ချာများဟု ခေါ်ကြောင်းလည်း သိရပါသည်။

တော်ပါသေးသည် အချုပ်လူဟောင်း၊ လူသစ်၊ စုစုပေါင်း ၁၀၀ ခန့်သာရှိသဖြင့် ကျွန်တော်တို့ အချုပ်လူသစ်များ၊ မိလ္လာချောင်နားတွင် မအိပ်ရ။ လူ (၂၀၀) ခန့်ဆန့်သော အခန်းကြီးဖြစ်သဖြင့် ချောင်သည်း ချောင်ပါသည်။ နေရာချပြီးတော့မှ ကျွန်တော်တို့လူသစ်များ လွတ်လပ်စွာ နားခွင့်ရတော့သည်။

အခန်းလူကြီးနှင့်အဖွဲ့ကတော့ ခေါင်းရင်းခန်း ဘုရားကျောင်းဆောင်ရှေ့၌ ယပ်ခတ်ပေးသူ၊ နှိပ်နင်းပေးသူများဖြင့် လွန်စွာ စမတ်ကျသည်။ ထောင်တွင်းရောက်သော်လည်း ကုသိုလ်ထူးသူများ ဖြစ်ပေထို့မည်။

ယခုမှပင် ကျွန်တော်နှင့် စတိုတာဝန်ခံသန်းလွင်တို့ အေးအေးဆေးဆေးစွာ စကားပြောခွင့်ရတော့သည်။ အင်းစိန်ရဲအချုပ်ခန်း၌ အတူနေခဲ့ရသော်လည်း မလွတ်လပ်သဖြင့် အတွင်းစကားမပြောခဲ့ကြရ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သိန်းလွင်ရေ မင်း ဘာဆက်လုပ်မလဲ။ ငွေရေးကြေးရေးကော အဆင်ပြေရဲ့လား"

"ဆရာ ... ကျွန်တော်က ဆရာ့လို လုံးခန့်ရတာမဟုတ်ဘူး။ တစ်ခါလုပ် နည်းနည်းရနဲ့ ချောင်ချောင်လည်လည် သုံးရတာပဲရှိတယ်။ သိန်းဂဏန်းဆိုတာ တစ်ခါမှ လုံးခန့်မရခဲ့ဖူးဘူး။ ကျွန်တော့်မိန်းမက သုံးတတ်၊ စွဲတတ်တော့ အဆင်ပြေပါတယ်။ သူ့အသိဈေးသည်တွေကို ချေးငွေပြန်တိုးပေးထားတော့ ချောင်လည်ပါတယ်။ ဒါပေမဲ့ ဆရာရေ ... ကျွန်တော်တို့ အဖျားအနားတွေသာခံရပြီး ပင်မဖြစ်တဲ့ ဆရာမြနဲ့ ဆရာတင်လွတ်နေတာတော့ သဘာဝမကျဘူးဗျ"

"ဒါကြောင့် ကျွန်တော်မှတ်ထားတဲ့ မှတ်စုစာအုပ်ကို ကျွန်တော့် မိန်းမကတစ်ဆင့် မန်နေဂျင်းဒါရိုက်တာကြီးဆီ ပို့ခိုင်းလိုက်ပြီ။ ကျွန်တော့်မိန်းမ နက်ဖြန်ထောင်ဝင်စာလာရင် အကျိုးအကြောင်းသိရလိမ့်မယ်"

"ဟ ... ဒါဆို ဟိုနှစ်ယောက်လည်း ထောင်ထဲရောက်လာကြတော့မှာပေါ့နော်"

"ဟုတ်တယ်ဆရာ ...။ မန်နေဂျင်းဒါရိုက်တာက သူတို့နှစ်ယောက်ကို အတွင်းသတင်းရလို့ မဲပြီးချောင်းနေတာ။ ဆရာက ကြားထဲက ခံရတာပဲ"

"ဒါနဲ့ မောင်သန်းလွင်ရေ ... မင်းတို့ ငါတို့ ငွေပေးတုန်းက နောက်ပိုင်းကိစ္စတွေကို ကိုမြနဲ့ကိုတင်က တာဝန်ယူတယ်ဆို ဘယ်လိုဖြစ်ရတာလဲ"

"နည်းနည်းစောသွားတယ် ဆရာ။ အင်းစိန် Site က နှစ်ကုန်မှ အပ်ရမှာ၊ နှစ်ကုန်ဆိုတော့ ဝေးသေးတယ်။ Cover လုပ်လို့ရတာ





[illegible] အခုက မန်နေဂျင်းကြီးက မြန်းစားကြီး စစ်ဆေးမှာ။ ဘယ်လာ [illegible] လုပ်ချိန် ရတော့မှာလဲ"

"ကျွန်တော်သိထားတာ တစ်ခုရှိသေးတယ်။ ဆရာ ... [illegible]ပ်မြေအိတ်တွေက Site မှာ လိုအပ်တာထက် ပိုများနေတယ်ထင် [illegible]။ ဒါတောင် ဆရာမြနဲ့ ဆရာတင်သွားထုတ်တာအပြင် မန်နေဂျင်း [illegible]အမျိုး ဦးကြည်ဆိုတဲ့သူ သွားထုတ်တာလည်း မပါသေးဘူး။ အဲဒါ [illegible] လမ်းမှာထင် မန်နေဂျင်းကြီးက ရောင်းခိုင်းထားတာ"

"ဒါနဲ့ မင်းက ရဲစခန်းမှာ ဝန်ခံထားသလား"

"ငြင်းထားတယ် ဆရာ။ ကျွန်တော်က ပစ္စည်းထိန်းတာဝန်ခံ [illegible]မဟုတ်ဘူး။ နာမည်ခံရုံ သက်သက်ပဲ။ သူတို့ပေးတဲ့ စာရင်းအတိုင်း [illegible]နေရတာ။ ဆရာမြနဲ့ ဆရာတင်က အဓိကကိုင်တွယ်ပြီး အုပ်ချုပ် [illegible]။ ဆရာလည်း ဝန်မခံနဲ့။ ဆရာ့ကိုငွေပေးတာ ကျွန်တော်က [illegible]ဆင့်ပေးတာဆိုတော့ သက်သေဆိုလို့ ကျွန်တော်တစ်ယောက်တည်းရှိ [illegible]။ လက်မှတ်ထိုးထားတာလည်း မဟုတ်ဘူး။ ကျွန်တော်ကလည်း [illegible]ကို ငွေမပေးဘူးလို့ ဘူးခံမယ်။ ဆရာလွတ်နိုင်ပါတယ် ဆရာ [illegible]"

"အေး ... ငါလည်း ရဲစခန်းမှာ ဝန်မခံခဲ့ပါဘူး။ အဲဒါဆိုရင် [illegible] မထိခိုက်ပေဘူးလား ... မောင်သန်းလွင်"

"မထိခိုက်နိုင်ဘူး ဆရာ။ ကျွန်တော့်ကိုငွေပေးတာ သူတို့နှစ်[illegible]ပဲရှိတာ တခြားသက်သေမရှိဘူး။ လက်မှတ်ထိုးယူခဲ့တာလည်း [illegible]ဘူး။ သူတို့နှစ်ယောက် တရားခံအနေနဲ့ ထောင်ထဲရောက်လာရင် [illegible]ပြီပေါ့ ဆရာရယ်။ ပစ္စည်းတွေ ခိုးရောင်းတော့လည်း ကျွန်တော် [illegible]တိုင် တစ်ကြိမ်မှ မပါခဲ့ဘူး။ သူတို့ လူယုံအမည်တွေနဲ့ ကိုယ်တိုင်ကြီး [illegible]လုပ်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ကျွန်တော့်ကို ပေးချင်သလောက် ရှယ်ယာခွဲပေးတာ ကျွန်တော်က မသိဟန်ဆောင်နေရုံပဲ။ ဒါပေမဲ့ ပစ္စည်းစာရင်း၊ နေ့ ... အချိန်တွေကို ကျွန်တော်အသေအချာမှတ်ထားပြီး မန်းနေဂျင်းဆီ မိန် ... ကတစ်ဆင့် ပို့ထားတယ်ဆရာ''

''အေးကွာ ... အမှုကတော့ သပွတ်အူလိုက်နေပြီ။ သူတို့ ... လည်း မန်နေဂျင်းဒါရိုက်တာအပေါ်မှာ နိုင်ကွက်ရှိသလားမှမသိတာ''

''ဖြစ်နိုင်တယ် ဆရာ။ ဘိလပ်မြေအပိုတွေကို မော်တော်အ ... လိုက် ရောင်းစားတယ်ဆိုတာ ယုတ္တိမတန်ဘူး။ Site တစ်ခုမှာ ... လောက် များများပိုစရာအကြောင်းမရှိဘူး။ အစိုးရကလည်း တွက်ချက် ... ချပေးတာ Site ထဲမှာအသုံးပြုတဲ့ အချိုးအစားတွေကိုလည်း ဌာန ... ရာက အပတ်စဉ် လာစစ်ဆေးနေတာ''

''အေးကွ ... ငါ့ဆီတက်လာတဲ့ စာရင်းဇယားတွေကတော ... အမှန်တွေပဲ။ ဘောက်ချာတွေလည်း မှန်နေတယ်''

''ဟုတ်လိမ့်မယ် ဆရာ။ တစ်ယောက်ယောက်က ပါမစ်အ ... ဘိလပ်မြေတွေ ထုတ်နေတဲ့သဘောပဲ။ မကြာခင် အဖြေပေါ်မှာပါဆ ...''

ထိုစဉ် ထောင်ဘူးဝရှိ ကင်းမျှော်စင်ကြီးပေါ်မှ ည (၉) ... သံချောင်းခေါက်သံကြားရသည်နှင့် အခန်းစာရေးက 'အိပ်ချိန်' ... အော်တော့သည်။

စည်းကမ်းရှိသော ထောင်တွင်းဖြစ်သဖြင့် ချက်ချင်း အ ... ဗလံများ လုံးဝ တိတ်ဆိတ်သွားတော့သည်။

✿ ✿ ✿

| ၆ |

❑

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ အခန်းသန့်ရှင်းရေး ... ကြရသည်။ မနက်စာ ထောင်က မကျွေးပါ။ သို့သော် မနက်(၁၀) ... နာရီခွဲပင် နေ့လယ်စာ ကျွေးသည်။ ပဲဟင်းနှင့် လုံးတီးထမင်းမှုမှ ... ကျွန်တော်တို့တွင် ငါးပိကြော်နှင့် ငါးခြောက်ကြော်များပါ၍ ... စားလို့ကောင်းသည်။ ထမင်းစားပြီးတော့ သန်းလွင် ထောင်ဝင်စာ ... ခေါ်သဖြင့် ကမန်းကတန်းလိုက်ပါသွားသည်။ ကျွန်တော်ကတော့ ... သည်ကို အချုပ်ထောင်ဝင်စာ လူရှင်းသော အလယ်ရက်၊ အင်္ဂါနေ့ ... ရန် ချိန်းထားသဖြင့် မမျှော်မိပါ။

နေ့လယ်စာစားပြီးသည်နှင့် ထောင်မှူးမှ အချုပ်လူသစ်များ ... စစ်ဆေးမည်ဖြစ်သဖြင့် ကျွန်တော်တို့တန်းစီပြီး ထိုင်ကြရသည်။ ... အဆောင်ထဲဝင်လာတော့မှ ထောင်ဗာရာက ...



www.burmeseclassic.com

www.burmeseclassic.com



"ရွှေကြည် ... ပုံစံ"

ဟု အော်သည်။

ကျွန်တော်တို့ တင်ပျဉ်ခွေထိုင်၍ လက်နှစ်ချောင်းကို ဆန့်တန်းပြီး ဒူးပေါ်တင်ထားရသည်။ ခါးကိုလည်း ဆန့်တန်း၍ မတ်ထားရသည်။ ထောင်မှူးမှာ ဦးထွန်းခင်ဖြစ်၍ ကျွန်တော့်အသိဖြစ်သည်။ သို့သော်ထ၍တော့ နှုတ်မဆက်ရဲ။ အခန်းထိန်းများက ကြိမ်လုံးကိုယ်စီကိုင်၍ ပတ်နေကြရာ လှုပ်ပင်မလှုပ်ရဲ။ ထောင်မှူး လှည့်ကြည့်မည့်စားပွဲတွင် ဝင်ထိုင်မှ အခန်းစာရေးက အော်ပြန်သည်။

"နေမြဲ"

ပုံစံကို လျှော့၍ လှုပ်ရှားခွင့်ရသည်။ မကြာမီ အခန်းလူကြီးက ...

"နာမည်ခေါ်ရင် တစ်ယောက်ချင်းထွက်။ ဒီရှေ့ကပိုင်းထားတဲ့နေရာအပေါ်မှာ ပုံစံရပ်။ မေးတာကို လိုရင်းတိုရှင်းပြော၊ အပိုမပြောနဲ့ ကြားကြသလား"

"ကြားပါတယ်"

ထောင်မှူးဦးထွန်းခင်က တစ်ဦးပြီးတစ်ဦး စစ်ဆေးပြီး ကျွန်တော်၏အလှည့်သို့ အရောက်တွင် ...

"ဟာ ... မန်နေဂျာ ဦးအောင်မြင့်ပါလား၊ ပြီးရင် ကျွန်တော့်ရုံးခန်းလာခဲ့ပါဦး။ အခန်းလူကြီးမြင့်ဦး လိုက်ပို့လိမ့်မယ်"

"ဟုတ်"

ထိုအချိန်မှစ၍ ထောင်မှူးဦးထွန်းခင်၏ ကြည့်ရှုစောင့်မှုကြောင့် ကျွန်တော်တို့အခန်းလူကြီးမြင့်ဦး၏ ပုံစံအခန်းထဲ၌ အပ်ထည်





အဖြစ် အေးချမ်းစွာ နေရတော့သည်။ လူရှင်းသော နားချိန်ရောက်တော့ သန်းလွင်က ...

"ဆရာ ... ကျွန်တော့်မိန်းမ ထောင်ဝင်စာလာတွေ့ရင်း ပြောသွားတယ်။ မန်နေဂျင်းဒါရိုက်တာက ပြောတယ်တဲ့။ ကျွန်တော်နဲ့ဆရာဟာ အဖျားအနားသာစားရတာ သူသိတယ်တဲ့။ မကြာမီ ကိုတင်ကို အရားစွဲပြီး ကျွန်တော်တို့အမှုကို ရုပ်သိမ်းပေးမယ်တဲ့။ မင်္ဂလာသတင်းပဲဆရာ"

"အေးကွာ ... ဝမ်းသာစရာ မင်္ဂလာသတင်းပေါ့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၇ |

❑

ထို့ကြောင့် ကျွန်တော်တို့ အားလပ်ချိန်များတွင် ပုံစံခန်းဘုရား ကျောင်းဆောင်ရှေ့မှ ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကို မြည်းကြရင်း အခန်းလူကြီးမြင့်ဦး၊ ဦးစိန္တာ၊ ဦးကျော်ဖေယျတို့နှင့် ဘာသာရေးကိစ္စများကို ဆွေးနွေးနိုင်ကြပါသည်။ သူတို့က ဘုန်းကြီးလူထွက်များဖြစ်ဟန်ရှိသည်။

သာမန်ဘာသာရေးကိစ္စသာမက သမထနှင့်ဝိပဿနာ ရှုမှတ်နည်းများကိုလည်း ထဲထဲဝင်ဝင်၊ ပေါက်ရောက်နှံ့စပ်ကြသဖြင့် ကျွန်တော်တို့ အလွန် လေးစားမိကြသည်။ အဂါနေ့တွင် ကျွန်တော့် အမျိုးသမီး ထောင်ဝင်စာလာတွေ့သဖြင့် မန်နေဂျင်းဒါရိုက်တာက ကိုမြနှင့် ကိုတင်တို့အား အမှုဖွင့်တရားစွဲဆိုကြောင်း သိရပါသည်။ ကျွန်တော်က အခန်း သန့်ရှင်းရေးဘုတ်ကိုင်၊ သန်းလွင်က လက်ထောက်အခန်းစာရေး ရာထူးများပင် ရနေကြပြီ။





ကြာသပတေးနေ့မနက်တွင် အချုပ်သားသစ်များ ရောက်လာ ...တော့ ဒါရိုက်တာ ကိုမြနှင့်ကိုတင်တို့လည်း ပါလာကြသည်။ သူတို့ ...ကျွန်တော်တို့ အနေအထိုင်ကိုမြင်ရတော့ အလွန်အံ့သြကြသည်။ ...တော်တို့ကလည်း အချုပ်သားချင်းဖြစ်လာ၍ အာဃာတမထားဘဲ ...လူကြီးနှင့် အဆောင်မှူးအား အကူအညီတောင်းပေးသဖြင့် သူ ...ည်း အနေအထိုင် အဆင်ပြေကြပါသည်။

ထိုညက အိပ်တန်းပိတ်ပြီးချိန်တွင် ကျွန်တော်တို့ ထိုင်စကား ...ကြရာ ကိုမြနှင့်ကိုတင်က ကျွန်တော်တို့အား တောင်းပန်ပြီး မန် ...ဂျင်းဒါရိုက်တာကြီးအား အထောက်အထားခိုင်လုံစွာဖြင့် ဘီလပ်မြေ ...အတုလုပ်ပြီး လူကြီးလက်မှတ်အတုထိုးသည့် ကိစ္စအား အင်းစိန် ...သို့ တိုင်ကြားခဲ့ကြောင်း ရင်ဖွင့်ပါလေတော့သည်တကား။

ကျွန်တော်တို့က ထောင်ထဲရောက်နေပြီဖြစ်ကြသဖြင့် နိုးစား ...ရသော အကြောင်းများကို ဟာသနှော၍ ပြောဆိုရင်ဖွင့်နေကြ ...တဟားဟားဖြစ်နေကြရာ အခန်းလူကြီး ကိုမြင့်ဦးနှင့် ဦးစိန္တာ၊ ...ကျော်ဖေယျတို့ ရောက်ရှိလာကြပြီး ကိုမြင့်ဦးက ...

"အင်း ... ဇာတ်ရည်လည်တော့လည်း အားလုံးသူခိုးတွေ ...ပဲ။ ကျွန်တော်လည်း သူခိုးပဲဗျ။ အမေ့စိန်လည်ဆွဲကြီးကို ခိုးပြီး ...စားတာ အိမ်ဖော်မလေးက သိသွားတော့ တိုင်မယ်ဆိုတာနဲ့ နှုတ် ...ပိတ်ရင်း လက်လွန်သွားတယ်။ ခိုးမှုတော့ပျောက်ပြီး လူသတ်မှုနဲ့ အနှစ် ... ထောင်ကျတော့တာပဲဗျို့"

"ဦးအောင်မြင့်ရေ ... ခင်ဗျား အထင်ကြီးနေတဲ့ ဦးစိန္တာနဲ့ ...ကျော်ဖေယျကလည်း အရေးလူကြီးအစစ်တွေ မဟုတ်ကြဘူးဗျ။ ဦးစိန္တာ ...ဘုန်းကြီးလူထွက်၊ ဦးကျော်ဖေယျက မျက်နှာကြီးသူခိုး နှင့်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပြီး ကိုးနဝင်းကပ်ကျော်စေတီတော်ကို အမိပြု၊ အသံချဲ့စက်တစ်လုံး နဲ့ ဘုရားပြင်ရန်၊ ကျောင်းဆောက်ရန်၊ အုတ်တံတိုင်းကာရံဆိုပြီး လှ စားကြတာ တစ်နှစ်လည်းမပြုပြင်၊ နှစ်နှစ်လည်းမပြုပြင်၊ ဒုံရင်းဒုံရင်း သုံးနှစ်ကြာတော့ မြို့လူထုက မခံနိုင်တော့ဘဲ အမှုဖွင့်တိုင်ကြားလို့ ထောင် ထဲရောက်လာကြတဲ့ သူခိုးကြီးတွေပေါ့ဗျာ"

"ဟဲ . . . ဟဲ . . . ဟဲ . . ."

"ဟား . . . ဟား . . . ဟား . . ."

"ဟာ . . . အဲဒါဆိုရင် ကျွန်တော်ဆိုနေကျ အဆိုတော်ကိုင် ရဲ့ . . . မင်းလည်းယောကျ်ား ငါလည်းယောကျ်ားဆိုတဲ့ သီချင်းကို သားဖျက်ပြီး ဆိုချင်တော့တာပဲ ဆရာတို့ရယ်"

"လုပ်စမ်းပါဦး . . . ကိုသန်းလွင်ရယ်"

"မင်းလည်း သူခိုး၊ ငါလည်း သူခိုး ကြိုက်တာကိုရွေးလို့ ဟေ့ . . . လက်သီးဆုပ်မလား၊ လက်ဝါးဖြန့်မလား . . . သူခိုးတို့"

"ဟိုးထား . . . ဟိုးထား . . . ဝါး ဟား ဟား"

ကျွန်တော်တို့တစ်တွေ ထောင်ထဲသို့ ရောက်သည့် ကိစ္စကို မေ့ပြီး စိတ်လွတ်ကိုယ်လွတ် အားရပါးရ တဟားဟားရယ်မိကြသည်

စနေနေ့ နေ့လယ်ခင်း၌ ကျွန်တော်တို့ အုပ်စုဖွဲ့ပြီး နေ့လယ် ထမင်းစားနေကြစဉ် အချုပ်သစ်များ ဝင်လာသဖြင့် လှမ်းကြည့်လိုက် ရှေ့ဆုံးမှ နဖူးပြောင်ပြောင်ဖြင့် ဝင်လာသူမှာ ကျွန်တော်တို့၏ အမိ မန်နေဂျင်း ဒါရိုက်တာသူခိုးကြီး ဖြစ်နေလေတော့သတည်း။

ထောင်မှူးကြီးသိန်းဝ



www.burmeseclassic.com

# [ ၁ ]

❑

၁၉၅၂ ခုနှစ်ကဖြစ်သည်။ ကျွန်တော်က မန္တလေးဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်၊ သမိုင်းအဓိကကျောင်းသား၊ နောက်ဆုံးနှစ်စာမေးပွဲဖြေအပြီး မိဘရပ်ထံ မြစ်ကြီးနားသို့ပြန်လာ၍ မိဘများထံ ခွင့်တောင်းပြီး အသုံးလုံး ဗဟိုကော်မတီမှ တာဝန်ချထားပေးသည့်အတိုင်း တစ်ပြည်လုံးစာတတ်မြောက်ရေး လှုပ်ရှားမှုအတွက် တာဝန်ကျရာ ရွာကလေးသို့ စီပီဘီ သင်္ဘောကြီးဖြင့် ဆင်းခဲ့သည်။ မန္တလေးမှလာလျှင် နီးသော်လည်း နောက်ဆုံးနှစ်ကျောင်းသားဖြစ်သဖြင့် မိဘရပ်ထံမြစ်ကြီးနားမြို့သို့ အလျင်ပြန်ပြီး ပစ္စည်းများထားပြီးမှ စီပီဘီသင်္ဘောကြီးဖြင့် စုန်ဆင်းလာခြင်းဖြစ်သည်။

မြစ်ကြီးနားကောလိပ်မှ ကျွန်တော့်လိုပင် အသုံးလုံးလုပ်အားပေး ကောလိပ်ကျောင်းသူ၊ ကျောင်းသားများလည်း ပါကြသည်။ ဗဟိုကော်မတီ၏စီစဉ်ပေးချက်အရ ကျွန်တော်တို့သင်္ဘောစီးခ မပေးရပါ။





မြစ်ကြီးနားမြို့တစ်ဖက်ကမ်း ဝိုင်းမော်နှင့် ရွာစဉ်တစ်လျှောက်တွင်လည်းကောင်း၊ တာလောကြီးနှင့် ဆင်ဘိုရွာကြီးများ၌လည်းကောင်း မြစ်ကမ်းနား သင်္ဘောဆိပ်များတွင် စာမတတ်သူပပျောက်ရေး၊ အသုံးလုံးဆိုင်းဘုတ်ကြီးများထောင်ထားသည်ကို အားရကြည်နူးဖွယ်ရာ တွေ့ရသည်။

ကျွန်တော်က သမိုင်းအဓိကယူခဲ့သော ကျောင်းသားဖြစ်သဖြင့် မရောက်ဖူးသေးသော သမိုင်းဝင်မြို့နယ် ကျေးရွာများသို့ လက်တွေ့ကွင်းဆင်းလေ့လာခြင်းလည်း ဖြစ်ပါသည်။ ယင်းနေရာများမှာ မိမိစရိတ်အစီအစဉ်ဖြင့် သွားလာရန် မလွယ်ကူသော နေရာများလည်းဖြစ်ပါသည်။

ကျွန်တော်တို့စီးလာသော ဘေးဘက်ရေယက်ဒလက်ကြီး နှစ်ခုတပ် စီပီဘီ၊ သင်္ဘောကြီးမှာ ဆင်ဘိုဟူသောရွာကြီးတွင် ကိတ်ဆုံးသည်။ မြစ်ကြီးနားမြို့နှင့် မိုင် (၈၀)ကျော် ကွာလှမ်းခဲ့ပြီဖြစ်သည်။ အချိန်ကလည်း ညနေ (၅)နာရီခန့်ရှိပါပြီ။ ကမ်းပေါ်တွင် မြို့နယ်အသုံးလုံး ကော်မတီက အတီးအမှုတ်များဖြင့် ကြိုဆိုနေကြသည်။

ကျွန်တော်တို့အဖွဲ့အား မြို့နယ်အဖွဲ့ဝင်များနှင့် ဆရာ၊ ဆရာမများက ကမ်းပေါ်မှဆင်း၍ သင်္ဘောဆိပ်အထိ လာကြိုကြသည်။ ဆင်ဘိုရွာ၏ ကမ်းပါးယံကြီးမှာ ပေ (၁၀၀)ခန့် မြင့်သည်။ ကမ်းပေါ်ရောက်တော့ ဆင်ဘိုရွာကြီးမှာ တောမြို့ကလေးတစ်မြို့ပမာ စည်ကားလှသည်။ ရဲစခန်း၊ သစ်တောရုံး၊ ကောင်စီရုံး၊ ကျေးလက်ဆေးပေးခန်း၊ သမဝါယမဆိုင်၊ အထက်တန်းကျောင်းတို့ရှိသည်။

ရွာကြီးဆိုသော်လည်း မြို့ကွက်ကဲ့သို့ အကွက်ချထားသဖြင့် လမ်းများမှာ ဖြောင့်ဖြူးညီညာသည်။ မြေလမ်းများဖြစ်ကြသော်လည်း လမ်းဘေးတစ်ဖက်တစ်ချက်တွင် ရေနုတ်မြောင်းများဖြင့် သန့်ရှင်းသပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ အိမ်များမှာ သစ်ဝါးပေါသော ဒေသဖြစ်၍ ပျဉ်ထောင်၊ သွပ်မိုး အိမ်များက အများစုဖြစ်သည်။ ရောဝတီမြစ်၏ ပထမမြစ်ကျဉ်းအဝေး ရှေ့ထွက်သောဒေသဖြစ်သဖြင့် ချမ်းသာကြဟန်တူပါသည်။

ကျွန်တော်တို့အား ဆရာ၊ ဆရာမများက ဆင်ဘိုရွာအထက် တန်းကျောင်းကြီးတွင် ကျောင်းသား၊ ကျောင်းသူ ခွဲခြားပြီး နေရာချထား ပေးသည်။ ရေမိုးချိုးကြပြီးသောအခါတွင် ကျောင်းခန်းမကြီးတစ်ခု အတွင်း၌ အောက်လင်းဓာတ်မီးကြီးများထွန်း၍ ညစာကျွေးရင်း မိတ် ဆက်စကား ပြောကြပါသည်။

စားသောက်ပြီးမှ ကျောင်းသူများအား ဧရာဝတီမြစ်ကမ်းဘေး သွားလာရန် လွယ်ကူသော ရွာကလေးများတွင် အသုံးလုံးဆရာမများ အဖြစ် နေရာချထားပေးသည်။ ကျွန်တော်တို့ ကျောင်းသားများကိုတော့ မဲစနစ်ဖြင့် ကျရာရွာကလေးများတွင် (၄၅) ရက်ကြာ တာဝန်ထမ်းဆောင် ရန် မဲနှိုက်ရပါသည်။ ကျွန်တော်တာဝန်ကျသည်က ဧရာဝတီ ပထမမြစ် ကျဉ်းအနီး မြစေတီဟူသော ရွာကလေးဖြစ်သည်။ ဗန်းမော်မြို့နယ် အစပ်၊ အဝေးဆုံး ရွာကလေးဖြစ်သည်။

ထိုညက ညစာစားအပြီး ဝိုင်းဖွဲ့စကားပြောကြသော်လည်း ကျွန်တော်က မြစ်ကြီးနား ကောလိပ်ကမဟုတ်၊ မန္တလေးတက္ကသိုလ်က ဖြစ်သဖြင့် အသိအကျွမ်းမရှိပါ၊ အချင်းချင်း မိတ်ဆွေဖွဲ့ကြသော်လည်း ကျွန်တော် တာဝန်ကျေနတ်ဆက်ပြီး အိပ်ဆောင်သို့ပြန်ခဲ့၍ ခရီးပန်းလာ သောကြောင့် ဘုရားဝတ်ပြုပြီး တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်များအား မေတ္တာပို့သည်။ ပြီးနောက် အိပ်ရာသို့ စောစီးစွာ ဝင်ခဲ့တော့သည်။

❁ ❁ ❁

[ ၂ ]

❑

နောက်တစ်နေ့တွင် အသုံးလုံးကော်မတီက ကျွန်တော်တို့အဖွဲ့ အား ဆင်ဘိုရွာလက်ရာ မုန့်ဟင်းခါးဖြင့် ညှိခံကျွေးမွေးသည်။ ငါးပေါ သော ဒေသဖြစ်သဖြင့် အလွန်လက်ရာကောင်းသည်။ အကြော်မျိုးစုံ ကိုလည်း ပဲဆီစစ်စစ်ဖြင့် ကြော်ထားသဖြင့် အလွန်အရသာရှိပါသည်။

ပြီးနောက် မမှောင်ခင် ကျေးရွာအသီးသီးမှ လှေများဖြင့်လည်း ကောင်း၊ လှည်းများဖြင့်လည်းကောင်း အသုံးလုံးကော်မတီ၏ စီစဉ် ထားသည့်အတိုင်း လာရောက်ခေါ်ဆောင်ကြရာ အလွန်ပျော်စရာကောင်း သည်။ နောက်ဆုံးခရီးဝေးသော ကျေးရွာများမှ လာရောက်ခေါ်ဆောင် ကြည့်သူများကို စောင့်ရင်း ကျွန်တော်နှင့် ကျောင်းသားငါးဦးခန့်သာ ကျန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်(၁၁)နာရီထိုးသော်လည်း အကြိုထောက်သူများ ထေ ကြသေး၍ ဆင်ဘိုရွာ၊ အသုံးလုံးကော်မတီက ကျွန်တော်တို့အဖွဲ့အ နေ့လယ်စာ ကျွေးရပြန်သည်။ မွန်းတည့် (၁၂)နာရီခန့်မှ အကြိုထော စက်လှေများရောက်လာကြသဖြင့် ကော်မတီက နေ့လယ်စာကျွေးရ

"ကိုရွှေတို့ . . . နောက်ကျလှချည့်လား။ ဒီက ကျောင်းဆ လေးတွေ စောင့်ရတာ အတော်ကြာပြီ"

"တောင်းပန်တယ် . . . ဆရာတို့ရယ်၊ ကျွန်တော်တို့ မ အရှေ့ဉီး၊ ရောင်နီလာကတည်းက ထွက်လာကြတာပါ။ ရေဆန် ဖြစ်ပြီး ဧရာဝတီမြစ်ကျဉ်းကိုဖြတ်ရတော့ အလွန် အချိန်ကုန်ပါတ အပြန်ခရီးကတော့ ရေစုန်ခရီးဖြစ်လို့ မြန်မှာပါ"

"ကဲ . . . ဆရာလေးတို့ နေမဝင်ခင်ရွာရောက်အောင် ယွ ရို့"

ကျွန်တော်တို့ စက်လှေကြီး ဆင်ဘိုဆိပ်ကမ်းမှ ထွက်ခွာ တော့ ဆင်ဘိုရွာတစ်ရွာလုံးနီးနီး ကမ်းလုံးညွတ်မျှထွက်၍ နှုတ်ဆက် သည်။ ဧရာဝတီ၏ ပထမဖြစ်ကျဉ်းအဝမှ စုန်၍ ဆင်းလာကြသည ဤနေရာတွင် ဧရာဝတီမြစ်အလယ်တွင် ကျောက်တုံး၊ ကျောက်ဆော များ ခံနေသဖြင့် မြစ်မှာ အလွန်ကျဉ်းပြီး ရေစီးအား အလွန်သန် သည်။

တငြိမ့်ငြိမ့်စီးဆင်းနေသော မြစ်ပြင်ကျယ်ကြီးမှာ ပေ (၁၀၀) ပေ (၃၀)ခန့် သာ ကျယ်ဝန်းတော့သဖြင့် ဒေါမာန်ထပြီး ကဆုန်ပေါက် စီးဆင်းနေတော့သည်။ ဝဲကတော့များလည်း ရှိသေးသဖြင့် စက်လှေ စက်အားအပြင် လူအားဖြင့် ထိုးဝါးများကူရသေးသည်။





ပထမမြစ်ကျဉ်းအနီးပတ်ဝန်းကျင်တွင် တောစိမ်းကြီးများကို ဆိပ်သိပ်သည်းစွာ ပေါက်ရောက်နေသည်ကို တွေ့ရသည်။ ကမ်းနှစ် ဘက် မျက်စိတစ်ဆုံး ရှည်လျားလှသည်။ ကျွန်တော်တို့ ကမ်းနှစ်ဖက်ပေါ် သစ်တောပြင်ကြီးများကို ဦးခေါင်းမော့၍ တစ်မျှော်တစ်ခေါ်ကြည့်မိ ကြသည်။

မိုးကောင်းကင်ပေါ်၌ အောက်ချင်းငှက်ကြီးများ၊ မေဘင်ယင် ငှက်ကြီးများ၊ ကြိုးကြာငှက်နှင့် ငွေဖျိုင်းဖြူများက တရွေ့ရွေ့ အုပ်စုဖွဲ့ ပျံသန်းနေကြသည်။ ဧရာဝတီမြစ်ရေပြင်သည် ကမ်းနှစ်ဖက်မှသစ်တော ကြီး အရိပ်ထင်၍ စိမ်းလဲ့နေသည်။

ပထမမြစ်ကျဉ်းသည် ကျောက်တုံး၊ ကျောက်ဆောင်များ ထူ ထပ်လွန်းသဖြင့် ဧရာဝတီမြစ်ရေမှာ ကသုတ်ကရက်စီးဆင်းခဲ့သလောက် မြစ်ကျဉ်းကိုကျော်တော့ မြစ်ရေပြင်မှာ ကျယ်ပြန့်နက်ရှိုင်းပြီး တသွင် သွင်စုန်၍ စီးဆင်းနေပြန်သည်။ မြစ်ကမ်းပါးနှစ်ဖက်တို့တွင် သဲကမ်းပါး ကြီးနှင့် သဲသောင်ပြင်ကြီးတို့က စိုးမိုးနေသည်။ သောင်ပြင်များပေါ်၌ တဲငယ်များကို အဆက်မပြတ် တွေ့နေရသည်။

ထိုဝါးတဲကလေးများသည် သစ်တောကြီးအတွင်းမှ ဝါးခုတ်၍ ဆောင်ဖွဲ့မျှော်ကြသော ဝါးတဲကလေးများဖြစ်ကြကြောင်း၊ စက်လှေဖြင့် ကြိုသူ အဖွဲ့ခေါင်းဆောင် ဦးရွှေနားက ရှင်းပြသဖြင့် သိရသည်။ ဘခေါင်ခေါင် မြစ်ကြီးနံဘေး၊ ဤမျှ လူသူဝေး၍ တောသံပေးနေ သောနေရာတွင် လာရောက်ခြေချပြီး သစ်ထုတ်၊ ဝါးခုတ်၊ လုပ်နေကြ ခြင်းကို ကျွန်တော်တို့ အံ့ဩမိကြသည်။

မြစ်ကြီးကို တရွေ့ရွေ့ စုန်ဆင်းလာကြရာ တစ်နေရာအရောက် တွင် ကမ်းပါးစောက် သစ်ပင်မြင့်ကြီးများအောက်တွင် တဲဖက်ရပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေးထိုးထားပြီး ကမ်းခြေ၌ လှေတစ်စင်းဆိုက်ကပ်ထားသည်။ အလုပ်သမားများက ကမ်းပါးယံမှ မြေကြီးများကိုဖဲ့ချ၍ ခြင်းတောင်းများဖြင့် သယ်ယူလာပြီး ဧရာဝတီမြစ်ရေဖြင့် ရွှေကျင်နေကြခြင်းဖြစ်သည်။ တဲကလေးများအတွင်း၌လည်း မီးခိုးတလူလူ ထွက်နေသည်။

မကြာမီ လက်ဝဲဘက်ကမ်း၌ ရွာတစ်ရွာကို တွေ့ရသည်။ သမန်းပင်ရွာဟု သိရသည်။ ကျောင်းသားတစ်ဦးနှင့်လာကြိုသူ လူကြီးတစ်ဦးတို့ ဆင်းသွားကြသည်။

"ဒီနေရာတွေက အလွန် အေးချမ်းပါတယ်။ ဒီလိုပဲ အရှေ့အဆန် ကူးသန်းသွားလာကြပါတယ်။ အစောက ကျွန်တော်တို့တွေ့ခဲ့တဲ့ နေရာဟာ ရွှေအလွန်ထွက်လို့ မိသားစုတွေ၊ မိတ်ဆွေတွေ စုပေါင်းပြီး ညအိပ်ညနေ တဲထိုးပြီး ရွှေကျင်နေကြတာပါ"

"တောကောင်တွေ၊ ဘာတွေ၊ လာမနှောင့်ယှက်ကြဘူးလား ဦးလေးရွှေနားခင်ဗျာ"

ကျွန်တော်က မေးတော့ . . .

"ရိုးရာယုံကြည်မှု၊ အစွဲအလမ်းပေါ့။ တောစောင့်နတ်၊ တောင်စောင့်နတ်နဲ့ မြစ်စောင့်နတ်ကို ကန်တော့ပွဲပေးပြီး ခွင့်တောင်းကြရတယ်။ ခွင့်ပြုရင် အန္တရာယ်မရှိဘူး။ အဲ . . . တောစည်း၊ တောင်စည်းတော့ လိုက်နာကြရတာပေါ့လေ"

"အဲဒါတွေက ဘယ်လိုမျိုးလဲ . . . ဦးလေး၊ မသိလို့မေးတာပါ"

"မေးသင့်ပါတယ် . . . ဆရာလေး။ တောထဲတောင်ထဲမှာ ယောက်ျားနဲ့မိန်းမ အတူမအိပ်ရဘူး၊ ညစ်ညမ်းစကားမပြောရ၊ မဆဲရ





ပေါ့အလေးကို သတ်မှတ်နေရာမှာ လုံလုံခြုံခြုံ စွန့်ရတယ်။ မနက်ချက်ပြုတ်သား ထမင်း၊ ဟင်းကို ဦးဦးဖျားဖျား ပူဇော်ပသရတယ်။ ဒါပါပဲ။

အဲ . . . အဲဒီစည်းကမ်းတွေဖျက်ရင်တော့ ဒုက္ခရောက်ပြီသာမှတ်။ ငှက်ဖျားရောဂါဖြစ်မယ်။ ဝမ်းရောဂါဖြစ်မယ်၊ ကျားဝင်ဆွဲမယ်၊ မြွေအန္တရာယ်ပြုမယ်။ ရှာတဲ့ရွှေလည်း ကန်းပြီး တစ်မှုန်မှမရတော့ဘူး။ အလွန်နတ်ကြီးတာ။ အထူးသဖြင့် မြို့ကလာပြီး စီးပွားရှာတဲ့သူတွေ ဖြစ်များပါတယ်။ ကျွန်တော်တို့ဒေသ တောသူတောင်သားတွေကတော့ သိနေကြပါပြီ"

ထို့နောက် လက်ဝဲ၊ လက်ယာဘက်ကမ်းပေါ်ရှိ ညောင်ပင်သာ၊ ကန်းနဲ့ကုန်း၊ သစ်စိမ်းကုန်း၊ သံပရာကုန်း၊ ညောင်ကုန်းရွာကလေးများတွင် ကျောင်းဆရာများနှင့် လာကြိုသူများဆင်းကြပြီး နောက်ဆုံး ကျွန်တော်နှင့် ဦးလေးရွှေနား၊ မော်တော်မောင်းသူတို့သာ ကျန်ရှိတော့သည်။ နေလည်း ဝင်လုပြီဖြစ်သည်၊ တောရိပ်တောင်ရိပ်နှင့် ရေခဲတတ်ကြောင့် ချမ်းအေးလာသည်။ မြစ်ပြင်တွင် လေနုအေးကလေး တသုန်သုန်တိုက်ခတ်လာသည်။

ကောင်းကင်ယံတွင် အိပ်တန်းပြန်ကြသော ငွေဗျိုင်းဖြူများ၊ ဘင်ကျီးငှက်များ၊ ရေဝမ်းဘဲများနှင့် စန္ဒကူးခေါ် ဘိုစားငှက်များ အုပ်စုဖွဲ့၍ ပျံသန်းနေကြသည်။ ဝင်လုဆဲနေရောင်မှာ မြစ်ပြင်ကို အရောင်ဟပ်ပြီး ရွှေအိုရောင်တလျှပ်လျှပ် ပြန်တောက်ပနေသည်။

"ဆရာလေး . . . ဧရာဝတီမြစ်ကြီးမှာ မြစ်ကျဉ်းကြီး (၃)ခုရှိတယ်။ ပထမမြစ်ကျဉ်းက မြစ်ကြီးနားမြို့နယ်၊ မြင်သာရွာကနေ စမ်းခဲမြို့အစပ် အခုကျွန်တော်တို့သွားမယ့် မြစေတီရွာအထိ အကွာအဝေး



www.burmeseclassic.com

www.burmeseclassic.com



(၃၆)မိုင်ကျော်ရှိတယ်။ မြစ်အကျဉ်းဆုံးနေရာက ကိုက်(၅၀)၊ ပေ(၁ရ
ခန့်သာရှိတယ်။

ဒုတိယမြစ်ကျဉ်းက ဗန်းမော်မြို့နယ်၊ စင်းခန်းကျေးရွာက
နောင်မိုကျေးရွာအထိဖြစ်တယ်။ အလျား (၁၄)မိုင်ရှည်ပြီး အကျဉ်းဆုံး
နေရာက ကိုက် (၁၀၀)ခန့်သာရှိတယ်။ တတိယမြစ်ကျဉ်းကတော့ သပိ
ကျင်းမြို့နယ် မလည်ကျေးရွာကနေ ကျောက်မြောင်းအထိဖြစ်တယ်
မိုင် (၃၀)လောက်ရှည်ပြီး အကျဉ်းဆုံးနေရာက ကိုက် (၁၀၀) ကျော်ခန့်
တယ်။ ဆရာလေး ဗဟုသုတရအောင် ပြောပြရတာပါ''

''ကျေးဇူးတင်ပါတယ် . . . ဦးလေး။ ကျွန်တော် မှတ်ထား
မယ်''

''ဆရာလေး . . . ဟို မီးတလက်လက်နဲ့ ရွာကလေးက ကျွ
တော်တို့ရွာ မြစေတီရွာလို့ခေါ်တယ်။ ပထမမြစ်ကျဉ်းအဆုံး ရွာကလေ
ပေါ့။ သမိုင်းအမွေတွေကျန်ခဲ့တဲ့ ရှေးဟောင်းရွာကလေးပါ။ ရွာပတ်ဝ
ကျင်မှာ မြို့ရိုး၊ ကျုံးမြောင်းအပျက်တွေ ယခုတိုင်အောင် ကျန်နေပါသေး
တယ်။ ဆရာလေး . . . ကျွန်တော်တို့ရွာမှာ တာဝန်ကျလို့ အားတဲ့အခါ
မှာ ကျွန်တော်လိုက်ပြပါ့မယ်''

''ဟုတ်ကဲ့ပါ . . . ဦးလေး''

✿ ✿ ✿

| ၃ |

❑

စက်လှေကလေးသည် စက်သံတဒုန်းဒုန်းကိုရပ်၍ မြစေတီရွာ
ဆိပ်သို့ ကပ်ပြီး ရပ်သည်။ မိုးယံတွင် မြူနှင်းထုကိုဖောက်၍ လပြည့်
ကြီးက ဖန်မီးအိမ်ကြီး ထွန်းညှိလိုက်သလို လင်းလက်လာသည်။
ဧရာဝတီမြစ်ရေပြင်ကြီးသည် ငွေလရောင်ကြောင့် တဖိတ်ဖိတ်တောက်
တောက်ရှိသည်။

စက်လှေစီးရင်း နေဝင်ချိန်အလှနှင့် လထွက်ချိန် အလှတရား
များကို ကျွန်တော် ကြည်နူးစွာ ခံစားခဲ့ရ၍ လွန်စွာပီတိဖြစ်မိသည်။
ညဦးယံ လေပြည်လေညင်းကလေးကလည်း တသဲသဲတိုက်ခိုက်နေသဖြင့်
အေးသွားသောကြောင့် ကျွန်တော်ဝတ်လာသော ဂျာကင်ဖစ်ကို ကော်
လံထိပ်အထိ ဆွဲတင်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်ဖြစ်သော်လည်း မော်တော်စက်သံကြားသည်နှင့် မြစ်
ကမ်းပါးအပေါ်မှ ကြိုဆိုသူ ရွာသူရွာသားများ မီးအိမ်များကိုင်ဆောင်၍
ဆင်းလာကြသည်။

"သူကြီး . . . ဆရာလေး ပါလာရဲ့လား"

"ဟ . . . ဆရာလေး သွားကြိုတာပဲ။ ပါတာပေါ့ဟ။ ဆရာ
လေး ပင်ပန်းလာတယ်။ ငါ့အိမ်မှာတည်းမှာ ရေချိုးဖို့၊ ညစာစား
အဆင်သင့် လုပ်ထားကြ။ ဒီမှာ မောင်ငယ်နဲ့နီဦး ဆရာလေးပစ္စည်းတွေ
ကို လာထမ်းကြ"

ထိုအခါမှ ကျွန်တော့်အား လာကြိုသူဦးလေးရွှေနားမှာ မြစေတီ
ရွာမှ သူကြီးဖြစ်မှန်း ကျွန်တော့်သိရတော့သည်။

"ဦးလေး . . . ကျွန်တော့်ပစ္စည်းတွေ ကျွန်တော် နိုင်ပါတယ်
အားနာစရာဗျာ"

"ဘာအားနာစရာရှိသလဲ . . . ဆရာလေးရယ်၊ မောင်ငယ်နဲ့
နီဦးဆိုတာက အသုံးလုံးစာသင်မယ့် ဆရာတပည့်အရင်းတွေ ဖြစ်ကြ
မှာ။ အခုကတည်းက ခိုင်းထား။ ကမ်းပါးယံက အလွန်မြင့်တယ်။ ဆိပ်
ကမ်းကနေရွာကို မမြင်ရဘူး။ လှေတောင် မနည်းတက်ကြရမှာ ဆရာလေး
လာ . . . ဟဲ့ကောင်ကလေးတွေ . . . ရေ့ကမီးပြပြီး ဆရာလေးကို ဖျ
ခေါ်ခဲ့ကြ"

"ဟုတ်ကဲ့ပါ သူကြီး"

ကျွန်တော့်အား ကျွန်တော်နှင့် ရွယ်တူလူငယ်များက ဘေးနှ
ဖက်မှ ဝိုင်းတွဲပြီး ခေါ်ကြသည်။ လူငယ်ပင်ဖြစ်သော်လည်း ကျွန်တော်
မှာ နေရာစိမ်းဖြစ်သဖြင့် အလိုက်သင့်ပင် ကမ်းပါးပေါ်သို့ တဖြည်းဖြည်





ချီး တက်ခဲ့ရတော့သည်။ ကမ်းပါးပေါ်ရောက်မှ မြစေတီရွာဆိုသည်မှာ
အတော်ကြီးသော ရွာကြီးတစ်ရွာဖြစ်ကြောင်း သိရတော့သည်။

တစ်ရွာလုံး မီးမှိန်မှိန်ဖြစ်သော်လည်း ရွာလယ်မှ အိမ်ကြီးတစ်
အိမ်မှ အောက်လင်းဓာတ်မီးကြီး ထွန်းထားသဖြင့် မီးထိန်ထိန်လင်းနေ
သည်။ ကျွန်တည်းခိုရမည့် သူကြီးဦးရွှေနား၏အိမ်ပင် ဖြစ်တော့သည်။

"ဆရာလေး . . . ရေချိုးမှာလား"

"မချိုးတော့ဘူး ဦးလေး။ မြစ်ထဲမှာ လေစိမ်းတိုက်တော့ ချမ်း
လာတယ်"

"ဒါဆို ကျွန်တော် ရေချိုးလိုက်ဦးမယ်။ စက်လှေပေါ်မှာ ထိုး
ကျုရတော့ အသွားအပြန် ချွေးပြန်နေပြီ . . . ဆရာ့လေး။ ခဏစောင့်
နော်။ အခါးရေကလေးလည်း သောက်ပါဦး။ မကြာပါဘူး"

"ကျွန်တော် မဆာသေးပါဘူး . . . ဦးလေး၊ ဖြည်းဖြည်းချိုးပါ။
နေ့လယ်က ဆင်ဘိုရွာကျောင်းမှာ ထမင်းစားလာပြီး ဦးလေးတို့လို မပင်
ပန်းတော့ မဆာသေးပါဘူး"

"အေးဗျာ . . . ကျွန်တော်တို့ကတော့ စားပြီးရင်း စားရင်းပဲ။
အခုက ကြွေလွယ်တယ်။ ဆင်ဘိုရွာက ဟင်းချက်တအားကောင်းတယ်
နော်။ သူတို့ရွာက သူဌေးရွာဆရာလေးရဲ့၊ လူတိုင်း ချမ်းသာကြတယ်။
အတောနာကလည်း ပေါ်ဌေးပဲ"

ဦးလေးရွှေနား ရေချိုးပြီးတော့ ကျွန်တော့်တို့နှစ်ဦးထဲ ထမင်း
စားကြသည်။ ဟင်းများမှ ခွက် (၂၀)ကျော်ခွက်ခန့်ရှိသည်။ ဘယ်ဟင်း
ခွက်ကိုပင် နှိုက်ရမှန်းမသိပါ။ တစ်ရွာလုံးက စုပေါင်းပေးပို့ထားဟန်
တူပါသည်။ မောင်ငယ်နှင့်နီဦးတို့က ထမင်းဝိုင်းအနီးထိုင်၍ ယပ်ခတ်
ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော်ဖြစ်ဟန်တူသူ အဒေါ်ကြီးတစ်ဦးနှင့် သူကြီးသမီးများ ဖြစ်ဟန်တူသော အပျိုမလေးနှစ်ဦးက လိုလေသေးမရှိအောင် ဟင်း၊ ထမင်းလိုက်ပေးနေသည်။ ကျွန်တော်မှာ အားနာလွန်းသဖြင့် ထမင်းပင် ဖြောင့်ဖြောင့်မစားနိုင်ပါ။

"ဆရာလေး ... ဟင်းတွေထည့်စားပါဗျူ ငါးဟင်း၊ အသားဟင်းအပြင် အသီးအရွက်ကြော်နဲ့ ပဲမျိုးစုံ၊ ဟင်းစုံပါတယ်။ ကျွန်တော်တို့ရွာကျောင်းက ကျောင်းထိုင်ဆရာတော်တောင် ဒီလောက် ဟင်းအမည်စုံမှာမဟုတ်ဘူး။ အားရပါးရ စားစမ်းပါဗျာ"

"စားပါတယ် ... မောင်ငယ်ရယ်၊ အစ်ကိုက အစားအသောက်နဂိုကတည်းက နည်းတာပါ။ အခု အတော်စားနိုင်တာပါ"

စားသောက်ပြီးတော့လည်း အချိုပိုင်းထိုင်ကြရပြန်သည်။ ငှက်ပျောသီးအမျိုးမျိုး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ကမ္ဘလာသီး ထန်းလျက်လက်ဖက်သုပ်အတော်စုံသည်။ ရေနွေးကြမ်းမှာလည်း လက်ဖက်ခြောက်အရည် ရွှေဝါရောင်သမ်းပြီး မွှေးပျံ့နေသည်။

ထိုစဉ် ရပ်ရွာလူကြီးများ ရောက်လာကြပြန်သဖြင့် သူကြီးက ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။ ရွာအကြောင်း၊ ရောဝတီမြစ်ကြီးအကြောင်း၊ မြို့အကြောင်း၊ သစ်လုပ်ငန်းနှင့် ဝါးလုပ်ငန်းအကြောင်း ရွှေကျင်သည့်အကြောင်း၊ ရှေးခေတ်က မြစေတီရွာအနီးဖြစ်ပွားခဲ့သော မွန်ဂိုတာတာနှင့် မြန်မာတိုက်ပွဲကြီးများအကြောင်း အတော်စုံလင်ပါသည်။

မွန်ဂိုနှင့် မြန်မာစစ်ပွဲကြီးအကြောင်းကို တွေးဆမျှော်မှန်းရင်းရင်ထဲမှာ ကြက်သီးထဖြန်းဖြန်း ထမိတော့သည်။





စကားဝိုင်းပြီးတော့ ညဉ့် (၉)နာရီကျော်ခန့်ရှိပါပြီ။ တောရွာများထုံးစံအတိုင်း တစ်ရွာလုံးတိတ်ဆိတ်သွားပြီး ကျွန်တော်တည်းခိုသောသူကြီးအိမ်တစ်အိမ်တည်း အောက်လင်းဓာတ်မီးအရောင်ဖြင့် လင်းထိန်ထွက်ရှိသည်။

"ဆရာလေးလည်း ခရီးပန်းလာတော့ အိပ်ချင်ရောပေါ့။ စကားဝိုင်းက ကောင်းတော့ ညဉ့်နက်သွားတယ်။ အောက်ထပ်မှာ အိပ်ရာပြင်ဆင်ပြီးပါပြီ။ ကဲ ... မောင်ငယ်နဲ့ နီဦးတို့က ဆရာကလေး အဖော်ရအောင် အတူအိပ်ကြ။ ညရေးညတာကိစ္စ ကူညီကြ။

ညဘက် ဆရာလေးဆာတတ်ရင် စားရအောင် ဒီစားပွဲပေါ်မှာ မုန့်မျိုးစုံနဲ့ အသီးအနှံတွေ အသင့်ပြင်ထားတယ်။ မီးခွက်မီးခြစ်လည်း အဆင်သင့်ပဲ။ ဆရာလေး ... ဘာမှအားမနာနဲ့နော်။ ကျွန်တော်တို့ရွာက မြစေတီဘုရားတန်ခိုးတော်ကြောင့် အလွန်အေးချမ်းသာယာပါတယ်။ သူခိုး သူဝှက်လည်း မရှိပါဘူး။ စိတ်ချမ်းသာစွာ အနားယူပါဆရာလေး"

"ကျေးဇူးအထူးတင်ပါတယ် ဦးလေး"

ကျွန်တော် အပေါ့အပါးသွား မျက်နှာသစ်၊ ခြေလက်ဆေးပြီး ဘုရားဝတ်ပြုသည်။ ပြီးနောက် ပုတီးစိပ်ပြီး မေတ္တာပို့သည်။ ကျွန်တော် အိပ်ရာပေါ် လှဲလိုက်သည်နှင့် မောင်ငယ်က မီးခွက်ထွန်းပြီး နီဦးက အောက်လင်းဓာတ်မီးကြီးအား လေလျှော့၍ ငြိမ်းသည်။ ပြီးသည်နှင့် ကျွန်တော်၏ တစ်ဘက်တစ်ချက်သို့ လာထိုင်ကြပြီး နှိပ်နယ်ပေးရန် ပြင်ဆင်ကြတော့သည်။

"ဟာ ... မောင်ငယ်နဲ့နီဦး ... မလုပ်နဲ့ ... မလုပ်နဲ့၊ ကျွန်တော် တစ်ခါမှ အနင်းအနှိပ်ခံဖူးတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးကလည်း ကျွန်တော်တို့နှစ်ယောက်လက်က ရွာကျောင်းက ဆရာတော်ကြီးကို ဝတ်ဖြည့်နေကျ။ သူကြီးကိုလည်း နှိပ်ပေးနေကျပါ။ လက်ပေါက်ပါတယ်"

"မဖြစ်ဘူး ... မဖြစ်ဘူး၊ အစ်ကို မညှောင်းတတ်ပါဘူး။ ညီလေးတို့ အေးအေးဆေးဆေး အနားယူပြီး အိပ်ကြပါ။ ကျေးဇူးတင်တယ်နော်"

"ဟာဗျာ ... ဆရာလေးကလည်း ကျွန်တော်တို့က ကုသိုလ်လိုချင်လို့ပါ"

"အေးပါ ... နောက်နေ့ အစ်ကိုညောင်းတော့ ပြောပါ့မယ်။ ကဲ ... အိပ်ကြစို့ ... မနက်ဖြန်မှ ရွာထဲ လျှောက်လည်ကြတာပေါ့"

"ဟုတ်ကဲ့ ... ဆရာလေး ... ဆရာလေး တစ်ပိုတစ်ပါးသွားချင်ရင် နှိုးနော်၊ အိမ်သာက ခြံအနောက်ဘက်မှာ အတော်လှမ်းတယ်။ ကျွန်တော်တို့ကို အားမနာနဲ့။ ဆရာလေးအဖော်ရအောင် ကျွန်တော်တို့က စောင့်အိပ်ရမှာ"

"အေးပါ .... အေးပါ ... ညီလေးတို့ရာ။ ကဲ ... အိပ်ကြစို့"

✿ ✿ ✿

| ၄ |

❑

ထိုညက ပထမဦးဆုံး အိပ်စက်သည့်ညမို့ အိပ်ရာအပြောင်းအလဲကြောင့်လားမသိ၊ အိပ်မက်တွေ မက်တော့သည်။

အိပ်မက်ထဲတွင် မြန်မာပြည်မြောက်ဖျားမှ ဝင်ရောက်ကျူးကျော်သူ မွန်ဂိုတာတာတို့ကို မြန်မာစစ်သူရဲကောင်းများ၊ ရဲမက်များက စိတ်ရဲမာန်အပြည့်ဖြင့် ပြန်လည်တိုက်ခိုက်အောင်ပွဲခံပုံမှာ အသည်းတုန်၊ ခြေတုန်ဖွယ် ကောင်းလှတော့သည်။

"မြန်မာဟေ့ ... မြန်မာကွ ..."

"ကျူးကျော်သူတွေ တစ်ယောက်မကျန် သတ်ပစ်ကြ"

"တို့မြေ တစ်လက်မမှ အထိမခံဘူးဟေ့"

"အမျိုးဘာသာ ... သာသနာအတွက်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



မြန်မာရဲမက်စစ်သည်တို့၏ တက်ကြွဖွယ် အော်ဟစ်ကြွေးကြော်သံကား ဘဝင်သို့ပင် ဟိန်းဟိန်းညံနေတော့သည်။

မြန်မာသူရဲကောင်းတို့၏ ခြေချက်အောက်တွင် ကျူးကျော်သူ တာတာမွန်ဂိုတို့၏ ရုပ်အလောင်းများကား သွေးသံရဲရဲဖြင့် အတုံးအရုံး လဲပြိုကျနေသည်။ မြန်မာရဲမက်တို့သည် ဒေါင်းအလံကိုလွှင့်ကာ အသေကောင်တို့ကို နင်းကျော်၍ ရှေ့သို့ ညာသံပေးကာ ချီတက်သွားကြသည်။

"တက်ကြပေ့ ... နောက်မဆုတ်ကြနဲ့ ... အမျိုးယုတ်တွေကိုတစ်ယောက်မှမကျန်စေနဲ့"

✿ ✿ ✿

[ ၅ ]

❑

နောက်တစ်နေ့မနက်စောစောတွင် အိမ်သားများအားလုံး နိုးထကြ၍ နေမြင့်အောင်အိပ်တတ်သော ကျွန်တော်လည်း အိပ်ရာကထရသည်။ ညက သွေးကြွဖွယ်အိပ်မက်က ကျွန်တော့်ကိုဖမ်းစားလျက် ကျွန်တော် မျက်နှာသစ်ပြီး အပေါ်၊ အလေးသွားပြီး ပြန်လာတော့ သူကြီးဦးရွှေနားက အိမ်အောက်ထပ် စားပွဲခုံရှည်ကြီးတွင် ထိုင်စောင့်နေသည်။ စားပွဲပေါ်၌ အငွေ့တထောင်းထောင်းထွက်နေသော ကောက်ညှင်းပေါင်း ပူပူနွေး၊ ဆီများရွှဲစိုနေသော လက်ဝါးခန့်ရှိ ငါးဖန်းမကင်ကြီးများနှင့် ရေနွေးကြမ်းက အဆင်သင့်။

"လာ ... ဆရာလေး။ ဒါ ကျွန်တော်တို့ရွာ ဒေသဓလေ့နဲ့ ညှိခံတာ လက်ဖက်ရည်၊ ကော်ဖီတော့ အဆင်မပြေဘူးဆရာလေး"

"ရပါတယ် ... ဦးလေးရယ်၊ ကျွန်တော်လည်း မြန်မာမုန့်တွေကိုပဲ ကြိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်ငယ်နဲ့ နီဦးက စားပွဲဘေးမှာ မတ်တတ်ရပ်၍ ယပ်ခတ်ပေးနေသည်။

"မောင်ငယ်နဲ့နီဦးလည်း ဝင်စားကြလေကွာ။ ဒါမှ ပျော်စရာကောင်းမှာပေါ့။ လာပါ ... စားကြစမ်းပါ"

"စားပါ ... ဆရာလေး။ ပြီးမှ ကျွန်တော်တို့ သိမ်းဆည်းရင်းစားမှာပါ"

လူကြီးဝိုင်းတွေ ဝင်ရောက်စားလေ့မရှိသောသူများ ဖြစ်ဟန်တူပါသည်။ ကျွန်တော်နှင့် သူကြီးအတွက် ရေနွေးကြမ်းများကိုလည်း ဖြည့်ပေးနေသည်။ မကြာမီ သူကြီးသမီးများက ပဲဆီဖြင့် ကြော်ဟန်တူသော ပူပူနွေးနွေးအကြော်များကို လာချပေးပြန်သည်။

"ဆရာလေး ... သုံးဆောင်ပါ။ ကျွန်မတို့အိမ်မှာကြော်တော့ အလွန် လတ်ဆတ်သန့်ရှင်းပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အကြော်များမှာ အတော်စုံသည်။ ပဲကပ်ကြော်၊ ဘူးသီးကြော်၊ ဘရာကြော်၊ မတ်ပဲကြော်များ ဖြစ်ကြသည်။

ကျွန်တော်တို့ စားသောက်ပြီးတော့ သူကြီးက ဦးဆောင်ပြီး ရွာတွင်းရွာပြင် အနှံ့လိုက်ပြရင်း ...

"ဆရာလေး ... ကျွန်တော်တို့ မြစေတီရွာဆိုတာက သမိုင်းဝင် ရှေးဟောင်းရွာကြီးပါ။ ကောင်းတုံ၊ ကောင်းစင်၊ ဆောင်ချုံဆိုတာ ဒီအနားတစ်ဝိုက်မှာပါ။ ရှေးမြန်မာစစ်တပ်ကြီးတွေက မိမိတို့ထက် အဆမတန် အင်အားများတဲ့ ကျူးကျော်လာသူ မွန်ဂိုစစ်တပ်ကြီးကို ရွံ့ရွံ့ချံချံ တွန်းလှန်တိုက်ခိုက်ခဲ့တာပါ။





ကျွန်တော်တို့ မြစေတီရွာက အဲဒီအချိန်က ငဆောင်ချုံ။ ဗန်းမော်မြို့ မြောက်ဘက်နှစ်မိုင်ခန့်အကွာ ရွှေကျီးနားစေတီတော်ရှိရာအရပ်က ကောင်းစင်၊ ရွှေစည်းခုံစေတီတည်ရှိရာအရပ်က ကောင်းတုံဖြစ်ပါတယ်။

အဲဒီခေတ်က ငဆောင်ချုံအရပ်ကို မွန်ဂိုတွေ ပထမစစ်အင်အားတစ်သိန်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။ မြန်မာတပ်က ကောင်းစွာချေမှုန်းနိုင်ခဲ့တယ်။ ဒုတိယစစ်ပွဲမှာတော့ နှစ်ဆတိုးပြီး မွန်ဂိုစစ်တပ်အင်အား နှစ်သိန်းကိုလည်း မြန်မာတပ်က ရဲသွေး၊ ရဲမာန်အပြည့်နဲ့ ချေမှုန်းနိုင်ခဲ့တယ်။ တတိယအကြိမ် မွန်ဂိုစစ်တပ်အင်အား လေးသိန်းကိုလည်း မြန်မာစစ်တပ်က ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား တွန်းလှန်နိုင်ခဲ့ပြန်ပါတယ်"

ကျွန်တော်သည် ညကမက်ခဲ့သော အိပ်မက်ထဲ ထူးဆန်းစွာ သာရောက်တိုက်ခိုက်သော ဖြစ်ရပ်တို့ကြောင့် အံ့သြသွားမိသည်။ ကျွန်တော် ဘာကြောင့် ထိုအိပ်မက်မျိုးကို လာ၍မက်ရသလဲ။ ကျွန်တော်သည် လွန်ခဲ့သော ဘဝပေါင်းများစွာက မွန်ဂို-မြန်မာစစ်ပွဲတွင် ပါဝင်ခဲ့သည့် စစ်သူရဲတစ်ဦး ဖြစ်ခဲ့လေသလား။ ထို့ကြောင့် အတိတ်ဘဝကဖြစ်ရပ်သည် ယခုအချိန်တွင် တိုက်ဆိုင်စွာ လာရောက်ထင်ဟပ်လေသလား။

ကျွန်တော့်ရင်ထဲတွင် ကြေကွဲခြင်း၊ ကြည်နူးခြင်းတို့ဖြင့် ခံစားမှုစမျိုးသည် တစ်ပြိုင်နက်တည်း ပေါ်ပေါက်လျက်ရှိသည်။

ကျွန်တော့်အိပ်မက်ကို သူကြီးအား ပြောပြသောအခါ သူလည်း အံ့သြလျက်ရှိသည်။

"ဆရာလေး ... အိပ်မက်က ထူးဆန်းလိုက်တာ။ ဆရာလေးဟာ အတိတ်ဘဝက မြန်မာရဲ့မက်တစ်ဦးဖြစ်ခဲ့လို့ စစ်ပွဲဖြစ်ခဲ့တဲ့နေရာကို



www.burmeseclassic.com

www.burmeseclassic.com



ခုလို အသုံးလုံးဆရာဘဝနဲ့ ရောက်ခဲ့တော့ အတိတ်ကိုပြန်ပြီး အမှတ်ရစေပြီး အိပ်မက်မက်တာ ထင်တယ်နော်''

ကျွန်တော် တိတ်ဆိတ်စွာငြိမ်သက်ရင်း ရေနွေးကြမ်းကို အေးဆေးစွာ သောက်နေမိသည်။

ကျွန်တော်တို့ ရောဝတီမြစ်ကမ်းဘက်လျှောက်လာကြတော့ မြစ်ကမ်းဘေးကုန်းမြင့်ပေါ်၌ မှန်စီရွှေချထား၍ နေရောင်တွင် တပြောင်ပြောင် တလက်လက်ဖြစ်နေသော မြေစေတီတော်ကို သပ္ပာယ်စွာ ဖူးတွေ့ရသည်။ ယမန်နေ့ ညဦးပိုင်းက တွေ့ခဲ့ရသော မြစ်လယ်ရေပြင်မှ သောင်ပြင်နှင့် ကျောက်တုံးကြီးမှာ မြေစေတီရှာနှင့် မျက်နှာချင်းဆိုင် တည်ရှိနေသည်။ သောင်ပြင်ကြီးပေါ်၌ စနိုက်ငှက်များ ရေညှောင့်ငှက်များနှင့် ပျံလွှားငှက်များက အုပ်စုဖွဲ့၍ ပျံသန်းနားခိုနေကြသည်။

''ကျွန်တော်တို့ရွာက ရောဝတီမြစ်ကမ်းဘေး မြေဆီဩဇာကောင်းတဲ့ ဒေသပါ။ လယ်ယာကိုင်းကျွန်းသီးနှံတွေ အထွက်ကောင်းသလို ရေလုပ်ငန်းလည်း လုပ်ကိုင်ကြလို့သာ ငါး၊ ပုစွန်လည်း ပေါပါတယ်။

ရွာဥယျာဉ်တွေက တည်င်းသီး၊ ရှောက်ပန်းသီး၊ အုန်းသီး၊ ငှက်ပျောသီး ပေါပေါများများထွက်ပြီး နှစ်စဉ် ငါးပိသာတန်ချိန်သောင်းချီထွက်ပါတယ်။ သစ်တောကြီးတွေ ဝိုင်းနေတော့ ကြိမ်၊ ဝါးလုပ်ငန်းလည်း လုပ်ကြပါတယ်။ တစ်နှစ်တစ်နှစ် ဝါးလုံးရေ ငါးသိန်းခန့် ထုတ်နိုင်ပါတယ်။ ကြိမ်နဲ့ဝါးထွက်လို့ လက်မှုလုပ်ငန်းဖြစ်တဲ့ ဆန်ကော၊ ဆန်ခါ၊ တောင်း၊ ခြင်း၊ အိမ်သုံးပစ္စည်းအမျိုးမျိုးကိုလည်း လုပ်ကိုင်ရောင်းချကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြေစေတီရွာဟာ ထွက်ကုန်တွေကြောင့် မြစ်ကျဉ်းဒေသမှာ လူသိ အလွန်များပါတယ်''





ညဦးပိုင်းတွင် စောစီးစွာ ညစာစားပြီး သူကြီးအိမ်ရှေ့ မြေအလင်း၌ အသုံးလုံးစာသင်ဝိုင်းကို စရသည်။ ယောကျ်ား၊ မိန်းမ၊ အသက်အရွယ် အတော်စုံသည်။ ဒါတောင် ရေလုပ်ငန်းလုပ်ကိုင်နေကြသော ယောကျ်ားများမပါသေး။ လူ (၁၀၀) ခန့်ရှိသည်။ အသုံးလုံးဖြတ်လမ်းသင်နည်းဖြစ်သော ဝ၊ ထ၊ က၊ လ၊ သ က စသင်ရသည်။

သူတို့လေသံက သနုံ့စကို မကွဲ။ ဥပမာ–ထမင်းစားသည်ကို သမင်းသားသည်ဟု ပြောကြသည်။ ထိုညက ဝ၊ ထ၊ က၊ လ၊ သ ကိုပင် ဖတ်ကြရင်း ရေးကြရင်း ည (၉) နာရီကျော်သွားသည်။ စိတ်ဝင်စားကြ၍ ပျော်ရွှင်စွာ စာသင်ကြရင်း အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ တစ်ချိန်တုန်း ရေနွေးကြမ်းသောက်၍ စောင့်ကြည့်နေသော သူကြီးက နွေရာသီ ကျောင်းပိတ်ထားသော ရွာမူလတန်းကျောင်းမှ ခေါင်းလောင်းကြီးကို ထုပြီး ...

''ဂလောင် ... ဂလောင် ... ဂလောင် ...''

''ကဲ ... တော်ကြပြီဟေ့။ ဒီညအတွက် ဒီလောက်ပဲ။ ဆရာလေးလည်း ပင်ပန်းပြီ။ မနက်ဖြန် မနက်လည်း ညဘက်မအားတဲ့ ရေလုပ်သားတွေကို သင်ကြရဦးမှာ။ သင်ထားတာတွေကိုလည်း မနက်ဖြန် ဆက်လုပ်ကြရင်း ရွတ်ကြ၊ ဖတ်ကြ ကြားလား''

''ဟုတ်ကဲ့ပါ ... သူကြီး''

ကျွန်တော် စာသင်နားတော့ မောင်ငယ်နှင့်နီဦးတို့က ကျွန်တော့်အနားကပ်လာကြပြီး ...

''ဆရာလေး ... ရွာကလူသားအဖွဲ့က ဆရာလေးကို ညသယ်ကျွေးရင်း မိတ်ဆက်ချင်လို့တဲ့ စောင့်နေကြပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



တစ်စွန်းတစ်စကြားပြီး အကဲခတ်နေသော သူကြီးက …

"မောင်ငယ်တို့ … ညလယ်စာတော့ ဆရာလေးကို ကျွေး ဆာရာပေါ့။ ညနေစာလည်း စောစောစားထားရတာ၊ အရက်တော့ မ စေနဲ့"

အရက်မပါပါဘူး သူကြီး။ ထန်းရည်ပဲ ပါတာပါ"

"တော် … ထန်းရည်လည်း ဆရာလေးကို မတိုက်နဲ့။ တော ကြာ မူးနေဦးမယ်"

"ကျွန်တော် မသောက်တတ်ပါဘူး၊ သူကြီး။ ခဏ လိုက်သွား မယ်နော်"

"ဟုတ်ကဲ့ … ဆရာလေး၊ မောင်ငယ်နဲ့နီဦး … ဆရာလေ ကို ဂရုစိုက်နော်။ မင်းတို့ရဲ့ အနန္တဂိုဏ်းဝင် ဆရာဖြစ်သွားပြီ"

"ဟုတ်ကဲ့ … သူကြီး စိတ်ချပါ"

ကျွန်တော့်အား ရောဝတီမြစ်ကမ်းပါး၊ ရွာအရှေ့ထိပ်ရှိ အိမ်ကြ တစ်အိမ်သို့ ခေါ်သွားသည်။ သရက်ပင်ကြီးအောက် မြေတလင်းတွင် ရွာကာလသားအဖွဲ့ အိုးကြီး၊ အိုးငယ်ဖြင့် ချက်ပြုတ်၊ ကြော်လှော် ကြသည်။

"ဆရာလေး … ကြွပါ။ ဒီခုံတန်းလျားစားပွဲမှာ ထိုင်ပါ။ ကျွ တော်တို့ ပြင်ဆင်ပါ့မယ်"

မကြာမီ ခုံတန်းလျားစားပွဲပေါ်သို့ ငါးကြော်အမျိုးမျိုးနှင့် ကြ သား ဘူးသီးကာလသားချက်ဟင်းများ လာချပေးသည်။ ပြီးနော အရက်ပုလင်းများ …

ကာလသားခေါင်း ကိုမှုံကြီးရောက်လာပြီး ကာလသားအချို ခေါ်သည်။





"ဖင်အောင်၊ ရဲမောင်နဲ့ လှဟန်တို့ လာကြပော့။ အားတဲ့သူ တွေအားလုံး လာခဲ့ကြ။ ငါတို့ ဆရာလေးနဲ့ ဝိုင်းကြရအောင်"

"ကိုမှုံကြီး … ကျွန်တော် အရက်မသောက်တတ်ဘူးဗျ။ ထမင်းပဲ စားပါရစေ"

"ကြိုက်သလိုလုပ် … ဆရာလေး။ ကျွန်တော်တို့အဖွဲ့ကတော့ လေးပါမှဖြစ်တာ။ အဲဒါဆို မောင်ငယ်နဲ့နီဦး ဆရာလေးအတွက် ထမင်း ပေးလိုက်"

ကျွန်တော်ထမင်းစားနေစဉ် သူတို့က အရက်သောက်ကြသည်။ သောက်ရင်းစားရင်း မြစေတီရွာအကြောင်း သူတို့ဒေသအကြောင်းများ ကို ကိုမှုံကြီးကဦးဆောင်ပြီး တစ်ယောက်တစ်လဲ ပြောကြသည်။ ထိုည စားသောက်ဝိုင်းပြီးတော့ ညဉ့်သန်းခေါင် (၁၂)နာရီခန့်ရှိပြီ။ ကျွန် တော်နှင့် ကာလသားများလည်း အတော် ခင်မင်ရင်းနှီးသွားကြသည်။

ကျွန်တော်တို့အပြန်တွင် ကာလသားခေါင်း ကိုမှုံကြီးတို့အဖွဲ့ လိုက်ပို့ကြရင်း …

"ဆရာလေး … နောက်နေ့ညတွေမှာလည်း ကျွန်တော်တို့ လသားအဖွဲ့က တစ်အိမ်စီ ညလယ်စာ ဖိတ်ကျွေးမှာနော်။ မနက်ဖြန် ပြီး မနက်စာ၊ နေ့လယ်စာတွေကိုလည်း တစ်ရွာလုံး၊ အိမ်တိုင်းက လှည့်စီ ဖိတ်ကျွေးမှာ။ ဆင်းရဲတဲ့အိမ် အလှည့်ရောက်ရင်တော့ ကျွန် တော်တို့ကာလသားအဖွဲ့ ဝိုင်းပံ့ပိုးမှာပါ ဆရာလေး၊ ဘာမှမပူနဲ့"

"အစားအသောက်ကတော့ မပူပါနဲ့ ကိုမှုံကြီးရယ်၊ ကျွန်တော် သလို စားတတ်ပါတယ်။ ဒီရွာက သားငါးနဲ့ အသီးအနှံပေါတော့ င်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်လဝန်းကြီးက ကျွန်တော်တို့ ခေါင်းပေါ်တွင် ထိ

ထိန်သာနေသည်။ သန်းခေါင်ယံ လေနုအေးကလေးက မြစ်ပြင်ဘက်

တသုန်သုန် တိုက်ခိုက်နေသည်။ ရွှေဦးမြစေတီတော်မှာ လရောင်ကြော

တဖျတ်ဖျတ်လက်နေသည်မှာ ရောင်တော်ကွန့်မြူးသည့်အလား။ ထိုအ

ကျွန်တော်၏စိတ်သဏ္ဌာန်မှာ ဖြူစင်သန့်ရှင်းပြီး ကြည်လင်ပီတိဖြစ်

မိသည်။ မြူများမရှိ မြူမှုန်ကင်း၍ လမင်းသာချိန်ဆိုသည်မှာ ဤအချိ

လွှဲ၍ အခြားအချိန်မဖြစ်နိုင်ဟု ကျွန်တော် ယူဆမိပါတော့သည်။

ကျွန်တော့်ရင်ထဲတွင် မြန်မာစစ်သူရဲကောင်းများ၏ ကျူးကျေ

စစ်ကို အသက်ကို ဖက်ရှက်ပမာယူဆ၍ ပြန်လည်တွန်းလှန်တိုက်ခိုက်

မှန်ကိုစစ်သည်များ ကစဥ့်ကလျား ဆုတ်ခွာထွက်ပြေးကြပုံများကို ပြန်လ

မြင်ယောင်ရင်း ရင်ထဲမှာ ဇာတိသွေး ဇာတိမာန်များ တဖွားဖွားပေါ်ပေ

လာရပါတော့သတည်း။

တောင်မှုန်းကြီးသိန်းဝ



www.burmeseclassic.com

[ ၁ ]

❑

ကျွန်တော်အမည် ဝင်းဆန်းပါ။ ဘွဲ့ရထောင်မှူးအပတ်စဉ် ကပါ။ ကျွန်တော်တို့အဖွဲ့က ကိုယ်ပိုင်နံပါတ် (၂၂)ကစလို့ စာရေး ဗဟိုစော(ခေါ်)ပီတာမြဦး(ခေါ်)ထောင်ပိုင်ဦးစောလှိုင်ကတော့ (တ အဖွဲ့လို့ ကင်ပွန်းတပ်ထားပါတယ်။ သူကလည်း ကျွန်တော်တို့ (တ အဖွဲ့ကပါပဲ။ သူ့ကိုယ်ပိုင်နံပါတ်က (၂၂၅၆) ပါ။ သူက ကျွန်တော် (၆၆) ယောက် အင်းစိန်ထောင်မှာ သင်တန်းတက်စဉ်က အနေ လွန်းလို့ နာမည်မပေါ်လွင်ပါဘူး။

ကျွန်တော်တို့ ထောင်မှူးအပတ်စဉ် (၆) က အကျဉ်ဦး လောကမှာ နာမည်အတော်ကြီးပါတယ်။ ဆိုးတာရော၊ ကောင်းတာ ပေါ့ဗျာ။ ဗဟိုပြည်သူ့ဝန်ထမ်း ရွေးချယ်ရေးအဖွဲ့က သတင်းစာ





ာင်မှူးလောင်းတွေခေါ်တော့ တစ်ပြည်လုံး အတိုင်းအတာနဲ့ ဝင် ာက်လိုက်ကြတာ လူ (၂၀၀၀) ကျော်ပါတယ်။

အဲဒီတုန်းကလည်း ဘွဲ့ရတွေ အရာရှိအဖြစ်နဲ့ အလုပ်ဝင်ဖို့ဆို အလွန်ခဲယဉ်းပါတယ်။ အစိုးရအလုပ်မှာ စာရေးစာချီဖြစ်ဖို့တောင် ယ်ဘူး။ ရိုးရိုးဝန်ထမ်းအနေနဲ့ အလုပ်ဝင်ပြီးမှ အရာရှိစာမေးပွဲ င်ဖြေရတာ။ ညွှန်ချုပ်ကြီးသား ကိုကျော်ရှိန်တို့ ကိုလှကြည်တို့ဆို ှုံးတပ်သားအနေနဲ့ အကျဉ်းဦးစီးဌာနမှာ အလုပ်ဝင်ပြီးမှ ထောင် မေးပွဲဖြေကြရတာ မှတ်မိပါသေးတယ်ဗျ။

သတင်းစာထဲမှာ ထောင်မှူးလောင်းတွေခေါ်တော့ အထက် ာခဲ့သလို ကမ္ဘာအေးဆွမ်းစားကျောင်းဆောင်မှာ လူ (၂၀၀၀) ာ် စာမေးပွဲဝင်ဖြေရတယ်။ စာမေးပွဲအောင်တဲ့လူ (၅၀၀)လောက် အောင်ဆန်းကွင်းမှာ ကာယဗလ၊ ပြေးခုန်ပစ် စစ်ဆေးတယ်။ ပြီး ပေါင်ချိန်တယ်။ ပေါင် (၁၁၀) အထက်မှ ရွေးတာ။

ပေါင်ချိန်မပြည့်တဲ့ စာကလေးစိုးသိန်း (စာရေးဆရာစိုးဝေ) မြသိန်းတို့၊ အညာသားကိုဉာဏ်တင့် (ဉာဏ်ကျယ်လေး)တို့ဆိုရင် ချိန် (၁၁၀)တောင် မပြည့်လို့ ဖီးကြမ်းငှက်ပျောသီးကို အဖီးလိုက် ရေတစ်ဝသောက်မှ ပေါင်ချိန်ပြည့်တယ်။ တော်ပါသေးရဲ့ ပြေး ပြိုင်ပွဲပြီးမှ ပေါင်ချိန်လို့။ နို့မို့ဆို အန်ထွက်မှာ။ အောင်ဆန်းကွင်း အောင်စာရင်းထွက်ပြန်တော့ လူ (၁၅၀) လောက်ပဲ ကျန်တော့

▪

တစ်ခါ သိမ်ဖြူလမ်းက အစိုးရ ကျန်းမာရေးဌာနမှာ တစ် လုံး ကျန်းမာရေးအတွင်း/အပြင် စစ်ဆေးပြန်တယ်။ ဆရာဝန်မ စစ်တာ။ အဲဒီမှာ နှာနီသိန်းထွန်းနဲ့ လျှာရှည်အာသွက်တဲ့ ဇာ



www.burmeseclassic.com

www.burmeseclassic.com



ကေအာမက်တို့၊ စာကလေးစိုးသိန်းတို့ဆိုရင် ဆရာဝန်မတွေကို အတော် ... ငိုပြရတယ်လို့ အဆိုရှိတယ်။

အဲဒီကမှ အောင်တဲ့လူ (၁၀၀)လောက်ကို အကျဉ်းဦးစီးဌာန (ရုံးချုပ်) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်ထောင်ကြီးအတွင်းမှာ ည ... ချုပ်ကြီးနဲ့ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့က ဒု–ဥက္ကဋ္ဌတို့က လူတွေ ... ဆေးပြန်တယ်။ အချိန်ကြာကြာမေးတိုင်းလည်း အထင်မကြီးနဲ့၊ မ ... ဘူး။ အချိန်တိုလေးမေးပြီးလည်း စိတ်ဓာတ်မကျနဲ့၊ ပါချင်ပါတာ။ အဲ ... အထဲကမှ စကာတင် (၆၆) ယောက်ရွေးတယ်။

ပထမဆုံးနံပါတ်(၁) က ကိုလှကြည်။ သူကလည်း အလွ ... အနေအေးတယ်။ နောက်ဆုံး (၆၆)ယောက်မြောက်ကတော့ ဗလကြီ ... အေးချို။ သူက ဝိတ်မ,ထားတော့ ခန္ဓာကိုယ်က အလွန်ကြီးပေမယ့် ... က နွဲ့တယ်။ အနုပညာသမား။ သီချင်းဆို၊ ဂစ်တာတီး၊ အလွန်ကော ... တာကလား။

နောက် ဗလကြီးတစ်ဦးလည်း ရှိသေးတယ်။ သူက အလွ ... ကြမ်းတမ်းပြီး လက်ရဲဇက်ရဲမိုက်တဲ့ အရက်သမားမြင့်ဆွေကြီး။ သူ ... ရန်မဖြစ်ဘူးတဲ့သူ အပတ်စဉ် (၆)မှာ တစ်ယောက်မှ မရှိဘူး။ အနည် ... ဆုံး စကားတော့ များဖူးကြတာချည်းပဲ။ မြင့်ဆွေကြီးကို ရွှေဘကြီး ... လည်း ခေါ်တယ်။ အလွန်ကြမ်းတမ်းတာ။

သူနဲ့ သင်တန်းသား တစ်ဦးတစ်ယောက် ရန်ဖြစ်စကားများ ... တိုင်း ဝင်ပြီး ဖျန်ဖြေပေးရတာက အရှည်ကြီးခေါ် ခြောက်ပေကိုတင် ... ထွန်း။ ကိုတင်ထွန်းကိုတော့ မြင့်ဆွေကြီးက လန့်တယ်။ ကိုတင်ထွန်း ... အရပ်ရှည်သလို ဗလလည်း ကောင်းတယ်။ သဘောလည်း ကော ...





... တယ်။ ဒါပေမဲ့ မဟုတ်မခံစိတ်ဓာတ်ရှိတော့ မြင့်ဆွေကြီးဖြုတယ်။ လူ ... ဆိုတာ ကြောက်ရမယ့်သူလည်း ရှိဦးမှလေ။ နို့မို့ သူဗိုလ်လုပ်နေ ... ။ သူလိုလူကို ရာထူးခန့်ထားရေးအဖွဲ့က မျက်စိမှောက်ပြီး ရွေးလိုက် ... ကြတာပါတယ်။ နောက်ပိုင်း ကျွန်တော်နဲ့သူ တူတာတစ်ခုကတော့ ရာထူး ... တက်နေးတာပါပဲ။

အကျဉ်းဦးစီးဌာနမှာ ထောင်မှူးအနေနဲ့ခန့်ထားခံရပြီး နောက် ... ရာထူးအတက်နေးတဲ့အဖွဲ့ကို LPJ လို့ ခေါ်တယ်။ ကျွန်တော် ... အဝင် မြင့်ဆွေကြီး၊ ဟာလိန်းနိန်၊ ဆွန်ဇာရန်းနဲ့ စောထွန်းလွင် ...။

ကျွန်တော်နဲ့ မြင့်ဆွေကြီးတို့က (လုပ်သက် နှစ် ၂၀ကျော် ...) ရာထူးတက်ကြပေမယ့် ဟာလိန်းနိန်၊ ဆွန်ဇာရန်းနဲ့ စောထွန်း ... တို့ကတော့ အလုပ်ကထွက်သည်အထိ ရာထူးမတက်ခဲ့ကြပါဘူး။ ... ကြောင့်လည်း ကျွန်တော်တို့ အဖွဲ့ကို LPJ လို့ခေါ်တာ။ LPJ ဆိုတာ ... အဖွဲ့မဟုတ်ပါဘူး။ (LOYA LITY PREMENTANT JAILOR) ... ခေါ်တဲ့ အမြဲတမ်း ရာထူးမတက်တဲ့ ထောင်မှူးလို့ခေါ်တာပါ။

ကျွန်တော်တို့အဖွဲ့က မဟုတ်မခံ။ အဲ ... ဟုတ်ရင်တော့ ... တယ်။ ဒါကြောင့်လည်း အထက်လူကြီးတွေနဲ့ တည့်တဲ့သူရှားတယ်။ ... အထက်လူကြီးတွေနဲ့ အဆင်ပြေအောင် မပေါင်းတတ်လို့လည်း ကျွန် ... တော်တို့အုပ်စု အမြဲတမ်းထောင်မှူး LPJ ဖြစ်ပြီး နယ်မြို့စွန်မြို့ဖျား ... ထောင်လေးတွေနဲ့ မြန်မာတစ်ပြည်လုံး တောတောင်အနှံ့ စခန်းတွေ ... ပြောင်းရွှေ့အမှုထမ်းခဲ့ကြရတာပါ။

ကျွန်တော်ဆိုရင် မြန်မာပြည်မြောက်ဖျား မြစ်ကြီးနားခဲ့ ပူ ... အိုဘက်မှာ ရဲဘက်တွေနဲ့အတူ ပေါ်တာလိုက်ဖူးတယ်။ ရန်ကုန်–



www.burmeseclassic.com

မန္တလေး အမြန်လမ်းစခန်း တောထဲတောင်ထဲမှာ နှစ်နဲ့ချီပြီး တာဝ
ထမ်းဆောင်ဖူးတယ်။ မြန်မာတစ်ပြည်လုံး မရောက်တဲ့နေရာလည်း မ
သလောက်ပါဘဲ။

ကျွန်တော်က ကရင်တိုင်းရင်းသားလေ။ တောတောင်ကို ချ
တယ်၊ တောထဲတောင်ထဲမှာနေရတာကိုလည်း ပျော်တယ်။ ငါးရှာ၊ တေ
ရှာ၊ ငှက်ထောင်၊ ကြက်ထောင်၊ အမဲပစ်ရတာကိုလည်း အလွန်ဝါသနာ
ပါတယ်။

ဒါကြောင့်မို့လည်း ရာထူးတိုးစာမေးပွဲနီးတာနဲ့ ကျွန်တော်က
တောထဲတောင်ထဲရောက်နေချိန် တိုက်ဆိုင်တာများတော့ စာမေးပွဲဖြေ
ဖို့ စာကျက်ချိန်က မရ၊ မှတ်စုမှတ်တမ်းကလည်း မပြည့်စုံတော့။ စာ
မေးပွဲက ကောင်းကောင်းမဖြေနိုင်။ ဒါကြောင့်လည်း သစ္စာရှိသော အမြ
တမ်းထောင်မှူး LPJ ဖြစ်နေတာဟာ ဘာဆန်းသလဲဗျာ။

✿ ✿ ✿

| ၂ |

နောက်ဆုံးအကြိမ်က ဒုချုပ်နဲ့ဖြစ်တာဗျ။ အဲဒီပုဂ္ဂိုလ်ကြီးက
ကျွန်တော်တို့ (တူးတူး)အဖွဲ့နဲ့ အတော်အဆင်မပြေဘူး။ ထောင်
ကိုသိန်းဝင်းဆိုရင် အဲဒီပုဂ္ဂိုလ်ကြီးနဲ့ နှစ်ကြိမ်၊ သုံးကြိမ် ဖြစ်ပြီး
ဆွမ်ပရာဘွန်စခန်းကို အပြောင်းခံရတယ်။ သူကလည်း ကျွန်
တို့ အပတ်စဉ်တူ၊ မဟုတ်မခံ သတ္တိကလည်းကောင်းဗျာ။ ဆွမ်
ဘွန်စခန်းကို ပို့တဲ့အတိုင်း အရောက်သွားတယ်။

ဟိုမှာ စခန်းသစ်တွေ ဘာတွေ ဆောက်ပြီး စခန်းတာဝန်ခံ
အထိုင်ကျမှ နုတ်ထွက်စာတင်တယ်။ သူငယ်ချင်းတွေက ဝိုင်း
ပြေမယ့် ဘယ်လိုမှ တားလို့မရဘူး။

ထောင်မှူးတစ်ယောက်ဖြစ်ဖို့ဆိုတာ အထက်မှာ ကျွန်တော်
တဲ့အတိုင်း လွယ်တာမှတ်လို့ဗျာ။ ထောင်မှူးကြီးဆိုတော့ ပိုန

www.burmeseclassic.com



ပြောဖို့ ကောင်းတာပေါ့။ လုပ်သက်ပဲ နှစ် (၂၀)လောက်ရှိပြီ။ ဆေးပင်စင်တင်ရင် ရနိုင်တာပေါ့။ မထွက်ရမှာစိုးလို့တဲ့။ ဘာခံစားခွင့်မှမယူဘဲ ထွက်သတဲ့ဗျာ။ သူ့မှာလည်း မခံမရပ်နိုင်တဲ့ ခံစားချက်တော့ရှိလို့ ဖြစ်မှာပေါ့လေ။ ကျွန်တော်တို့ခေတ်မှာ ထောင်မှူးကြီးရာထူးနဲ့ အလုပ်က နုတ်ထွက်တာ သူအစောဆုံးပဲဗျ။

ကိုသိန်းဝင်းထွက်တော့ ဒုချုပ်လည်း သူ့အကုသိုလ်နဲ့သူ အပြောင်းခံရပြီး အဲဒီဌာနကပဲ ပင်စင်ပေးလိုက်တာ။ အဲ . . . ကျွန်တော့် အကြောင်းကို ဆက်ပြောဦးမယ်။

အဲဒီအချိန်တုန်းက ကျွန်တော်က လှေလှော်အင်း အမြန်လမ်း ဝက်စခန်းမှာ တာဝန်ကျနေတာ။ ဒု-ချုပ်လာစစ်တော့ ကျွန်တော် စခန်းမှာမရှိပါဘူး။ အလုပ်တာဝန်နဲ့ ခရီးထွက်နေရတာ။ ထောင်မှူးဦးခိုင်စိုးနဲ့စခန်း တာဝန်ခံဦးဝင်းတော့ ရှိနေပါတယ်။ အဲဒါ မကျေနပ်တာတွေ ထောက်ပြီး ဦးခိုင်စိုးကို စခန်းပြောင်းတယ်။ ကျွန်တော့်ကိုတော့ ဗြိတ်ထောင်ပြောင်းဖို့ အမိန့်ထုတ်တယ်။ ကလေးတွေ စာမေးပွဲပြီးမှ ပြောင်းပါရစေလို့ တောင်းပန်တာ မရပါဘူးဗျာ။ ရိက္ခာပို့ပြီး ကော့သောင်းအထိသွားမယ့် ကိုကိုကြီး ဇက်ရေယာဉ်အကြုံနဲ့ ချက်ချင်းပြောင်းခိုင်းတယ်။

ကျွန်တော်လည်း ထောင်မှူးကြီးကိုသိန်းဝင်းတို့လို မထွက်နိုင်သေးတော့ ဘာရမလဲ 'ဟုတ်ကဲ့' လို့ တစ်ခွန်းတည်း ပြန်ပြောပြီး ထွက်ခဲ့ရတော့တာပေါ့။ ရာသီက မိုးရာသီ။ ကိုကိုကြီးဇက်ရေယာဉ်ဆိုတာကလည်း ပင်လယ်ကို ဖြတ်လောက်အောင် စိတ်ချလက်ချကြီးတာ မဟုတ်ပါဘူး။

အလျားပေ (၅၀) ကျော်၊ အနံ(အကျယ်) ပေ (၂၀) ကျော် လောက်ပဲ ရှိမယ်ထင်ပါတယ်။ ကော့သောင်းစခန်းအတွက် ဒီဇယ်ပီပါ





(၃၀)နဲ့ ဗြိတ်ထောင်အတွက် ဆန်အိတ် (၁၅၀)၊ ကော့သောင်းစခန်းအတွက် ဆန်အိတ် (၃၀၀)၊ ပဲအိတ်က (၅၀)လည်း ပါသေးတယ်။

ကျွန်တော့် ဗပသ (ဗဟိုပစ္စည်းသိုလှောင်ရေး)က ထောင်မှူး တစ်ယောက်လည်း ပါတယ်။ သင်္ဘောကပ္ပတိန်၊ သင်္ဘောသားက (၁၁) ယောက်၊ စုစုပေါင်းတော့ ကျွန်တော့်တို့အပါအဝင် (၁၃)ယောက်ပေါ့။

ကျွန်တော်က ခရစ်ယာန်ဘာသာဝင်ဆိုတော့ (၁၃)ဂဏန်းဟာ (UN LUCKY) နံပါတ်လို့ ယုံကြည်ထားတယ်။ ခရီးမသွားကောင်းဘူး ဆိုပဲဗျာ။ ထင်တဲ့အတိုင်းပါပဲ။ ကိုကိုကြီးသင်္ဘောက ဇက်ရေယာဉ်ဆို တော့ ရေစူးက နည်းတယ်။ ကုန်တင်ချိန်ကများနေတော့ ဖုတ်လှိုက် ဖုတ်လှိုက်ပေါ့ဗျာ။

ဆန်အိတ်၊ ပဲအိတ်တွေကိုတော့ ဝမ်းခေါင်းထဲထည့်ထားပြီး ဒီဇယ်ပီပါတွေကိုတော့ ရေယာဉ်ဦးမှာ သံကြိုးကြီးတွေနဲ့ ချည်ထားတယ်။ [illegible]များတော့ ရေယာဉ်ကုန်းပတ်ဟာ ရေနဲ့မထိတထိပါဘဲ။ အဲဒီလိုနဲ့ ရာသီဥတုသာယာပြီး မိုးလေကင်းရှင်းတဲ့တစ်နေ့မှာ ခရီးထွက်ခဲ့ကြ ပါတယ်။

ဇက်ရေယာဉ်ဟာ ရန်ကုန်မြစ်ထဲကအထွက် မြစ်(၃)ဆိုင် ရောက်တော့ လှုးလာတယ်။ မုတ္တမပင်လယ်ကွေ့လည်း ရောက်ရော လှိုင်းမိပြီး အပြင်းအထန် လှုးတော့တာပါပဲ။ ကံကောင်းစွာနဲ့ ကျွန်တော်ရယ်၊ CHIEF COOK ရယ်၊ ဗိုလ်မှူးရယ်၊ သင်္ဘောမောင်းသူရယ် လှိုင်းမမူးဘဲ မအန်ကြတာ၊ ကျန်တဲ့သူအားလုံး အော့အန်ပြီး အိပ်ရာ ထဲမှာ ပက်လက်လဲနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

လေကထန်ပြီး လှိုင်းကအလွန်ကြီးလာတယ်။ ကျွန်တော်တို့ ဖက်ရေယာဉ် မှန်တိုင်းမိပြီးပေါ့။ တစ်ခါတစ်ခါ လှိုင်းကြီးလွန်းလို့ ဖက်ရေယာဉ်မြောက်တက်သွားပြီး ပြန်အကျ အသည်းကို အေးသွားတာပဲ။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသလို မိုးကလည်း သဲကြီးမဲကြီး ရွာလာပြန်တယ်။

ကုန်းပတ်ပေါ်က ကျွန်တော်တို့ပစ္စည်းတွေကို မိုးကာတွေပတ်ပြီး ကြိုးချည်ထားရတယ်။ လူတွေလည်း အကုန်လှိုင်းနဲ့မိုးနဲ့ ရွဲစိုကုန်တာပဲ။ နောက်ရေယာဉ်က လှိုင်းပုတ်ဒဏ်မခံနိုင်တော့ ဘယ်အချိန်မြုပ်မလဲလို့ စိုးရိမ်နေရတာကြောင့် အားလုံး အသက်ကယ်အင်္ကျီတွေ ကိုယ်စီဝတ်ထားကြရတယ်။





ရေယာဉ်ဦးက ဒီဇယ်ပီပါ အလုံး (၃၀)ကတော့ လူးလိမ့်ပြီး ချည်ထားတဲ့သံကြိုးကြီးတွေ ပြတ်ကုန်တယ်။ တစ်လုံးနဲ့တစ်လုံး ဆောင့်မိပြီး ပွင့်တဲ့အလုံးက ပွင့်ကုန်တယ်။ ဒါပေမဲ့ ဘယ်သူမှ သွားပြီးမထိန်းနိုင်ကြပါဘူး။ ပီပါတွေက အပြင်းအထန် လူးလိမ့်နေတော့ ဆောင့်မိဖိမိပြီး သေကုန်မှာ။ ရှင်မော် (ကုလားကုတ်ကျွန်း) နားရောက်တော့ ပို ဆိုးလာတယ်။

ဒါကြောင့် မလိကျွန်းစုနားရောက်တော့ လှိုင်းလေကွယ်ရာ ကျွန်းစုနားကပ်ပြီး ကျောက်ချရပ်ထားရတယ်။ ကျွန်းနဲ့နီးရင်လည်း တိုက်မိမှာ စိုးရိမ်ရလို့ မလိပင်လယ်အော်ထဲမှာ ရပ်ထားရတာ။ တော်သေးရဲ့၊ သေကံမရောက် သက်မပျောက်ပါဘဲ၊ (၃) ညအိပ် (၄)ရက်စောင့်နေရတယ်။

တစ်ခုကံကောင်းတာကတော့ CHIEF COOK က ကျန်းမာနေကောင်းနေတော့ ချက်ပြုတ်ကျွေးမွေးနိုင်သေးတယ်။ အစာမစားနိုင်တဲ့သူကများတော့ အစားအသောက်တွေကတော့ အလျှံပယ်ပါပဲ။ ဆေလိကနေ စက်နဲ့ကြိုးစားခေါ်တော့ မြို့ထောင်နဲ့ အဆက်အသွယ်ရပါတယ်။ (၄)ရက်မြောက်နေ့မနက်မှာ ရာသီဥတုကောင်းလို့ ဖက်ရေယာဉ် ထွက်နိုင်တယ်။ အဲဒီတော့လည်းဗျာ ပင်လယ်ကြီးက ဘာမှမဖြစ်ခဲ့သလိုပါပဲ။

ဆိတ်လို့ငြိမ်လို့၊ အေးချမ်းလို့သာယာလို့ ပင်လယ်ထဲမှာ မှိုင်းသဏ္ဍာန် ကင်းမွန်တွေက မြူးလို့၊ လင်ပိုင်းငါးတွေက တရှူးရှူးသေနတ်လို့ ငုတ်ချည်ပေါ်ချည် မြူးနေကြတယ်။ ကောင်းကင်ကြီးကလည်း သာယာလိုက်တာဗျာ။ ပင်လယ်ရေအရောင် ပြာလဲ့နေတာပဲ။ အပြည့်ပြည်းနေထွက်လာတော့ ပူလာပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်လေဆိုတာကလည်း ဆားခိုးဆားငွေ့နဲ့ အသက်ရှူ လို့ အလွန်ကောင်းပေမယ့် လေပူကြီးဗျ။ အဲသည်လိုနဲ့ ရာသီဥတုကောင်း လို့ မြိတ်ဆိပ်ကမ်းကို နေ့လယ်ပိုင်းမှာ ရောက်တယ်။ မယိကနေ ဖော နဲ့သတင်းပို့ထားလို့ ဆိပ်ကမ်းမှာ ကျွန်တော့်သူငယ်ချင်း ထောင်မှူး ကြီးကို ဘင်ဆိုင်နဲ့ ဝန်ထမ်းတွေ၊ ရဲဘက်တွေ စောင့်ပြီး လာကြိုနေ ကြတယ်။

ကျွန်တော်တို့ မြိတ်ထောင်အတွက် ပစ္စည်းတွေချပြီး ကော သောင်းစခန်းတွေအတွက်တင်လာတဲ့ ဒီဇယ်ပီပါတွေကို စစ်ဆေးတော့ ပီပါ (၃)လုံး ပေါက်ပြဲပြီး အခွံပဲကျန်ခဲ့တော့တယ်။ တော်သေးတာပေါ့ အလုံး (၃၀) တင်လာတာ (၂၇)လုံး အကောင်းကျန်နေသေးတယ် ပစ္စည်းတွေကို 'ထောက်' ထောင်မှူးကြီးကို ဘင်ဆိုင်ကို လွှဲပြီးတာနဲ့ ကိုဘင်ဆိုင်က သူ့ထောက်ဌာနက တပ်ကြပ်မြင့်ဒွေးကို ရဲဘက်အဖွဲ့နဲ့ သယ်ခိုင်းပြီး ...

"ကဲ ... ကိုဝင်းဆန်းရေ၊ ဒီနေ့က ဝါဆိုလပြည့်နေ့ဗျ။ ကျွန် တော် တစ်ဖက်ကမ်း ပထော်ပထက်ကိုကူးပြီး ရွှေသာလျောင်းဘုရား ကြီးကို ဖူးမလို့ တစ်ခါတည်းလိုက်ခဲ့မလား"

"လိုက်ပါ့ဗျာ။ ကျွန်တော်လည်း လေမုန်တိုင်းမိပြီး အသက် မသေသေးလို့ ဘုရားဖူးပြီး ပုတီးစိပ်ချင်နေတာ"

"ကိုဝင်းဆန်းက ခရစ်ယာန်ဘာသာဝင် မဟုတ်ဘူးလား"

"အရင်က ဟုတ်ပါတယ်။ အခုတော့ မိန်းမရပြီးကတည်းက ဗုဒ္ဓဘာသာဝင် ဖြစ်သွားပါပြီ။ ကျွန်တော် နေ့၊ ည ဘုရားဝတ်ပြုတယ် ပုတီးစိပ်တယ်။ တရားထိုင်တယ်။ တစ်ခါတလေလည်း ခရစ်ယာန်ဘာ





သာထုံးစံအတိုင်း ယေရှုခရစ်တော်ကို ဝတ်ပြုပါတယ်။ ဘယ်ဘုရား မဆိုဖြစ် ကောင်းတာကိုပဲ လမ်းညွှန်ကြတာ မဟုတ်လားဗျ။ အခုလည်း ဘုရားတွေ ကယ်တင်စောင်မလို့ သေဘေးက လွတ်လာတာမဟုတ် လားဗျ"

"ဒါဆို ကိုဝင်းဆန်းက ဘာသာနှစ်မျိုး ကိုးကွယ်တာပေါ့နော်"

"ဘာသာနှစ်မျိုးတင်မကပါဘူး။ ဘယ်ဘာသာမဆို ကျွန်တော် လေးစားရိုသေပါတယ်"

"ကောင်းပါရဲ့ဗျာ။ ဘယ်ဘာသာမဆို မကောင်းတာမလုပ်ဖို့ နဲ့ ကောင်းတာလုပ်ဖို့ ညွှန်ကြားလမ်းပြတာ အတူတူပါပဲ။ ကဲ ... လာ ကိုဝင်းဆန်း၊ ပထော်ပထက်က ရွှေသာလျောင်းဘုရားကြီး သွား ဖူးကြရအောင်။ ဟိုမှာ တစ်ဖက်ကမ်းကူးတဲ့စက်လှေရှိတယ်။ ရောက် တဲ့နေ့မှာပဲ ရွှေသာလျောင်း ဘုရားကြီးကို ဖူးရတယ်။ ကျွန်တော်က တော့ မြိတ်သားဖြစ်ပေမယ့် တစ်လနေလို့ တစ်ခေါက်မရောက်ဖြစ်ပါ ဘူး။ ဒီနေ့မှ ဘုရားဖူးချင် စိတ်ပေါ်လာလို့ ခင်ဗျားကိုလည်း လိုက်ပို့ချင် လို့ပါ"

"ကျေးဇူးပဲ ... ကိုဘင်ဆိုင်၊ လာ ... သွားကြရအောင်"

ကျွန်တော်တို့ တစ်ဖက်ကမ်း ပထော်ပထက်ကျွန်းသို့ စက် လှေကလေးဖြင့်ကူးကြသည်။ လှိုင်းလေမှာ အလွန်ငြိမ်သက်နေသည်။ ရွှေသာလျောင်းဘုရားကြီးမှာ ပထော်ပထက်တောင်တန်းကြီး နောက်ခံ ဖြင့် ရွှေရောင်တဝင်းဝင်းဖြင့် လွန်စွာ သပ္ပာယ်ကြီးမားလှသည်။ မြိတ် မြို့နှင့် မြိတ်ဆိပ်ကမ်း၏ ကျက်သရေဆောင် ရွှေသာလျောင်းဘုရား ကြီးဖြစ်ပါသည်။ ပထော်ပထက်ကမ်းပေါ်ရောက်တော့ နယ်ခံထောင်မှူး ကြီး ကိုဘင်ဆိုင်က ...



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းကိုဝင်းဆန်း ... ခင်ဗျား သိပ်ကံကောင်းတယ် မြိတ်ကိုရောက်တဲ့နေ့မှာပဲ ရွှေသာလျောင်းဘုရားကြီးဖူးရတော့ မြိတ် ထောင်မှာ တာဝန်နဲ့ (၁၀)နှစ်လောက် နေရလိမ့်မယ်"

"(၁၀)နှစ်တော့ ဆုမတောင်းပါနဲ့ ကိုဘင်ဆိုင်ရယ်၊ ပျင်းလွှ လို့ပါ။ နေရာတစ်နေရာမှာ ဘယ်လောက်ကောင်းကောင်း လေး၊ ငါး နှစ်ဆိုရင်ပဲ တော်ပါပြီဗျာ"

"ဒီမြိတ်မြို့က ထားဝယ်မြို့လိုမဟုတ်ဘူး ... ကိုဝင်းဆန်းရဲ့ ထိုင်းနဲ့နီးတော့ နိုင်ငံခြားမှောင်ခိုပစ္စည်းတွေ ပေါတယ်၊ စုံတယ်။ အလွ လည်း ရာသီဥတုမျှတတယ်။ သားငါး၊ ဟင်းသီးဟင်းရွက်ပေါတယ် ကျွန်တော်ကတော့ မြိတ်သားဆိုတော့ မြိတ်မြို့ကို အလွန်သဘောက တယ်။ ထောင်မှူးစဖြစ်ကတည်းက မြိတ်မြို့မှာ ကပ်နေလို့ရအောင် မနည်းကြိုးစားထားရတာ ကိုဝင်းဆန်းရဲ့။ ခင်ဗျားကျမှ •အကြာကြီး မနေချင်ဘူးဆိုတော့ အလွန်အံ့သြပါရဲ့ဗျာ။

မြိတ်မြို့က ထူးခြားဆန်းကြယ်တာတွေ နောင် ခင်ဗျားတွေ ရပါလိမ့်ဦးမယ်။ ဇီဝဖိုးငှက်ကလေးတွေက သူတို့ကြိုက်နှစ်သက်တဲ့ တိုက်အိုမ်ကြီးတွေမှာ အသိုက်လုပ်သဗျ။ အသိုက်ဆိုတာက သူတို့ရဲ့ အန့်ဖတ်ပဲ။ အန့်ဖတ်က ငှက်သိုက်လို့ခေါ်တဲ့ အားဆေးတစ်မျိုးပဲ။ အဖြူ အဝါ၊ နီညိုဆိုပြီး (၃)ရောင်ရှိတယ်။ အဖြူက ဆေးဖက်အဝင်ဆုံးနဲ့ ဈေးအကြီးဆုံးပေါ့။

သူတို့ငှက်သိုက်လာစွဲတဲ့ တိုက်အိမ်ကတော့ သိန်းထီပေါ် သလို ထောတာပဲ။ ငှက်ကလေးတွေက တစ်ချိန်လုံး အသိုက်ပဲလုပ် တာ။ အရင်က ပယ်လယ်ထဲက ကျွန်းတွေပေါ်ကို အဖွဲ့နဲ့သွားပြီး ငှ သိုက်ရှာရတာ။ အလွန်အန္တရာယ်များတယ်။ ငှက်သိုက်တွေက ကျော





င်စွန်းအမြင့်ကြီးတွေပေါ်မှာ လုပ်ထားတာတော့ လှေကားထောင် ရတာ' အမြင့်ကြီး။ အလွန် အန္တရာယ်များတာပေါ့။

အခုတော့ လူတွေက 'ကက်ဆက်' ပေါ်လာတော့ သဘာဝ ကျောက်ငှက်သိုက်လာစွဲတဲ့ ဇီဝဖိုးငှက်ကလေးတွေနေတဲ့အိမ်က အသံ ကိုဖမ်းပြီး အိမ်သစ်တစ်အိမ်မှာ ပြန်လွှင့်တယ်။ ဇီဝဖိုးငှက်ကလေး ရောက်လာကြပြီး အသိုက်ဆောက်ကြတော့ အဲဒီအိမ်လည်း သိန်း ကိသလို ထောပြန်တာပေါ့။ လူဆိုတာက စီးပွားရှာကောင်းကြ လေ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

“ဒါနဲ့ ခင်ဗျားကော စီးပွားရေးအဆင်ပြေသလား . . . ကို
ဆိုင်။ ကျွန်တော်တို့ လေ့လော့်အင်းစခန်းမှာတော့ ထောင်ပိုင်က ဦး
အလွန်အေးတာ။ စခန်းမှာတော့ ကျွန်တော်တို့လက် ကျွန်တော်တို့
ပဲ။ အားလုံး အဆင်ပြေတယ်။ ဒီမှာကကော ကိုဘင်ဆိုင်”

“ဒီမှာက ထောင်ပိုင်က ဦးအောင်ဆန်း၊ ထောင်မှူးကြီး
ကျွန်တော်နဲ့ လူပျိုကြီး ဦးကျော်ထွန်း၊ ကျွန်တော်က မြိတ်သားဆို
ထောင်ပိုင်နဲ့ရော မြိတ်မြို့နဲ့ပါ အဆင်ပြေတယ်။ ဦးကျော်ထွန်းက
ဆိုတော့ ဒုတိယထောင်ပိုင်ပေါ့။ ကျွန်တော်ကတော့ ထောက်
မှူးကြီးပါ။

ဦးကျော်ထွန်းနဲ့ထောင်ပိုင်က အဆင်မပြေသလို မြိတ်
တာဝန်ခံ ထောင်ပိုင် ဦးတင်မြင့်ကိုနဲ့လည်း ထောင်ပိုင်က အဆင်
လှဘူးဗျ။ ဒါကြောင့် ကိုဝင်းဆန်းလည်း အဆင်ပြေအောင်နေပါ





တာရှိရင် ကျွန်တော့်ပဲပြောပါ။ ကျွန်တော်က ထောက်ပံ့ရေးဌာန
တာဆိုတော့ သူငယ်ချင်းတစ်ပတ်စဉ်တည်းပဲ၊ ကူညီပါ့မယ်။ ငွေ
ကြေးရေးကအစပေါ့”

“ကျေးဇူးတင်တယ် ကိုဘင်ဆိုင်။ အခုတော့ ကျွန်တော်တစ်
ယောက်တည်း နေစရာနဲ့စားစရာရရင်တော်ပြီ။ မိသားစုပြောင်းလာမှ
ခင်ဗျားပြောတာတွေ လိုအပ်လိမ့်မယ်”

ကျွန်တော်တို့ ပထော်ပထက် ရွှေသာလျောင်းဘုရားကြီးအား
ပါးရှုးကြပြီး အရိပ်ကောင်းသော တန်ဆောင်းနှင့် သစ်ပင်များ
အောက်တွင် နားခိုရင်း ပုတီးစိပ်၊ တရားထိုင်ကြသည်။ ကိုဘင်ဆိုင်
တရားထိုင်ခြင်းအလေ့အထ အတော်ရနေဟန်တူပါသည်။ တစ်နာရီ
တရားထိုင်နိုင်သည်။

ညနေစောင်းတရားထိုင်ပြီးသည်နှင့် ကျွန်တော်တို့ မြိတ်မြို့
ကမ်းသို့ ပြန်ကူးခဲ့ကြပါသည်။ မြိတ်ဆိပ်ကမ်းမှာ စက်လှေများ၊
များဖြင့် အလွန်စည်ကားပါသည်။

ထိုနေ့ညက ကျွန်တော့်အား မြိတ်ထောင်ဧည့်ဂေဟာ အခန်း
တွင် နေရာပေးသည်။ ဧည့်ဂေဟာမှာ ပျဉ်ထောင်အိမ်ဟောင်း
မြိတ်ထောင်အရှေ့ဘက် မျက်စောင်းထိုးတွင်ရှိသည်။ ဧည့်ဂေဟာ
ထောင်ပိုင်ဦးတင်မြင့်ကို၊ ထောင်မှူးကြီး ဦးကျော်ထွန်း၊ ကိုဘင်
ဖြင့် ညစာစားရင်း ပြန်ဆုံကြသည်။ မြိတ်ထောင်ပိုင်ဦးအောင်
ကိုတော့ ထိုညက ကျွန်တော်နှင့် မဆုံတွေ့ခဲ့ရပါ။

နောက်တစ်နေ့မနက် (၇)နာရီခန့် ကျွန်တော်အလုပ်ဝင်တော့
ပိုင်ဦးအောင်ဆန်းနှင့် တွေ့သည်။ ကျွန်တော့်အား ထောင်ကျရုံး
ကိုပေးသည်။ ထောင်ကျရုံးမှာမူ တံခါးကြီးအတွင်း၌ပင် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးကြီးတွင် ထောင်မှူးမရှိ။ တပ်ကြပ်နှင့်အဖွဲ့သာရှိသည်။ အဝင်၊ အထွက် အလွန်အနည်းပါးသည်။ တစ်ဖက်ခြမ်းက ထောင်ပိုင်ရုံးခန်းဖြစ်သည်။ ထောင်မှူးကြီးများလည်း ထောင်တွင်းဝင်လိုက်၊ ထွက်လိုက်ဖြင့် ထိုင်ကြသည်။

မနက် (၈)နာရီခန့်တွင် ကိုဘင်ဆိုင်ရောက်လာပြီး ကျွန်တော့်အားခေါ်၍ ထောင်တွင်း၊ ထောင်ပြင်လိုက်ပြပြီး ရှင်းလင်းပြပါသည်။ မြိတ်ထောင်မှာ စတုဂံပုံစံဖြစ်သည်။ ထောင်အပြင် ဘူးဝရှေ့ထောင်ပိုင်ကြီးအိမ်နှင့် ညွှဲဂေဟာအုတ်ရိုးလေးထောင့်အပေါ်တွင် မျှော်စင်ကင်းများရှိသည်။ ဘူးဝအပေါ်တွင် ဗဟိုကင်းရှိသည်။

အတွင်းသို့ဝင်လျှင် လက်ယာဘက်၌ မိုကြီးနှင့် တိုက်ခန်းများ လက်ယာဘက်အစွန်တွင် ဝါလားဆောင်၊ အနောက်ဘက်၌ ထောင်ဆေးရုံနှင့် အနောက်ဘက်ဘေးအစွန် အုတ်ရိုးအနီးတွင် ကြိုးစင်ရှိသည်၊ လက်ဝဲဘက်ဘူးဝအနီး၌ ရေတွင်းနှင့် ဘုရားဆောင်၊ လက်ဝဲဘက်အုတ်ရိုးကို ဖောက်၍ တံခါးတပ်ဆင်ထားသော အမျိုးသမီးဆောင်တို့ဖြစ်ကြသည်။ အမျိုးသမီးဆောင်အနောက်ဘက်တွင် အုတ်ရိုးကို ကန့်ပြီး အမျိုးသားအချုပ်နှင့် ထောင်ကျဆောင်၊ အလုပ်ဘက်ဝင်းတို့ တည်ရှိသည်။

ကိုဘင်ဆိုင်က ဆက်လက်၍ပြောပြသည်မှာ ...

''ကိုဝင်းဆန်းရေ ... မြိတ်ထောင်ကို အင်္ဂလိပ် – မြန်မာ တတိယစစ်ပွဲအပြီး ၁၈၉၆ ခုနှစ်မှာ ဆောက်လုပ်ခဲ့တော့ အခုဆိုရင် နှစ် (၁၀၀) ကျော်ပြီပေါ့။ ခရစ်နှစ် ၁၈၂၄ ခုနှစ်မှာ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲအပြီးမှာ တနင်္သာရီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ကို အင်္ဂလိပ်အစိုးရက သိမ်းပိုက်အုပ်ချုပ်ခဲ့တယ်။ တစ်ခါ မြန်မာမျိုးချစ်





သူရဲကောင်းတွေနဲ့ ပုန်ကန်သူတွေကို နှိပ်စက်ညှင်းပန်းဖို့နဲ့ ချုပ်နှောင်ထားရန်အတွက် မြိတ်ထောင်ကို ဆောက်လုပ်ခဲ့တာ ထောင်ဟောင်းကြီးပေါ့ဗျာ''

ကျွန်တော်တို့ မြိတ်ထောင်ကို အပြင်က လှည့်ပတ်ကြည့်ကြသည်။ မြောက်ဘက်တွင် တပ်ပြင်ရပ်ကွက်၊ အရှေ့ဘက်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၊ တောင်ဘက်တွင် ပလောင်စုရပ်ကွက်တို့ တည်ရှိပေသည်။ မြိတ်ထောင်အကျယ်အဝန်းမှာ (၁၁. ၃၂၇) ဧကရှိပြီး ထောင်တွင်းဧရိယာ (၂. ၅၁၅)ဧက၊ ထောင်ပြင်ဧရိယာမှာ (၈. ၈၁၂) ဧကသာရှိသည်။

မြိတ်ဆိပ်ကမ်းတစ်ဖက် ပထော်ပထက်မှ ရွှေသာလျောင်းဘုရားကြီးအား မြိတ်မြို့သို့ ရောက်သည့်နေ့၌ပင် ဖူးရသောကြောင့် အားမသိပါ။ ကျွန်တော်မြိတ်မြို့တွင် (၈)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ မိသားစုနှင့်အတူတကွ နှစ်ရှည်လများ နေထိုင်ခဲ့ရသဖြင့် ကျွန်တော်တို့မိသားစုမှာ မြိတ်မြို့သူ မြိတ်မြို့သား အလေ့အကျင့်၊ စကားပြောကို ရခဲ့ပါသည်။ နာမည်ကျော် မြိတ်ကတ်ကြေးကိုက်မှာ အလွန်စားကောင်းလှသည်။

ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ဖူးသော မြန်မာပြည် မြို့ရွာအနှံ့တွင် မြိတ်မြို့မှာ အစားအသောက်၊ အနေအထိုင်ကောင်းသဖြင့် ကျွန်တော် သဘောအကျဆုံးနှင့် ပထော်ပထက် ရွှေသာလျောင်းဘုရားကြီးကြောင့် အမှတ်တရအဖြစ်ဆုံး မြို့ဖြစ်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

၁၉၉၀ ပြည့်နှစ်တွင် ကျွန်ုပ် မြစ်ကြီးနားထောင်တွင် တာဝန်
...တော့ အအေးကြိုက်သော ကျွန်ုပ်အတွက် အလွန်ဟန်ကျပါသည်။
...လွင်ရာသီဥတုကို ကြိုက်နှစ်သက်သောကြောင့် ယခင်နှစ်များက
...တက မိမိစရိတ်အကုန်အကျခံ၍ သွားရခြင်းဖြစ်သော်လည်း
...တော့ အနည်းဆုံး (၂)နှစ်ခန့် နေထိုင် တာဝန်ထမ်းဆောင်ရမည်
...သည်။

ချမ်းအေးပြီး အမြဲတမ်း စိမ်းလန်းစိုပြည်နေသော မြစ်ကြီး
...တော်ဝန်းကျင်မှာ လွန်စွာ နေထိုင်ကောင်းလှသည်။ အသီးအနှံ
...သော ဒေသဖြစ်၍လည်း ကျွန်ုပ်၏ စိတ်ကြိုက်ဖြစ်ရခြင်းဖြစ်သည်။
...ထောင်ဖြစ်၍လည်း မြို့ကြီးများမှ ဗဟိုထောင်ကြီးများလို အလုပ်
... အကျဉ်းသူ၊ အကျဉ်းသားများကလည်း ရာဂဏန်းသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြစ်ကြီးနားသို့ရောက်စတွင် ကျွန်ုပ်အတွက် ေ လာစရာ၊ သွားစရာလာစရာများက ပေါများလှသည်။ ထောင်ပိုင် လည်း ကျွန်ုပ်နှင့်အတူ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးတွင် နှစ်အ ကြာ တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဦးသောင်းလွင်ဖြစ်၍ ကျွ အား လွတ်လပ်စွာ လည်ပတ်ခွင့်ပေးထားပါသည်။

မြစ်ကြီးနားထောင်သို့ ကျွန်ုပ်ထက် အရင်ရောက်ရှိ၍ တာ ထမ်းဆောင်နေသော ထောင်မှူး စောအောင်ခမ်းမှာ မေခနှင့်မလိခ ဆုံ အင်ဂျန်းယန်မြို့မှ ဖြစ်သည်။ သူကဦးဆောင်ပြီး ကျွန်ုပ်အား ေ ကမ်းမှ အပန်းဖြေစခန်း ကရိန်နော်သို့လည်းကောင်း၊ စီတာပူ၊ မ ဝိုင်းမော်မြို့များသို့ အားလပ်ရက်များတွင် လိုက်ပါပို့ဆောင်ပြီး လ ပတ်တတ်သည်။

ထို့အပြင် ဒေသထွက်အရက်အမျိုးမျိုး၊ ခေါင်ရည်နှင့် မ အစားအစာများကိုလည်း ကျွေးမွေးတတ်ပါသေးသည်။ တစ်နေ့တွင် ဖက်ဝင်ရိုးပိတ်ရက်နှင့် စနေ၊ တနင်္ဂနွေ၊ ရုံးပိတ်ရက်များခံနေသ မြစ်ဆုံအလှကိုခံစားရင်း သူ၏မွေးဇာတိမြေအင်ဂျန်းယန်မြို့သို့ အလ အပတ်သွားရန် အဖော်စပ်တော့သည်။

"ဆရာကြီး . . . ဒီအပတ် ပိတ်ရက်တွေများတယ်၊ ကျွန် အင်ဂျန်းယန်ကိုပြန်မလို့ ဆရာလိုက်လည်မလား။ မြစ်ဆုံအလှကိုလ ခံစားရတာပေါ့"

"အေး . . . လိုက်တော့ လိုက်ချင်တယ်။ ငါတို့ အင်းစိန် အကျဉ်းထောင်မှာတော့ နွေကြီးရက်ကြီးပိတ်ရက်ခံနေရင် STAND ပဲ။ ဒီမြို့မှာတော့ ဘယ်လိုလဲ မသိဘူး"





"ဒီမှာတော့ ဘာမှမရှိဘူးဆရာ။ နယ်ထောင်ဖြစ်လို့ အလွန် အေးချမ်းတယ်။ ကျွန်တော်က ဒီလဒီရာသီမှာ မွေးဇာတိကို ပြန်နေ ကျ။ ဆရာလိုက်ခဲ့ပါ။ ကျွန်တော် အားလုံး တာဝန်ယူပါတယ်။ ဒီအချိန် အင်ဂျန်းယန်မြို့မှာ ကောက်သစ်စားပွဲ၊ မနောပွဲနဲ့ ပျားပတူဖွတ်ပွဲ၊ အမဲ တိုက်ပွဲတွေရှိတယ် ဆရာ။ အလွန်ပျော်စရာကောင်းတယ်။ နောက်ပြီး ပျားခေါ်ပြိုင်ပွဲလည်း ပြုလုပ်ပြီး ပျားဘုရင်မရွေးပွဲလည်းရှိတယ်။ အလွန် စိတ်ဝင်စားစရာကောင်းတယ် ဆရာ။ မြန်မာတစ်နိုင်ငံလုံး ဘယ်ဒေသ မှာမှ ဒီလိုပွဲမျိုး မရှိဘူးဆရာ"

"ပျားဘုရင်မရွေးပွဲ ဟုတ်သလား၊ ဘယ်လိုလုပ်တဲ့ပွဲမျိုးလဲ"

"ကောက်သစ်စားပွဲနဲ့ မနောပွဲအပြီး ၊ မနောကွင်းထဲမှာလုပ် တာ ဆရာ။ (၃)ရက်တိုင်တိုင် ကျင်းပတာ။ ပြိုင်ပွဲဝင်တွေက အပျိုစင် စစ်စစ် ဖြစ်ရတယ်။ သူတို့ကို သတ်မှတ်ပေးထားတဲ့နေရာမှာ ပျားနား ကိုင်းထောင်ပြီး ပျားခေါ်ဂါထာကို ရွတ်ကြရတယ်။

ပျားတွေက အုပ်လိုက်လာပြီး သူတို့ကြိုက်တဲ့ အပျိုစင်ကိုင် ထားတဲ့ ပျားနားကိုင်းမှာ နားတယ်။ ပျားလပို့ လုပ်တယ်။ အပျိုစင် မဟုတ်ရင် ပျားတွေက သိတယ်။ လုံးဝမနားဘူး။

(၃) ရက်ပြည့်လို့ ပျားနားကိုင်းက ပျားလပို့တွေကို အရည် ညှစ်ယူရင် ပျားရည်အများဆုံးရတဲ့ ပျားကိုင်းကို ကိုင်ရတဲ့အပျိုစင်ကို ပျားဘုရင်မဘွဲ့ပေးတယ်။ ရွှေသရဖူနဲ့ ငွေတွေလည်း သိန်းချီပြီး ဆုချ တယ်၊ အလွန်ထူးဆန်းပြီး ပျော်ဖို့ကောင်းတယ် ဆရာ။ အင်မတန် ကြခဲ့ပါတယ်။

အင်ဂျန်းယန်မြို့ဆိုတာကလည်း မေခနဲ့ မလိခမြစ်ကြား တောတောင် ဝိုင်းနေတဲ့ မြို့ကလေးပါ။ တောတောင်ဝိုင်းနေလို့ တော



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေ မြို့ထဲကို မကြာခဏဝင်တတ်လို့ တစ်မြို့လုံးကို စည်းရိုးခတ်ထားရတဲ့ အလွန်ထူးဆန်းတဲ့ မြို့ပါ။ မြို့အနီးက ချောင်းတွေရဲ့ မြေနဲ့ရေမှာ ရွှေနဲ့ ကျောက်စိမ်းထွက်တယ်။ ဒါကြောင့် တစ်မြို့လုံး ချမ်းသာကြွယ်ဝကြတယ်။ တစ်မြို့လုံး အမျိုးတွေချည်းပဲ။ ဘယ်သူ့အိမ် တက်စားစား ရတယ်''

''ဒါဆို ဘယ်နေ့သွားကြမှာလဲ စောအောင်ခမ်း''

''သန်ဘက်ခါ မနက်စောစောသွားမယ်ဆရာ။ ဂျစ်ကားတော့ ငှားသွားရမယ်ထင်တယ်''

✿ ✿ ✿

| ၂ |

ကျွန်ုပ်တို့ အင်ဂျန်းယန်သို့ သွားလည်ရန် ခွင့်တောင်းတော့ သဘောကောင်းလှသော ထောင်ပိုင်ကြီးဦးသောင်းလွင်က ထောင်တွင် သုံးနေသောဂျစ်ကားနှင့် ဒရိုင်ဘာမောင်ချစ်ကိုပင် ထည့်ပေးပါသေးသည်။ ကျွန်ုပ်တို့ တစ်ရက်ကြို၍ လက်ဆောင်ပစ္စည်းများဝယ်ပြီး နောက်တစ်နေ့မနက်စောစော ခရီးထွက်ခဲ့ကြပါသည်။

ကျွန်ုပ်တို့၏ဂျစ်ကားကလေး ရွှေမော်ရွာကို ကျော်လွန်ပြီး သာယာလှပသော ကရိန်နော် အပန်းဖြေစခန်းအနီးသို့ ရောက်လာသည်။ လီဒိုလမ်းအတိုင်း ဆက်လက်မောင်းနှင်လာရာ ကားလမ်းဘေး ရှိ ကိုန်းဖောရွာများဖြစ်ကြသည့် မန်စိန်ရွာ၊ နောင်ခုန်းရွာ၊ ဦးချစ်တောင်းရွာ၊ ကိုန်စရန်ရွာတို့ကို ကျော်ပြီးနောက် တန်ဖဲ့ရွာ (တန်



www.burmeseclassic.com

www.burmeseclassic.com



ဖရဲရွာ)သို့ရောက်လာသည်။ တန့်ဖဲရွာမှာ မြစ်ကြီးနား၊ ဆွမ်ပရာဘူ[illegible] မြစ်ဆုံ၊ အင်ဂျန်းယန်တို့ကို ဆက်သွယ်ပေးသည့် ကြားခံရွာကြီးဖြ[illegible] အလွန်စည်ကားသည်။

"ဆရာ ... ကျွန်တော်တို့ အချိန်စောသေးပေမယ့် ဒီတ[illegible] ရွာမှာ နေ့လယ်စာ စားကြရအောင်။ အင်ဂျန်းယန်ကို ညနေစော[illegible] ရောက်မယ်။ ဒီရွာကနေ မေခ၊ မလိခမြစ်ဆုံကို တစ်မိုင်ဝေးတ[illegible] မြစ်ဆုံကနေ အင်ဂျန်းယန်ကိုကူးဖို့ ငွေထော်ကူးတို့ဆိပ်က (၃)မိုင်[illegible] တယ်။ ကူးတို့ဆိပ်နဲ့ အင်ဂျန်းယန်မြို့က (၂၆) မိုင်သာ ဝေးပေ[illegible] လမ်းကကြမ်းတယ်။ ဒါကြောင့် ညနေစောင်းမှရောက်ကြမှာ။ လမ်[illegible] စားသောက်ဆိုင် မရှိတော့ဘူးဆရာ။ တောလမ်းကြီးပဲ"

ကျွန်ုပ်တို့ တန့်ဖရဲရွာတွင် နေ့လယ်စာစားကြပါသည်။ က[illegible] လက်ရာ စစ်စစ်ဖြစ်သည်။ သို့သော် သူ့ဒေသနှင့်သူတော့ လိုက်[illegible] ပါသည်။ စား၍လည်း ကောင်းပါသည်။ စားသောက်ပြီး ခရီးဆ[illegible] ထွက်လာခဲ့ရာ မေခနှင့် မလိခမြစ်နှစ်သွယ်ဆုံ၍ ဧရာဝတီမြစ်ကြီးကို [illegible] ဖွားလာသော အလွန်သာယာလှပသည့် မြစ်ဆုံဒေသတို့ရောက်ရှိ[illegible] သည်။

တောင်ကျချောင်းများ ပေါင်းဆုံ၍ တောင်ကျမြစ်ကြီးဖြစ်[illegible] သော မြစ်ဆုံတွင် ရေမှုန်ရေမွှားများက အငွေ့ပြန်ပြီး ရေစီးသံမှာ [illegible] ဟဲ ဖြစ်နေသည်။ ကျွန်ုပ် မြန်မာပြည်အနှံ့ ရောက်ဖူးခဲ့သော်လည်း [illegible] မြစ်ဆုံဒေသလောက် သာယာလှပသောနေရာ ရှိမည်မထင်ပါ။ ကျွ[illegible] တို့ မြစ်ဆုံအလှကို ကြည့်ရှုခံစားရင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်[illegible] ထိုင်၍ နားကြပြန်ပါသည်။ မြစ်ဆုံအလှကို လေ့လာခံစားသူ ဧည့်သ[illegible] များက ဓာတ်ပုံရိုက်ကြ၊ ကြည့်ရှုခံစားကြရင်း စည်ကားနေသည်။





မလိခမြစ်ကူး ငွေထော်ကူးတို့ဆိပ်သို့ (၃)မိုင်ခန့် ဆက်မောင်း[illegible] ကူးတို့ဆိပ်အနီးမှ ဘောလီတံတားမှာ ဟောင်းနွမ်းဆွေးမြည့်နေ၍ [illegible]ချေသောကြောင့် အထက်သို့ဆန်တက်ခဲ့ပြီး (၈၅)ပေ ဘောလီတံတား [illegible] မလိခမြစ်ကို ဖြတ်ကူးရသည်။ တစ်ဖက်ကမ်းရောက်တော့လည်း [illegible]တွင်းဖောက်လုပ်ထားသည့် ကားလမ်းအတိုင်း အင်ဂျန်းယန်မြို့ [illegible] (၂၆)မိုင် တောလမ်းခရီးကို စတင်ခဲ့သည်။ လမ်း၌ ရွာဆက်က [illegible]သည်။

ကတ္တရာလမ်းဖြစ်သော်လည်း မပြုမပြင်တကြာသော တော [illegible]ရိုးဖြစ်၍ လမ်းအလွန်ကြမ်းသည်။ ဂျစ်ကားဖြစ်၍သာ တော် [illegible]သည်။ သစ်တောကြီးမှာ အလွန်ထူထပ်သည်။ မလိခမြစ်တစ် [illegible]ကမ်း ကားဂိတ်တွင်တော့ အင်ဂျန်းယန်မြို့သို့သွားမည့် ဂျစ်ကား [illegible]များ တန်းစီ၍ ဂိတ်ထိုးထားသည်။ ဆိပ်ကမ်းမှာလည်း တန့်ဖဲ [illegible]သို့ ခရီးသည်များဖြင့် စည်ကားပါသည်။ ကားဂိတ်၌ လက်ဖက် [illegible]ဆိုင်ထက် ဒေသထွက် အရက်မျိုးစုံရောင်းသော ဆိုင်များက ပေါ [illegible]ပါသည်။

တောတွင်းလမ်းဖြစ်၍ အကွေ့အကောက်များပြီး ကားလမ်း [illegible] သစ်ပင်ကြီးများ အုံ့ဆိုင်းနေသဖြင့် မကြာခဏ ဟွန်းသံရှည် [illegible] သတိပေးမောင်းနှင်ကြရသည်။ ကားချင်းဆုံပါက ရပ်၍ရှောင် [illegible]သည်။

တောင်ဆင်း၊ တောင်တက်လမ်းများကို ဖြတ်သန်းပြီး ကျွန်ုပ် [illegible] ဂျစ်ကားကလေးသည် အမြဲစိမ်းသစ်တောကြီးအား ဖြတ်သန်း [illegible]သွားစဉ် သစ်ပင်ကြီးများပေါ်၌ လွန်စွာလှပသော သစ်ခွပန်းရောင် [illegible] မြင်တွေ့ရသဖြင့် သစ်ခွပန်းဝါသနာပါသော ကျွန်ုပ် လှုပ်ရှား စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ရသည်။ အင်ဂျန်းယန်နယ်မြေမှာ ချောင်းမြောင်းပေါ၍ တံတားများလည်း အလွန်ပေါသည်။

"ဆရာ ... ကျွန်တော်တို့မြို့နယ်က အလွန်အေးချမ်းသာယာသလို ချောင်းမြောင်းနဲ့ တံတားကလည်း အလွန်များတယ်။ ဂျုဒါခ၊ အင်ဒုံးခ၊ ဂကျီခ၊ ဆဘွဲ့ခ၊ ခန်းစောခ၊ အင်ဆောင်ခချောင်းနဲ့ အင်ဒေါ်ခချောင်းတွေရှိပြီး အရှေ့ဘက်က မေခမြစ်ကြီးထဲကို စီးဝင်တယ်"

"အေးကွ ... ဒါကြောင့်လည်း နယ်မြေဒေသတစ်ခုလုံး စိမ်းစိုသာယာတာပေါ့နော်"

"ဟုတ်တယ် ဆရာ။ ခရန်ခချောင်းနဲ့ ဂျုတီခချောင်း၊ ထရေချောင်း၊ လရှိခချောင်း၊ အင်ဂျန်းခချောင်းနဲ့ အင်ဒင်းခချောင်းတွေက အနောက် ဘက်မှာရှိတဲ့ မလီခမြစ်ကြီးထဲကို စီးဝင်တယ်"

လမ်းတစ်လျှောက် တောင်ကုန်း၊ မြေပြန့်နေရာအနှံ့တွင် စိမ်းညို့၍ ပေါက်ရောက်နေကြသော သစ်တောကြီးများအထဲတွင် စံကားဝါ၊ ယမနေ၊ အင်၊ ကညင်၊ စံကားစိမ်း၊ ငု၊ ယင်းမာ၊ သစ်ကတိုး၊ ဝက်သစ်ချ၊ ကံ့ကော်၊ တောင်ပိတောက်၊ တောင်ပိုးစာနှင့် နလင်ကျော်ပင်တို့ထူထပ်စွာ ပေါက်ရောက်နေကြသည်။

"ဆရာ၊ ကျွန်တော်တို့ အင်ဂျန်းယန်နယ်မြေဟာ သစ်တောထူထပ်သလို ဆင်၊ ဆိုင်၊ ပြောင်၊ ဆတ်၊ ကျား၊ ဝက်ဝံ၊ မြေခွေး၊ ဝံပွေး၊ ဒရယ်၊ တောကြောင်၊ မျိုးစုံနဲ့ ချေ၊ တောဝက်၊ တောင်ဆိတ်၊ မျောက်ဝံနဲ့၊ တောမျောက်၊ ရစ်၊ ဒေါင်းနဲ့ ငှက်ပေါင်းစုံလည်း အလွန်ပေါတယ်ဆရာ။

နောက်ပြီး သစ်တောထွက်ပစ္စည်း ကြိမ်၊ ဝါးအမျိုးမျိုး၊ ပျားရည်၊ ပျားဖယောင်း၊ ကရဝေး၊ သစ်ကြံပိုး၊ မှို၊ ခြောက်၊ အင်တွဲ၊





လျက်၊ လင်းနို့ချေးနဲ့ ပရဆေးပင်၊ ဂမုန်းပင်၊ သစ်ခွအမျိုးမျိုးအစုံရှိတယ် ဆရာ"

"အေးကွ ... ဒါပေမဲ့ ကျီးကန်းတော့ မမြင်မိလို့ ငှက်ဖျားတော့ ရှိမယ်ထင်တယ်နော်"

"ဟုတ်တယ် ... ဆရာ၊ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ အင်ဂျင်းယန်ဟာ တကယ်ကို ငှက်ဖျားထူထပ်ပါတယ်။ အခုတော့ မြို့ပေါ်မှာ ငှက်ဖျားမရှိတော့ပါဘူး။ ကျီးကန်းငှက်တွေလည်း အင်ဂျန်းယန်မြို့ထဲမှာ ပေါပါတယ်။ မြို့ကွက်ချဲ့ထွင်လိုက်ပြီး ရေစီးရေလာကောင်းအောင် ရေမြောင်းတွေဖော်ကြ၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့လည်း ရောက်လာလို့ မြို့ဟာ အတော်သန့်ရှင်းသွားပါတယ်"

(၂၆)မိုင်သာဝေးသော မြစ်ဆုံ အင်ဂျန်းယန်ခရီးမှာ ကား (၂)နာရီခန့် မောင်းရပါသည်။ ညနေ (၂)နာရီကျော်မှ အင်ဂျန်းယန်သို့ ရောက်ပါသည်။ မြို့ကလေးမှာ တောင်ကုန်း၊ တောင်စောင်းပေါ်၌ တည်ထားသဖြင့် လွန်စွာ သာယာလှပသည်။ အိမ်တိုင်းခြံနှင့်ဝင်းနှင့် စနစ်ကျလှသည်။

ခြံဝိုင်းများအတွင်း၌လည်း ပန်းမျိုးစုံနှင့် ဂရိတ်ဖရုံ၊ ဝါရှင်တန်နေပယ်၊ ကွဲကောသီး၊ စတားဖရဲ၊ တညင်းပင်၊ ကြက်မောက်သီးပင်များကိုလည်း စိုက်ပျိုးထားပါသည်။ အိမ်များမှာ ကချင်ပုံစံ ခြေတံရှည် နှစ်ထပ်အိမ်များဖြစ်ကြသည်။ သစ်ပေါသောဒေသဖြစ်၍ သစ်အိမ်များသာ ဖြစ်ကြသည်။

ကျွန်ုပ်တို့၏ ဂျစ်ကားလေးကလေး ရွာလယ်ရှိ နှစ်ထပ်အိမ်ကြီးရှေ့သို့ ရပ်လိုက်သည်နှင့် အဘိုးကြီးနှင့် အဘွားကြီးတစ်ဦး ပြုံးဝင်းစွာ ထွက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ငါ့သားပါလာ၊ ဧည့်သည်တွေလည်း ပါလာတာကိုး"

"ဟုတ်တယ် . . . အပါ။ ဒါ ကျွန်တော့်ဆရာ ထောင်မှူးကြီးပါ"

"အေး . . . အေး . . . အိမ်ထဲဝင်ကြ။ အခါးရှည်သောက်ပြီးနားကြဦး"

ကျွန်ုပ်တို့ ခေတ္တနားကြပြီး ခရီးပန်းလာသဖြင့် ရေချိုးကြသည်။ ရေမှာ ခြံဝင်းထဲမှ တွင်းရေဖြစ်သည်။ အလွန်အေးမြလှသည်။ လွန်စွာလည်း သန့်ရှင်းသည်။ ရေချိုးလိုက်မှ လန်းဆန်းသွားတော့သည်။ စောအောင်ခမ်းမှာ လွန်စွာအလိုက်သိသည်။

ရေချိုး၍ အဝတ်အစားလဲပြီးသည်နှင့် အောက်ထပ်စားပွဲခုံရှည်ကြီးတွင် အရက်နှင့်အမြည်းများကို အသင့်ပြင်ဆင်ထားသည်။ အိမ်ရှင်အဘိုးနှင့် အဘွားကလည်း ကျွန်ုပ်တို့နှင့်အတူ အရက်အနည်းငယ်စီသောက်ကြသည်။ ပြီးသည်နှင့် ညနေစာကို စောစွာစားကြသည်။ စားပြီးမှ စောအောင်ခမ်းက မြို့တွင်းလမ်းလျှောက်၍ လိုက်ပြသည်။

တောမြို့ကလေးဖြစ်၍ ကျယ်ဝန်းခြင်းတော့မရှိပါ။ သို့သော် တောများ၊ တောင်များခြံရံနေသော မြို့ဖြစ်၍ လွန်စွာ အေးချမ်းသာယာပြီး စနစ်ကျလှသည်။ မြို့တောင်ဘက်တွင် မနောကွင်းကျယ်ကြီးရှိပြီး ပွားဘုရင်မရွေးပွဲအတွက် ပွားနားကိုင်များစိုက်ပြီး ပြင်ဆင်နေကြသဖြင့် . . .

"စောအောင်ခမ်း . . . ပွားဘုရင်မရွေးပွဲက ဘယ်တော့လဲ"

"မနက်ဖြန်လေ ဆရာ။ မနက်ဖြန် မနက် (၉)နာရီလောက်မှာ စမှာ။ ဒီဒေသက မနက်(၉)နာရီလောက်မှ နှင်းကွဲမှာလေဆရာ"





"ဩော် . . . ဒါဆို ငါတို့ ပွားဘုရင်မရွေးပွဲကို ကိုယ်တွေ့ကြုံရတော့မှာပေါ့ နော်"

"ဟုတ်ပါတယ် ဆရာ။ ဒါကြောင့် ကျွန်တော် ဒီနေ့ အရောက်လာတာပါ"

ထိုညက အေးချမ်းသော ရာသီဥတုတွင် ကျွန်ုပ်တို့ ခရီးပန်းလာသောကြောင့် လွန်စွာ အိပ်၍ကောင်းလှသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၃ |

❑

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့ မနက်(၇)နာရီခန့်၌ ... ဆင်ကြပြီး အတန်ငယ်လှမ်းသော မနောကွင်းသို့ ဂျစ်ကားကလေး... ထွက်လာကြသည်။ မနောကွင်းတွင် လူများပြည့်လျှံနေပြီး မြို့ခံ... သာမက ကျွန်ုပ်တို့လို ပြင်ပဧည့်သည်များလည်း လာရောက်ကြသ... ဂျစ်ကားကလေးများစွာကိုလည်း တွေ့ရသည်။

ကွင်းလယ်တွင် ဒိုင်လူကြီးအဖွဲ့က ယာယီတဲထိုးထားပြီး ... ကိုင်းများက ဝိုင်းရံထားသည်။ မနက် (၈:၄၅) နာရီတွင် ဒိုင်လူကြီး... အပျိုစင်များအား သတ်မှတ်ထားသော မိမိတို့နေရာ အသီးသီး... နေရာယူကြရန် အသံချဲ့စက်ဖြင့် ကြေညာပြီးနောက် မနက် (၉) ... တိတိတွင် အခမ်းအနားစတင်ကြောင်း ကြေငြာသည်နှင့် ပျားခေါ်ဂါ... ရွတ်ဖတ်သံများမှာ တစ်ကွင်းလုံး ဟိန်းရှည်သွားသည်။





(၁၅)မိနစ်ခန့်အကြာတွင် မိန်းမပျိုလေးများ ပျားခေါ်ဂါထာ ရွတ်သံကို ဖုံးလွှမ်း၍ တောင်ဘက်တောစပ်မှ တဝေါဝေါ တရှန်းရှန်း အသံများကို ကြားရသည်။ မကြာမီ ကင်းထောက်ပျား (၁၀)ကောင်ခန့် မနောကွင်းကို ပတ်ကြည့်ပြီး ပျံသွားကြသည်။ မကြာပါ။ မိုးအုံ့သလို ဖြစ်သွားပြီး နေရောင်ပျောက်သွားသည်။ များပြားလှသော ပျားများ က မနောကွင်းကြီးကို ဖုံးလွှမ်းသွားခြင်းဖြစ်သည်။

မကြာမီ ပျားအုပ်ကြီးမှာ ပျားကိုင်းအသီးသီးကို နားသဖြင့် ကောင်းကင်ကြီး ပြန်လည်ကြည်လင်လာပါသည်။ ကျွန်ုပ်တို့အနီးတွင် ရှိသော မိန်းမပျိုလေးများ၏ ကိုင်ထားသော ပျားကိုင်းသာမက လူ့ ကိုယ်ပေါ်သို့လည်း ပျားများနားသည်။

မိန်းမပျိုများကလည်း ပျားခေါ်ဂါထာကို အဆက်မပြတ် ရွတ် ဆိုနေကြသည်။ ပျားများက မိန်းမပျိုကို မတုတ်ပါ။ ပတ်ဝန်းကျင် ကြည့်ရှုနေသူများထံသို့လည်း မလာပါ။ နာရီဝက်ခန့်ကြာတော့ ပထမ ပျားအုပ်ကြီး ပြန်သွားပြီး မိန်းမပျိုများ ကိုင်ဆောင်ထားကြသည့် ပျား ကိုင်းအသီးသီးတွင် ပျားလပို့များ တွဲရရွဲ ကျန်ရစ်ခဲ့သည်။ ဒိုင်လူကြီး များက (၁၅)မိနစ်နားရန် ကြေညာသည်။

ပျားမစွဲသော ပျားကိုင်းကိုင်မိန်းမပျိုအား ဒိုင်လူကြီးများက ပြိုင်ပွဲမှ ထွက်ခွာရန် ကြေညာသည်။ (၁၅)မိနစ်ပြည့်တော့ ပွဲပြန်စရန် ကြေညာပြန်သဖြင့် ပျားခေါ်ဂါထာရွတ်သံများ မနောကွင်းတစ်ခုလုံး ဖုံးလွှမ်းသွားပြန်သည်။ မကြာပါ။ အစောပိုင်းကလိုပင် ပျားအုပ်ကြီးပျံ သံကြားရပြီး မနောကွင်းကို ဖုံးလွှမ်းသွားပြန်သည်။

ဤသို့ဖြင့် မနက်ပိုင်း (၃)ကြိမ်ပြိုင်ကြပြီး နေ့လယ် ထမင်း စားချိန် ခေတ္တနားသည်။ ကျွန်ုပ်တို့မှာ ကားပါသဖြင့် အိမ်ပြန်ပြီး နေ့



www.burmeseclassic.com

www.burmeseclassic.com



လယ်စာ စားကြသည်။ နေ့လယ်စာစားရင်း ကျွန်ုပ်တို့သိလိုသည်များ ကို မေးမြန်းရသည်။

"စောအောင်ခမ်း ... ပျားတွေက လူတွေလိုပဲ အလုပ်လုပ် ချိန်၊ နားချိန်၊ ရာသီချိန်ကိုသိတာ ဘာကြောင့်လဲ။ ပျားခေါ်ဂါထာသံ အစွမ်းကြောင့်လား။ အတော် ထူးဆန်းတယ်နော်"

"ကျွန်တော်ထင်တာတော့ နှစ်စဉ်ပြုလုပ်နေတဲ့ ရိုးရာပွဲဖြ တာကြောင့် သူတို့သိနေတာ ထင်ပါတယ်။ (၃) ရက်မြောက်တဲ့နေ့ တော့ နေ့တစ်ဝက်ပဲ ပွဲလုပ်တယ်။ မွန်းလွဲတာနဲ့ ပျားအုပ်ကြီးကမလာ ကြတော့ဘူး။ ဒိုင်လူကြီးတွေက အဲဒီအချိန်မှာ ပျားကိုင်းတွေမှာရှိ ပျားလပို့တွေကို အရည်ညှစ်ယူပြီး ချိန်တွယ်တယ်။ ပျားရည်အလေ ချိန် အများဆုံးရတဲ့ ပျားကိုင်းပိုင်ရှင်မိန်းမပျိုကို ပျားဘုရင်မဘွဲ့ပေ တာပဲ"

"အတော်ထူးဆန်းတဲ့ ရိုးရာဓလေ့ပါပဲ။ နောက်ပြီး ဒီပွဲမျိုး က နေရာတိုင်းလုပ်လို့ရမယ်မထင်ဘူး။ တောတောင်နဲ့နီးမှ လုပ်လို့ မယ် ထင်တယ်"

"ဟုတ်လိမ့်မယ် ဆရာ။ ပျားတွေက တောတောင်နဲ့မနီးရင် အဝေးကြီး ပျံနိုင်မယ်မထင်ဘူး။ ဒီပွဲကို ဘယ်တုန်းကတည်းက ဘယ်ရ ကစတာလည်း မဆိုနိုင်ဘူး။ လူကြီးတွေကိုမေးတော့လည်း ဟိုးရှေ ရှေးတုန်းကတည်းက ရိုးရာပွဲလို့ ဆိုကြတယ်"

"စိတ်ဝင်စားစရာပဲ။ မိန်းမပျိုတွေ ကိုယ်ပေါ်မှာနားတာလည် ရွစိရွစိနဲ့ အတော် အသည်းယားဖို့ကောင်းတယ်နော်"

"ဟုတ်ပါတယ် ဆရာ။ အပျိုစင်စစ်ကြောင်းနဲ့ ကိုယ့်ကိုယ် ကိုယ်ယုံကြည်မှ ပြိုင်ပွဲဝင်ရဲတာပါ။ အပျိုစင်မစစ်လို့ ပျားတုတ်ခံရပြီး





ဆေးရုံရောက်တော့ ဆေးမမီလို့ သေဆုံးရတာတွေလည်း ကျွန်တော်တို့ ယ်စဉ်က ကြားဖူးပါတယ်။ ရိုးရာပွဲဖြစ်လို့လည်း ဘယ်လိုမှ အရေးယူ လို့ မရပါဘူး။ တချို့က လောဘကြီးပြီး အပျိုစင်လုပ် ယှဉ်ပြိုင်တာပါ။ များတွေက ဘာကြောင့်မှန်းမသိဘူး။ အပျိုစင်စစ်၊ မစစ် ကောင်းကောင်း သိတယ်ဆရာ။

ကျွန်တော်တို့လို လူပျိုတွေအတွက်တော့ အိမ်ထောင်ဖက်ရွေး ပျားတွေကို ကျေးဇူးတင်ရမှာပေါ့။ အခု ကျွန်တော်တို့ဆီမှာလည်း ပျားဘုရင်မတွေ ဆုရပြီးတာနဲ့ နောင်နှစ်ဆက်တိုက် ဆုရကြသူ ရှား တယ်။ အပျိုစင်စစ်ကြောင်းသိတာနဲ့ စေ့စပ်ကြောင်းလမ်းတဲ့သူက များ တယ်။ စေ့စပ်ကြောင်းလမ်းလိုက်တာနဲ့ အပျိုစင်မစစ်တော့ဘူးလေ။ ကြောင့် ဝင်မပြိုင်ရဲကြတော့ဘူး။ ဝင်ပြိုင်ရင်လည်း ပျားတုပ်ခံရပြီး သေမှာ"

ကျွန်ုပ်တို့ ညနေပိုင်းတွင်လည်း သွားရောက်ကြည့်ရှုကြသည်။ ပျားခေါ်ဂါထာ (၃)ကြိမ်ရွတ်ပြီးတော့ ပထမနေ့နားသည့် ပျားကွင်းမှ ပျားလပို့များအား မရိုးမသား မပြုလုပ်နိုင်စေရန် ဒိုင်လူကြီးများက ကက်တွင် လုံခြုံရေးများချထားပြီး စောင့်ကြပ်သည်။ လွန်စွာစနစ်ကျ သော ပွဲကိုလ်များဖြစ်ကြပါသည်။

(၃) ရက်မြောက်သောနေ့တွင် မွန်းတည့် (၁၂)နာရီတိတိ၌ ရွတ်ဆိုက်ရာ ပျားခေါ်ဂါထာလည်း မရွတ်တော့လို့လားမသိ။ ပျားများ လည်း မလာကြတော့ပါ။ ထိုနေ့က ပရိသတ်များ အိမ်မပြန်ကြတော့။ ကွင်း၌လည်း စားသောက်ဆိုင်များရှိသဖြင့် ဝယ်စားကြရသည်။

ဒိုင်လူကြီးများက အစီအစဉ်လိုက် အပျိုစင်မိန်းမပျိုများ ကိုင် ထားကြသော ပျားကိုင်းများမှ ပျားရည်ကို အဖွဲ့နှင့် ညှစ်ယူချိန်တွယ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ညနေပိုင်း၌ ဖျားရည်အများဆုံးရသည့် မိန်းမပျိုအား ဖျားဘုရင်မတံဆိပ်ပါ (၅) ကျပ်သားရှိ ရွှေသရဖူနှင့် ငွေကျပ်(၅)သိန်း ကျောက်စီရွှေနှင်တံတစ်ခုတို့ကို ချီးမြှင့်သည်။ ပရိသတ်ကလည်း ဝိုင်းဝန်းစုပေါင်းချီးမြှင့်သဖြင့် ကျပ်ငွေ (၁၀)သိန်းခန့် ရရှိပါလိမ့်မည်။

ညဘက်တွင် လူငယ်အမျိုးသား၊ အမျိုးသမီးများ စုပေါင်းပြီး တောလိုက်ကျွမ်းကျင်သူက ဦးဆောင်၍ ဖျားပတူဖွတ်ပွဲ ကျင်းပပြု သည်။ ဂတ်ရှန်ခေါ် ရိုးရာနတ်ကို ပူဇော်ပြီး တောစပ်ဝင်၍ ကြိုတင် ရှာဖွေထားသော မြေအောင်းဖျားပတူအုံကို မီးခိုင်းမှိုင်းတိုက်၍ ဖွတ် ခြင်းဖြစ်သည်။

မြေချပ်ကြီးများအား ခွာ၍ ဖျားပတူအကောင်လောင်းလေး များအား သုပ်စား၊ ကြော်စားကြခြင်းဖြစ်သည်။ အလွန်လည်း ဆိ ပါသည်။ ကျွန်ုပ်တို့အနေဖြင့် စားဖူးသည်ရှိရုံသာ စားကြသော်လည် နယ်ခံအမျိုးသား၊ အမျိုးသမီးများက လွန်စွာကြိုက်ကြသည်။ နှစ်သ စွာလည်း စားသုံးကြသည်။

နောက်တစ်နေ့မနက်တွင်တော့ ရိုးရာအမဲလိုက်ပြိုင်ပွဲဖြစ်သည် အကြီးဆုံးသားကောင်ရမှုဆိုးအား မုဆိုးကျော်ဘွဲ့နှင့် ငွေသားဆုချီး ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ခွင့်မရတော့သဖြင့် အားမပေးနိုင်တော့ အလွန်အေးချမ်းပြီး စားသောက်ဖွယ်ရာနှင့် တွင်းထွက်ရတနာ ပေါကြွ လှသော မေခနှင့်မလိခမြစ်နှစ်မြစ်ကြားရှိ အင်ဂျန်းယန်မှ ကျွန်ုပ် ပြန်ခဲ့ကြပါတော့သတည်း။

တောင်မှူးကြီးသိန်းဝင်



www.burmeseclassic.com

| ၁ |

❑

တစ်နေ့တွင် ကျွန်တော်တို့အဖွဲ့ တွေ့ဆုံနေကျ ကိုတင်ထွန်း 'စိတ်ကူးသစ်' စာအုပ်တိုက်တွင် တွေ့ကြသည်။ စာရေးဆရာ မောင်ညို မှိုင်း (သန်လျင်)၊ စာရေးဆရာ ဝင်းနိုင် (ရွှေပြည်သာ)၊ ဦးစိန်လှိုင် (GEC)၊ ဝေယာင်မြင့်မောင်၊ နတ်လှူဦးနှင့် ညော့်သည်အမျိုးသမီးတစ်ဦး ပါရောက်ရှိနေသည်။ ကိုတင်ထွန်းက ထုံးစံအတိုင်းဧည့်ခံရာ မောင်ညို မှိုင်း၏ဆန္ဒအရ လက်ဖက်စုံသုပ်နှင့် ရေနွေးကြမ်းတို့ဖြင့် စကားဝိုင်း ဖွဲ့ကြသည်။

မောင်ညိုမှိုင်းမှာ ကုန်ကြမ်းပြတ်နေ၍ ဝတ္ထုရှည် မရေးနိုင် မဂ္ဂဇင်းပါ ဝတ္ထုတိုကလေးများဖြင့်သာ လုပ်စားနေရသဖြင့် ညီအစ်ကို အရင်းများသဖွယ် ခင်မင်ကြသောကြောင့် သူ့အား အကြံကောင်းညာဏ်





ကောင်းပေးသလိုလိုနှင့် ဝိုင်း၍ဝေဖန်ကြသည်။ မောင်ညိုမှိုင်းကလေး မှာ မျက်မှန်ထူထူအောက်မှ မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ငြိမ်၍နား ထောင်နေရှာသည်။

ကျွန်တော်က ...

"ကိုမှိုင်း ...စာတွေကိုကော ဖတ်ရဲ့လား။ ကိုယ့်စာကိုယ် ပြန်ဖတ်ပြီး ပီတိဖြစ်နေရုံနဲ့ မပြီးဘူး။ ခင်ဗျားရေးခဲ့တဲ့ နန်းအိမ်ကြို့ တို့၊ နာနာဘာဝဖိုင်တို့၊ ငြိမ်းဆင်သောလက်များတို့ဆိုတာ အလွန် အင် မတန်ကောင်းတယ်။ အခုတော့ ခင်ဗျားက ဝတ္ထုရှည်ကောင်းကောင်း တွေ မရေးနိုင်တော့ဘဲ ဝတ္ထုတိုတွေသာ စုပေါင်းထုတ်နေတော့ စာဖတ် ပရိသတ်တွေက အော်နေကြပြီ။ သူများစာတွေလည်း ဖတ်ပါ။ ကုန် ကြမ်းရအောင် ခရီးလည်းထွက်ပါ"

"အေးဗျာ ... ကျွန်တော် ခရီးလည်း ထွက်ချင်ပါတယ်။ ထုတ် ဝေသူ ကိုတင်ထွန်းက ကပ်စေးနဲ့ပြီး အရင်ကလို (၆)လတစ်ခါလောက် ဆော့လာရေးထွက်မပေးတော့ ကုန်ကြမ်းပြတ်တာပေါ့။ ကျွန်တော်က အညာဒေသဘက် ခရီးထွက်ချင်တာ။ ကျွန်တော် တစ်ခါမှ အညာဒေသ ကို မရောက်ဖူးဘူးဗျ"

"ခရီးထွက်တာ သူတစ်ပါးအားကိုးပြီး အဖော်စပ်မနေနဲ့။ ကျွန် တော့်လိုလုပ်။ ထွက်ချင်ရင် တစ်ယောက်တည်း ထွက်သွားလိုက်တာ ။ အတ်လမ်းဖွဲ့ပြီးစာရေးတယ်ဆိုတာ ပတ်ဝန်းကျင်မြင်ကွင်းစုံ တကယ် တွေ့ရမှ (MOOD) ဝင်ပြီး စာရေးလို့ကောင်းတာဗျ။

ကျွန်တော်ဆိုရင်, 'ငမောက်မိဖုရားပတ္တမြားကြီး' ရေးတုန်း က ရောက်ဖူးခဲ့တဲ့နေရာတွေ အခြေခံထားတာမို့ MOOD ဝင်ပြီး ပြီးပြင် အောင် မန္တလေး၊ အမရပူရ၊ သုနိုးကြီးတောက်ပြားရဲ့ မရှိသောဘုရား၊



www.burmeseclassic.com

www.burmeseclassic.com



စောမွန်လှရဲ့ ရွှေစာရံဘုရား၊ ပြင်ဦးလွင်၊ အနီးစခန်းနဲ့ ကျောက်ဆည်၊ စဉ့်ကိုင်မြို့နယ်ရွာလေးတွေထိ တစ်လလောက် ကွင်းဆင်းပြီး ရေးခဲ့ရတာ။ ဒါကြောင့် ပီပြင်တာ။ ခရီးသွားတာပဲ အဖော်မလိုဘူး၊ တစ်ယောက်တည်း နားအေးပါးအေးပဲ''

ကျွန်တော်က ဆရာကြီးလုပ်၍ ဘုန်းကြီးစာချ၊ လူတတ်ကြီးလုပ်ကာ မောင်ညီမှိုင်းကို နှိပ်ကွပ်လိုက်ပါသည်။

''အေးဗျာ ... ထောင်မှူးကြီးက တစ်နိုင်ငံလုံး အနှံ့ရောက်ဖူးတော့ ဆွေမျိုးတွေနဲ့ မိတ်သင်္ဂဟလည်း ပေါတာကိုး။ ကျွန်တော်မှာမှ အသိအကျွမ်းမရှိဘဲ''

''မလိုပါဘူး ... ကိုမှိုင်းရယ်။ ခင်ဗျားက စာရေးဆရာနာမည်ကြီးပဲ။ လူတကာသိပါတယ်။ အညာရွာကလေးတွေဆိုတာ အင်မတန်ရိုးသားပြီး ပွင့်လင်းကြပါတယ်။ ဘယ်ရွာက ဘယ်သူ့အိမ်မှာတည်းတည်း၊ ကျွေးမွေးပြုစုဖို့နဲ့ ကုန်ကြမ်းတွေပြောချင်လွန်းလို့ စောင့်ကြိုနေကြတာပါ။

ကျွန်တော်ကတော့ ကျောင်းသားဘဝကတည်းက အ,သုံးလုံး လုပ်အားပေးခဲ့တဲ့ ကျေးဇူးကြောင့် ကျောက်ဆည်မြို့နယ်၊ မုံရွာမြို့နယ်၊ အမရပူရမြို့နယ်နဲ့ မန္တလေးတစ်ဝိုက်မှာ အသိအကျွမ်းတွေချည်းပဲ။ ခင်ဗျား ဘယ်မြို့နယ်ကို သွားချင်သလဲပြော။ ကျွန်တော် စာရေးပြီး မိတ်ဆက်ပေးလိုက်ပါ့မယ်။ တစ်လကိုးသီတင်း စရိတ်ငြိမ်း ကျွေးထားကြပါလိမ့်မယ်''

''အေးဗျာ ... လုပ်စမ်းပါဦး၊ ထောင်မှူးကြီးရယ်။ ကျွန်တော် မိုးကုန်ပြီး သီတင်းကျွတ်လောက် သွားချင်တယ်။ ထန်းပင်ရယ်၊ ဆူးချုံရယ်၊ ထနောင်းပင်ရယ်၊ ခွေးတောက်ပင်ရယ်၊ သန်း၊ ဒဟတ်၊ ရွာ





ဝင်တွေကို အညာစာစားပြီး အညာမြေမှာ ကြာကြာနေလို့ တမာပွင့်ရနံ့သင်းသင်းကလေးကို ခံစားရင်း လေ့လာချင်တာပါ''

ထိုအချိန်၌ စာရေးဆရာ ဝင်းနိုင် (ရွှေပြည်သာ) က ...

''ဆရာမှိုင်းရယ် ... သီတင်းကျွတ်ဖို့က လိုပါသေးတယ်။ အခုမှ စက်တင်ဘာလဆန်းပဲရှိသေးတယ်။ အညာသွားတာလည်း သွားပေါ့။ အခုလောလောဆယ် ရန်ကုန်နဲ့နီးတဲ့ ကွမ်းခြံကုန်းဘက်ကို လကုန်လောက်မှာ ကျွန်တော့် Hilux ကားနဲ့ လိုက်ပို့ပါ့မယ်။ ကွမ်းခြံကုန်းက ကျွန်တော့်ဇာတိမြို့ပါ။ လေ့လာစရာတွေအများကြီး။ ဆရာမှိုင်းရေးတဲ့ နှိုရဇာတ်လမ်းတွေလည်း အများကြီးရမှာပါ။

လမ်းခရီးမှာရှိတဲ့ ကော့မှူး၊ လက်ခိုက်၊ လာဝတီ၊ ကြာကန်၊ ညာချောင်ဝ၊ တဂူခြံ၊ ပေတောကုန်း၊ ကွမ်းခြံကုန်း၊ မနုတ်၊ လက်ခုပ်ကုန်းအထိ ကျွန်တော် လိုက်ပို့ပါ့မယ်။ တစ်ညတော့ အနည်းဆုံးအိပ်ရမယ်။ စားရေးသောက်ရေး၊ နေရေးထိုင်ရေး အားလုံးကို ကျွန်တော် တာဝန်ယူပါတယ်။

အရင်က အလွန်နာမည်ကြီးခဲ့တဲ့ တွံတေးတောကြီးတန်းကိုလည်း သွားချင်ရင်လိုက်ပို့ပါ့မယ်။ တောကြီးတန်းကို အလယ်ကထားပြီး ဟံသာဝတီအရှေ့ခြမ်းနဲ့ အနောက်ခြမ်းလို့ ပိုင်းခြားထားတာ။ ကျွန်တော့်မိဘတွေနေခဲ့တဲ့ ဘိုးဒင်ရွာဆိုရင် အလွန်နာမည်ကြီးတာ။

ကျွန်တော့်ဇာတ်လိုက်တွေဖြစ်ကြတဲ့ ဘကြီးထိတ်တုံးရွှေ၊ သံသောက်မ ငပိန်၊ ပါလေရာမြတ်ကျော်နဲ့ ထမင်းချိုးတို့ဆိုရင် လူစွမ်းကောင်း လူရှုတ်ကြီးတွေ။ အရက်ကိုတော့ အလွန် အင်မတန်ကြိုက်ကြတယ်။ ထန်းလျက်ကို ဖိုလိုက်ဝယ်ပြီး ကိုယ်တိုင်ချက်သောက်ကြတာ''



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဇာတ်လိုက်တွေကြောင်းကို အကျဉ်းချုပ်ကလေး ပြောပြလိုက်စမ်းပါဦး ...ကိုဝင်းနိုင်ရယ်"

ကျွန်တော်က ဝင်ထောက်သည်။

"ဘကြီးထိတ်တုံးရွှေက သူကြီးသား။ ကျွန်တော့်ကို အလွန်ချစ်တယ်။ ကျွန်တော်တို့အမျိုးက (၆)ရွာပိုင်က သူကြီးမျိုးရိုး။ အဘိုးသူကြီးဆုံးတော့ ရွာထုံးစံအတိုင်း သား(၃)ယောက်ထဲက အကြီးဆုံးသားကြီးက သူကြီးလုပ်ရမှာ။ သားအကြီးဆုံးက ရွာကျောင်းထိုင်ဆရာတော်ဖြစ်နေတော့ သူကြီးမလုပ်ဘူး။ သားအလတ် ကျွန်တော်တို့ဘကြီးထိတ်တုံးရွှေက အရက်ချည်းသောက်နေတော့ သူကြီးလုပ်မရပြန်ဘူး။

အဲဒါကြောင့် အငယ်ဆုံး၊ ကျွန်တော်တို့အဖေက သူကြီးလုပ်ရတယ်။ အဖေက ဘကြီးထိတ်တုံးရွှေကို လန့်တယ်။ ငယ်ကြောက်ပေါ့။ ဒါပေမဲ့ အစ်ကိုအကြီးဆုံး ဘုန်းကြီးက အစ်ကိုကြီး အဘအရာဆိုသလို အားလုံးကိုနိုင်တယ်။ တစ်ရွာလုံးကလည်း သူကြီးထက် ဘုန်းကြီးကို ကြောက်ရတယ်။

ဘကြီးထိတ်တုံးရွှေကလည်း အစ်ကိုအကြီးဆုံး ဘုန်းကြီးကိုတော့ လန့်တယ်။ ဘကြီးထိတ်တုံးရွှေက လူဖြောင့်စိတ်တို၊ အရက်သမားဆိုတော့ မကြာခဏ အမှုအခင်းဖြစ်တတ်တယ်။ ဒါကြောင့် (၆)ပေါက်ထိတ်တုံး၊ (၁၂)ပေါက်ထိတ်တုံးနဲ့ မကြာခဏ ညားတယ်။ ဒါကြောင့် ဘကြီးဦးရွှေကို ထိတ်တုံး မကြာခဏအခတ်ခံရလို့ 'ထိတ်တုံးရွှေ' လို့ နာမည်ကြီးတာ။

ဘကြီးက လူပျိုကြီး။ ကျေးရွာကာကွယ်ရေးခေါင်းဆောင်၊ ရွာကာလသားခေါင်း။ ဘကြီးက မိဘလက်ထက်ကတည်းက သူ့ခင်သူကြီးက ထိတ်တုံးခတ်ခဲ့တာ။ ညီသူကြီးဖြစ်တော့လည်း အစ်ကိုအကြီး





ဆုံးဘုန်းကြီးက ဘကြီးရွှေကို ကျောင်းတိုင်ဖက်ပြီး ကြိမ်နဲ့ရိုက်ဆုံးမတယ်။ ထိတ်တုံးထဲ ထည့်တယ်။ ဘကြီးရွှေ အသက် (၅၀)ကျော်တဲ့အထိ ထိတ်တုံးနဲ့မလွတ်ဘူး။

ဘကြီးထိတ်တုံးရွှေက အဲသည်လိုဆိုးတာ။ သူနဲ့ပတ်သက်တဲ့ တစ္ဆေ၊ သရဲပုံပြင်တွေကလည်း ရှိသေးတယ်။ အခု အသက် (၆၀)ကျော်ပေမယ့် ကျွန်တော်တို့ ဘို့ခင်ရွာမှာ နာမည်ကြီးတုန်း၊ ဆိုးတုန်းပေတုန်းပါပဲ။ သူနဲ့တွေ့ရင် ဆရာမှိုင်းအတွက် ကုန်ကြမ်းတွေ အများကြီးရမှာပါ"

"နောက်တစ်ယောက်အကြောင်းလည်း ပြောပြလိုက်ပါဦး ကိုဝင်းနိုင်ရယ်။ ဘယ်သူတဲ့ အဲ ...သံယောက်မ ငပိန်အကြောင်းလေ"

ကျွန်တော်က ကိုဝင်းနိုင်နှင့် အကြောင်းသိသူချင်းမို့ ထောက်ပေးပြန်သည်။

"သံယောက်မ ငပိန်ဆိုတာ အသားမည်းမည်းပိန်ပိန် လူ့ငယ်လေးပါ။ ဘကြီးထိတ်တုံးရွှေနဲ့ တပည့်ပေါ့။ ကျွန်တော့်ထက်တော့ အသက်ကြီးတယ်။ ဦးလေးအရွယ်ပေါ့ဗျာ။ ခန္ဓာကိုယ်က ကျစ်ကျစ်လျစ်လျစ်နဲ့ အလွန်သန်မာတယ်။ ရွာထဲမှာ ပြဿနာဖြစ်ရင် သူ့အမြဲတမ်းရှေ့ဆုံးကပါတယ်။

ပြဿနာလေးတစ်ခုရှိရင် သူက ပုံကြီးချဲ့ပြီး ပြဿနာကြီးလုပ်တယ်။ တစ်ရွာလုံးကို မွှေတတ်လွန်းလို့ သူ့နာမည် ငပိန်နဲ့တွဲပြီး သံယောက်မငပိန်လို့ တစ်ရွာလုံးက ခေါ်ကြတာ။ သူက လူမှုရေးစိတ်ဓာတ်တော့ အပြည့်ရှိတယ်။ ရွာထဲမှ အသုဘဖြစ်ရင် (၇)ရက် (၇)ည ပြီး ဝေယျာဝစ္စ ဒိုင်ခံလုပ်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မသာရေချိုးတာကအစ အလောင်းစင်ပြင်တာ၊ ခေါင်းသွင်းတာ၊ သောကို ခြယ်သတာကအစ လုပ်ပေးတာ။ လုပ်စရာရှိရင်လည်း မနေတတ်ဘူး။ ထင်းခွဲ၊ ရေခပ်တာကအစ သူပါတယ်။ ထမင်းချက် ဟင်းချက်လည်း အလွန်လက်ရာကောင်းတယ်။ သူမကောင်းတာက အရက်ကလေးဝင်သွားရင် အံလွန် အစအနောက်သန်တယ်။

လူကြီး၊ လူငယ်၊ သူကြီးကအစ ချမ်းသာမပေးဘူး။ ဒါကြော အဘထိတ်တုံးရွှေလိုပဲ မကြာခဏ သူကြီးအိမ်က ထိတ်တုံးနဲ့ အချ ခန်းစာမိတယ်။ ဒါပေမယ့် သူကတော့ ပျော်ပျော်ပါပဲ။

အဲဒီခေတ်ကလူကြီးတွေကလည်း အလွန်တော်ပါတယ်။ ကြ တဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင် ဆောင်ရွက်ပေးတ ကြတယ်။ တစ်ရွာလုံးကလည်း ပတ်ချာလည်၊ အမျိုးတော်နေတာ ကျွန်တော်တို့ဆီမှာ အသုဘဖြစ်ရင် (၇)ရက် (၇)လီ ထားရိုးထုံး တယ်။ အိမ်ပေါ်မှာ အလောင်းပြင်ပြီး (၃)ရက်ထားတယ်။ အိမ်အ မှာ အခေါင်းသွင်းပြီး (၃)ရက်ထားတယ်။ (၇)ရက်ပြည့်တဲ့နေ့လယ် သရဏဂုံတင်ပြီး အသုဘချတာ။

တောရွာထုံးစံအတိုင်းအကျွေးအမွေးက (၇)ရက်ရက်လုံးထ ပဲ။ အသုဘဆိုပေမယ့် ကျွန်တော်တို့ ကလေးတွေကတော့ အလွ ပျော်တာပဲ။ ဝက်သားအိုးကြီးချက်နဲ့ မြန်မာမဲဇလီဟင်းချို၊ သရက်သ သုပ်က အလွန်စားကောင်းတာ။ ဆင်းရဲတဲ့သူတွေလည်း ကျွေးနိုင်အော ရပ်ရွာက ကူညီပံ့ပိုးပေးပါတယ်။ ပြောရရင်တော့ တောအလှူလေးတ ပါပဲ။ ဒါကြောင့် အသုဘဆိုပေမယ့် ပျော်စရာကောင်းတယ်လို့ ကျွန်တေ အထက်က ဆိုခဲ့တာပါ။





ကျွန်တော်ပြောခဲ့သလို ရပ်ရွာထုံးစံအတိုင်း ပထမ (၃) ရက် အိမ်ဦးခန်းမှာ အလောင်းပြင်ထားတယ်။ အနီးမှာတော့ တရားဝင်အသုဘ ဆိုင်းကြီးက မြိမ့်မြိမ့်သဲသဲပေါ့။ ညဦးနက်လာတာနဲ့အမျှ ပိုစည်ကားလာ တယ်။ ညဦးနက်လို့ လူစုံတာနဲ့ သံယောက်မ ငပိန်တို့ မယောင်မလည် နဲ့ပျောက်သွားပြီး တစ်နေရာမှာ လူစုပြီး အရက်သောက်ကြတယ်။ အေး အေးဆေးဆေး အရက်သောက်တာမဟုတ်ဘူး။ နောက်ဖို့ပြောင်ဖို့ ဓါသနာ ရှုတွေစုပြီး အစည်းအဝေးလုပ်တာ။ အရက်သောက်လို့ဝတာနဲ့ တာဝန် ခွဲတယ်။

သံယောက်မ ငပိန်ကတော့ အသုဘအိမ်မှာ အောက်လင်း ဓာတ်မီးကို လေထိုးလိုက်၊ ရေနံဆီဖြည့်လိုက် လုပ်နေတယ်။ သူတို့က ဆီးတိုးကျိတ်ကျိတ် အချိန်းအချက်လုပ်ပြီးသား။ အိမ်အောက်ဝင်တဲ့သူ ကဝင်၊ စောင့်ကြည့်သူက စောင့်ကြည့်နေကြတယ်။ ငပိန်ကအောက် လင်းဓာတ်မီးက လေပေါင်ကို တွက်ချက်ပြီး ထိုးထားတာ။ နာရီဝက် လောက်ကြာတော့ လေပေါင်လျော့သွားပြီး မီးကမှိန်လာတယ်။

ငပိန်က လေထိုးမယ့်ဟန်နဲ့ အောက်လင်းဓာတ်မီးကိုလည်း ကိုင်လိုက်ရော တပည့်အပေါင်းအသင်းနှစ်ယောက်က အိမ်အောက်က နေ အလောင်းကို တုတ်နဲ့ထိုးတော့ အလောင်းကြီး ငုတ်တုတ်ထထိုင် လာတာပေါ့။ အဲဒီဟာကိုမြင်တာနဲ့ ဖဲသမားတွေ ဘာပစ္စည်းမှ မယူနိုင် တော့ဘဲ အော်ဟစ်ပြီး ထွက်ပြေးကြရော။ အချိန်ကိုက်ပဲ။ ငပိန်က ..

"ဟာ ... မီးစာကြွေသွားပြီ၊ မီးခွက်ယူခဲ့ပါဦး"

လို့ ကုန်းအော်တော့တာပဲ။ အဲဒါက အချက်ပေးတာ။ အပြင် မှာ အသင့်စောင့်နေကြတဲ့ ငပိန့်တပည့်တွေက မှောင်မည်းနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကြို့တင်လေ့လာထားတဲ့အတိုင်း ဖဲဝိုင်းထဲကငွေတွေကို လုပြီး သူတ
ချိန်းဆိုထားတဲ့ စုရပ်ကို ပြေးကြတယ်။

ငပိန်ကတော့ မှင်သေသေနဲ့ အောက်လင်းဓာတ်မီး မီးစာလ
ဆီထည့်၊ လေပေါင်တိုးပြီး မီးလင်းပေးတယ်။ ဖဲသမားတွေ မရှုံ့မရဲ
ပြန်ရောက်လာကြတော့ ဝိုင်းထဲမှာ ငွေတစ်ပြားတစ်ချပ်မှမရှိတော့ဘူ
တစ်ယောက်တစ်ခွန်း စကားများ၊ ဆဲကြပေမယ့် ဖဲဝိုင်းဆိုတော့ သူကြီ
လည်း မတိုင်ရဲကြဘူး။ အဲဒီညအတွက် ဖဲဝိုင်းလည်း ပျက်ကရော
ငပိန်ကတော့ ဝိဝိရိရိပဲ။

ပုံပျက်သွားတဲ့အလောင်းကို နေရာပြန်ချပြီး သပ်ရပ်အော
ပြင်ဆင်ထားတယ်။ ငပိန့်အပြောကတော့ ပယောဂကစ်ပြီး ဖုတ်ဝ
တာတဲ့။ ဒါမျိုးက ဖြစ်တတ်ပါတယ်လို့လည်း ပြောသေးတယ်။ ငပိ
က အောက်လင်းဓာတ်မီးနားမှာပဲနေပြီး နေရာမရွေ့တော့ သူ့ကိုလည်
မထင်ရဲကြဘူးလေ။ အဲဒီလို မှင်ကောင်းတာ။

ညဥ့်အတော်နက်မှ ငပိန် ခေတ္တပျောက်သွားပြီး စုရပ်မှာ ရှ
ယာသွားခွဲတယ်။ ငပိန့်ကို တပည့်တွေ ဘတ်လို့လည်းမရဘူး။ ငပိန်
ထိုင်ကြည့်နေတာမို့ ဘယ်ဝိုင်းမှာ ငွေဘယ်လောက်ရှိနေတယ်ဆိုတာ
သူက အသေအချာသိပြီးသား။

နောက်ပြီး ဒီလိုလုပ်ရပ်ကို ရွာသားအချင်းချင်းဝိုင်းမှာ မလု
ဘူး၊ အခြားရွာတွေက နာမည်ကြီး ဖဲသမားတွေလာမှ အပိုင်လုပ်တာ
လူကြီးတွေက သဘောပေါက်ပေမယ့် အမှောင်ထဲမှာ မျက်မြင်သက်သေ
မရှိတော့ ဒီလိုနဲ့ ပြီးလိုက်ရတာပါပဲ။ အဲဒါက သံယောက်မငပိန်ရဲ့ အရေ
ကောင်းချက်ပဲ။





နောက်တစ်ယောက်ကတော့ ပါလေရာ မြတ်ကျော်။ သံ
ယောက်မငပိန်ရဲ့ တပည့်တစ်ဦးပဲ။ သူက သူကြီးခိုင်းရင် အင်မတန်
င်ပေါ့တယ်။ ဖျတ်ဖျတ်လတ်လတ်လည်းရှိတယ်။ သူကြီးရဲ့ တပည့်ရင်း
။ သူကြီးသွားရာနောက် တကောက်ကောက်လိုက်တယ်။

ရွာနီးစပ်ချုပ် ခိုင်းမလား၊ မြို့သွားခိုင်းမလား၊ နေပူမိုးရွာ
ရှောင်၊ နေ့ညမရှောင် သွားတော့တာပဲ။ အဲ . . . သူ့အကျင့်က ဘာ
ဲဆိုတော့ ကြက်တိုက်တာ အလွန်ဝါသနာပါတယ်။ အနောက်အပြောင်
ဝ အလွန်သန်တယ်။ ဘယ်သူ့ကိုမှ အလွတ်မပေးဘူး။ သူ့ဘကြီး
သူ့ဒင်ကိုတောင် အကွက်ရတာနဲ့ ဆော်တာပဲ။

အဲ . . . တစ်နေ့မှာ ကျွန်တော်တို့ရွာက တိုက်ကြက်ရွှေနီနဲ့
ညောင်ပင်သာရွာက တိုက်ကြက်ကုလားကြီးတို့ ရွာအနောက်ဘက်က
ချိုင်းကုန်း မန်ကျည်းပင်ကြီးအောက်မှ ချိန်းဝိုင်းလုပ်ကြတယ်။ နှစ်
က်လောင်းကြေးက သောင်းဂဏန်းဆိုတာက အခုခေတ် သိန်းဂဏန်း
တ် များတာပေါ့။

တိုက်ကြက်ရွှေနီရဲ့ပိုင်ရှင် ငမိုးက ပါလေရာ မြတ်ကျော်ကို
ရာတင်ထားတယ်။ မြတ်ကျော်က ကြက်ခွဲလည်း အလွန်ကောင်း
ကိုး။ ပထမအချီမှာပဲ ကြက်ရွှေနီရဲ့ ခွပ်လက်ကြောင့် ညောင်ပင်
ရွာက ကြက်ကုလားကြီးမျက်နှာမှာ သွေးခြင်းခြင်းရဲပြီး နှာရည်
ွ ကျလာပါတယ်။

ဒုတိယအချီ စတာနဲ့ ကြက်ကုလားကြီး ပြေးတော့တာပဲ။ ဝိုင်း
တောင် မဝင်ရဲတော့ဘူး။ အဲဒါ ပါလေရာမြတ်ကျော်ရဲ့ လက်ချက်
 ကျွန်တော်တို့ရွာက အဖွဲ့နိုင်လိုက်ပြီး သောင်းဂဏန်းပိုက် ပြေးကြ
ာပေါ့။ နောက်မှ ဦးမြတ်ကျော်ပြောလို့ သိရတာ။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ရွှေနီကြီး အတောင်ပံမှာ အနက်ရောင်သံမှိုကလေးတွေ တပ်ထားပြီး ခြေအတက်မှာ အလွန်စပ်တဲ့ ငရုတ်သီးကို ထောင်းပြီး ငရုတ်ရည်လိမ်းထားတာတဲ့။ ဒါကြောင့် ဟိုတစ်ဖက်ကြက်ကုလားကြီး ကို ရွှေနီကြီးက အတောင်နဲ့ရိုက်၊ အတက်နဲ့ထိုးတာနဲ့ မျက်နှာစုတ် ပြတ်ပြီး နာရည်တွေ မွန်ကုန်တာလေ။ ဘယ်ကလောက်ညစ်သလဲလို့။

ကြက်ပွဲပြီးတော့ ပါလေရာမြတ်ကျော်တို့အဖွဲ့ ငွေထုပ်ပိုက်ပြီး ရွာပြန်လာကြတယ်။ ညောင်ပင်သာရွာက ကြက်အဖွဲ့တွေကတော့ မကျေ မနပ် တအံ့တသြနဲ့ ပြန်ကြတယ်။ သူတို့ရဲ့ တိုက်ကြက်ကုလားကြီးဆို တာကလည်း နာမည်ကြီး၊ ရှုံးပွဲမှ မရှိဘူးဘဲ။ ဒါကြောင့် မကျေမနပ်နဲ့ အံ့သြကြတယ်လို့ပြောခဲ့တာ။

နောက်ပိုင်းသိရတာ ကြားရတာကတော့ ဘိုခင်ရွာ သချိုင်း ကုန်းမှာမို့ မြတ်ကျော်တို့၊ ကြက်ပိုင်ရှင် ငမိုးတို့က လောကီလမ်းနည်း နဲ့ လုပ်ကြံကြလို့ ရှုံးကြတာ။ နောက်တစ်ခါကျရင် ရွာအပြင် လယ် ကွက်ထဲက တလင်းပြင်မှာ မကျေပွဲ နွှဲချင်တယ်လို့ ချိန်းကြပြန်တယ်။ နောက်ဒုတိယပွဲလည်း ပါလေရာမြတ်ကျော်ရဲ့ အကြံအဖန်ကောင်းမှု ကြောင့် နိုင်ပြန်တယ်။

မြတ်ကျော်က အဲဒီလောက်တော်တာ။ ရှယ်ယာခွဲတော့လည်း ဆရာကြီးမြတ်ကျော်က လောင်းကြေးအနိုင်ငွေ တစ်ဝက်တိတိကိုယူတယ်။ ငမိုးကလည်း မြတ်ကျော်ကိုဆရာတင်ပြီး ခွင်ဖန်ကြတာနိုင်တာချည်းပဲ။ အဲဒါကြောင့် မြတ်ကျော်တို့ ငွေရှင်ပြီး သူ့ဆရာသမားအရင်း ထိတ်တုံး ရွှေကို ကျွေးမွေးပြုစု ပူဇော်တော့တာပေါ့။

အဲ . . . နောက်တစ်ခါ ပါလေရာမြတ်ကျော်တို့ သူ့ဘကြီး ဦးလှ





ခင်ကို နောက်ပြောင်ပညာပေးသလို ဘကြီးဦးလှခင်ကလည်း မြတ် ကျော်ကို ပြန်ဆုံးမတဲ့ ဟာသဇာတ်လမ်းကလေးကို ပြောပြဦးမယ်။

ဘကြီးလှခင်က အသက် (၅၀) ကျော်ပေမယ့် လူပျော်ကြီး။ ကျွန်တော်တို့ဘကြီး ထိတ်တုံးရွှေတို့နဲ့က သူငယ်ချင်း၊ သောက်ဖော် စားဖက်ပေါ့။ တစ်နေ့ ကြက်တိုက်လို့နိုင်တဲ့ ပိုက်ဆံတွေကို သူ့တူပါ လေရာ မြတ်ကျော်ဝှက်ထားတဲ့အထဲက အချို့အဝက်ယူပြီး ဘကြီးထိတ် တုံးရွှေနဲ့ အရက်ချက်ဖို့ ထန်းလျက်ဖိုလိုက် ဝယ်ပစ်လိုက်တယ်။

မြတ်ကျော်သိသွားတော့ ဘကြီးထိတ်တုံးရွှေပါနေလို့ မပြော သာပေမယ့် သူ့ဘကြီးကို တေးထားပြီး အကွက်ကောင်းကို စောင့်နေ တယ်။ တစ်နေ့ သူကြီးက မြတ်ကျော်နဲ့ ဦးလှခင်ကို ကော့မှူးမြို့ကို လွှတ်ပြီး ကထိန်သင်္ကန်းနဲ့ ဆွမ်းကျွေးဖို့ အလှူပစ္စည်းတွေ ဝယ်ခိုင်း တယ်။ သူကြီးက သူ့လှည်းကိုလည်း ပေးလိုက်တယ်။ ကျွန်တော်တို့ ဘိုခင်ရွာကြီးနဲ့ ကော့မှူးမြို့က အတော်လှမ်းသား။ မိုင်(၂၀)လောက် ဝေးတာပေါ့။

လမ်းမှာ ထိန်ကုန်း၊ သရက်စု၊ မင်းကုန်း၊ ညောင်ပင်သာ၊ တောကုန်း၊ ကရင်စု၊ လက်ပံပင် စတဲ့ ရွာတွေဖြတ်ကျော်ပြီးမှ ကတ္တရာလမ်းကိုရောက်တာ။ ကတ္တရာလမ်းကနေလည်း ကော့မှူးမြို့ကို မိုင်လောက်ဝေးသေးတယ်။ အဲဒါ တူဝရီးနှစ်ယောက် မနက်စော စောသွားကြပြီး ညနေစောင်းတော့ ပြန်လာကြတယ်။

မြို့ပေါ်မှာ စားသောက်ပြီး ဗိုက်ခတ်လို့ တငြိမ့်ငြိမ့်လှည်းစီး ပြန်လာကြတာ။ ဆက်ရက်မင်းစည်းစိမ်ကို ခံစားရင်း တူဝရီးနှစ် ယောက် လေပေးဖြောင့်လို့။ ညောင်ပင်သာရွာမှာ ခဏနားပြီး ညနေ



www.burmeseclassic.com

www.burmeseclassic.com



အေးတာနဲ့ ပြန်ထွက်လာကြတယ်။ ချောင်းရိုးကလေးအနားကိုရောက်တော့ အကြံအစည်ရှိထားတဲ့ မြတ်ကျော်က ဖောက်လာတယ်။

"ဘကြီး ... အိုက်တယ်ဗျာ၊ ချောင်းရိုးထဲမှာ ရေဆင်းချိုးရအောင်။ နွားတွေလည်း ပန်းပြီ။ အစာကျွေးရင်း ရေတိုက်ကြရအောင်"

"အဘကလည်းဗျာ ... ယောက်ျားချင်းဟာပဲ။ ဘာရှက်စရာလိုသလဲ၊ ငယ်ငယ်တုန်းကလိုပေါ့။ ဒီနေရာက အသွားအလာရှင်းပါတယ်။ လူလာတော့လည်း ရေငုပ်နေရုံပေါ့"

"အေး ... ငါလည်း လှည်းမောင်းရတော့ အိုက်စပ်ပူလောင်နေပြီ။ ဒါဆိုလုပ်လေကွာ။ ဟဲ ... ဟဲ ... ငယ်မူပြန်ကြတာပေါ့။ ဟား ဟား ... ဟား ..."

နွားနှစ်ကောင်ကို လှည်းထမ်းပိုးက ဖြုတ်ရန်အတွက် နွားလှည်းကို လမ်းဘေးကပ်ရပ်သည်။ ပြီးနောက် လှည်းဒေါက်ထောက်၍ နွားတစ်ကောင်စီဖြုတ်ကြပြီး ရေတိုက်သည်၊ ပြီးတော့ ချောင်းစပ်မြက်ခင်းတွင် လွှတ်ကျောင်းထားလိုက်သည်။

"ကဲ ... အဘ၊ ကျွန်တော် အဝတ်အစားတွေ ချွတ်ပြီ။ အဘ နောက်ကလိုက်ခဲ့ပေတော့။ ကျွန်တော်လှည့်မကြည့်ပါဘူး။ ကျောခိုင်းနေပါ့မယ်။ ဟဲ ... ဟဲ ... ဟဲ ..."

လူ့သဘာဝမှာ အဖော်ရှိလျှင် လိုက်လုပ်တတ်သည်။ အရေးကလေးကလည်း သောက်ထားတော့ ရင်ပူပူ၊ ရေမြင်သည်နှင့် ချိုးချင်ကြသည်။ တူဝရီးနှစ်ယောက် အားရပါးရ ရေချိုးနေကြစဉ် အကြံအစည်ရှိထားသော မြတ်ကျော်က မျက်နှာရှုံ့မဲ့ကာ ဗိုက်ကိုနှိပ်ထားပြီး ...

"အဘရေ ... ကျွန်တော် ဗိုက်အရမ်းနာလာတယ်ဗျာ။ အလေးသွားချင်တယ်။ ဒီချောင်းထဲ ပါချလိုက်ရမလား"





"ဟ ... ဟ ... မလုပ်နဲ့။ ကမ်းပေါ်တက်ပြီး ချုံကွယ်ထိုင်ချင်းနယ်ကွာ ... အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို၊ မြန်မြန်သွား ငါလှည့်မကြည့်ပါဘူး။ နောက်ကျောခိုင်းနေမယ်"

"ဟုတ်ကဲ့ ... အဘ၊ ခဏကလေးပါ"

မြတ်ကျော်က ကမ်းပေါ်တက်၍ သူ့အဝတ်အစားများလဲပြီးသည်နှင့် အဘဦးလူဒင် အဝတ်အစားများကိုပါယူကာ ဘိုဇင်ရွာကြီးသို့ တစ်ချိုးတည်း လစ်တော့သည်။ နွားနှစ်ကောင်ကိုလည်း ဆွဲခေါ်ခဲ့သဖြင့် အလွန်ယဉ်သော နွားနှစ်ကောင်မှာ မြတ်ကျော်နောက်က တကောက်ကောက် လိုက်လာကြသည်။ ထိုနေ့ကစ၍ မြတ်ကျော်ရွာမှ ပျောက်သွားတော့သည်။ အဘဦးလူဒင်မှာ ရေထဲမှ မတက်ရဲ၊ လူသံကြားသည်နှင့် ကိုင်းပင်ကွယ်၍ ပုန်းနေရသည်။

မိုးချုပ်မှ ကမ်းပေါ်တက်တော့ လဲစရာအဝတ်အစားမရှိသဖြင့် ကုန်းကြီးကပ်လှူရန် သက်နမ်းများကို သတိရတော့သည်။ ထိုခေတ်က ဘုကြီးများမှာ သျှောင်ထုံးဆံပင်ထားကြသဖြင့် သျှောင်ထုံးနှင့်သင်္ကန်းမှာ ကိုးလိုးကန့်လန့်ဖြစ်နေသည်။ တစ်ခါ လှည်းသာကျန်ခဲ့ပြီး နွားနှစ်ကောင်မရှိတော့၍ ဝယ်လာသော သင်္ကန်းတစ်ထည်ဖြင့် ပစ္စည်းများကို ထုပ်ပြီးထမ်း၍ ရွာသို့ ကုန်းကြောင်းပြန်ရရှာ၏။ တစ်လမ်းလုံးလည်း မြတ်ကျော်အား ဆဲဆိုကြိမ်းမောင်းရင်း မောင်းတင်၍ ပြန်ခဲ့သည်။

မိုးချုပ်၍ ရွာသို့ပြန်ရောက်သော်လည်း ရွာသူရွာသားများက အထုပ်ကြီးထမ်း၍ သင်္ကန်းရုံလာသော ဦးလူဒင်အား အထူးအဆန်းကြည့်ကြပြီး မမှတ်မိ၊ မသကာသဖြင့် သူကြီးအားတိုင်ကြရာ သူကြီးက မောင်းတီး၍ လူစုပြီး မီးတုတ်များဖြင့် ဝိုင်းထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ဦးလှုခင်မှန်းသိသဖြင့် အကျိုးအကြောင်းကို မေးမြန်းပြီး လှူဖွယ်သကၠာန်းများကို အလွဲသုံးစားလုပ်သည်ဆိုကာ အဝတ်အစားများလဲပေးပြီး ထိတ်တုံးခတ်၍ အချုပ်ခန်းထဲ ထည့်ထားသည်။ ဦးလှုခင် ဘယ်လိုမှ ရှင်းပြ၍မရတော့။

နွားနှစ်ကောင်လည်း အိမ်ခြံထဲပြန်ရောက်နေပြီဖြစ်၍ အဘ ထိတ်တုံးရှေ့နှင့် သံယောက်မပေိန်တို့က နွားနှစ်ကောင်ကိုဆွဲကာ ညဘက် ကြီး လှည်းပြန်ကောက်ရတော့သည်။ ဤသို့ အစအနောက်သန်သော ပါလေရာမြတ်ကျော်ဖြစ်လေသည်။

✿ ✿ ✿

| ၂ |

❑

တစ်ပတ်ခန့်ကြာတော့ ရွာသူကြီး ဦးစီးပြီး ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကထိန်သင်္ကန်းကပ်သည်။ ဆရာတော်အနီးတွင် မြတ်ကျော်က မြိန့်မြိန့်ကြီး ထိုင်နေသည်။ ဆရာတော်အရှေ့ဖြစ်၍ သူကြီးကလည်း မပြောရဲ။ အဘဦးလှုခင်ကလည်း မပြောရဲ။

မြတ်ကျော်နှင့် မျက်နှာချင်းဆိုင်မိရင်တော့ အဘဦးလှုခင်က အံကြိတ်ပြီး လက်သီးဆုပ်ပြသည်။ တစ်ရွာတည်းသား ဆွေမျိုးများဖြစ်ကြ၍ အချိန်ကြာတော့လည်း မေ့ပျောက်သွားကြပါသည်။

တစ်နေ့တွင် ကျွန်တော်နှင့်ကိုမြတ်ကျော်တို့ ချောင်းစပ် လက် ဖွင်ဆင်း၍ ငါးဖျံမွေးနိုက်ကြသည်။ ငါးဖျံမွေးကို ငါးပြက်ဟုလည်းခေါ်သည်။ ခါးတွင် ရေယက်နှစ်ခုရှိပြီး ထောက်၍သွားသည်မှာ အလွန်

www.burmeseclassic.com



မြန်သည်။ လှေနှင့်တွေ့ပါက လတာပြင်ရှိ ကျင်းများအတွင်းသို့ ဝင်ပြေးပုန်းအောင်းကြသည်။

အကောင်မှာ လူကြီးလက်မခန့်သာရှိသော်လည်း ဟင်းချက်စားလျှင် အလွန်အရသာရှိသည်။ ကျွန်တော်နှင့် ကိုမြတ်ကျော်တို့ ငါးဖျံမွေးနိုက်ကြရာ တစ်ပိဿာခန့်ရှိတော့ အိမ်ပြန်ရန်အလုပ် ကိုမြတ်ကျော်က ပြန်ခါနီး နောက်ဆုံးကျင်းကိုနှိုက်ရာ ...

"အောင်မလေး ...ညီရေ၊ ငါ့ကိုတော့ ဂျတ်မြွေကိုက်သွားပြီဟေ့။ လုပ်ပါဦးဟ"

"ဟာ ..ကိုမြတ်ကျော်တောင့်ထား၊ ကျွန်တော်ရှိတယ်။ ရွာက ဆရာကြီးဦးမှုံဆီကို ပြေးကြမယ်"

ကျွန်တော် ငါးဖျံမွေးထည့်ထားသော ပလိုင်းတစ်ဖက်လွယ်၍ ကိုမြတ်ကျော်ကို တွဲရသည်။ ဂျတ်မြွေဆိုသည်မှာ ကမ်းစပ် လတာပြင်ထဲ၌ နေလေ့ရှိသည်။ ကျင်းဝတွင် ရေယက်အရာကလေးများရှိပါက ငါးဖျံမွေးတွင်း၊ မိုက်ရာတွေ့ပါက ဂျတ်မြွေတွင်းဟု ခွဲခြားသိကြသော်လည်း ကိုမြတ်ကျော်က ပြန်ခါနီး မစူးစမ်းဘဲ ရမ်းသန်း၍ နှိုက်မိခြင်းဖြစ်သည်။

ကျွန်တော်တို့ ရွာပြန်ရောက်တော့ ကျွန်တော့်အဖေသူကြီးက ဆေးဆရာဦးမှုံကြီးအား ပင့်ရာ ဆရာကြီးက လှေနာကိုပ်တိုင် မြစ်ကမ်းဘေးမှ ခရာမြစ်ကို လက်နောက်ပြန်နုတ်ပြီး ဝါးစားရမည်ဆိုသဖြင့် အရေးပေါ်လှည်းဆင်ပြီး ကမ်းနားသို့ သွားကြသည်။ နွားလှည်းကို အဘဦးလူဒင်က မောင်းသည်။

ဂျတ်မြွေအကိုက်ခံရသော လူနာတို့ထုံးစံမှာ အလွန်အိပ်ချင်တတ်သည်ဟု ဆိုသည်။ အိပ်ပျော်သွားပါက အသက်ပါ ပါသွားတတ်





သည်။ ထို့ကြောင့် ကိုမြတ်ကျော်အား မအိပ်စေရန် ကျွန်တော်က အနီးတွင် ထိုင်၍ နှိုးပေးနေရသည်။ လမ်းတွင် ဘကြီးဦးလူဒင်က ကျွန်တော့်အား မျက်ရိပ်ပြ၍ ဖယ်ခိုင်းပြီး ကိုမြတ်ကျော်အိပ်ငိုက်သည်နှင့် နွားရိုက်ကြိမ်လုံးဖြင့် ရိုက်ပြီး နှိုးတော့သည်။

"ရှမ်း ..."

"အောင်မလေးဗျ ..."

"အဘ ...ဖြည်းဖြည်းလုပ်ပါ အဘရာ။ ကျွန်တော့်ကို ပြန်ပြီးလက်စားချေနေတာလား။ ကျွန်တော်အဘကို ဟိုတစ်ခါလုပ်ခဲ့တဲ့ကိစ္စအတွက် တောင်းပန်ပါတယ် အဘရယ်"

"အဲဒါကြောင့် မဟုတ်ဘူး။ မင်းအိပ်ပျော်သွားရင် သေမှာစိုးလို့ ငါက စေတနာနဲ့ သတိပေးနေတာ"

"ဟုတ်ကဲ့ ...ကျွန်တော်သိပါတယ် အဘရယ်။ ကျွန်တော်သတိထားနေပါတယ်။ ဒါပေမဲ့ ဖြည်းဖြည်းရိုက်ပါ အဘရယ်"

သို့ဖြင့် ရွာမှ ကမ်းစပ်သို့ တစ်မိုင်ခန့်ဝေးသောခရီးကို အဘဦးလူဒင်က လှည်းမောင်းရင်း ကိုမြတ်ကျော်အား နွားမောင်းသောကြိမ်လုံးဖြင့် မကြာခဏ လှည့်ရိုက်နေတော့သည်။ မြစ်ကမ်းစပ်ရောက်တော့မှ ကျွန်တော်တို့က ကိုမြတ်ကျော်ကို တွဲချပြီး ခရာချုံဆီသို့ တွဲ၍ခေါ်ရသည်။

ကမ်းစပ်မှ ခရာပင်အရင်းကို တူးဆွပြီးမှ ကိုမြတ်ကျော်ကို လက်နောက်ပြန်ဖြင့် ခရာမြစ်ကို စမ်းပြီး နုတ်ခိုင်းရသည်။ ခရာမြစ်ကို ရေဆေးရန်ဖြစ်သော်လည်း အဘဦးလူဒင်က ကျွန်တော့်အား လက်ရုတ်သဖြင့် အသာငြိမ်နေရသည်။ ကိုမြတ်ကျော်မှာ ပျောက်လိုသောဇော



www.burmeseclassic.com

www.burmeseclassic.com



မြင်း မြေကြီးနှင့် ရွံ့များကပ်နေသော ခရာမြစ်ကို ဒီအတိုင်း ဝါးစားရှာတော့သည်။ ခရာမြစ်က ခါးပြီး မြေကြီးများပါ ပါသဖြင့် ကိုမြတ်ကျော် မျက်နှာရှုံ့မဲ့နေသည်။

ထိုအချိန် လှည်းပေါ်၌ အသင့်စောင့်နေသော ဆေးဆရာကြီး ဦးမှုံက ...

"ကဲ ... လာကြ၊ လာကြ။ အသက်အတွက်တော့ စိတ်ချရပြီ။ ဒါပေမဲ့ အဆိပ်ထုတ်ဖို့ တစ်ဆင့်ကျန်သေးတယ်။ ငါ့အိမ်ကို အမြန်မောင်း"

အပြန်ခရီး၌လည်း ဘကြီး ဦးလူခင်က ကိုမြတ်ကျော်အား အိပ်မငိုက်စေရန်ဟု အကြောင်းပြကာ ကြိမ်ဖြင့် ရိုက်ပြန်သည်။

"ဟာ ... တော်တော့ဟ လူခင်ရ။ မင်းရိုက်တာနဲ့ မြွေဆိပ်ဒဏ်ရာကို ကုရမယ့်အစား ကျောက ကြိမ်ဒဏ်ရာကို ကုရမှာက များနေပြီ"

ဆေးဆရာကြီး ဝင်ဟန့်မှ ဘကြီး ဦးလူခင်က အရိုက်ရပ်တော့၏။ အမှန်တော့ ကိုမြတ်ကျော်က သူ့ကို ကိုယ်တုံးလုံးထားခဲ့ပြီး ထိတ်တုံးအခတ်ပါ ခံရသောကြောင့် လက်စားချေခြင်းမှာ သိသာပါသည်။

ရွာပြန်ရောက်တော့ ဆေးဆရာကြီးက ပုလင်းလေးတစ်လုံးကို မီးကင်၍ မြွေကိုက်ဒဏ်ရာအား ပုလင်းအဝဖြင့် ငုံပေးရာ အဆိပ်မည်းမည်းများ ထွက်လာသည်။ သွေးနီများပါလာမှ ရပ်တော့သည်။ ကိုမြတ်ကျော်မှာ ဂျတ်မြွေကိုက်၍ မသေသော်လည်း ကျောမှ ကြိမ်အရှိုးရာများကို ဆရာကြီးထံတွင် တစ်ပတ်ခန့်ကုယူရသည်။

ဤကဲ့သို့ပင် အစအနောက်သန်ပြီး အပြုံးအဝေးကြီးကြသော ကျွန်တော်တို့ ဘိုခင်ကြီးရွာမှ လူပေကြီးများဖြစ်ပါသည်။ ပြီးတော့လည်း ပြီးရောဆိုသလိုပင်၊ အမှုကိစ္စများပြီးတော့လည်း အတူပြန်တွဲပြီး အရက်သောက်နေကြပြန်သည်။

"ကိုဝင်းနိုင် ... ခင်ဗျားတို့ရွာက လူတွေက အတော်ပေကြ၊ ဆော့ကြပြီး ခင်ခင်မင်မင် ရှိကြတယ်နော်"

"ဒါပေါ့ ဆရာမှိုင်းရဲ့ ခွေမျိုးအရင်းတွေပဲဟာ။ မတည့်အတူနေ လူပျော်လူရွှတ်ကြီးတွေပေါ့။ အခုထိလည်း သက်ရှိထင်ရှား ရှိကြပါတယ်။ ဒါကြောင့် ကျွန်တော်က ဆရာမှိုင်းတို့ ထောင်မှူးကြီးတို့အဖွဲ့ကို ဖိတ်ခေါ်ပြီး အဲဒီလူရွှတ်ကြီးတွေနဲ့ တွေ့ပေးချင်တာပါ။ ဆရာမှိုင်းအတွက် ဂမ္ဘီရကိစ္စတွေလည်း ကျွန်တော့်တို့ရွာမှာ အများကြီးဖြစ်ခဲ့တာပါ"

"အေးဗျာ ... သွားကြမယ်၊ ဘယ်တော့လောက် သွားကြမှာလဲ"

"ကျွန်တော့်မိန်းမ ဆရာမက ဖောင်ကြီးသင်တန်းတက်နေတယ်။ အခု စက်တင်ဘာလကုန်လောက်မှာ သင်တန်းဆင်းမယ်။ ကျွန်တော်တို့ကတော့ အောက်တိုဘာလဆန်း ပထမအပတ်ထဲ သွားကြတာပေါ့။ ရက်အတိအကျ အချိန်ကိုတော့ ကျွန်တော် ကိုတင်ထွန်းကို ကြိုပြောထားပါ့မယ်"

"ကောင်းလှတေး ... ကောင်းလှတေး ... စာရေးဆရာ ဝင်းနိုင် (ရွှေပြည်သာ)ကလေး ပေါက်မြောက် အောင်မြင်ပါစေ။ စိတ်ကူးသစ် စာအုပ်တိုက်ပိုင်ရှင် မောင်တင်ထွန်းလို ကပ်စေးမနဲတဲ့အတွက် သာဓု .. သာဓုလို့ (၃)ကြိမ်ခေါ်ပါ၏။ ကောင်းရာသုဂတိရောက်ပါစေ"

"ဟာ ... ဟ ... ဘယ့်နှယ်လဲ ဆရာမှိုင်းရဲ့၊ ကျွန်တော်က အသက်ငယ်ငယ်နဲ့ အလတ်ကြီးရှိပါသေးတယ်"







www.burmeseclassic.com

www.burmeseclassic.com



''ကြို့တင်ပြီး ဆုတောင်းထားတာပါ . . . ကိုဝင်းနိုင်ရယ် သတ္တဝါတစ်ခု ကံတစ်ခုတဲ့။ လူဖြစ်လာရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား နဲ့ ကင်းနိုင်ကြတာမှ မဟုတ်ဘဲ''

''ဟုတ်ပါ့ ဆရာမှိုင်းရယ်။ ဆရာက အခုဆိုရင် အသက် (၆၀)တောင် ပြည့်ပြီဆိုတော့ ကျွန်တော့်အရင် သွားမယ်ထင်ပါတယ်။ အမျှ . . . အမျှ . . . အမျှပါ . . . ဆရာမှိုင်းရေ''

''သာဓု . . . သာဓု . . . သာဓု . . .''

ဟု ကျွန်တော်တို့အဖွဲ့က (၃) ကြိမ် လိုက်ခေါ်ကြပါတော့ သတည်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

"ဖုန်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း ' ... ဝုန်း ... "

သီတင်းကျွတ်ပြီဖြစ်သဖြင့် ကလေးများ ဗြောက်အိုး၊ မီးအိုး များ ဖောက်သံဖြစ်၏။ ထိုအသံများကြားတော့ ကျွန်ုပ် ပြုံးနေမိသည်။

"ရှင်က ဘာပြုံးနေတာလဲ။ ဒီလောက်ဆူညံနေပြီး ယမ်းနံ့ ညှော်နေတဲ့ ဥစ္စာ။ ဘာသဘောကျစရာရှိသလဲ"

ကျွန်ုပ်၏ မဟေသီ၊ ဒေဝီက နားငြီးလွန်းသဖြင့် ထအော် နေခြင်းဖြစ်သည်။

"မင်းမသိလို့ပါကွာ၊ ကိုယ်တို့ရုံးမ စခန်းမှာ တာဝန်ကျစဉ် အသက်ဘေးက လွတ်ကင်းခဲ့ရတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို သတိရ မိလို့ပါ"





"ဘယ်လိုများတုန်းတော်။ ကျွန်မလည်း ရှင်တို့စခန်းကို ရောက် ခဲ့တာပဲ။ တစ်ခါမှ ပြောသံမကြားမိခဲ့ပါဘူး"

"မင်း ... စိတ်ပူမှာစိုးလို့ပေါ့။ ဒါကြောင့် တာဝန်ထမ်းဆောင် ခဲ့တုန်းက မပြောခဲ့တာ ။ အခုတော့ မြို့မှာနေပြီး အငြိမ်းစားဖြစ်နေ မို့တော့ ပြောလို့ရပြီပေါ့"

"ပြောစမ်းပါဦးတော်ရယ်။ နားထောင်ရအောင်ပါ"

"ဒီလိုပေါ့ ... ဒီလို ... ဒီလို ... "

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

❑

ကျွန်ုပ် ၁၉၅၉ ခုက ရိုးမတောင်ခြေ သုံးတန်ကူးဟူသော စခန်းတွင် တာဝန်ကျစဉ်က အဖြစ်အပျက်ကလေးတစ်ခုဖြစ်သည်။ စခန်း၌ ရဲဘက်အင်အား (၅၀၀)ခန့်နှင့် ဝန်ထမ်းအင်အား (၃၀)ခန့်ရှိသည်။

ရဲဘက်ကြီး စခန်းဖြစ်သဖြင့် ရဲဘက်များအား ခြေချင်းခတ်မထား။ အပြာဝတ်ရဲဘက်ကြီးများ ဖြစ်ကြ၍ လွတ်လပ်သည်။ အလုပ်တာဝန်ချိန်ပြီးသည်နှင့် စခန်းအနီးရှိ ချောင်းများတွင် ငါးရှာ၊ ဖားရှာနှင့် အသီးအနှံရှာဖွေခြင်းကို ခွင့်ပြုထားသည်။

စခန်းတွင် ထောင်ပိုင်က ဦးသိန်းမြင့် (ဗိုက်ရွဲ) ဖြစ်ပြီး ဦးနှင့်ရေးတာဝန်ခံထောင်မှူးက ဦးအေးချို (ဆိတ်) ဖြစ်သည်။ ကျွန်ုပ်က





ထောက်ဌာနကိုင်ထောင်မှူးဖြစ်ပေသည်။ ကျွန်ုပ်၏ လက်အောက်တွင် ထောက်ဌာနစာရေးများနှင့် တပ်ကြပ်စောထွန်းမောင်ရှိသဖြင့် စိတ်ချရသည်။

မနက်စောစော ရဲဘက်များအင်အားအရ ရိက္ခာအမည်မျိုးစုံ ထုတ်ပေးပြီးသည်နှင့် စာရင်းသွင်းပြီး အားတော့သည်။ တစ်လနှစ်ကြိမ် ဆန်ရိက္ခာပို့ယာဉ်များလာလျှင်တော့ မအားလပ်တော့။ တစ်နေကုန်လက်ခံပြီး ဂိုဒေါင်အတွင်း စနစ်တကျ ထားသိုထည့်သွင်းရတော့သည်။

ယနေ့ သီတင်းကျွတ်လပြည့်နေ့ အလုပ်ပိတ်ရက်ဖြစ်သောကြောင့် ဘုန်းကြီးကျောင်းရှိသော ရွာများနှင့် အလှမ်းဝေးသော ကျွန်ုပ်တို့အတွက် ဥပုသ်သီတင်းသီလဆောက်တည်ရန် မစဉ်းစားနိုင်ပါ။ အားရက်တွင် တောတွင်းလည်ပတ်ပြီး တောစာ၊ တောင်စာရှာဖွေခြင်း၊ တောကောင်ပစ်ခြင်း၊ သစ်ခွပန်းများရှာဖွေခြင်းသာ ကျွန်ုပ်တို့ စိတ်ဝင်စားသည်။

ကျွန်ုပ်တွင် မုဆိုးအလုပ်ကို ကျွမ်းကျင်သော သာယာဝတီမြို့နယ် လုံးလမ်းကူးရွာမှ မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းဟူသော ရဲဘက်နှစ်ဦးရှိသည်။ သူတို့ပင် ကျွန်ုပ်၏ လူယုံ၊ ချက်ပြုတ်ရေးတာဝန်ခံများလည်း ဖြစ်ကြပါသည်။

"အောင်သန်းရေ ... အသားစိုရိက္ခာ ပြတ်တာကြာပြီကွာ။ ဒီကလည်း မိုးပြတ်တော့ ရှားနေပြီ။ ကနေ့ တောလည်ကြရအောင်။ ဘယ်ဘက်ကိုသွားရင် ကောင်းမလဲ စဉ်းစားကြပါဦး"

"ကျွန်တော်တို့ မကြာခဏ တောလည်ကြတော့ တောကောင်လည်း ရှားနေပြီ။ ဒီနေ့တော့ ကျွန်တော်တို့ မရောက်ဖူးသေးတဲ့ ဂုံ



www.burmeseclassic.com

www.burmeseclassic.com



ညှင်းလျှိုဘက် သွားလည်ကြရအောင်ပါ ဆရာ။ အလှမ်းနည်းနည်း ဝေးတော့ နေ့လယ်စာ ထမင်းပြန်စားနိုင်မှာမဟုတ်လို့ ကျွန်တော် ထမ ထုပ်ပါ ယူခဲ့မယ်ဆရာ"

"အေး ... အေး ... ရေဘူးနဲ့ ဓားရှည် တစ်လက်စီလည်း ယူခဲ့ကြဦး"

"စိတ်ချပါ ဆရာ။ မုဆိုးလွယ်အိတ်ပါ အသင့်ပါတာမို့ မု အသုံးအဆောင် အကုန်ပါပါတယ်"

"အေး ... အေး ... ကောင်းတယ်၊ သွားကြစို့"

ကျွန်ုပ်တို့ဆရာတပည့် စခန်းမြောက်ဘက်မှ စတင်ထွက်ခွာ အနောက်စူးစူးသို့ လှမ်းလာခဲ့ကြပါသည်။ သီတင်းကျွတ်ပြီဖြစ်၍ ကော ကင်ကြီးက သာယာနေသည်။ နေထွက်ပြီဖြစ်သော်လည်း တော တောင်ရိပ်ကြောင့် တောမှာ အလင်းရောင်ရရုံသာ ရှိသေးသည်။ တော ကြက်နှင့် တောငှက်အော်မြည်သံများကတော့ နံနက်ခင်းနေ့သစ်ကို ကြ ဆိုနေကြသည်။ တစ်ခါတစ်ရံ အဝေးဆီမှ ချေဟောက်သံနှင့် မျော အော်သံများကိုလည်း ကြားရသည်။

ကျွန်ုပ်တို့ အောက်ခြေရှင်းသော ရှက်ကြွေတောကိုဖြတ်ပြီ ချောင်းကလေးတစ်ခုကို ဖြတ်ကျော်ပြီးတော့ တောစိုကိုဖြတ်ရသည် တောစိုမှာ အောက်ခြေရှုပ်သည်။ ကြိမ်ပင်၊ ရေငန်းပင်၊ ကင်ပွန်း ဒိုးနွယ်များက ဖုံးလွှမ်းထားသဖြင့် မုဆိုးလမ်းဟောင်းပင်ပျောက်ပြီ လမ်းသစ်ထွင်ရသောကြောင့် ခရီးကမတွင်ချင်။

ဒသမ(၃၀၃)အမေရိကန် ရိုင်ဖယ်ကြီးကို ထမ်းလာရပြီး သုံးရေဘူးကို လွယ်လာရသော ကျွန်ုပ် မနက်စောစောပင် ဖြစ်ထ ကစား ချွေးပြန်လာသဖြင့် ...





"အောင်သန်းရေ ... ဟိုးရှေ့ ကုန်းမြင့်ကလေးပေါ်က တောင် သရက်ပင်ကြီးအောက်မှာ ခေတ္တနားပြီး ပတ်ဝန်းကျင်ကို လေ့လာကြရ အောင်။ တောက ငြိမ်လွန်းလှတယ်"

"ဟုတ်တယ် ဆရာ။ တောငြိမ်နေတာ မကောင်းဘူး။ ကျွန် တော်လည်း သတိထားမိပါတယ်"

"ကျွန်တော့်ရဲ့ အတွေ့အကြုံအရတော့ တောငြိမ်တာ အန္တရာယ် ရှိတယ်ဆရာ။ တောကောင်ကြီးတစ်ကောင်ကောင် အနီးအနားမှာ ရှိ နေလို့တဲ့။ ကြက်၊ ငှက်အော်သံတွေတောင် မကြားရတော့ဘူး"

"ဟုတ်တယ် ... မျောက်တင်သောင်းရေ၊ သတိထား။ မျက်စိ ရှင်ရှင်နဲ့ နားလည်းစွင့်ထား"

ကျွန်ုပ်တို့ သရက်ပင်ကြီးအောက်တွင် အနားယူအပန်းဖြေ ရင်း ရေသောက်ကြသည်။ ထိုစဉ် တောင်သရက်ပင်ကြီးပေါ်မှ ရှဉ့် ဘလေးတစ်ကောင်၏ စုတ်သံကိုကြားရသဖြင့် ကျွန်ုပ် စောင့်ကြည့်မိ သည်။

"ကျွတ် ... ကျွတ် ... ကျွတ် ..."

မကြာမီ မုဆိုးသက်စောင့်ငှက်က ကုန်းအောက်လျှိုထဲမှ အော် မြည်သတိပေးပြန်သည်။

"ဦးဖွ ... ဦးဖွ ... ဦးဖွ ..."

ကျွန်ုပ်တို့ မုဆိုးအသိဖြင့် ကျောချင်းကပ်လိုက်ကြပြီး ကျွန်ုပ် က ရိုင်ဖယ်သေနတ်ကြီး၏ လုံခြုံရေးခလုတ်ကိုဖြုတ်၍ အသင့်အနေ အထား မုဆိုးဒူးထောက် ထိုင်ချလိုက်သည်။

"ဟင်းမျိုးကြီး ထင်တယ်ဟေ့၊ မျက်ခြည်မပြတ်စေနဲ့။ သတိ ထားကြ။ ရှေ့လျှိုထဲက ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာ"

မကြာပါ လှိုဏ်အတွင်းရှိ ဝါးရုံပင်ပေါ်မှ တောကြက်များ လန့်အော်ပျံသံကြားရပြီး တောကောင်ကြီးနှစ်ကောင်၏ ဟိန်းဟောက်သံကို လှိုဏ်အတွင်း ပဲ့တင်သံဖြင့် အနီးကပ်ကြားရတော့သည်။

"ဝုန်း ... ဝုန်း ... ဝေါင်း ..."

"ဝေါ်း ... ဟိန်း ... ဟိန်း ... ဟိန်း ..."

"ဟ ... တောကောင်က နှစ်ကောင်တောင်ပါလား။ စုံတွဲဖြစ်မယ် ထင်တယ်"

"ဟုတ်တယ် ဆရာ၊ လှိုဏ်ထဲက ကျားသိုက်များလား"

"ဟုတ်တယ်ကွ။ ရန်လိုသံတော့ မဟုတ်ဘူး။ အိပ်ရာက နိုးပြီး သားရဲတွင်းက ထွက်လာခါစအသံမျိုးပဲ"

"ကျွန်တော်တို့က အပေါ်ကဆိုပေမယ့် လေအောက်က ဆရာ ကိစ္စမရှိဘူး"

"အေး ... အေး ... အသာစောင့်ကြည့်ပါဦး"

ကျွန်ုပ်တို့ စောင့်ကြည့်နေကြစဉ် တစ်ခဏအတွင်း တောင်တစ်တောင်ကျော်ခန့်မှ ကျားနှစ်ကောင်ဟိန်းသံကို ကြားရပြန်သည်။

"ဝေါင်း ... ဝေါင်း ... အောင်း ... အောင်း ... အောင်း"

ကျားဟိန်းသံများ ကြားရပြီး မကြာမီ အောက်လှိုဏ်အတွင်းမှ ကျားပေါက်စကလေးများအသံကို ကြားရပြန်သည်။

"အစ် ... အစ် ... အစ် ..."

"အု ... အု ... အီ ... အီ ..."

"ဟ ... အောက်လှိုဏ်ထဲက သားရဲတွင်းပဲ။ ကျားပေါက်ကလေးတွေ အော်သံကြားရတယ်"





"ဟာ ... အတော်ပဲဆရာ။ ကျားပေါက်ကလေးရှိရင် ကျားနဲ့ ရနိုင်တာပေါ့။ ကျားပေါက်ကလေးတွေကို ဖမ်းပြီး ရင်ခွဲ၊ အူတွေထုတ် ထိုက်ရင်း ကျားနဲ့အတော့်လိုက်ရမှာ"

"တော်စမ်းပါ ... အောင်သန်းရာ၊ မင်းမှာလည်း အကုသိုလ် ဘယ်ကြီးတဲ့ အကောင်ပဲ။ ငွေကြေးဘယ့်ကလောက်ရရ မလုပ်ကောင်း ဘူးကွ။ ငရဲအလွန်ကြီးတယ်"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်ကလည်း စကားအဖြစ် နောက်ပြောင်ပြောမိတာပါ၊ တကယ်မလုပ်ပါဘူးဆရာ"

"ကဲ ... အခု၊ ဘယ်လိုလုပ်ကြမလဲ"

အခု ငါတို့သွားမယ့် လမ်းဦးတည်ချက်ကလည်း ကျားစုံတွဲ သွားတဲ့ဘက်ပဲ မဟုတ်လား"

"ဟုတ်ပါ့ ... ဆရာရယ်၊ ဒီနေ့ တွတ်ပီ ကံမကောင်းပါလား"

"ဒါကြောင့် တောငြိမ်လှပါတယ် လို့အောက်မေ့မတာ။ ဒီကောင်ကြီးတွေကြောင့်ကိုး။

"ကဲ ... နောက်ကြောင်းလှည့် ပြန်ကြစို့။ ရှေ့ဆက်သွားရင်လည်း ဒီအကောင်ကြီးတွေ လမ်းကြောင်းကျလို့ ဘာတောကောင်မှရှိဆော့မှာ မဟုတ်ဘူး"

ကျွန်ုပ်တို့ဆရာတပည့် ခေတ္တအမောအပန်းဖြေပြီး တောင်ကုန်းပေါ်မှ ဆင်းလာကြသည်။ တောမှာ ငြိမ်ချက်သားကောင်းတုန်းပင်။ အစောပိုင်းက ကျားဟိန်းသံများကြောင့် ဖြစ်ဟန်တူပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ကျွန်ုပ်တို့ ချောင်းကလေး ဖြတ်ကူးရန်လုပ်တော့ မုဆိုးသက် စောင့် တောလုံငှက်ကလေးက အော်ဟစ်သတိပေးပြန်သည်။

"ဉီဖွ ••• ဉီဖွ ••• ဉီဖွ ••• ဉီဖွ •••"

"ဟော့ကောင်တွေ ••• ချောင်းထဲ မဆင်းနဲ့ဦး။ ကမ်းစပ်က ပျဉ်းမပင်ကြီးပင်စည်ကို ပြေးကပ်ကြ။ မြန်မြန်"

ကျွန်ုပ်လည်း ဒသမ ၃၀၃ အမေရိကန်ရိုင်ဖယ်ကြီးကို လုံခြုံ ရေးသော့ဖွင့်ပြီး ပျဉ်းမပင်စည်ကြီးကိုကပ်၍ အသင့်အနေအထား။

"ဆရာ ••• ဘာဖြစ်လို့လဲ"

"မုဆိုးလုပ်ပြီး အတော်အသုံးမကျတဲ့ကောင်တွေ။ မင်းအဘ တွေက ငါတို့ထက်ပါးတယ်။ အဝေးက ဟိန်းသံပေးပြီး နောက်ကလိုက်





ာတာ။ တောလုံငှက်သတိပေးသံ မကြားဘူးလား။ ငါလည်း ရိုးတိုး ်တိတ် မြင်လိုက်ရတယ်။ ဒါကြောင့် တောငြိမ်နေတာ။

"ဘယ်လိုလုပ်ကြမလဲဆရာ"

"ပျဉ်းမပင်စည်ကြီးကို ကျောကပ်ထား၊. မင်းတို့နှစ်ယောက် ာ ဘေးတစ်ဖက်တစ်ချက်စီ သတိထား။ ငါက ရှေ့တည့်တည့်ကြည့် ယ်"

တော်ပါသေးသည်။ ချောင်းကမ်းစပ်ဖြစ်၍ အောက်ခြေရှင်း ည်။ ပေ (၁၀၀)ကျော်ခန့်တွင်တော့ ကြခတ်ဝါးရုံတော၊ ငှက်ပျော ာနှင့် ရေငန်းရုံများက ဖုံးအုပ်ကာဆီးထားသည်။ အဝေးကို မမြင် ။ အောင်သန်းဘက်၌ ချောင်းကလေးရှိပြီး မျောက်တင်သောင်းဘက် ွင် အောက်ခြေရှင်းသော ရွက်ကြွေတောဖြစ်သဖြင့် ကျွန်ုပ်ဦးတည်ရာ ်၌သာ တောကောင်များ ပုန်းအောင်းနေနိုင်ပါသည်။ သေနတ်တစ် ာတ်တည်းဖြင့် တောကောင်ကြီးနှစ်ကောင်ကို ကျွန်ုပ် မည်သို့ရင်ဆိုင် ည်မှန်းမသိ။ မည်းမည်းမြင်ရာကိုသာ ပစ်ရပေတော့မည်။

ကျားလင်မယား၊ ကလေးများလည်းရှိ၍ ကျွန်ုပ် မသတ်ဖြတ် ပါ။ သို့သော် ကျွန်ုပ်တို့ အသက်အန္တရာယ်ကို ရန်ရှာလျှင်တော့ ခုခံ ာကွယ်သောအားဖြင့် ပစ်ရပေတော့မည်။

ရှေ့တည့်တည့်က ငှက်ပျောရုံလှုပ်ယမ်းသွားသည်။ ကျွန်ုပ်က ာ့ အသင့်အနေအထား။ ထိုစဉ် မျောက်တင်သောင်းက မီးခြစ်ကို ာတ်ပြီး တစ်စုံတစ်ရာကို မုဆိုးလွယ်အိတ်ထဲနှိုက်၍ ဆွဲထုတ်လိုက်သည်။ ျွန်ုပ် ဖျတ်ခနဲကြည့်လိုက်တော့ သီတင်းကျွတ်တွင် ကလေးများဖောက် ြသည့် တရုတ်ဗြောက်အိုးအတွဲလိုက်ပင်။ ကျွန်ုပ် ပင့်သက်မောကို ၍ ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။ ကျားနှစ်ကောင်၏ အမြီးပုတ်သံကြားရပြီး တောငှက်ပျောရုံနှင့် ရေငန်းရုံကြားထဲမှ တောဝိုးထွက်လာကြသည်။ မျောက်တင်သောင်းကလည်း မျောက်တစ်ကောင်လို လျင်မြန်လှ၏။ ခြောက်အိုးအတွဲလိုက်ကို စနက်တန်မီးရှို့ပြီး ကျားများရှိရာသို့ အလျင်အမြန်ပစ်ထည့်လိုက်သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဖောင်း ... ဖောင်း ... ဖောင်း ..."

ကျားနှစ်ကောင်မှာ လန့်ဖျပ်ပြီး နောက်ကျွမ်းပစ်ခုန်လိုက်ရာ တောငှက်ပျောရုံအတွင်း ပြုတ်ကျသွားစဉ် မုဆိုးအောင်သန်းကလည်း မုဆိုးလွယ်အိတ်အတွင်းမှ ခြောက်အိုးများကို နှိုက်ထုတ်၍ မီးရှို့ပြီး ပစ်ပြန်သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဖောင်း ... ဖောင်း ... ဖောင်း ..."

ကျွန်ုပ် ရိုင်ဖယ်သေနတ်ကြီးအား အသင့်အနေအထားဖြင့် ချိန်တွယ်၍ စောင့်ကြည့်နေသည်။ တောတိုးသံများကြားရပြီး လှိုအတွင်းမှ ကျားဟိန်းသံများကို ကြားရပါသည်။ တောမှာလည်း ကြက်သံ၊ ငှက်သံ၊ မျောက်အော်သံ ချေဟောက်သံများဖြင့် ပြန်လည်စိုပြည် အသက်ဝင်လာသည်။ ကျွန်ုပ်မှာ ကျားမောင်နှံနှင့် ရင်ဆိုင်ရခဲ့သော်လည်း သေနတ်တစ်ချက်ပင် မဖောက်ခဲ့ရပါ။ တပည့်များ၏ ဖြတ်ထိုးဉာဏ်ကြောင့်ပင်ဖြစ်ပါသည်။

"ကဲ ... ပြန်ကြစို့ဟေ့၊ ဒီနေ့တော့ စခန်းမှာရှိတာလေးနဲ့ပဲ စားကြတာပေါ့။ ကျားရန်ကြောင့် သတ္တဝါကလေးတွေတော့ အသက်ချမ်းသာရာ ရကြရှာပြီ"





"ဆရာ ... စခန်းမှာ ပဲဟင်း၊ ငါးခြောက်ကြော်နဲ့ ချဉ်ရိုး ဟင်းပဲရှိတယ်။ ညစာအတွက်တော့ အသားနဲ့တူတာ ဘာမှမရှိတော့ဘူး။ ဆရာ စားနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော် အပြန်လမ်းမှာ တောကောင်မရခဲ့ရင် အဆင်ပြေအောင် စီစဉ်ထားပါတယ်"

"ဟ ... ဘာတွေ စီစဉ်ထားတာတုန်း၊ မျောက်တင်သောင်းရဲ့"

"စခန်းအနောက်ဘက် ကညင်နှစ်ပင်စခန်းနားက လှိုထဲမှာ အိုင်တစ်ခု တွေ့ထားတယ်ဆရာ။ ငါးတွေမှ အရမ်းပေါ။ ငါးကြီးငါးကောင်းတွေချည်းပဲ။ အဲဒီဘက်သွားကြရအောင်"

"မင်းဟာ သေချာရဲ့လား"

"သေချာတယ် ဆရာ။ အောင်သန်းကိုတော့ ကျွန်တော် ပြောထားပြီးပြီ။ အခြေအနေမပေးသေးလို့ မပက်သေးတာ"

"ဘာနဲ့ပက်မှာလဲကွ"

"ခန္တွဲနဲ့ပေါ့ ဆရာရယ်။ ကျွန်တော် မြွေရေခွံဆန်အိတ်နှစ်အိတ်ကို အသင့်ယူလာပါတယ်။ ဝါးခုတ်ပြီး ခန္တွဲလုပ်ရုံပေါ့"

ကျွန်တော်တို့တွေ ကညင်နှစ်ပင်စခန်းအနားရောက်တော့ ဘွမ်းဗွမ်းရေပက်သံကို ကြားရတော့သည်။

"လာ ... ဟောကောင်တွေ၊ မင်းတို့ထက်ဦးသူတွေတော့ ရှိနေပြီထင်တယ်"

"ဟုတ်ပါရဲ့ ဆရာရယ်။ ဒါပေမဲ့ ဘယ်ရမလဲ။ ကျွန်တော်တို့က အရင်မြင်ထားတာ။ ရှယ်ယာတော့ တောင်းရမှာပေါ့"

ကျွန်တော်တို့ ကညင်ပင်ကြီးနှစ်ပင်၏ ပင်စည်များအား ကွယ်ပြီးချောင်းကြည့်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



လားလား လူများမှဟုတ်၏ စပါးကြီးမြွေကြီး တစ်ကောင်က အိုင်ကြီးတစ်ဖက်ထိပ်မှ ပျဉ်းကတိုးပင်အား အမြီးဖြင့်ပတ်ပြီး တစ်ဖက်ထိပ်မှ ကျွန်းပင်ပေါက်ကို ခေါင်းဖြင့်ပတ်၍ ကိုယ်ထည်ကြီးအား အပြားလုပ်ကာ အလွှဲလွှဲပက်နေခြင်းဖြစ်သည်။ အိုင်ထဲမှရေများပင် တစ်ဝက်ကျိုး၍ ငါးများပင် ခေါင်းပေါ်နေပြီဖြစ်သည်။

"ဟဲ ... ဟဲ ... တွေ့လားဆရာ။ ကျွန်တော်က တင်သောင်းထက် ဦးအောင်တပည့်ကြီးကို ပက်ခိုင်းထားတာ။ ကျွန်တော်တို့ မပင်ပန်းတော့ဘူးလေ"

မုဆိုးအောင်သန်းက မဂ်လာယူနေပြန်သဖြင့် ကျွန်ုပ်က ...

"ကဲ ... သူ့အစာ လုမစားပါနဲ့တော့ကွာ။ ပြန်ကြပါစို့"

"အဲသလို မဟုတ်ဘူးလေ ဆရာ။ စပါးကြီးမြွေကြီးကသာ ကျွန်တော်တို့အစာကို လုစားတာပါ။ ဆရာ အေးအေးဆေးဆေးသာ အနားယူပါ။ ကျွန်တော်တို့ ကြည့်လုပ်လိုက်ပါ့မယ်"

"ကဲ ... မင်းတို့သဘောပဲဟေ့။ ငါကတော့ နားတော့မယ်။ ကိုယ့်ဇာတ်ကိုယ်နိုင်အောင်လည်း က,ကြဦး"

ကျွန်ုပ်က အသင့်ပါလာသော ထမင်းထုပ်ကို ဖြေစားနေလိုက်တော့သည်။

"စိတ်ချပါ ... ဆရာ"

မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့သည် သာယာဝတီနယ်သားမုဆိုးများပီပီ ခြေသံလုံကြ၍ စပါးကြီးမြွေကြီး၏ ဦးခေါင်းပိုင်းအနီး ချဉ်းကပ်ကြပြီး မုဆိုးဓားဖြင့် မြွေဦးခေါင်းကြီးအား ခုတ်ဖြတ်လိုက်ကြတော့သည်။ ဦးခေါင်းပြတ်သွားသော မြွေကြီးမှာ ရေအိုင်ထဲပြုတ်ကျ၍ တဗွမ်းဗွမ်း လူးလွန့်လူးလှုပ်ရှားနေသေးသည်။





မြွေကြီး၏သွေးများမှာ ရေအိုင်ထဲ၌ ခြင်းခြင်းနီရဲနေသည်။ အတန်ကြာ၍ မြွေကိုယ်လုံးကြီး ငြိမ်သွားမှ နှစ်ယောက်သား မ,၍ ကမ်းပေါ်တင်သည်။ ထို့နောက် မျောက်တင်သောင်း အသင့်ဆောင်လာသော ဗုံဆန်အိတ်ထဲသို့ ငါးများကိုဖမ်း၍ ကောက်ထည့်ကြတော့သည်။ ငါးဘတ်၊ ငါးမြွေထိုး၊ ငါးရံ့၊ ငါးပြေမ၊ ငါးခူ၊ ငါးကျည်း အတော်စုံသည်။ အကောင်အရွယ်အစားလည်း အတော်ကြီးမားကြသည်။ ငါးမျိုးစုံ အချိန် (၁၀)ခန့်ရသည်။

"ဆရာရေ ... ငါးရံ့ကြီးတွေကိုခွဲပြီး ငါးခြောက်လှန်းမယ်။ ငါးပတ်ကြီးတွေကို ဆားနယ်ထားမယ်။ ငါးမြွေထိုးနဲ့ ငါးပြေမတွေကိုတော့ ညနေစာလည်း ချက်မယ်။ စခန်းမှာလည်း ဝေရမှာပေါ့"

"မင်းမြွေကြီးကိုရော ... တင်သောင်းရ"

"ဒါကြီးကိုတော့ သည်းခြေထုတ်ပြီး ဆရာ မယူရင် ရောင်းစားမယ်။ အသားကိုတော့ ဘဝတူရဲဘက်တွေ စားရအောင် ဖိုကြီးသွင်းမယ်လေ ဆရာ"

"အေးပါ ... ငါ မြွေသားလည်းမစား၊ သည်းခြေလည်း မယူဘူး။ ငါးကောင်းတွေကိုတော့ စခန်းတာဝန်ခံနဲ့ ဝန်ထမ်းတွေကိုလည်း အချိုးကျ ဝေလိုက်ပါဦးကွာ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့က ဆရာ့အတွက် ဦးစားပေးတာပါဆရာ။ ငါးခြောက်နဲ့ ငါးပိကောင်လုပ်ဖို့တော့ ချန်ထားမယ်နော် ဆရာ"

"အေးပါ ... ကောင်းသလို ကြည့်လုပ်ပါ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၄

❑

"အဲဒီလိုဖြစ်ခဲ့တာ . . . မိန်းမရေ မုဆိုးအောင်သန်းနဲ့ မျော
တင်သောင်းသာ ကျားမောင်နှံနဲ့ ရင်ဆိုင်ရစဉ်တုန်းက ခြောက်အိုး
မဖောက်ခဲ့ရင် ကိုယ်က သေနတ်တစ်လက်တည်းနဲ့ ကျားနှစ်ကောင်
ကို နိုင်မှာမဟုတ်ဘူး။

နောက်ပြီး အမေရိကန်လုပ် ဒသမ (၃၀၃) ရိုင်ဖယ် သေနတ်
ဆိုတာက ကာဘိုင်သေနတ်လို အော်တိုမောင်းပြန် ရိုင်ဖယ်မဟုတ်ဘူး။
တစ်တောင့်ချင်း မောင်းတင်ပြီးမှ ပစ်ရတာ။ မာန်တင်းပြီး အဖော်
တဲ့ ကျားနှစ်ကောင်ကို ဘယ်လိုမှမနိုင်နိုင်ဘူး။

ဒါကြောင့် မုဆိုးအောင်သန်းနဲ့ မျောက်တင်သောင်းတို့ရဲ့ ဖြ
ထိုးညာဏ်နဲ့ ခြောက်အိုးဖောက်တာကို ကိုယ်က ကျေးဇူးတင်ပြီး အ





လေးတွေ ခြောက်အိုးဖောက်သံကြားတော့ ပြန်သတိရပြီး သဘော
လို့ ပြုံးမိနေတာပါကွာ"

"ဪ . . . ဒါနဲ့ ရှင့်တပည့်တွေက ဘာကြောင့် ခြောက်
တွေကို ဆောင်ထားကြတာလဲ"

"ဟုတ်ပါ့ကွာ . . .။ ဒီကောင်တွေက မုဆိုးတွေဆိုပေမယ့်
လေးစိတ်က မကုန်ကြသေးဘူးလေ။ သိတင်းကျွတ်တော့ ရှမ်းထ
သာယာဝတီက သူတို့ညီတွေကို မှာထားတာ။ စခန်းထဲမှာလည်း
တာဝန်ခံ အရေးယူမှာစိုးလို့ မဖောက်ရဲကြဘူး။ အမဲလိုက်ထွက်
လည်း တောကောင်တွေ လန့်မှာစိုးလို့ မဖောက်ရဲကြဘူး။ ကျား
နဲ့ ရင်ဆိုင်တွေ့မှ သတိရပြီး ဖြတ်ထိုးညာဏ်သုံးလိုက်ကြတာ၊ ခွင်
သွားတာပေါ့ကွာ"

"ဪ . . . တပည့်တွေက ရှင့်အသက်ကို ကယ်ခဲ့တာကို
ရှင်ကတော့ မပြောခဲ့ဘူးတော်။ ဒီတစ်ခါလာကြရင်တော့ ကောင်း
ကောင်း ဧည့်ခံရမယ်။ ဒါနဲ့ သူတို့မလာကြတာတောင် ကြာပြီနော်"

"အမဲလိုက်မုဆိုးလုပ်တယ်ဆိုတာက အသက်စွန့်ရဲမှ လုပ်လို့
။ တောနက်ထဲဝင်တယ်ဆိုတာနဲ့ သူ့အသက်ကိုယ့်အသက် တစ်
ပဲ။ လျှင်သူစားတမ်းပေါ့။ ကျားတို့ ကျားသစ်တို့၊ မြွေတို့ဆိုတာ
တောမုဆိုးချင်းပဲ။ တွေ့ရင် ရှောင်ကြတာများပါတယ်။

မရှောင်နိုင်လို့ ရင်ဆိုင်တွေ့ကြရင်တော့ အစောကပြောခဲ့သလို
သူအနိုင်ရတာပါပဲ။ ကိုယ်က တပည့်တွေအသက်ကို ကယ်ခဲ့တာ
မ်ပေါင်းမနည်း တော့ဘူး။ ဒီကောင်တွေက လာကြပါလိမ့်မယ်။
သိတင်းကျွတ်ရင် လာကန်တော့နေကျပါ။ ဒီနှစ်တော့ နောက်
ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပဲခူးရိုးမတုန်းက ကျွန်မလည်း ရောက်ဖူးလို့ထားပါ တော့။ ကော့သောင်း (တနင်္သာရီရိုးမ) နဲ့ ကချင်ပြည်နယ်ရောက်တုန်း ကလည်း အမဲလိုက်တော့ ဒီလိုပဲ အသက်စွန့်လုပ်ရတာပဲလား"

"ပိုဆိုးတာပေါ့ ... မိန်းမရယ်၊ ဟိုစခန်းတွေမှာက အထူ သဖြင့် ကော့သောင်းဆီအုန်းစခန်းမှာ တောဝက်၊ မြွေ၊ ကျားသစ်နက် က အလွန်ပေါတာ။ တပည့်မုဆိုးတွေတော့ မွေးထားတာရှိပါရဲ့။ မုဆိုး အောင်သန်းနဲ့ တင်သောင်းတို့လို မတော်ကြဘူး။ အကင်းမပါးကြဘူ ကိုယ့်ဘာသာ ခေါင်းဆောင်လုပ် ကာကွယ်ရတာ။ တောဝက်ရန်ကြောင့် အသက်အန္တရာယ်ကြုံရဘာ အကြိမ်ကြိမ်ပဲ။

အဲ ... ကချင်ပြည်နယ်ရောက်တော့ ရှမ်းမုဆိုးကျော်ထွား မုဆိုးအောင်သန်းတို့ထက် သာသွားပြန်ရော။ ကျော်ထွားက မုဆိုးလု ခဲ့ရှုံတင်မက ဆင်ဦးစီး၊ ဆေးဆရာပါလုပ်ခဲ့တော့ တောအတွေ့အကြ အလွန်များတယ်။

နောက်ပြီး ခန္တီးရှမ်းမျိုးနွယ်ဆိုတော့ မြန်မာပြည်မြောက်ပိုင်း တောတွေကို ကျွမ်းကျင်နံ့စပ်တယ်လေ။ မြောက်ပိုင်းတောတွေက အ စိမ်းတောတွေဆိုတော့ အောက်ပြည်၊ အောက်ရွာက ရွက်ကြွေတော လို မဟုတ်ဘူး။ တောအလုပ်ရှုပ်တော့ အန္တရာယ်အလွန်များတယ်"

"တော်ပါသေးရဲ့ ... ရှင် အခုလိုကျန်းမာရေးကောင်းမွန် အန္တရာယ်ကင်းလွတ်ခဲ့တာကိုပဲ ဝမ်းသာလှပါပြီ။ အမဲလိုက်မုဆိုးအလု ဆိုတာ တကယ်တော့ လွယ်တာ မဟုတ်ဘူးနော်"

တောင်မှုကြီးသိန်းဝင်း



www.burmeseclassic.com

□

နှစ်သစ်ကူး အတာသင်္ကြန်အချိန် မြို့ပြနှင့် တောရွာများတွ
လှူငယ်လှူရှယ်များ ပျော်ပါးမြူးတူးချိန်လည်းဖြစ်ပါသည်။ တပေါ်
အခါက ရွက်ဟောင်းတွေကြွေပြီး တန်ခူးလအခါရောက်၍ နှစ်သစ်
အတူ ရွက်သစ်နုချိန်ဖြစ်၍ ရိုးမတောတစ်ခွင်လုံးအား အစိမ်းနုရော
ဖြင့် ခြယ်သထားသော သဘာဝပန်းချီကားချပ်ကြီး တစ်ခုသဖွယ်
လန်းစိုပြည့်စွာ မြင်တွေ့ရပါသည်။

ကျွန်တော်တို့ တာဝန်ကျရာ ရိုးမတောအလယ်ခေါင်က
တွင်းစခန်းလေးတစ်ခုတွင် ဖြစ်ပါသည်။ မအူပင်ဆိပ် (ဇောင်းတူ)
ခွဲ (၁)ဟု ခေါ်ပါသည်။ စခန်းခွဲလေးဖြစ်၍လည်း ပေ ၂၀၀ ပတ်လည်
တစ်ကေခန့်သာ ကျယ်ဝန်းပါသည်။

ရဲဘော်အိပ်ဆောင်များအား သံဆူးကြိုးကာရံထားပြီး
ကြိုးဝင်းရှေ့တွင် ယာယီကားလမ်း (မြေလမ်း) ကလေးရှိပြီး လမ်း
ဖက် မျက်နှာချင်းဆိုင်တွင် ကျွန်တော်တို့နေထိုင်သည့် ရုံးအဆော





အဦးနှင့် ဝန်ထမ်းဘားတိုက် စားဖိုကြီး ရိက္ခာကိုဒေါင်တို့ရှိပါသည်။ စခန်း
၏ အပြင်စည်းရိုးကိုတော့ ဝါးပေါသောဒေသဖြစ်သဖြင့် ဝါးဖြင့်သာ
ကျားမှောက်၊ ကျားလှန်လုပ်၍ ကာရံထားပါသည်။ လုံလုံခြုံခြုံတော့
မာတ်ပါ။ အရံအတား သတ်မှတ်ထားသည့်သဘောပင်။

အပြင် ကျားမှောက် ကျားလှန်စည်းရိုးနှင့် အတွင်းသံဆူး
ကြိုးဝင်းအကြားတွင်ရှိသော ပတ်လည်မြေပိုလေးအား ချဉ်ပေါင်၊ မုန်
ညင်း၊ မုန်လာ၊ ရုံးပတီ၊ ငရုတ်ပင်များ စိုက်ပျိုးထားပြီး စခန်းအနောက်
ဘက်အပိုင်းတွင် စင်ထိုး၍ ဗူးပင်များစိုက်ပျိုးထားရာ ဖြစ်ထွန်းအောင်
မြင်လှပါသည်။

ဖြစ်ထွန်းလွန်း၍ ဖြတ်သွားဖြတ်လာ ညှိသည်အသိများက
မှာ်စိကျကာ တောင်းကြသဖြင့် စခန်းတွင်း စားသုံးရန်ပင် အနိုင်နိုင်
နှိ်ထားရပါသည် ချက်ပြုတ်စားရန်အတွက်လည်း ဟင်းသီးဟင်းရွက်က
များပါ၊ တောလယ်ခေါင်တွင် စခန်းချကာ နေထိုင်ကြခြင်းဖြစ်၍လည်း
သာဟင်းသီးဟင်းရွက်က ပေါများလှပါသည်။

ဤအချိန်တွင် ဝါးရုံတောအနီး ကွက်လပ်မှန်သမျှ ပုတတ်စာ
များပေါက်ပြီး စခန်းပတ်လည်တွင် ဖင်ပြွန်းနှင့် ဗိုးဖြူ (ဆီးဖြူ) သီးများ
လည်း ပေါများလှပါသည်။ ထို့အပြင် တို့စရာအဖြစ် သခွပ်ပွင့်၊ မလွ
ကြောင်လျှာသီး၊ ကတက်ရွက်နု၊ ယင်းတိုက်ရွက်နုနှင့် စိန်နဘော်
နှင့်များကလည်း စားမကုန်အောင် ပေါများလှပါသည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်အတွက်တော့ ပူပင်စရာမလို
ရာသီမရွေး စားသုံးနိုင်သော တောငှက်ပျောပင်များကလည်း စခန်း
ဝန်းကျင်လက်ညှိုးထိုး၍ မလွဲပါ။ ဝါးပေါက်လေးများခပ်၍ တော
အချဉ်ရည်ဟင်းက နှုတ်ကိုမြိန်စေသလို ပုတတ်စာနှင့် ကင်ပွန်းချဉ်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ဟင်းကလည်း ဤရာသီနှင့် လိုက်ဖက်ပါသည်။ ဇင်ပြွန်းသီးနှင့် ငါးချဉ်ရည်ဟင်းလည်း အလွန်ကောင်းပါသည်။

စခန်းအနီးတွင်ရှိသော ရေအနည်းငယ်သာရှိသည့် ချောင်းကလေးများကို ပေ၂၀ခန့် နှစ်ဖက်ပိတ်တမံတုတ်ပြီး ငါးပက်ရုံနှင့် ငါး သေးငါးဖွဲ၊ ငါးပေါက်ကလေးများအား စခန်းတစ်ခုလုံး စားသုံးလောက်အောင် ရရှိနိုင်ပါသည်။

သင်္ကြန်အတွင်း ရုံးပိတ်ရက်ဖြစ်၍ စခန်းတစ်ခုလုံး အားလပ်ခွင့်ရရှိနေကြပါသည်။ မြို့ပြနှင့် တောရွာများတွင် လူကြီးသူမများ ဥပုသ်ရက်ရှည်စောင့်၍ ကုသိုလ်ဘာဝနာ ပွားများနေကြသည့်အချိန်တွင် ကျွန်တော်တို့အဖွဲ့ကတော့ စားသောက်ရန်အတွက် အသီးအရွက်၊ သားငါးနှင့် အမဲကောင်ရရှိရန် ကြိုးစားနေရပါတော့သည်။ အမှမတော့မှ သီလစောင့်နိုင်မည့်သဘောပင် မဟုတ်ပါလော။

သဘာဝသစ်ပင်တောကြီးမှာ လွန်စွာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။ နိုင်ငံခြားတိုင်းပြည်များတွင် တောအတွေ့အကြုံ ဗဟုသုတရရှိစေရန်အတွက် ငွေကြေးအကုန်အကျခံကာ အချိန်ကုန် လူပင်ပန်းသွားလာရသော်လည်း ကျွန်တော်တို့အနေဖြင့် တောအလယ်ခေါင်တွင် နှစ်နှင့်ချီ၍ စခန်းချနေကြရခြင်းဖြစ်ရာ ပိုက်ဆံမကုန်ဘဲ နေ့စဉ်ထူးဆန်းကြယ်သော တောသဘာဝကို လေ့လာခွင့်ရရှိပါသည်။

သစ်ခွပန်းဝါသနာရှင်များအတွက် ဖယောင်းပန်း လက်တို၊ လက်တံရှည်၊ တောသဇင်ရိုင်းအမျိုးမျိုး၊ ရတနာရွှေခက်၊ ကြက်တူရွေးပန်း၊ ခေါင်းသစ်ခွ၊ ငှက်ကြီးပန်း စသည်ဖြင့် သစ်ခွပန်းမျိုးကိုလည်း ရှာဖွေခူးဆွတ်နိုင်သလို စခန်းအနီးရှိ ဂမုန်းတောင်မှလည်း လဝန်းဂမုန်း၊ ဂမုန်းသူယောင်၊ ဂမုန်းခွက်ပေါက်၊ ကိုရန်ကြီးဂမုန်း





ဂမုန်းတိမ်ပြာ၊ ဒေါင်းဂမုန်း၊ ကျီးဂမုန်း၊ ဂမုန်းမျိုးစုံကိုလည်း လေ့လာစုဆောင်းနိုင်ပါသည်။

ယင်းဂမုန်းတောင်မှာ သစ်ပင်ကျဲပါးပြီး သဘာဝအတွက် ဂမုန်းမျိုးစုံပေါက်ရောက်နေပြီး တောင်အနီးရောက်လျှင်ပင် မွှေးပျံ့သင်းကြိုင်သော ဂမုန်းပန်းရနံ့များက လူကိုလည်း လန်းဆန်းစေပါသည်။

မြင့်မြတ်သော နေရာဖြစ်၍လည်းကောင်း၊ မြေပေါ်သောအရပ်ဖြစ်၍တစ်ကြောင်း၊ ရဲဘက်နှင့်ဝန်ထမ်းများအား မသွားရန် ပိတ်ပင်တားမြစ်ထားသော နေရာဖြစ်ပါသည်။

ယနေ့ သင်္ကြန်အကျနေ့ဖြစ်ပါသည်။ သို့သော် သင်္ကြန်နှင့်တူသော အရိပ်အငွေ့ပင် စခန်းတွင်း၌ မရှိပါ။ ရုံးပိတ်ရက်ဖြစ်၍ နားနေကြခြင်း စကားဝိုင်းဖွဲ့ပြောဆိုနေကြခြင်း၊ တောဟင်းသီးဟင်းရွက်ခူးခြင်း၊ ချောင်းအတွင်း ငါးပက်ကြခြင်းသာရှိပါသည်။ တောတွင်းစခန်းဆိုသော်လည်း တန်ခူးနေက ပူပြင်းလှပါသည်။ သစ်ရိပ်ဝါးရိပ်ရှိသော်လည်း အိုက်စပ်စပ်ပင်။

ကျွန်တော်သည် ရုံးခန်းရှေ့ကနားဖျင်းအောက်တွင် အဖန်ရည်တစ်အိုးဖြင့် ကြိမ်ပက်လက်ကုလားထိုင်တွင်ထိုင်ကာ အနားယူရင်း တောင်တောင်အီအီ တွေးနေခိုက် ...

"လိုက်ဟေ့ ... ဖမ်းဟေ့ ... မလွှတ်စေနဲ့"

"အဲဒီဘက်က ပိတ်ထား"

"ဝေး ... ဟေး ... ဟေး"

ဟူသော အသံများကြောင့် အတွေးရေယာဉ်ကြောတွင် မျောနေရာမှ ငေါက်ခနဲ ထထိုင်မိကာ ...

"ဟေ့ ... ဘာဖြစ်တာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရုံးခန်းရှေ့ ကင်းတဲမှ အစောင့်အား လှမ်းအော်မေးလိုက်ရာ ...

"ဆရာ .... စခန်းထဲချောင်လို့ဆရာ၊ ရဲဘက်တွေ ဝိုင်းလိုက်နေတာ"

သို့နှင့်ကျွန်တော်လည်း စခန်းအတွင်းမှ ရိုင်ဖယ်သေနတ် အားဝင်ဆွဲပြီး အပြေးထွက်ခဲ့ရာ ချောင်ကြီးတစ်ကောင်မှာ စခန်းအတွင်းရှိ ဆူးကြိုးဝင်းနှင့် ကျားမှောက်၊ ကျားလှန်စည်းရိုးအကြားရှိ စိုက်ပျိုးခင်းအား ဝင်စားရင်း ရဲဘက်များ၏ အဝိုင်းခံနေရသည်ကို တွေ့ရှိရပါသည်။

လူအုပ်မှာ ကောင်းလွန်းပြီး စည်းရိုးများ ကာရံထားခြင်းကြောင့် ချောင်ကြီးမှာ ပြေးစရာမြေမရှိပဲ ဦးတည်ရာပြေးလွှားရင်းမှ သံဆူးကြိုးနှင့် ငြိနေသည်အဖြစ်ကို တွေ့ရပါသည်။ သေနတ်ဖြင့်ပစ်ခတ်ရန် စဉ်းစားမိသော်လည်း ဝိုင်းဆို့ထားသောလူများကြောင့် ပစ်ခွင့်မသာပါ။

ထိုအချိန်တွင် တောလည်ရာမှ ပြန်ရောက်ရှိလာသော တပည့်ကျော်မုဆိုး အောင်သန်းရောက်ရှိလာပြီး မိုန်းဖြင့်ထိုးရာ ချောင်ကြီး ဇာတ်သိမ်းပါတော့သည်။

"ဆရာရေ ... အတော်ပဲဗျို့။ ကျွန်တော်လည်း ဒီနေ့ တစ်မနက်ခင်းလုံး တောထဲမှာ ဘာကောင်မှမရလို့ စိတ်ပျက်ပြီး ပြန်လာတာ။ ဟင်းစားက စခန်းထဲရောက်နေတာကိုး။ တပည့်ကြီး ထမ်းရိုးသက်သာအောင် တောစောင့်နတ်များက သားကောင်ကို စခန်းထဲရောက်ပို့လိုက်တာ ထင်ပါရဲ့ဗျာ"

ဟု ဝမ်းသာအားရ ပြောဆိုတော့သည်။





ရဲဘက်ဝန်ထမ်းများလည်း တဟီးဟီးတဟားဟားဖြင့် ပျော်မြူးနေကြသည်ကို ကြည့်ရင်း ယခုမှပင် သကြံန်စရိုက်နှင့်တူတော့သည်ဟု ဝမ်းသာမည်ကြံကာ ရှိသေးစဉ် တပ်ကြပ်ကြီး ဦးအေးမောင် ရောက်ရှိလာကာ ...

"ဟာကောင် ... အောင်သန်းရေ မင်းသာ ဝမ်းသာနေ။ စခန်းထဲ တောကောင်ဝင်တာ မကောင်းဘူးကွ။ မင်းသိရဲ့လား"

"ဘာဖြစ်လို့လဲ ဆရာကြီးရဲ့၊ စခန်းထဲ တောကောင်ဝင်တာ ဘာဖြစ်လို့လဲ။ ချောင်တာပဲ၊ ကျားဝင်တာမှမဟုတ်တာ။ ဟော ... အခုကြည့်လေ ... သကြံန်တွင်း ဝန်ထမ်းရော၊ ရဲဘက်ရော ဟင်းကောင်းစားရတော့မယ်"

"မင်းကတော့ ပြောလေ ကဲလေ မန်းလေး ပြဲလေပါလား"

ထိုစဉ် ကျွန်တော်က ...

"ဆရာကြီး ... ဘာဖြစ်လို့လဲ၊ စခန်းထဲ တောကောင်ဝင်တာ မကောင်းဘူးလား"

ဟု မေးရာ ...

"မကောင်းဘူး ... ဆရာရဲ့၊ စခန်းကို နိမိတ်တတ်တယ်"

"ဆရာကြီးရယ် ... အယူစွဲမနေပါနှင့်တော့။ တော်ကြာ စခန်းထဲက လူတွေ စိတ်ဓာတ်ကျကုန်ပါဦးမယ်"

"ကဲ ... တပည့်ကြီးအောင်သန်းရေ မင်း ချောကိုဖျက်ပြီး ဝန်ထမ်းရဲဘက်မျှတအောင် ဝေပေးလိုက်ပေတော့"

"ဆရာကြီး ... အေးမောင်၊ လာဗျို့။ အဖန်ရည်သောက်ရင်း စကားပြောကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုကာ ရုံးခန်းရှေ့က ကနားဖျင်းအောက်မှ ပက်လက်ကုလားထိုင်များတွင်ထိုင်ကာ မေးမြန်းရပါတော့သည်။

"ဆရာကြီးက အခုလိုအဖြစ်အပျက်မျိုး ကြုံဖူးလို့လား"

"ကြုံဖူးလို့ပြောတာပေါ့ ဆရာရယ်။ အဲဒီတုန်းကလည်း ရှေ့ရလို့ စခန်းတစ်ခုလုံး ပျော်လိုက်ရတာ။ ပန်းတောင် တောင်ကုတ်လမ်းဖောက်တုန်းကပေါ့။ အခုလိုရာသီပဲ ထင်ပါတယ်။ မကြာပါဘူး စခန်းထဲချောဝင်ပြီး စခန်းပျက်ပါရောလား"

"ဆရာကြီးရယ် ... ချောဝင်တာနဲ့ စခန်းပျက်ရရောလား"

"တောထဲတောင်ထဲ နို့မိတ်ပေါ့ ဆရာရယ်။ ချောဝင်ပြီးစခန်းထဲမှာ ဝမ်းရောဂါတွေဖြစ်၊ ငှက်ဖျားရောဂါတွေဖြစ်နဲ့ နောက်ဆုံးစခန်းကိုဖျက်ပြီး အခြားနေရာကို ပြောင်းပြေးရတာယ်။ အသေအပျောက်လည်း ရှိခဲ့တယ် ဆရာရဲ့"

"ဪ ... ဆရာကြီးက ကိုယ်တွေ့ကြုံဖူးတာကိုး။ ဒီမှာတော့ ငှက်ဖျားကာကွယ်ဆေးလည်း တစ်ပတ်တစ်ခါ မှန်မှန်တိုက်ပြီး ရေကိုလည်း ကျိုချက်သောက်နိုင်းလို့ မဖြစ်တန်ဘူးထင်ပါတယ်။ လူကြီးသူမ စကားကို မဖယ်ရှားကောင်းတာမို့ ညနေတန်းစီကြရင် ကျွန်တော်ဝန်ထမ်းရဲဘက်အားလုံးကို အသေအချာ သတိပေးစကားပြောပါမယ်"

"ကောင်းပါတယ် ဆရာရယ်။ ကြိုတင်ပြင်ဆင်တာ အကောင်းဆုံးပေါ့"

သို့နှင့် ညနေ ထောင်ပိတ်တန်းစီချိန်သို့ ရောက်ရှိလာပါသည်။ တောတွင်းမို့ ညနေ ၆နာရီကျော်လျှင်ပင် မှောင်စပြုလာပါပြီ။ ဝန်ထမ်းရဲဘက်များအား ကျန်းမာရေးဂရုစိုက်ရန်၊ ရေကို ကျိုချက်သောက်ရန်၊ ဝမ်းပျက်စေနိုင်သော အသီးအရွက်များအား မစားရန်၊ ယင်နား





တများ မစားရန်၊ စနေနေ့တိုင်းတိုက်သော ငှက်ဖျားကာကွယ်ဆေးအား မှန်မှန်သောက်ရန် သတိပေးနှိုးဆော်ပြီး တန်းစီဖြုတ်၍ ရုံးခန်းသို့ ပြန်လာစဉ် ...

ဗိုက်ကြီးမှ ရဲဘက်များ ရုံးခန်းအနီးရှိ ပျဉ်းမပင်ကြီးပေါ်သို့ မော့ကြည့်နေကြသဖြင့် သွားရောက်ကြည့်ရှုရာ မီးခိုးရောင်အမွေးအမှင်ရှိ၍ ညိုနှင့်တူသော အကောင်ကြီးတစ်ကောင်သည် လူ့အုပ်ကိုကြောက်၍ သစ်ပင်ထိပ်ဖျားသို့ တက်ပြေးရာမှ ထိပ်ဖျားသို့ရောက်လျှင် အခြားသစ်ပင်သို့ လေဟုန်စီး၍ ခုန်ကူးကာ သစ်ကိုင်းခြောက်ကြီးတွင် တွယ်ကပ်နေသည်ကို တွေ့ရှိရပါသည်။

အကောင်ကြီးမှာ ၃ ပိဿာခန့်ရှိပြီး အတောင်ပံကဲ့သို့သော အရေပြားကြီးက ခြေနှင့်လက်များကို ဆက်ထားသည်ကို တွေ့ရှိရပါသည်။

ချက်ချင်းပင် ကျွန်တော်သည် ထိုထူးဆန်းသော သတ္တဝါအားအနီးကပ်လေ့လာလိုသဖြင့် ရုံးခန်းအတွင်းမှ ရိုင်ဖယ်သေနတ်အား ပြေးယူပြီး ပစ်ချလိုက်ရာ ...

'ဒိန်း ... ဖြောင်း' ဟူသော အသံနှင့်အတူ ထူးဆန်းသောသတ္တဝါမှာ သစ်ကိုင်းခြောက်ကြီးနှင့်အတူ မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ် 'ဘုန်း'ခနဲ ပြုတ်ကျလာပါတော့သည်။

တပည့်ကြီး အောင်သန်းမှာ ညနေစာချက်ပြုတ်နေရာမှ သေနတ်သံကြားသဖြင့် ပြေးထွက်လာပြီး ၎င်းသတ္တဝါကြီးအား ကောက်ပါတော့သည်။ သတ္တဝါကြီး၏ဦးခေါင်းမှာ ကြောင်နှင့်တူပြီး ခြေလက်များမှာလည်း ကြောင်ကဲ့သို့ပင် လက်သည်းများပါရှိသည်ကို တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြီးမှာလည်း ကြောင်မြီးနှင့်တူသော်လည်း တိုရှုံ့တုတ်ပါသည်။ ခြေနှင့်တွဲထားသော အတောင်ပံကဲ့သို့ အရေပြား ၂ ချပ်မှာ လင်းဆွဲနှင့်တူသော်လည်း ဆူးချွန်များ မပါပါ။ မီးခိုးရောင်အမွေးအမှင်များပေါက်နေသဖြင့် ကြောင်ပျံဟုခေါ်ဆိုလျှင် မှားမည်မထင်ပါ။

သို့သော် တပ်ကြပ်ကြီး ဦးအေးမောင် ရောက်ရှိလာကာ ၎င်းသတ္တဝါမှာ 'ရှူးပျံ' ဖြစ်ကြောင်း ရှားပါးသတ္တဝါပင်ဖြစ်ကြောင်း သိရပါတော့သည်။

"တို့ဆရာကတော့ ကံကောင်းတယ်ဟေ့။ တပည့်ကြီးလို အပင်ပန်းခံပြီး တောတိုးစရာမလိုဘဲ စခန်းထဲမှာတင် ချေရော၊ ရှူးပျံရော တစ်နေ့တည်း ရတယ်ဗျို့"

ဟု တပည့်ကြီးအောင်သန်းမှ ပြောဆိုရာ ...

တပ်ကြပ်ကြီး ဦးအေးမောင်မှ ...

"ပြောပြန်ပြီ။ မင်း ဒီစကား၊ အကောင်းအဆိုး နားမလည်ဘဲနဲ့ လူကြီးတွေကြားထဲ ဝင်ဝင်မပြောနဲ့"

ဟု တားမြစ်ပါသည်။

ကျွန်တော်မှ ...

"ဆရာကြီးရယ် ... တောလယ်ခေါင်မှာ စခန်းဆောက်ထားတော့လည်း သတ္တဝါတွေ ဝင်ပေမပေါ့။ အစွဲအလမ်း သိပ်မထားပါနဲ့ ဥပါဒါန်ကြောင့် ဥပါဒ်ဖြစ်တတ်ပါတယ်"

ဟု နှစ်သိမ့်မှ ငြိမ်သွားပါတော့သည်။

ရှူးပျံအား အရေခွံခွာရာ အရေခွံမှာ ပျော့ပြောင်းနူးညံ့ပြီး အမွေးများမှာလည်း မျောက်မွေးကဲ့သို့ နူးညံ့လှကြောင်း တွေ့ရှိရ



သည်။ မစားဖူးသဖြင့် အသားအား ချက်ပြုတ်၍စားကြည့်ရာ ကြောင်သားနှင့်တူသော်လည်း ကြောင်သားကဲ့သို့ မမာဘဲ မျောက်ချိုသားကဲ့သို့ ပျော့ပြောင်းနူးညံ့လှကြောင်း တွေ့ရှိရပါသည်။

တောကောင်သားများနှင့် ညစာ ထမင်းစားပြီးနောက် ညအိပ်ရာဝင်ချိန်တွင် တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် စခန်းတစ်ခုလုံးကိုသာမက ယနေ့ရရှိသော တောကောင်နှစ်ကောင်စလုံးအားလည်း မေတ္တာပို့၍ အမျှအတမ်း ဝေပေးလိုက်ပါသည်။

မနေ့ညက အသားဟင်းကောင်းကောင်းဖြင့် ညစာစားပြီးကောင်းစွာအိပ်ရသဖြင့် မနက် ၆ နာရီခန့် အိပ်ရာမှနိုးသော် လူမှာလန်းဆန်း၍ နေပါသည်။ မနက်ခင်း ထောင်ဖွင့်လူပေါင်း စစ်ဆေးပြီးနောက် ထမင်းကြမ်းနှင့် ချေသားကြော်အား မနက်စာအဖြစ် စားသောက်နေစဉ် မအူပင်ဆိပ် စခန်းတာဝန်ခံရုံးမှ ဝန်ထမ်းတစ်ဦး ရောက်ရှိလာပါတော့သည်။

၎င်းစခန်းတွင် အေးချမ်းစွာ တာဝန်ထမ်းဆောင်နေသည်ကို ကံဇာတ်ဆရာက ဘယ်အငြိုးဖြင့် လက်ညှိုးထိုးလိုက်သည်မသိပါ။ လူလာလဲမည့် ထောင်မှူးကိုပင် မစောင့်တော့ဘဲ လက်အောက်မှ တပ်ကြပ်ကြီးကို စခန်းအား အမြန်ဆုံးလွှဲပြောင်းပေးပြီး လျှော်တုန်းစခန်း (ယခင် လူသေမြောင်စခန်း) ကို လွှဲပြောင်းယူရန် ကွပ်ကဲမှုရုံးမှ ရွှေပေလွှာကို လာရောက်ပို့ဆောင်ခြင်းဖြစ်ပါသည်။

၎င်းအပြင် ဆက်သား (စာပို့သူ)ကို ကျွန်တော်မှ လျှော်တုန်းစခန်းအား လွှဲပြောင်းရယူခြင်း စာရွက်စာတမ်းများကိုပါ တစ်ပါတည်း [illegible]ည်ယူဆောင်ပါရန် အမှာရှိလိုက်ကြောင်း သိရှိရသဖြင့် ၉ နာရီ

www.burmeseclassic.com



အတွင်း အပြီးဆောင်ရွက်ရန် (အရေးပေါ်) နိုင်းစေခြင်းဖြစ်ကြောင်း သိရှိရပါတော့သည်။

တပ်ကြပ်ကြီး ဦးအေးမောင်၏ စခန်းတွင်း ရှောင်ဝင်သည့် နိမိတ်ကြောင့် ပြောင်းရွှေ့ရခြင်းလောဟု သံသယဝင်ပါတော့သည်။

ပြောင်းရွှေ့မိန့်အကြောင်း ကြားသိရသဖြင့် စခန်းတစ်ခုလုံး ဝမ်းနည်းပက်လက် ဖြစ်ကြရပါတော့သည်။ နှစ်ပေါင်းအတော်ကြာ လက်တွဲနေထိုင်လာကြပြီးမှ ရုတ်တရက် ခွဲခွာရသဖြင့် ငိုသူငို၊ ယိုသူယိုဖြင့် စိတ်မကောင်းစရာပင်။ ဝန်ထမ်းဆိုတော့လည်း ထားရာနေ စေရာ သွားပေါ့။

ကျွန်တော် အုပ်ချုပ်နေသည့် စခန်းခွဲ ၁ မှာ ဝန်ထမ်းနှင့် ရဲဘက်အင်အားစာရင်း၊ ရိက္ခာ၊ လက်နက်နှင့် လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းအစီအရင်ခံစာများသာရှိသဖြင့် တပ်ကြပ်ကြီး ဦးအေးမောင် အား အမြန်ဆုံး လွှဲပြောင်းပေးအပ်ခဲ့ပြီး ကွပ်ကဲရုံးမှ ဆက်သားနှင့်အတူ ရဲဘက် ၂ ဦး၊ တပည့်ကျော်တပ်သား မုဆိုးအောင်သန်းတို့အား ခေါ် ဆောင်၍ လျှော်တုန်းစခန်းကို ဦးတည်ကာ ၁၀ မိုင်ခန့် တောလမ်းခရီး ကို မနားတမ်း ချီတက်ခဲ့ရပါတော့သည်။

လျှော်တုန်းစခန်းသို့ ညနေ နေဝင်ရီတရောအချိန်တွင် ရောက် ရှိပါသည်။ စခန်းတာဝန်ခံ ထောင်မှူးကြီးဦးကျော်သာမှာ ငှက်ဖျားရောဂါ ဖြစ်ပွား၍ နောက်တန်းဆေးရုံသို့ အရေးပေါ်တင်ပို့ရသဖြင့် စခန်းတွင် ရှိနေသော 'ထောက်' ထောင်မှူးဦးအုန်းဖော်အား ယာယီလွှဲပြောင်း ပေးခဲ့ပြီး စီနီယာထောင်မှူးဖြစ်သူ ကျွန်တော့်အား ဦးအုန်းဖော်က ပြန် လည်လွှဲပြောင်းပေးအပ်ရန် ဖြစ်ပါသည်။



ဤစခန်းစဖွင့်စဉ်ကတည်းက အုပ်ချုပ်သူ တာဝန်ခံမမြဲပါ။ တာဝန်ခံကိုယ်တိုင် ငှက်ဖျားရောဂါဖြစ်ပွားသဖြင့် နောက်တန်းဆေးရုံ သို့ အရေးပေါ် ပို့ရသည်မှာ ၂ ဦး၊ ၃ ဦး ရှိပါပြီ။

ထို့ကြောင့်လည်း မူလဒေသအခေါ် လူသေမြောင်စခန်းအား လျှော်တုန်းစခန်းဟု ကွပ်ကဲမှူးရုံးမှ နာမည်ပြောင်းပေးခဲ့ရခြင်း ဖြစ်ပါ သည်။

ခရီးရောက်မဆိုက်ပင် လွှဲပြောင်းခြင်းလုပ်ငန်းများ လုပ်ဆောင် သော်လည်း လုပ်ငန်းမပြတ်သဖြင့် ညစာထမင်းကိုပင် ဖြစ်သလို စားသောက်ကြပြီး ဆက်လက်စစ်ဆေး လွှဲပြောင်းယူရပါသည်။

ဝန်ထမ်းအင်အား၊ ရဲဘက်အင်အားစာရင်း၊ ရဲဘက်များ၏ ဆောင်ကျဉ်ရမ်းများ၊ ရိက္ခာလက်ကျန်စာရင်း၊ လက်နက်ခဲယမ်းနှင့် လုပ်ငန်းသုံး လက်ကျန်ပစ္စည်းများစာရင်း၊ ဆေးဝါးလက်ကျန်စာရင်း တို့ဖြင့် မပြီးမချင်း လွှဲပြောင်းကြရာ ညသန်းခေါင်ကျော်၍ နောက်တစ် နေ့ မနက် ၃ နာရီထိုးခါနီးမှ ပြီးစီးပါတော့သည်။

လွှဲပြောင်းလုပ်ငန်း ပြီးစီး၍ စိတ်အေးချမ်းသာစွာ အနားယူ နေကြကာရှိသေးစဉ် ထောင်မှူးဦးအုန်းဖော်မှ လက်ဖက်ရည်ကြမ်း ဝိုင်းတွင် စခန်းအကြောင်း စကားပြောပါတော့သည်။

အရင်က ဒီစခန်းမှာက ကျားသိပ်ပေါ်ပြီး မုဆိုးတွေ ကျား ကိုက်ခံရလွန်းလို့ ဒေသအခေါ် လူသေမြောင်စခန်းလို့ ခေါ်တယ်ဆရာ။ ငှက်များလည်း ကြီးတယ်။ 'စခန်းစဖော်ထုတ်စဉ်တုန်းက ထောင်မှူး ကြီး ဦးကျော်ထင်နဲ့ မြေတိုးစက်အဖွဲ့ ညဘက်ဆို မအိပ်ရဲဘူးလို့ ပြောတယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျားအုပ်က မြေထိုးစက်ကြီးတွေ ဝိုင်းရံထားပြီး အလယ်မှာ မီးလှုံနေတဲ့ လူတွေကိုတောင် မထိမဲ့မြင်ပြုပြီး တစ်ညလုံး ဟိန်းဟောက်ပြီး ပတ်ချောင်းနေသတဲ့။ တစ်ယောက်မှ အပြင်မထွက်ရဲဘူး။ လက်နက်တွေပါပေမယ့် နီးကပ်လွန်းလို့ မပစ်ရဲကြဘူး။

နောက်နေ့တွေကျတော့ နေမဝင်မီ အလုပ်သိမ်းပြီး မြေထိုးစက်ကြီးတွေကို စက်နှိုး မီးထိန်အောင်ဖွင့်ထားပြီး အလယ်စည်းဝိုင်းထဲမှာ မီးဖိုပြီး ငြိမ်နေရသတဲ့။ အဲဒါ တစ်ပတ်လောက်ကြာမှ ကျားတွေလည်း မလာတော့ဘူးတဲ့။ အခုတော့လည်း လူအင်အား ၄၀၀ ကျော်ရှိလို့ ကျားဟိန်းသံတောင် မကြားရတော့ပါဘူး။

ဒါနဲ့ဆရာ သရဲတစ္ဆေခြောက်တာ မြင်ဖူးသလား။ ကြားတော့ ကြားဖူးမှာပေါ့။ ကိုယ်တွေ့ကြုံဖူးသူက အရှားသားပဲ။ ဒါပေမယ့် ဒီစခန်းမှာ နေရင်တော့ ကိုယ်တွေ့ကြုံရပါလိမ့်မယ်။ အခု မနက် ၃ နာရီထိုးဖို့ ၅မိနစ်ပဲလိုတော့တယ်။ ၃ နာရီတိတိမှာ ဒီစခန်းရဲ့ ထူးခြားမှုက ဆရာကို စတင်နှုတ်ဆက်ကြိုဆိုပါလိမ့်မယ်။

ကျွန်တော်အနေဖြင့် ခရီးကပန်း၊ အိပ်ရေးကပျက်၊ အလုပ်ကလည်း မနားတမ်း လွှဲပြောင်းစစ်ဆေးနေရသဖြင့် သရဲတစ္ဆေအားကြောက်ရမည့်အစား အလုပ်ပြီးပြီးချင်း အနားယူ အိပ်စက်ချင်စိတ်ကသာ လွှမ်းမိုးနေပါတော့သည်။ အလုပ်ပြီးသွားသဖြင့် အလုံးကြီးကျကာ ရုံးခန်းထဲရှိ ဝါးပက်လက်ကုလားထိုင်တွင် ထိုင်ကာ ကျောဆန့်နေခိုက် ...

"ဝုန်း ... အုန်း ..."

ဟူသော အသံကြီးဖြင့် ရောမ သစ်ပင်ကြီးတစ်ပင် ရုံးခန်းအနီး လဲကျသံအား ကြောက်မက်ဖွယ်ရာ အနီးကပ် ကြားလိုက်ရပါ





သည်။ လေမတိုက်၊ မိုးမရွာဘဲ၊ သစ်ပင်ကြီးတစ်ပင် မြေတုန်ဟီးလျက် လဲပြိုကျသံကြောင့် အံ့သြထိတ်လန့်နေမိစဉ် ထောင်မှူး ဦးအုန်းဖေမှ ...

"ဟော ... မနက် ၃ နာရီထိုးပြီဆရာ"

ဟု အေးဆေးစွာ ပြောဆိုရာ ကျွန်တော်မှ ...

"စခန်းဝင်းထဲ သစ်ပင်ကြီး လဲပြိုထင်တယ်။ လူများ အထိအခိုက်ရှိသလား သွားကြည့်ရအောင်ဗျာ"

ဟုပြောပြီး လက်နှိပ်ဓာတ်မီးဆွဲ၍ ရုံးခန်းအပြင်ထွက်ရန် ပြင်ဆင်ရာ ထောင်မှူးဦးအုန်းဖေက ...

"ဆရာ ... အဲဒါ သရဲခြောက်တာလေ၊ သွားကြည့်မနေနဲ့ အိပ်ရေးပျက်ပါတယ်"

ဟူသဖြင့် ကျွန်တော်မှာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ရုံးခန်းအပြင်သို့ထွက်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ ကျွန်းပင်ခြောက်ကြီး တစ်ပင်မှာ ရုံးခန်းအနီးလဲနေပြီး ခုတ်လှဲထားသည်မှာ ကြာပြီဖြစ်သဖြင့် ၎င်းအပင်ကြီးအား နွယ်ပင်စိမ်းစိမ်းများပင် ရစ်ပတ်ပေါက်နေသည်ကို တွေ့ရှိရပါသည်။

စခန်းအတွင်းရှိ ဝန်ထမ်းနှင့် ရဲဘက်များ၏ အသံမှာလည်း တိတ်ဆိတ်နေပြီး သစ်ပင်ကြီးလဲပြိုသံအား ကြားကြမည်ဖြစ်သော်လည်း ငြိမ်နေဟန်တူပါသည်။

ထိုစဉ် ထောင်မှူးဦးအုန်းဖေ ရောက်ရှိလာပြီး ...

"ဆရာ ... ယုံပြီလား။ အဲဒီကျွန်းပင်ကြီးကို လွန်ခဲ့တဲ့ ၆ လလောက်ကတည်းက ခုတ်လှဲထားတာ။ သူက နေ့စဉ် မနက် ၃



www.burmeseclassic.com

www.burmeseclassic.com



နာရီတိတိမှာ လဲသံပေးတယ်။ တစ်နည်းဆိုရင်တော့ 'သရဲနာရီပင်ကြီး' ပေါ့ဗျာ''

ဟု ရယ်မောရှ် ပြောဆိုရှင်းပြပါသည်။

အံ့သြလောက်စရာပါလား သရဲနာရီပင်ကြီးရယ်။ သရဲတစ္ဆေကလည်း ဆွစ်ဇာလန်လုပ် အဖိုးတန်နာရီပတ်ထားဟန်တူပါရဲ့၊ စံတော်ချိန် အတိအကျပင်။ တစ်မိနစ်ကလေးမှ မလွဲစေရပါ။ သရဲခမျာ ညစဉ်စံတော်ချိန်ကိုက် အသံပြုပေးရန် တာဝန်ကြီးတစ်ခု ယူထားရသည်ထင်ပါရဲ့။

ရှိလုံ့

ကြ

ထောင်မှူးကြီးသိန်းဝင



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တစ်ပတ်ခြား အင်္ဂါနှင့် စနေနေ့များတွင် ကျွန်တော် မြို့တွင်း စာအုပ်တိုက်များသို့ ထွက်လေ့ရှိသည်။ ဤအပတ် အင်္ဂါနေ့တွင်လော ဝင်းနိုင် (ရွှေပြည်သာ) နှင့် ချိန်းဆိုထားသဖြင့်လည်းကောင်း၊ စာအုပ် တိုက်များကိုလှည့်ကာ လဆန်းရက် စာမူခထုတ်ရင်း၊ စာမူသစ်ပေးရန် အိမ်မှ စောစောထွက်ခဲ့ပါသည်။ ထုံးစံအတိုင်း နရသိန်မဂ္ဂဇင်းက မထွက် သေး။ ကိုညိုအေးတို့ဦးစီးသော ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းထွက်ပြီဖြစ်၍ စာအုပ်လက်ဆောင်နှင့် စာမူခတော့ ရခဲ့သည်။

ပန်းဆိုးတန်း 'ပညာရွှေတောင်' စာအုပ်တိုက်ရောက်တော့ 'သူရဇ္ဇမဂ္ဂဇင်း ၆ နှစ်မြောက် အထူးထုတ်' ထွက်ပြီဖြစ်၍ ဦးအောင် မြတ်က စာမူခအပြင် အထူးထုတ် မဂ္ဂဇင်းကြီးနှင့် ဦးဂျမ်းပုဆိုးတစ် ထည် လက်ဆောင်ပေးပါသည်။





တစ်ခါ 'သည်းထိတ်ရင်ဖို' စာအုပ်တိုက်ရောက်တော့ အယ်ဒီတာ ကိုဝေလွင်မြင့်မောင်က စာမူခနှင့် 'သည်းထိတ်ရင်ဖို' မဂ္ဂဇင်းတို့ကို ထုတ်ပေးပြန်သည်။ လဆန်းရက်ဆိုသည်မှာ ကျွန်တော်တို့ စာရေးဆရာ များအတွက် လစာထုတ်ရက်ပင်ဖြစ်ပါသည်။ ထိုနေ့များတွင် မနက် ပိုင်း လက်ဖက်ရည်ဆိုင်ထိုင်ကြ၍ စကားပြောကြပြီး ညနေပိုင်း အရက် ဆိုင်ထိုင်ကြ၍ ဆက်ရက်မင်းစည်းစိမ်ခံကြသည်က အလေ့အထတစ်ခု ပင်။

ကျွန်တော် 'စိတ်ကူးသစ်' စာအုပ်တိုက်ချေ ကိုတင်ထွန်းရုံး ခန်းရောက်တော့ အဖွဲ့ဝင်များ စုံညီစွာ ရောက်ရှိနေကြပေပြီ။ စာရေး ဆရာ ဝင်းနိုင် (ရွှေပြည်သာ)အပြင် စာရေးဆရာ ဗဟိုစောခေါ် ဝိတာ ဦး၊ စာရေးဆရာ စိုးဝေ ခေါ် စိုးတြအောင်၊ စာရေးဆရာ မောင်ညှိုမှိုင်း ခင်း မှဆိုးကြီးလေးမောင်တို့ ဖြစ်ကြသည်။

လက်ဖက်ရည်ဆိုင်သို့ ဝိုင်းဖွဲ့၍ သွားရန်ဖြစ်သော်လည်း စိတ် ကူးသစ်စာပေတိုက်ပိုင်ရှင် ကိုတင်ထွန်းက ရုံးခန်းသို့မှာ၍ လက်ဖက် ရည်တိုက်သဖြင့် အောက်သို့ မဆင်းဖြစ်ကြတော့။ စကားဝိုင်းကို ဆက် ကြသည်။

ကျွန်တော်တို့ အကျဉ်းထောင်အရာရှိဟောင်း စာရေးဆရာ များ စုပေါင်းထုတ်ဝေမည့် 'ဝတ္ထုတိုပေါင်းချုပ်' စာအုပ်အတွက် ဆွေး နွေးကြသည်။ လစဉ်ထုတ်နိုင်ရန်လည်း တိုင်ပင်ကြသည်။ ပြီးတော့မှ အွေရာလေးပါးစကားပြောကြရင်း ထူးဆန်းသော ရဟဿဗေဒ၊ ဂမ္ဘီရနယ် မြေအကြောင်း၊ အတွေ့အကြုံများအရ တစ်ယောက်စီပြောကြရင်း လက် ဖက်ရည်သောက်ကြသည်။ စကားဝိုင်းက စည်ကားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရ သရဲတစ္ဆေ စာရေးဆရာကြီး မောင်ညိုမှိုင်းက ဦးဆော
ပြီး ပြောနေခြင်းဖြစ်သည်။ သူ့အတွေ့အကြုံအဖြစ် သန်လျင်တစ်ဖို
မှ နတ်စင်တစ်ရာဘုရားဝန်းကျင်၊ ကျိုက်ခေါက်ဘုရားအနီးမှ ရှေးဟော
သချိုင်းများနှင့် သီဟိုဠ်တော၊ စက်ကန်ပတ်ဝန်းကျင်မှ နှစ်ချို့သစ်
ကြီးများနှင့်နွယ်သော ရုက္ခစိုးဂမ္ဘီရအကြောင်းဖြစ်သည်။

စာရေးဆရာ ကိုစိုးဝေနှင့် ပီတာမြဦးတို့ကလည်း အကျ
ထောင် ဂမ္ဘီရအကြောင်း မုဆိုးကြီးလေးမောင်ကတော့ တောတွင်း အ
ကရ တောစိုးပင်ကြီးများနှင့် ဆက်စပ်နေသော ရုက္ခစိုးဂမ္ဘီရ၊ ဝင်း
(ရွှေပြည်သာ)က တွံတေးတောကြီးတန်း ပတ်ဝန်းကျင်ရွာများနှင့် ဆ
သက်သော တောရွာဂမ္ဘီရ၊ ကျွန်တော်နှင့် စာအုပ်တိုက်ပိုင်ရှင် ကို
ထွန်း (နတ်လူဦး)တို့ကတော့ နားထောင်သူ ပရိသတ်သက်သက်
စာရေးဆရာများစုံလျှင် ထိုသို့ အတွေ့အကြုံများအား ဖောက်သည်
ကြသည်မှာ လွန်စွာ နားထောင်၍ကောင်းလှသည်။

စကားဝိုင်းက စိုပြေလွန်း၍ ကိုတင်ထွန်းရုံးခန်းမှ နှစ်လီ
ဆန့် ရေနွေးဓာတ်ဘူးကြီးကုန်သွားမှ စကားပြောရပ်ကြသည်။ ည
၅ နာရီလည်း ထိုးချေပြီ။ အပုဝ်ချိန်ရောက်ပြီဖြစ် ကိုစိုးဝေနှင့် ဝင်း
(ရွှေပြည်သာ)တို့က ဦးဆောင်ပြီး အရက်ဆိုင်သို့ ချီတက်ကြပြီး ဆ
ရက်မင်းစည်းစိမ် ခံကြရန်ဖြစ်သည်။

ကျွန်တော်တို့ သွားနေကျဆိုင်က ဆိပ်ကမ်းသာလမ်း
'အိပ်မက်စိမ်း' စားသောက်ဆိုင်။ သို့သော် ယနေ့တော့ ၃၈–လမ်း
ဆိုင်သို့သွားကြရန် ကိုစိုးဝေက စည်းရုံးသည်။ ကျွန်တော်ကတော့ မ
လိုပါ။ ထိုဆိုင်က ကျဉ်းမြောင်းပြီး စာရေးဆရာတွေ ကြီးစိုးအုပ်စိုး
သော ဆိုင်ဖြစ်သောကြောင့်လည်း ဖြစ်သည်။ ကျွန်တော်က လွတ်





မှုကို ကြိုက်သည်။ စာရေးဆရာတစ်ဦးနှင့်တစ်ဦး မိတ်ဆက်ကြပြီး ဗိုင်းကူသောက်ကြခြင်းကို ကျွန်တော် မနှစ်သက်ပါ။

သို့သော် စာရေးဆရာကိုစိုးဝေက အတင်းခေါ်သဖြင့် စာရေးဆရာများအား မိတ်ဆွေဖွဲ့လိုသော ဝင်းနိုင် (ရွှေပြည်သာ)ကြောင့် ၃၈–လမ်းဆိုင်သို့ ပါသွားတော့သည်။ ထိုဆိုင်တွင် အမြည်းကလည်း လိုချင်တာမရ။ လက်ရာက ကျွန်တော်တို့ စားနေကျဆိုင်မဟုတ်၍ အရသာမတွေ့။

ကျွန်တော်ထင်ထားသည့်အတိုင်းပင် ကိုစိုးဝေက ဝင်းနိုင်(ရွှေပြည်သာ)အား စာရေးဆရာများနှင့် မိတ်ဆက်ပေးတော့ ကျွန်တော်တို့ဝိုင်းတွင်လည်း လာရောသောက်ကြသည်။ အရက်ပုလင်းလည်း အလှူခံကြသည်။ အတော် ကသောင်းကနင်းနိုင်သော အုပ်စုဖြစ်သည်။ ကျွန်တော်တို့ မိတ်မပျက်စေရန်အတွက် အရက်ပုလင်းများ ဗိုဗိုသာသာ လှူခဲ့ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

စားသောက်ဝိုင်းပြီးတော့ လမ်းကြောင်းတူသော ကျွန်တော်နှင့် ဝင်းနိုင်(ရွှေပြည်သာ)က အဓိပတိအနီးကားကြီးစီး၍ ပြန်ခဲ့ကြသည်။ ဝင်းနိုင် (ရွှေပြည်သာ)ကတော့ စာရေးဆရာများနှင့် တွေ့ဆုံခဲ့ရ၍ ဝမ်းသာရွှင်လန်းနေသည်။ ကျွန်တော်တို့အလုပ်မှာ လူပေါင်းစုံဖြင့် တွေ့ဆုံပေါင်းသင်းရသဖြင့် အတော်စိတ်ရှည်ရသည်။ ထို့ကြောင့် ကျွန်တော်က သီးခြားအေးဆေးစွာနေရခြင်းကို နှစ်သက်သဘောကျသည်။

ကျွန်တော်နေထိုင်သော အုတ်ကျင်းမှတ်တိုင်ရှေ့သို့ ရောက်တော့ ကျွန်တော်တို့ ဆင်းကြသည်။ ကျွန်တော်က အိမ်ပြန်ပြီး ကိုဝင်းနိုင် (ရွှေပြည်သာ)က ကားထပ်မံစီး၍ ရွှေပြည်သာ ၉-ရပ်ကွက် ဂိတ်ဆုံးသို့ ပြန်နေကျဖြစ်သည်။ ထိုစဉ် ကိုဝင်းနိုင်က သူ့လက်ဆွဲအိတ်နှင့် ထီးကို ကျွန်တော့်အား အပ်ပြီး ...





"အစ်ကိုကြီးရေ ... ကျွန်တော်က အဝေးကြီး ကားစီးရဦးမှာ။ ဝိတ်လျှော့လိုက်ဦးမယ်နော်"

မှတ်တိုင်အနီးမှ ညောင်ပင်အောက်သို့ အမှောင်ထုကို အကာအကွယ်ယူပြီး ပြေးဝင်သွားသည်။ ကျွန်တော်ပင် တားချိန်မရလိုက်။

"အင်း ... အခုမှပဲ ပေါ့သွားတော့တယ်။ အစ်ကိုကြီးရေ ကျွန်တော်က ရွှေပြည်သာမြို့ ဂိတ်ဆုံးစီးရမှာဆိုတော့ လမ်းမှာ ရှင်းထားတာ ကောင်းတယ်။ နို့မို့ မလွယ်ဘူး။ ကားက တစ်နာရီလောက် ထပ်စီးရဦးမှာ"

"ကိုဝင်းနိုင် ... ခင်ဗျား ယုံတာ၊ မယုံတာတော့ မသိဘူး။ ခင်ဗျား အပေါ့စွန့်တာ ညောင်ပင်အောက်ဗျ။ နေ့လယ်ကပဲ မှဆိုးကြီးအလေးမောင် ပြောခဲ့တယ်မဟုတ်လား။ တောထဲတောင်ထဲမှာတောင် အဓိကရသစ်ပင်ကြီးတွေနဲ့ ညောင်ပင်အောက်တွေမှာ အပေါ့အလေး စွန့်ရဘူး ဆိုတာလေ"

"အဲဒါက တောနက်ကြီးတွေထဲမှာပါ အစ်ကိုကြီးရယ်။ အခုဒီ ကားတွေ တဝီဝီသွားနေတဲ့ လမ်းဘေးမှာ မဟုတ်ပါဘူး။ ကျွန်တော့်ဆိုပဲ ညဘက်ဆိုရင် လူတကာ စွန့်ကြမှာပါ။ နောက်ပြီး ညောင်ပင်ကလည်း အကြီးကြီးမဟုတ်ပါဘူး။ လူတစ်ယောက်စာလောက်လေးရယ်။ အကြီးနေတယ်ဆိုရင်တောင် ရုက္ခစိုးအလုပ်သင်ပေါက်စလောက်ပဲ ဖြစ်မှာပါ"

"သစ်ပင်ဆိုတာက တစ်ရွက်နှစ်ရွက်ထွက်ရင်တောင် သစ်ပင်ပဲတယ်။ အစောင့်ရှိတယ်လို့ ဆရာတော်ကြီးတွေ ဟောကြားတာများလည်း သိရဲ့သားနဲ့။ ဆင်ခြင်ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးရယ် ... ကျွန်တော်လည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။ စာတွေလည်း ဖတ်လို့ နားလည်သဘောပေါက်ပါတယ်။ အခု အပင်ကလည်း မနေ့တစ်နေ့ကမှ တခြားအပင်ကို မျိုးပြီး ကြီးလာတဲ့ ညောင်ပင်ပါ။ အစောင့်ရှိမှလည်း ကျွန်တော်တို့ သားလောက်အရွယ်နဲ့ အဆင့်ပဲရှိမှာပါ။ မစိုးရိမ်ပါနဲ့ အစ်ကိုကြီးရာ"

"အေးပါ ... အေးပါ ... ဘာမှမဖြစ်ရင်တော့ ကောင်းတာပေါ့။ ညောင်ပင်စောင့်ဆိုတာ တခြားအပင်စောင့် ရုက္ခစိုးတွေထက် အဆင့်မြင့်တယ်လို့ ဆရာမှိုင်းတောင် ပြောဖူးတယ်။ နောက်ပြီး သူတို့က ကမ္ဘာဖိဒ္ဓိတန်ခိုးရှိတယ်လို့လည်း ပြောကြတယ်လေ ကိုဝင်းနိုင်ရဲ့ တော်ကြာ နတ်ကိုင်လို့ အပေါ့မစွန့်နိုင်ဘဲ နေဦးမယ်"

"ဟား ... ဟား ... ဟား ..."

"အစ်ကိုကြီးကတော့ လုပ်တော့မယ်။ ကျွန်တော်တောင် အရက်မူးတဲ့ ဇီလင်လေး ပျောက်သွားပြီ။ ကဲ ... စနေနေ့မှ တွေ့မယ် အစ်ကိုကြီး။ ကျွန်တော် လစ်တော့မယ်။ ဟိုမှာ ကားလာနေပြီ"

ကိုဝင်းနိုင်မှာ ထီးရှည်ကြီးတစ်လက် လက်တွင်ချိတ်ပြီး လက်တစ်ဖက်က အိတ်ကိုဆွဲ၍ ကားပေါ် အပြေးတက်သွားသည်။ ထို့ကြောင့် ကျွန်တော်လည်း အိမ်ဘက်သို့ လမ်းလျှောက်ပြန်ခဲ့ပါသည်။ ထိုကိစ္စကိုလည်း မေ့ထားလိုက်တော့သည်။

နောက်နေ့များတွင်လည်း စာရေးခြင်းကိစ္စ၊ အိမ်မှုကိစ္စများနှင့် ရပ်ကွက်မှောင်ရဲ့ ဆွမ်းသိမ်းပွဲကိစ္စများကြောင့် မအားလပ်ပါ။ ကိုဝင်းနိုင်ထံမှ နှစ်ရက်ခြားတစ်ခါ ဖုန်းဆက်နေကျ ဖုန်းမဝင်လာသည်ကို သတိထားမိသဖြင့် သောကြာနေ့ညနေတွင် ဖုန်းဆက်ရာ အပြင်သွား





ကြောင်း သူ့ဇနီးက ပြန်ဖြေသည်။ ကိုဝင်းနိုင်တစ်ယောက် ဘာစာအုပ်များ ရှုပ်နေသည်မသိ။ သူချိန်းထားသော စနေနေ့တွင် မြို့တွင်းစာအုပ်တိုက်၌ ဆုံရန် ကျွန်တော်က သတိပေးလိုက်ရသည်။

စနေနေ့မနက်တွင် ကိုဝင်းနိုင်ထံမှ ဖုန်းဝင်လာသည်။

"အစ်ကိုကြီးရေ ... ကျွန်တော် အဲဒီ ... အတော်ဒုက္ခရောက်တယ်ဗျ။ အခုလည်း ဆေးခန်းသွားပြပြီး ပြန်လာတာ။ နေ့လယ်ကျွန်တော် မြို့ထဲက စာအုပ်တိုက်ကို လာခဲ့မယ်။ အဲဒီတော့မှ အကြောင်းပြောပြတော့မယ်"

"အေးအေး ... ညီလေး"

ကိုဝင်းနိုင်မှာ တောရွာသဘာဝ အပေအတေလိုင်းကို ရေးသော စာရေးဆရာဖြစ်သည်။ အရက်ကြိုက်တတ်သော်လည်း ဘာသာရေးကို လိုက်စားသည်။ ကျေးချင်မွေးချင်စိတ်ရှိသည်။ စာဖတ်ဝါသနာ၍ အပျော်စာရေးခြင်းဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

[ ၃ ]

❑

နေ့လယ်စာစားပြီး ကျွန်တော် စာအုပ်တိုက်ရောက်တော့ ကိုဝင်းနိုင် နောက်ကျမှ ရောက်လာသည်။ ကွတကွတနှင့် လမ်းလျှောက်လာရင်း မျက်နှာက မသာယာပါ။ စာအုပ်တိုက်တွင် ကျွန်တော်နှင့် ကိုတင်ထွန်းအပြင် မောင်ညိုမှိုင်းနှင့် မှဆိုးကြီးလေးမောင်တို့လည်း စုံညီစွာ ရောက်ရှိနေကြသည်၊

"ဟေ့လူ ... ဘာဖြစ်တာလဲ"

မောင်ညိုမှိုင်းက မေးရာ ...

"ပြောပြချင်လွန်းလို့ လာတာပါ ဆရာရယ်။ ခဏကလေး နားပါရစေဦး"

ကိုတင်ထွန်းက အာစိုစေရန် ကိုဝင်းနိုင်အား ရေနွေးကြမ်း တစ်ခွက်ငှဲ့တိုက်လိုက်တော့ ...





"ကျွတ် ... ကျွတ် ... ကျွတ် ..."

ဟု အော်ညည်းကာ ကိုဝင်းနိုင်မှာ ထိုင်ခုံတွင် ဖြည်းညှင်းစွာ ...ိုင်၍ ရေနွေးကြမ်းအား မှုတ်သောက်လိုက်သည်။

"အား ... အခုမှ ဆရာတို့နဲ့ တွေ့ရလို့လား မသိဘူး။ နေ ...ထိုင်သာ ရှိသွားတော့တယ်"

"ပြဿနာက ဒီလိုဆရာတို့ရေ ...။ ဟိုတစ်နေ့ညက အင်္ဂါ ...ညပဲ။ စာရေးဆရာအဖွဲ့တွေနဲ့ဆုံပြီး သောက်ကြစားကြတယ်။ အပြန် ...တိုကြီးနဲ့အတူပြန်ပြီး အစ်ကိုကြီးအိမ်ရှေ့ အုတ်ကျင်းမှတ်တိုင်မှာ ...င်းပြီး မအောင့်နိုင်တာနဲ့ မှတ်တိုင်အနီးက ညောင်ပင်အောက်မှာ ...ပေါ့သွားမိတယ်။ အဲဒါနဲ့ ကျွန်တော်တစ်ယောက်တည်း ကားပေါ်တက်၊ ...ပြန်မှာ ဖာတ်လမ်းစတော့တာပဲ"

"ဘယ်လို ဖာတ်လမ်းစတာလဲ ကိုဝင်းနိုင်"

ကျွန်တော်က သိချင်လွန်း၍ မအောင့်နိုင်ဘဲ မေးမိတော့ ...

"ဒီလို ... ဆရာရေ။ ကျွန်တော်က ရွှေပြည်သာပြန်ရင် ...င်းစိန်ဘက်သွားတဲ့ ဘယ်ကားမဆို စီးလို့ရတယ်။ အင်းစိန်ပန်းခြံ ...ရောက်မှ အမြန်ကားလေးနဲ့ ပြောင်းစီးပြီး ရွှေပြည်သာသွားရတာ။ အဲဒီ ...နေ့က ဖြစ်ချင်တော့ ကြုံတဲ့ကားကြီးပေါ် တက်စီးလိုက်တာ အတော်ကြာ ...ကားမှာစီးလာမှန်း သိရတယ်။ ရှစ်မိုင်ဘက်သွားတဲ့ ကားလေ။

သမိုင်းလမ်းဆုံက လမ်းခွဲပြီးလာတာ ကျွန်တော် မသိလိုက် ...ဘူး။ ဒါနဲ့ ကြုံရာမှတ်တိုင်မှာ ဆင်းလိုက်မိတယ်။ ဘာမှတ်တိုင်မှန်း ...ည်း မသိဘူး။ ကားကြီးက ဆက်ထွက်သွားတော့ ကျွန်တော် ကားကြီး ...သွားတဲ့ဘက် ဆန့်ကျင်ရာမှာ သမိုင်းလမ်းဆုံရှိမှန်းသိတာနဲ့ အနောက် ...ဘက် လမ်းလျှောက်ခဲ့တယ်။



www.burmeseclassic.com

အဲဒီအချိန်မှာ အပေါ်က အရမ်းသွားချင်လာပြန်ရော။ တော် သေးတာက ညဘက်ဆိုတော့ မှောင်ရိပ်ကျနေတာနဲ့ အပေါ့စွန့်ဖို့ အဆင် ပြေပါတယ်။ နာရီကြည့်တော့ ည ၉ နာရီထိုးတော့မယ်။ လူကလည်း ပြတ်လိုက်တာမှာ အလွန်ပါပဲ။ ကားတွေကလည်း အသွားကျဲနေတယ်။

ကျွန်တော့်မှာလည်း လက်ဆွဲအိတ်ထဲမှာ ငွေတစ်သိန်းလောက် ပါတော့ စိုးရိမ်လာမိတယ်။ ဒါနဲ့ ထီးကောက်ကြီးကို အားကိုးပြီး လျှောက်လာခဲ့တာ ကျိုက်ဝိုင်းဘုရားလမ်းမှန်း ကျွန်တော်သိတယ်။ ဆိုင် တွေက စောစောစီးစီး ပိတ်ကုန်သလိုပဲ။ ရဲဆေးတင်ဖို့ အရက်ဆိုင်ရှာ တာ တစ်ဆိုင်မှမတွေ့ဘူး။ လက်ဖက်ရည်ဆိုင်တော့ တွေ့ပါရဲ့ အရက် သောက်ထားတော့ မတည့်တာနဲ့ မဝင်ဖြစ်ပါဘူး။

နေရာမသိလို့ မေးရ စမ်းရ စုံစမ်းရရင်လည်း ကျွန်တော့်ကို မြို့တက်လာတဲ့ တောသား မအူမလည်လို့ အထင်သေးကြဦးမယ်။ အရှေ့ က ဒီလမ်း။ ဒီခရီးကို ကျွန်တော်သွားနေကျ။ ဘီယာဆိုင်တို့ အရက် ဆိုင်တို့ အလွန်ပေါတဲ့လမ်းပါ။ အခုတော့ မတွေ့ရဘူး။ အရက်ဆိုင် တွေ့တော့လည်း ဆိုင်ပိတ်နေပြီ။ ဒါနဲ့ ကျွန်တော်လည်း တစေ့ပြီး လမ်းလျှောက်ခဲ့တယ်။ ဘယ်လိုဖြစ်တယ်မသိဘူး။ ဘီယာလည်း မသောက် ခဲ့ဘဲနဲ့ ၁၅ မိနစ်တစ်ကြိမ်လောက် ဆီးက သွားချင်နေတယ်။

ခက်တာက တက္ကစီကားလည်း မရ၊ လိုင်းကားတွေကလည်း မိုးချုပ်လို့ လူက ကျပ်လွန်းတော့ တက်မရ။ အဲဒါနဲ့ အပေါ့စွန့်လိုက် လမ်းလျှောက်လိုက်နဲ့ ၁ နာရီလောက်ကြာတော့ လူအလွန်စည်ကား တဲ့ မီးပွိုင့်တစ်ခုကို ရောက်လာတယ်။ ကျွန်တော် ဘယ်နေရာရောက် နေမှန်း မခန့်မှန်းတတ်သေးဘူး။ မျက်စိက လည်နေတုန်းပဲ။ လူအရှု ကြီးနဲ့ စည်ကားနေတော့ အတော်အားရှိသွားတယ်။





ဒါနဲ့ ဖြစ်ချင်တာဖြစ်ဆိုပြီး နီးစပ်ရာ ဘီယာဆိုင်တစ်ခုထဲ ဝင် အပေါ့သွားပြီး ဘီယာနှစ်ခွက်ကို ဝီစကီနှစ်ပက်ရောပြီး ဆက် တိုက်သောက်ပစ်လိုက်တယ်။ အဲဒီတော့မှ နေသာထိုင်သာရှိသွားပြီး ကျွန် တော်ရောက်နေတာ သမိုင်းလမ်းဆုံ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးဆေးခန်းရှေ့က ဘီယာဆိုင်မှန်း သတိရမိတော့တယ်။

ဘယ်လိုဖြစ်တယ်မသိ။ ကျွန်တော့်မျက်စိလည်ချက်ကတော့ အကြွေရကောင်းတယ်။ ည (၁၀)နာရီထိုးတော့မှာမို့ လိုင်းကားစီးပြီး မျက်စိလည်ရင်း အိမ်ရောက်တော့မှာမဟုတ်လို့ တက္ကစီကားတစ်စီးကို ငွေ ၅၀၀၀ ပေးပြီး ပြန်ခဲ့ရပါတယ် ... ဆရာတို့ရယ်။

ဘီယာနဲ့အရက် ရောသောက်လိုက်လို့လားမသိဘူး၊ အပြန် ကျွစ်ပေါ်ကျတော့ ဆီးက မသွားချင်ပြန်ဘူး။ အိမ်ကို ည ၁၁ နာရီ လောက်မှ ပြန်ရောက်တယ်။ အိမ်က မိသားစုက စိတ်ပူနေကြတာပေါ့။ ... ပြောရဦးမယ်။ ကျွန်တော့်မှာ လက်ကိုင်ဖုန်းပါတယ်။ ဒါပေမဲ့ ဘက်ထရီဒေါင်းပြီး ဆက်လို့မရဘူး။

အိမ်ရောက်တော့ လမ်းလျှောက်ရတာ ပင်ပန်း၊ ဘီယာနဲ့ ဗိုက် ပြည့်နေတော့ ညစာတောင် မစားနိုင်တော့ဘဲ တစ်ချိုးတည်း အိပ်ရာ ဝင်ခဲ့တယ်။ အစွဲအလမ်းကြောင့်လား မသိဘူး။ အိပ်မက်မက်တော့ အဖြူ တစ္ဆေလိုလို၊ မှင်စာလိုလို အကောင်တွေက ကျွန်တော့်အနား ဝိုင်းပြီး တဟားဟား ရယ်နေကြတယ်။ မိုးလင်းတော့မှ တစ်ရေး နိုးတယ်။ အပေါ့ထသွားတော့ သွားမရဘူး။ တစ်ဆို့ဆို့ဖြစ်နေတယ်။ ဒါ ကြောင့်ပဲ ကိုယ့်ပစ္စည်းကိုယ် စစ်ကြည့်တော့မှ ဟာအားရှောင်နေတယ်။

ဒါကြောင့် ထန်းခြောက်ပင်က ကျွန်တော်တို့ မိသားစု ဆရာ ကြီးဆီ တန်းပြေးရတာ။ တော်ပါသေးရဲ့၊ ဆရာဝန်ကြီးနဲ့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခေါးထိုးပေးလို့ ချက်ချင်း အရောင်ကျသွားတယ်။ ဒါပေမဲ့ အခုထ နာနေတုန်းပဲ ဆရာတို့ရေ"

"ဟား ... ဟား ... ဟား ..."

ထိုစဉ် မှဆိုးကြီး ဦးလေးမောင်က ...

"ကျွန်တော် ပြောခဲ့သလိုပါပဲဗျာ၊ မြွေပွေးလေး ငယ်တယ် ဆိုပေမယ့် အဆိပ်တော့ ပြင်းတယ်ဆိုတာလိုလေ"

"မှဆိုးကြီးပြောတာ ဟုတ်တယ် ကိုဝင်းနိုင်ရဲ့ သစ်ပင်ငယ် ပေမယ့် အထင်မသေးနဲ့၊ အစောင့်တော့ ရှိတယ်။ ညောင်ပင်ဆိုတော့ ပိုဆိုးတာပေါ့ဗျာ"

သရဲတစ္ဆေ စာရေးဆရာမောင်ညိုမှိုင်းက ဝင်ပို့ပြန်သည်။

ထိုစဉ် ကိုတင်ထွန်းက ...

"ကျွန်တော့်အတွေ့အကြုံအရ ပြောရရင်တော့ ကန်တော့ နဲ့ တောင်းပန်လိုက်စေချင်တယ်။ ကျွန်တော်တို့ ဇလွန်ဘက်မှာ ကျွန် တော် ကျောင်းဆရာလုပ်ရင်း ကြုံဖူးတယ်။ ကိုဝင်းနိုင်ဖြစ်သလိုပဲ၊ ကိုမြ တဲ့။ ထန်းတောရွာသား။ လူပေလူရှုပ်၊ ပဲ့ပဲ့တား။ ပစ္စည်းလည်းရှိတယ်။ အပေါင်းအသင်း တပည့်တပန်းလည်း တောင့်တယ်။

လူငယ်ပီပီ ရွာထိပ်က ညောင်ပင်အောက်မှာ မတ်ရပ်အပေါ့ သွားမိတာ ကိုဝင်းနိုင်ဖြစ်သလို ဖြစ်တာပဲ။ သူက ညောင်ပင်ကြီး တောင် ခုတ်မယ်လုပ်နေတာ။ ရပ်ရွာက တောင်းပန်ပြီး ညောင်ပင်ရှင် မှာ နတ်စင်ဆောက်၊ ကန်တော့ပွဲပေးမှ ရောဂါပျောက်သွားတယ်။ ဒါ ကျွန်တော့်ကိုယ်တွေ့ပါ။ ကိုဝင်းနိုင်လည်း လုပ်သင့်တယ်ထင်တယ်"

ကျွန်တော်ကတော့ ကိုဝင်းနိုင်အကြောင်း အကုန်သိသည်။ စာရေးတာတောင် အပေအတေလိုင်းကိုသာ ရေးသည်။ ကန်တော့





ပြီး တောင်းပန်မည့်သူမဟုတ်။ သို့သော် သူ ဘာလုပ်မလဲ။ စောင့် ကြည့်ရပေဦးမည်။

ညနေစောင်းတွင် ကျွန်တော်၊ ကိုဝင်းနိုင်နှင့် မှဆိုးကြီးဦးလေး မောင်တို့ ထုံးစံအတိုင်း အိပ်မက်စိမ်း စားသောက်ဆိုင်တွင် ထိုင်ကြ ရင်း စကားကောင်းကြပြန်သည်။ ည ၈ နာရီခန့်တွင် ကျွန်တော်နှင့် ကိုဝင်းနိုင်တို့ အတူပြန်ကြသည်။

ကျွန်တော်တို့ရပ်ကွက်ရှေ့ အုတ်ကျင်းမှတ်တိုင်ရောက်တော့ ကိုဝင်းနိုင် အပေါ့သွားပြန်သည်။ ဒီတစ်ခါတော့ ကျွန်တော်တားသဖြင့် ညောင်ပင်အောက်တွင် မသွား။ ကျွန်းပင်ပေါက်အောက်တွင် သွားသည်။ ကျွန်တော် အင်းစိန်မှတဆင့် ရွှေပြည်သာပြန်မည်ဖြစ်၍ အင်းစိန်ဘက်သွား မည့်ကားကို စောင့်နေစဉ် သူ့တွင်ပါလာသည့် ချာလီထီးရှည်ကြီးဖြင့် မှတ်တိုင်မှ ညောင်ပင်ပင်စည်ကို ဆောင့်ထိုးကာ ...

"ဒီမှာ ... ညောင်ပင်စောင့် သရဲတစ္ဆေ၊ ငါနာမည် စနေ သား။ စိတ်ထက်တယ်၊ ဒီတစ်ခါ ငါ့ကို မျက်စိလည်လမ်းမှားအောင် လုပ်ကြည့်၊ စည်ပင်သာယာအဖွဲ့နဲ့ပေါင်းပြီး ညောင်ပင်ကို အမြစ်ကနေ ခုတ်ပစ်မယ် သတိထား"

ကျွန်တော်က ...

"ကိုဝင်းနိုင် ... မလုပ်ကောင်းတာတွေ မလုပ်ပါနဲ့၊ မယုံ ကြည်ရင်လည်း အေးအေးနေပါ၊ သွားပြီး မစော်ကားပါနဲ့"

"ဟာ ... အစ်ကိုကြီးကလည်း ဒီတစ်ခါ ကျွန်တော့်ကိုစမ်း ကြည့်ကြတာကယ်လုပ်ပစ်မှာ"

ထိုစဉ် အင်းစိန်ဘက်သွားမည့် ကားကြီး ရောက်လာသည်။ ကျွန်တော်က လိုင်းကားနံပါတ်ကို အသေအချာကြည့်သည်။ ၄၅–ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ပြည်သာဟု ရေးထားသဖြင့် ကားမှားစရာအကြောင်းမရှိသဖြင့် သူ
ကားပေါ်တက်ခိုင်းရသည်။ ကားကလည်း ချောင်ပါသည်။

ကားကြီးထွက်သွားမှ ကျွန်တော် လမ်းလျှောက်၍ အိမ်
ခဲ့သည်။ နှစ်ရက်ခြားတစ်ခါ ဖုန်းဆက်လေ့ရှိသော ကိုဝင်းနိုင်ထံမှ ဖုန်း
မလာပါ။ ကျွန်တော်ကလည်း မဂ္ဂဇင်းများတွင် ပေးရန်ရှိသည့် ဆော
တိုများကို ရေးနေရသဖြင့် သူ့ထံ ဖုန်းမဆက်ဖြစ်။ လာမည့်စနေ
တွင်ဆုံရန် သူ့ထံ နီးမှဖုန်းဆက်မည်ဟု တေးထားပါသည်။

သောကြာနေ့ည ၈ နာရီခန့်မှ သူ့ထံက ဖုန်းဝင်လာသည်။

"အစ်ကိုကြီး . . . အတော်နေနိုင်တယ်ဗျာ။ ဘာကြောင့် ဖုန်း
မဆက်တာလဲ"

"ဟ . . . ကိုယ်လည်း အလုပ်ရှုပ်နေလို့ဟ။ အခုပဲ ညစာ
ပြီးတာနဲ့ ဖုန်းဆက်မလို့ လုပ်နေတာ။ မနက်ဖြန် စနေနေ့ မြို့ထဲ
ဆုံကြမယ်နော်"

"မဖြစ်ဘူး . . . အစ်ကိုကြီးရေ။ ကျွန်တော် လမ်းမလျှော
နိုင်ဘူး။ ဆေးခန်းပြနေရတယ်"

"ဟေ . . . ဘာဖြစ်လို့လဲ အရင်ရောဂါဟောင်းလား"

"မဟုတ်ဘူး . . . အစ်ကိုကြီးရေ။ အရင်ရောဂါဟောင်းက ပျော
သွားပြီ။ အခုဟာက ဒဏ်ရာအသစ်"

"အဲ . . . ပြောပါဦး။ ဘယ်လိုဖြစ်ပြန်တာလဲ"

"ဟိုအပတ် စနေနေ့က အစ်ကိုကြီးနဲ့ လမ်းခွဲပြီး ကျွန်တော
ပြန်တယ်လေ။ ဒီတစ်ခါ ကားမမှားဘူး။ မျက်စိမလည်ဘူး။ အင်း
ပန်းခြံရှေ့ကို တည့်တည့်ရောက်တယ်။ ကားကဆင်းတော့ ကျွန်တော





ရှေ့ဆုံးကဆင်းလည်း ဆင်းလိုက်ရော ကားလမ်းဘေးက ၂ ပေ လောက်
နက်တဲ့ မြောင်းထဲကို ပြုတ်ကျသွားတယ်။ ဂက်(စ်)ပိုက်လိုင်းတွေ အတွက်
တူးထားတဲ့မြောင်းထင်ပါရဲ့။

ညကလည်း မှောင်နေ၊ အရက်ကလည်း မူးနေတော့ တလိမ့်
ခေါက်ကွေးကို ကျသွားတာ။ ဒူးဆစ်မှာ ပွန်းပဲ့သွားပြီး ခြေမျက်စိအဆစ်
မှာ အကြောတင်သွားတယ်။ အနီးက ကားဆရာတွေ ဝိုင်းဆွဲတင်ပေး
လို့ အပေါ်ရောက်တယ်။

တစ်ခါ ဒုရ–ဟိုင်းလတ်ကားဆရာတွေက ရွှေပြည်သာက အသိ
တွေဖြစ်လို့ အိမ်အရောက်ပို့ပေးတယ်။ ဆရာဝန်ပြရတယ်။ အခု ဒူးက
ဒဏ်ရာသက်သာပေမယ့် ခြေမျက်စိက အကြောရောင်နေလို့ လမ်း
ကောင်းကောင်း မလျှောက်နိုင်ဘူး"

"အင်း . . . ညီလေးရေ ညောင်ပင်ကိစ္စပဲ ဖြစ်လိမ့်မယ်။ မင်း
က သွားပြီး ခုလင်းခေါ်တာကိုး။ ကိုညိုမှိုင်းပြောသလို တောင်းပန်လိုက်
ရင် ကောင်းမယ်ထင်တယ်"

"အစ်ကိုကြီး . . . မနက်ဖြန် မြို့ထဲသွားမှာလား။ ကျွန်တော်
ကတော့ မလာနိုင်တော့ဘူး။ အစ်ကိုကြီး မြို့ထဲကပြန်လာရင် ကျွန်တော့်
အိမ်ကို ဆက်လာခဲ့ပါ။ ကျွန်တော် တိုင်ပင်စရာရှိလို့ပါ"

"အေး . . . အေး . . . လာခဲ့မယ်။ ညနေစောင်းမှ ရောက်မယ်
ထင်တယ်"

"ရတယ် . . . အစ်ကိုကြီး။ ကျွန်တော် စောင့်နေမယ်"

စနေသား ဝင်းနိုင် ခေါ် ရဲနိုင်၊ စိတ်ထက်သော်လည်း အနိမ့်
ချိန်ရောက်ပြီ ထင်ပါသည်။ 'နတ်နဲ့ နဂါး မလှည့်စားရ' ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



စကားပုံအတိုင်း ခံစားနေရပြီထင်သည်။ ကျွန်တော့်သဘောကတော မယုံကြည်လျှင် နေပါ။ သွား၍ မစော်ကားမိတာ အကောင်းဆုံးဖြစ် လိမ့်မည်။ ကျွန်တော်လည်း ဘုရားမှလွဲ၍ နတ်ကိုမကိုးကွယ်ပါ။ သ သော် မစော်ကားပါ။ 'သူ့စည်းနှင့်သူ' နေတာ အကောင်းဆုံးဖြစ် လိမ့်မည်။

တောင်မြို့ကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

ကျွန်တော်တို့ငယ်စဉ် ၁၀ တန်းကျောင်းသားဘဝက ဖြစ်
ရပ်ကွက်ထဲ၌ 'ကိုအောင်မောင်း'ဆိုသော ဗလကြီးတစ်ဦးလည်း ရှိ
သူ့ခန္ဓာကိုယ်၊ သူ့အရပ်အမောင်းဖြင့် အလွန်ကြည့်၍ကောင်းလှ
သူ့မျက်နှာက မကြည်လှိုင်။ နှစ်ဦးစလုံး သဘောကောင်းကြသည်။

ကိုအောင်မောင်းက ကျွန်တော်တို့ လူငယ်တွေကို ဖြ
ကျန်းမာရေး လိုက်စားရန်၊ ခန္ဓာကိုယ်အချိုးအဆစ် ယောကျ်ားပီ
အတွက် ဝိတ်မရန် အမြဲတိုက်တွန်းလေ့ရှိသည်။

လူငယ်ပီပီ ကျွန်တော်တို့ကလည်း ဘက်စုံတော်ချင်သည်။
ကိုယ်အချိုးအစားလည်း လှချင်သည်။ ကိုယ်လုံပညာ၊ သိုင်းအမျိုး
လက်ဝှေ့ထိုးခြင်း၊ ရေကူးခြင်းတို့ကို စနစ်တကျသင်ယူသည်။ ထို့ကြေ





ကိုအောင်မောင်းအိမ်သို့သွားပြီး ဝိတ်မရန် သံရာတင်၍ နည်းနာခံယူ
သည်။

သူတို့အိမ်ခြေရင်း မန်ကျီးပင်ကြီးထဲ၌ ကိုအောင်မောင်းက လက်
တွေ့နည်းပြပေးသည်။ ရင်အုံကြွက်သားနှင့် လက်မောင်းကြွက်သား လှ
စေရန် ဝိတ်မနည်း၊ လက်မောင်းဆုံးအနောက် ကြွက်သားကားထွက်
လာစေရန် မ,နည်း၊ ဝမ်းဗိုက်မပူရန်နှင့် ဗိုက်ကြွက်သား ထွက်လာစေ
ရန် မ,နည်း၊ အလေးနှင့် အထိုင်အထပြု၍ ပေါင်တွင်းကြွက်သားများ
ကြန်မာစေရန်၊ ခြေသလုံးကြွက်သားများ ထွက်လာစေရန် မ,နည်း
စသည်ဖြင့် အတော်စုံသည်။

အစောပိုင်းက ကျွန်တော်နှင့် သူငယ်ချင်းများဖြစ်ကြသော
ခင်နီးကျော်၊ တင်ဝင်းတို့ အတူမကြသည်။ တစ်လမပြည့်မီ၌ပင် သူ
ငယ်ချင်းနှစ်ယောက်တို့ လက်လျှော့ပြီး ထွက်သွားကြသည်။ ဇွဲကောင်း
သော ကျွန်တော်သာ ကျန်ခဲ့တော့သည်။ တကယ်တော့လည်း ဝိတ်
မခြင်းမှာ လွန်စွာပင်ပန်းသော အလုပ်ဖြစ်သည်။ ဇွဲမကောင်းပါက
အောင်မြင်အောင် လုပ်ဆောင်နိုင်မည်မဟုတ်ပါ။

ထို့ကြောင့် ကျွန်တော် ခံယူထားသည်မှာ လူငယ်ဘဝတွင်
ဝိတ်မခြင်းကိစ္စအား ဇွဲကောင်းကောင်းဖြင့် လုပ်နိုင်ပါက တခြားအလုပ်
များမှာ အသေးအဖွဲ့အလုပ်များသာ ဖြစ်တော့သည်။ လူငယ်၏အားမာန်၊
လူငယ်၏ဇွဲကို လေ့ကျင့်မွေးမြူပေးသော ပဓာနကျသည့် အခြေခံ ကျန်း
မာရေးလုပ်ငန်းဖြစ်တော့သည်။

လေးငါးခြောက်လလေ့ကျင့်ပြီးတော့ ကျွန်တော်၏ခန္ဓာကိုယ်
အချိုးအစား တိုးတက်ပြောင်းလဲလာတော့သည်။ ဝိတ်မသောရုံထဲ၌ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မှန်တစ်ချပ်ကို ကိုအောင်မောင်းက ချိတ်ဆွဲပေးထားသဖြင့် ဝိတ်မပြီးတိုင်း မှန်ကြည့်ရသည်မှာလည်း အမောပင်။ ချွေးစို့နေသော ခန္ဓာကိုယ်မှာ ကြွက်သားအဖုအထစ်များဖြင့် ကြည့်ကောင်းလာပါသည်။

တစ်နှစ်ခန့်ကြာတော့ ကျွန်တော့်ခန္ဓာကိုယ် အချိုးအစား ယောက်ျားပီသလာပြီဖြစ်သဖြင့် အပြင်းအထန်လေ့ကျင့်ရန် မလိုတော့။ ညနေရေချိုးခါနီးတိုင်း ချွေးစို့ရုံသာ အိမ်တွင် အလေးမပစ္စည်းများဝယ်ပြီး လေ့ကျင့်တော့သည်။ ကိုအောင်မောင်းတို့အိမ်သို့ မသွားတော့ပါ။ ထို့ကြောင့် ကိုအောင်မောင်းနှင့် အဆက်အသွယ်ပြတ်သွားသည်။

၆ လခန့်ကြာသောအခါ စနေနေ့တွင် သတင်းဆိုးတစ်ခုကို ကြားရတော့သည်။ ကိုအောင်မောင်း ရုတ်တရက်ကွယ်လွန်ခြင်းဖြစ်သည်။ ညဘက် အချိန်ပိုဆင်းရာမှ ရေနွေးကန်ထဲသို့ ပြုတ်ကျပြီး ရန်ကုန်ဆေးရုံကြီးသို့အရောက်၌ သေဆုံးခြင်းဖြစ်သည်။

ကျွန်တော်တို့ သွားရောက်ကြည့်ရှုတော့ တစ်ကိုယ်လုံး ရေနွေးလောင်ထားသဖြင့် အသားနီများလန်ပြီး ရစရာမရှိတော့။ ပုံပျက်ပန်းပျက် ဖြစ်နေရှာသည်။ ကိုအောင်မောင်းမှာ သမိုင်း ချည်မျှင်နှင့်အထည်စက်ရုံမှ ဆေးဆိုးဆရာဖြစ်သည်။ ညဘက် အချိန်ပိုဆင်းရသဖြင့် အိပ်ရေးပျက်ပြီး မနက်စောစော အလုပ်သိမ်းခါနီး၌ ရေနွေးကန်အတွင်းသို့ ပြုတ်ကျခြင်းဖြစ်ပါသည်။

အကုသိုလ်ကံများ ကြောက်စရာကောင်းလှသည်။ 'ကာလဝိဘတ်နောက်ပိုးတက်' ဆိုသလိုပင် ကိုအောင်မောင်း၏မိသားစုမှာ မှီခိုရာ တောင်ကြီးပြိုလဲသွားသဖြင့် နောက်ပိုင်း အိမ်ပါရောင်းရသည်ကိန်း ဆိုက်သည်။





တစ်ခါ အသစ်ဝယ်နေထိုင်သောရပ်ကွက်မှ အိမ်မှာလည်း မီးလောင်ပြန်သဖြင့် လှော်ကားဘက်သို့ ရွှေ့ပြောင်းနေထိုင်ရပြန်သည်။ မိုးဦးကျတော့ အတော်ဒုက္ခရောက်ရှာကြသည်။ ရထားသော မြေကွက် ပေ (၂၀×၆၀) လယ်ကွင်းဖော်တောထဲ၌ ရပ်ကွက်က ထောက်ပံ့သော ငွေကြေးကလေးဖြင့် ဝါးခနီအိမ်လေး ဆောက်လုပ်နေထိုင်ရသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

ကိုအောင်မောင်းဖနီး မကြည်လှိုင် ရောင်းချသွားသောအိ
ကို ဝယ်လိုက်သူများမှာ ကျွန်တော်တို့အမျိုး၊ ညီမဝမ်းကွဲများ ဖြစ်ကြ
သည့် ကိုသောင်းလှိုင်နှင့် မနုတို့ဖြစ်ကြသည်။ ကိုသောင်းလှိုင်က (ဆ
လ . က) ဘောက်ဆာယာဉ်မောင်းဖြစ်၍ ဝင်ငွေကောင်းသည်။ တာ
ပိုင်လည်းရှိသည်။ တစ်နေ့တော့ ကျွန်တော့်အား တိုင်ပင်လာပါသည်။

"အစ်ကို ... ကျွန်တော် ... အိမ်ပြင်ဆောက်မလို့။ ပန်းရံ
လက်သမားကောင်းကောင်း ဘယ်မှာရနိုင်မလဲ"

"ရှိပါ့ ... မောင်ရာ။ ပိုက်ဆံကောင်းကောင်းပေးရင် လက်
သမားကောင်း၊ ပန်းရံကောင်း ရနိုင်တာပေါ့။ ဒါပေမဲ့ အသေအချာ
စုံစမ်းလေ့လာဦး။ ဖိုးတွမ်တီးတွေက တတ်ယောင်ကားနဲ့ ဝင်သ





အိမ်ကြီးတန်းလန်း ဖြစ်နေဦးမယ်။ ငါလည်း ငါ့အဆက်အသွယ်နဲ့ စုံ
စမ်းပေးပါ့မယ်။ တစ်ပတ်လောက်စောင့်ဦး"

ကျွန်တော် အလုပ်တစ်ဖက်နှင့် ရှာဖွေစုံစမ်းနေရသဖြင့် အချိန်
ကြာသွားသည်။ တစ်ပတ်ပြည့်၍ ကျွန်တော် ကိုသောင်းလှိုင်တို့ အိမ်
ရောက်တော့ ပထမ ပျဉ်ထောင်အိမ်အိုကြီးကို ဖျက်ပြီး တိုက်သစ်ဆောက်
ရန် ဖောင်ဒေးရှင်း တူးနေပြီဖြစ်သည်။

"ဟ ... ညီလေး မြန်လှချည်လားဟ၊ လက်သမားအဖွဲ့က
ဘယ်ကရသလဲ"

"ဒီရပ်ကွက်ထဲကပဲ။ ကျွန်တော့်သူငယ်ချင်း ဆေးသုတ်ဆရာ
က ခေါင်းဆောင်ပြီး ငှားပေးတာ။ ပန်းရံရော၊ လက်သမားပါ အဖွဲ့
လိုက်၊ လူအင်အားလည်း များတယ်"

"လူအင်အားများတာက အဓိကမဟုတ်ဘူး။ ခေါင်းဆောင်
ဆရာ တော်ပြီး နောက်လိုက်ကောင်းမှ လုပ်ငန်းအဆင်ပြေမှာ။ လက်
သမားဆရာနဲ့ ပန်းရံဆရာ အပေးအယူ မညီညွတ်ရင်လည်း စကား
များနေတာနဲ့ အလုပ်မဖြစ်တော့ဘူး"

"အခု အစပိုင်းတော့ တော်ကြပါတယ်၊ ကောင်းကြပါတယ်၊
အစ်ကို အခုကြည့်ပါလား။ ဖောင်ဒေးရှင်းတူးတာ တက်ညီလက်ညီ။
အိမ်အိုကြီးဖျက်တာလည်း မြန်မှမြန်ပဲ။ ဒါနဲ့ အစ်ကိုရေ ... ကျွန်တော်
ဘ တ်ကားတိုက်ဆောက်မှာဆိုတော့ ဖျက်လိုက်တဲ့အိမ်က ပျဉ်တွေ၊
သစ်အစတွေ ပိုနေတယ်။ ဝယ်မယ့်သူ စပ်ပေးပါဦး"

"ပတ်လည်တိုင်တွေ၊ ဆင့်တွေကရော"

"အဲဒါတွေကတော့ အနောက်ဘက်က ကျွန်တော့်ပျဉ်ထောင်
အိမ်ကလေးပြင်ဆောက်ဖို့ ချန်ထားမယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"အေး ...အဲဒါဆိုရင်တော့ တခြားစပ်မနေနဲ့တော့။ ငါ ယူမယ်။ ငါ့မှာလည်း အိမ်ငှားတွေထားတဲ့ ပျဉ်ထောင်အိမ်ကလေး ရှိ ရမယ်။ ဘယ်လောက်ပေးရမှာလဲ"

"ဟောဟိုအပုံပဲ ...အစ်ကို။ အကာပျဉ်ရော အခင်းပျဉ် တစ်တန်လောက်ရှိပါတယ်။ တစ်သိန်းတည်းနဲ့ အစ်ကို့ကို ရောင်းမှ ပါ"

"အေး ...အေး ...ငါယူမယ်။ ပိုက်ဆံကိုတော့ လက်ငင်း ယူ။ အခု ငါ့မှာ သောင်းဂဏန်းပဲရှိတယ်"

"ရတယ် အစ်ကို။ အေးအေးဆေးဆေးပါ"

"အေး ...ဒါဆို ငါ့အလုပ်သမားတွေ လာတာနဲ့ သယ်ခိုင်း လိုက်မယ်။ မင်းတို့မလွတ်ရင်တော့ လမ်းဘေးပုံထားပေး။ ညနေစောင်း မှ သယ်နိုင်မယ်"

"ဟုတ်ကဲ့ အစ်ကို၊ ကျေးဇူးပဲ။ ဒါမှ လုပ်ငန်းခွင် ရှင်းသွား မှာ"

"အေး ...အေး ...ကောင်းပြီ"

ညနေစောင်းတွင် ကျွန်တော်၏ အလုပ်သမားများက သစ် များသယ်ပြီး ကျွန်တော့်ခြံတွင်း၌ ပုံထားပေးသည်။

✿ ✿ ✿

| ၃ |

❑

လအတန်ကြာသောအခါ ကျွန်တော် ကိုသောင်းလှိုင်တို့အိမ် သို့ တစ်ခေါက်ရောက်ခဲ့သည်။ ကိုသောင်းလှိုင်နှင့်ဇနီး မနုတို့ တိုးတိုး ကြိတ်ကြိတ် စကားပြောနေကြသည်ကို မြင်၍ ...

"ဟော့ ...မနုတို့၊ ဘာတွေကြိတ်ပြီး တိုင်ပင်နေကြတာလဲ။ ဖောင်ဒေးရှင်းတူးတုန်းက ရတနာသေတ္တာတွေ ဘာတွေရလို့လား"

ထိုစဉ် မနုက 'ရှူး ...တိုးတိုး' ဟု အချက်ပြပြီး ရှေ့လမ်း ဘေးမှ ဆိုင်ရှိရာသို့ ကျွန်တော့်အား ခေါ်သွားသည်။

"ဦးသိန်းဝင်းကလည်း အကြားအမြင် ရနေတာကျနေတာ ပဲ။ ရတနာပစ္စည်းတော့ မရသေးပါဘူး။ အိပ်မက်ပေးတာနဲ့ ဦးသိန်း ဝင်းပြောတာ တိုက်ဆိုင်နေလို့ပါ"

"ဘယ်လို တိုက်ဆိုင်တာလဲ၊ ပြောစမ်းပါဦး မနုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညက သန်းခေါင်လောက်မှာ ကျွန်မ အိပ်မက်မက်တယ်။ ကျွန်မအိပ်နေတုန်း ကုလားကြီးတစ်ဦးက လာပြောတာ"

"ကန်မလေး ..ဒါ ငါတို့ပိုင်မြေ၊ ငါတို့ကို ခွင့်မတောင်းဘဲ ဘာကြောင့် အိမ်သစ်ဆောက်ရတာလဲ"

"မဟုတ်ပါဘူး မာမူကြီး၊ ဒီမြေကို ကျွန်မတို့ ဒေါ်ကြည်လှိုင်ဆီက တန်ရာတန်ကြေးပေးပြီး ဝယ်ထားတာပါ"

"အေး ...ဟုတ်ချင်ဟုတ်မယ် ကန်မလေး။ ဒါပေမဲ့ အစိကပိုင်တာ ငါတို့ပဲ။ အရင်အိမ်တုန်းက ပျဉ်ထောင်အိမ်။ တိုင်စိုက်တာ ငါတို့နဲ့ လွတ်တယ်။ အခု တိုက်အိမ်ဆောက်တော့ အုတ်မြစ်တူးတာ ငါတို့နဲ့ မလွတ်ဘူး"

"မလွတ်ရင် ဘေးဖယ်နေပေါ့။ ခြံအကျယ်ကြီးပဲဟာ"

"နင်တို့က အုတ်မြစ်ချမယ်၊ ကြမ်းခင်း ကွန်ကရစ်လောင်းမယ်၊ ဘယ်မှာ ငါတို့ ထွက်ပေါက်ရှိတော့မှာလဲ။ အဲဒါဆို ငါတို့ကို နေရာပြန်ပေး။ ကန်တော့ပွဲနဲ့ တောင်းပန်ပြီး ခေါင်းရင်းဘက်ကို ရွှေ့ပေးပါ"

"မတောင်းပန်နိုင်ပါဘူး။ ရှင်တို့နေရာဆိုရင် သက်သေပြပါ"

"အေး ...မတောင်းပန်ရင်တော့ ငါက အနှောင့်အယှက်ပေးရလိမ့်မယ်။ ခေါင်းရင်းဘက်မှာ ငါတို့ပိုင်တဲ့ သေတ္တာနီကြီး မြှုပ်ထားတယ်"

"အဲဒီအချိန်မှာပဲ ကျွန်မယောက်ျားကိုသောင်းလှိုင်က ကျွန်မကိုနှိုးတယ်"

"မနု ...မနု ...ဘာဖြစ်နေတာလဲ၊ တအင်းအင်းနဲ့ ညည်းနေတယ်။ နေမကောင်းဘူးလား"





"ဟင့်အင်း ...ကျွန် အိပ်မက်မက်နေတာ"

"ဘာတွေမက်နေတာလဲ"

ကျွန်မက အိပ်မက်အကြောင်း ပြောပြတော့ ကိုသောင်းလှိုင်က ...

"အင်း ...ငါတော့ တစ်ခါမှ အဲဒီလို မမက်ဖူးဘူး။ နင်စိတ်စွဲလမ်းလို့ မက်တာနေမှာ။ ညဦးကရော ဘုရားရှိခိုးရဲ့လား"

"ရှိခိုးပါတယ် ...ဒါဆို စိတ်စွဲလမ်းလို့ မက်တာနေမှာပါ။ အပေါ့အပါးထသွား၊ ရေအဝသောက်ပြီး ပြန်အိပ်လိုက်"

မနက်မိုးလင်းတော့ ကျွန်မ ကိုသောင်းလှိုင်ကိုခေါ်ပြီး အုတ်မြစ်တူးတဲ့နေရာကို သွားကြည့်ပါတယ်။ နေရာလွဲလို့လားမသိဘူး။ အုတ်မြစ်တူးထားတဲ့ ကျင်းထဲမှာ ဘာမှမတွေ့ပါဘူး။ ဒါကြောင့် ကိုသောင်းလှိုင်က မယုံကြည်ဟန်နဲ့ ...

"ဘာမှမဟုတ်ဘူး။ အစွဲအလမ်းမထားနဲ့။ ငါကတော့ အယုံအကြည်မရှိဘူး။ ငါ့အလုပ် ငါဆက်လုပ်မှာပဲ"

ကျွန်မယောက်ျား ကိုသောင်းလှိုင်က ဘာသာရေးသာ လေးစားယုံကြည်ပြီး သရဲတစ္ဆေ၊ စုန်း၊ နတ်တွေကို အယုံအကြည်ရှိတာမဟုတ်ဘူး။ ဒါကြောင့် သူ့အလုပ်သမား ပန်းရံအဖွဲ့နဲ့ ဆက်ပြီးတူးတယ်။ ဖောင်းဒေးရှင်းချပြီးတာနဲ့ လက်သမားအဖွဲ့က အုတ်ဖိနပ်တိုင်၊ ပန်းရံအဖွဲ့က အုတ်ဆက်တက်တာပေါ့။ အိမ်အမျိုးအစားက သစ်သားတိုင်နဲ့ အုတ်နဲ့ညှပ်ပြီးဆောက်တဲ့ ဘရစ်နော်ဂင်အုတ်ညှပ် နှစ်ထပ်အိမ်အမျိုးအစားပါ။

တိုင်ထူ၊ ထုတ်ပတ်ယောက်ပတ်၊ မြားတန်းတင်ပြီးတာနဲ့ အလုပ်သမားတွေ နေ့ရိပ်ထဲ အလုပ်လုပ်ရအောင် မြောင်းကျယ် သွပ်အကောင်း



www.burmeseclassic.com

www.burmeseclassic.com



စားတွေနဲ့ အမိုးမိုးတယ်။ လက်သမား၊ ပန်းရံအလုပ်သမားက များ တော့ ခဏကလေးနဲ့ ပြီးတယ်။ ကျွန်မတို့က အိမ်လုံးချင်းအပြီး လက် သမား၊ ပန်းရံခကို ၁၂ သိန်းနဲ့ အပ်ထားတာ။ နှစ်ပတ်လောက်ကြာ တော့ လက်သမားနဲ့ ပန်းရံအဖွဲ့က လာတစ်ချက်၊ မလာတစ်ချက် ဖြစ် လာတယ်။

အိမ်ကတန်းလန်းကြီး လက်ခပေးထားငွေ ၁၂ သိန်းက ဈေး စဉ် လက်ခထုတ်နေလို့ ကုန်ခါနီးပြီလေ။ ပန်းရံ၊ လက်သမားအဖွဲ့ခေါင်း ဆောင်က ဆေးသုတ်တဲ့ဆရာ။ သူလည်း သူ့အဖွဲ့တွေကို မနိုင်နင်းဘူး လိုက်ခေါ်ပေမယ့် မလာကြတော့ဘူး။ နောက်ဆုံးမှ သိရတာက ဆေး သမားက ခေါင်းဆောင်လုပ်တာကို ပန်းရံဆရာနဲ့ လက်သမားဆရာက မကျေနပ်ကြဘူးတဲ့။

တစ်နေ့ လုပ်အားခက ဆေးသမားဆရာက တစ်သောင်း ကျပ်၊ လက်သမားဆရာနဲ့ ပန်းရံဆရာကလည်း တစ်နေ့ တစ်သောင်း ကျပ်စီပဲ။ ပန်းရံ၊ လက်သမားတွေကတော့ တစ်နေ့ ငါးထောင်ကျပ် ယူကြသတဲ့။ အဲဒါနဲ့ အိမ်မပြီးခင် ၁၀ သိန်းကုန်တော့ ပြေးကြတာ ပေါ့။ အိမ်ရှင် ကျွန်မတို့အနေနဲ့ ပထမအဖွဲ့ လက်ခကုန်သွားပေမယ့် အိမ်ကြီးက တန်းလန်းဖြစ်နေတော့ ဒုတိယအဖွဲ့ကို ရှာကြထားရပြန် တာပေါ့။

ဒုတိယလက်သမားအဖွဲ့က အပေါ်ထပ်ဆင့်စီပြီး လျှာထိုးခင်း တယ်။ ပန်းရံအဖွဲ့က အုတ်တက်၊ အချောကိုင်ပြီး အုတ်ရေကန်တွေ အပေါ်တစ်လုံး၊ အောက်တစ်လုံး ဆောက်တယ်။ အဲဒီအချိန်မှာ မိုးရွာ လာတော့ ခေါင်မိုးသွပ်အကောင်းစား အသစ်ကြီးတွေက မိုးယိုလာတယ် ရေကန်အသစ်ကြီးတွေက ရေယိုလာတယ်။





ဒုတိယအဖွဲ့လက်ရာက အစပိုင်းမှာ ကောင်းပေမယ့် နောက် ပိုင်းရေသာနိုပြီး ညံ့လာတယ်။ အဲဒီမှာ ကျွန်မယောက်ျား ကိုသောင်းလှိုင် နဲ့ စကားများပြီး ဒုတိယအဖွဲ့ ထွက်သွားပြန်တယ်။ လက်ခ ဆယ် သိန်းလောက် ပါသွားပြန်တာပေါ့။ ဒါကြောင့် ကျွန်မနဲ့ ကိုသောင်းလှိုင် စကားများကြရတယ်။ အိမ်ကြီးကတော့ တန်းလန်းပေါ့။

အဲ . . . နောက်ဆုံး တတိယအဖွဲ့ဝင်တော့ ကျွန်မ မနေတော့ ဘူး။ ယခင်အိမ်ပိုင်ရှင်ဆိုတဲ့ ကုလားအုပ်စုကို သီးသန့်ကန်တော့ပွဲ ပေးတယ်။ ကျွန်မကိုးကွယ်နေတဲ့ မဟိန္ဒရာဘိုးတော်ကိုလည်း သီးခြား ကန်တော့ပွဲပေးပြီး ကူညီစောင့်ရှောက်ဖို့ တောင်းပန်တယ်။ အဲဒါကြောင့် လား မသိဘူး။

တတိယအဖွဲ့က လူကောင်းတွေဖြစ်ကြလို့ အိမ်ကိုအပြီးသတ်၊ ယိုတာတွေ ပြုပြင်၊ အပေါ်ထပ်တက်တဲ့ လှေကားကို ပျဉ်းကတိုးနဲ့ တိုင်းကျလုပ်၊ စတီးလက်ရန်းထည့်၊ အိမ်တွင်း အောက်ထပ်ကြွေ စီ၊ အပြင်ကြွေပြားကပ်နဲ့ အပြီးသတ်သွားတော့တယ်။ အိမ်သစ် ဆောက်တယ်ဆိုတာ ငွေကုန်ကြေးကျများပြီး အလွန် စိတ်မောရပါတယ်။

ပန်းရံလက်သမားတွေရဲ့ ပညာအမျိုးမျိုးပြတာကိုလည်း ရင် ဆိုင်ပြီး ခံရတာ။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ယခင်အိမ်ပိုင်ရှင်ဆို တဲ့ ကုလားတွေနဲ့ မဟိန္ဒရာဘိုးတော်ကို ကန်တော့ပွဲပေးပြီး တောင်းပန် လို့ အိမ်ဆောက်ပြီးသွားတယ်လို့ပဲ ယုံကြည်တယ်။ အိမ်သစ်ဆောက် ပြီးသွားတော့ ကျွန်မတို့ စုစုပေါင်းကုန်ကျငွေကို သိန်း ၁၀၀ လောက် ထင်ပေမယ့် သိန်း ၁၂၀ ကျော်သွားတယ်။ ၆ လလောက်ကို ကြာသွား တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သစ်ကြီးပြီးသွားတော့ ကျွန်မတို့ယာယီနေတဲ့ ပျဉ်ထောင်အိမ်ကလေးကနေ အိမ်သစ်ကြီးကို ပြောင်းကြတယ်။ အငယ်ဆုံး သားငယ် နိုင်ငံခြားအလုပ်သွားလုပ်နေတာမို့ အိမ်သစ်တက် ဆွမ်းကျွေးအလှူပွဲကို တော်တော်နဲ့ မလုပ်ဖြစ်ဘူး။ သားသမီးတွေစုံလင်မှ လုပ်မယ်လို့ စိတ်ကူးထားတာကိုး။

တစ်လလောက်ကြာတော့ မရတော့ဘူး၊ အိမ်အစောင့်တွေက အိပ်မက်ပေးလာပြန်တယ်။ နင်တို့သား နိုင်ငံခြားက ပြန်လာတော့မယ်။ အမြန်ဆုံး အိမ်သစ်တက် ဆွမ်းကျွေးပွဲလုပ်ပြီး သူတို့ကို အမျှဝေတဲ့လေ။ မဟိန္ဒရာဘိုးတော်နဲ့ ပတ်သက်တယ်ဆိုတော့ ဟိန္ဒူဘာသာဝင်တွေ ဖြစ်မယ်နဲ့တူပါတယ်။

ဒါပေမဲ့ အိမ်မှာ ဝက်သားနဲ့ အမဲသားစားတာကိုတော့ မကြိုက်ကြဘူး။ စားမိတာနဲ့ ကျွန်မနဲ့ ကိုသောင်းလှိုင်တို့ ဘာမဟုတ်တဲ့ကိစ္စကလေးကစပြီး စကားများကြတာ အကြိမ်ကြိမ်ရှိပြီ။ ဒါကြောင့် အိမ်ပေါ်မှာ အိမ်သားတွေ ဘယ်သူမှ အမဲသား၊ ဝက်သား မစားကြတော့ဘူး။

ကိုသောင်းလှိုင်ကတော့ အပြင်မှာစားတယ်။ ဒါပေမဲ့ ဘာမှမဖြစ်ပါဘူး။ အိမ်ပေါ်မှာ စားတာကို မကြိုက်တာပါ။ ကျွန်မကတော့ ယုံကြည်တဲ့သူပီပီ အိမ်ပြင်ရော အိမ်ထဲမှာပါ ဝက်သား၊ အမဲသားကို မစားတော့ဘဲ အပြီးရှောင်လိုက်ပါတယ်။ ဒါ့ကြောင့်လားမသိဘူး။ ကျွန်မတို့ အိမ်သစ်ဆောက်လို့ ငွေအကုန်အကျများသွားပေမယ့် နောက်ပိုင်း သားနဲ့သမီး ရှာပေးလို့ ပြန်စုမိလာပါတယ်။

ဒါ့ကြောင့် သားကလည်း နိုင်ငံခြားကပြန်လာပြီး သမီးကလည်း အလုပ်ပိတ်ရက်မို့ မနက်ဖြန်မှာ ဘုန်းကြီးငါးပါးပင့်ပြီး နိုင်ငံရာ မိတ်ဆွေဆွေမျိုးတွေကို ဆွမ်းကျွေးအလှူကလေး လုပ်မှာဖြစ်လို့ ကျွန်မ ဒီနေ့ ဆွမ်းကျွေးအလှူပွဲတော်အတွက် ပစ္စည်းတွေကို ကိုယ်တိုင်ဝယ်ယူပြီးပါပြီ။ ညနေ ပြင်ဆင်ပြီး ချက်ပြုတ်မယ်။

နောက်တစ်နေ့မနက်၌ အရဟံဆွမ်းအဖြစ် သံဃာတော်ငါးပါးကို ကပ်လှူပူဇော်ပြီး ဝေနေယျသတ္တဝါတွေကို အမျှအတန်းဝေမှာပါ။ ဒါ့ကြောင့် မဟိန္ဒရာဘိုးတော်နဲ့ အိမ်စောင့်အဖွဲ့များ ကျေနပ်နှစ်သိမ့်ပြီး သာဓုခေါ်ကြဖို့ ကျွန်မ ကြိုတင်ပြီး စိတ်ကြားလိုက်ရပါတယ်။

ကျွန်မတို့ မိသားစုကိုလည်း စောင့်ရှောက်ပါ။ စီးပွားလာဘ်လာဘတိုးတက်အောင် စောင့်မကြည့်ရှုပါရယ်လို့လေ။

ကျွန်တော့်မှာ အိမ်နီးချင်းဖြစ်ပြီး ကျွန်ုပ်တော်၏ ရှေ့မှောက်တွင် ဖြစ်ပျက်ခဲ့ခြင်းဖြစ်၍ မိန်းမသားဖြစ်သော ဒေါ်နုအနေဖြင့် ယုံကြည်လောက်ပေသည်။

**တောင်မြို့ကြီးသိန်းဝင်း**





www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ထောင်တွင်းသုံးစကားများ ရိုင်းသည်ဟု ပြောကြသည်ကို ကျွန်ုပ် လက်ခံပါသည်။ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပင် 'ရိုင်းရိုင်းပြောမှ လူတွေက မှတ်မိကြတယ်' ဟု ဆိုခဲ့သည် မဟုတ်ပါလော။ ထို့ကြောင့် ထောင်တွင်းသုံး ဗန်းစကားများ ပေါ်ခဲ့သာမက တစ်နိုင်ငံလုံး တောနယ်အထိပါ ပျံ့နှံ့သုံးစွဲနေပါတော့သည်။

ကျွန်ုပ် ထောင်မှူးပေါက်စဘဝကလည်း ထောင်အခေါ်အပြော ဝေါဟာရများဖြင့် အတော်စိမ်းသဖြင့် နှာခေါင်းရှုံ့မိသည်။ ဒီလောက် အပြောအဆို ရိုင်းစိုင်းတဲ့ ဝန်ထမ်းတွေ၊ ထောင်သားတွေနဲ့ ဖြစ်ပါ့မလားဟု အခါခါတွေးမိသည်။ သို့သော် နှစ်လလောက်ကြာတော့ နားယဉ်သွားသည်။ နှစ်လရှိတော့ မှတ်မိသွားခြင်း ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အထင်မှာ ယောကျ်ားထောင်သားများချည်းသာ ဖြစ်ကြ၍ ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းတွင် အဆောင်နေကျောင်းသားများလို လွတ်လပ်စွာ ပြောဆိုကြသည်ဟု ထင်မိခဲ့သော်လည်း အလုပ်သင်ပြောက်လပြည့်၍ တာဝန်မှူးတာဝန်ကို ထမ်းဆောင်ရသောအချိန် အမျိုးသမီးအိပ်ဆောင်များအတွင်း ဆရာဝန်၊ သို့မဟုတ် ဆေးမှူးဖြင့် ကျွန်ုပ်မှာရေးကိစ္စဝင်ရောက်ရသောအချိန်ကျမှ မိန်းမများမှ ယောကျ်ားများထက် အပြောအဆို ပိုမိုကြမ်းတမ်းပွင့်လင်းကြောင်း သိရှိရတော့သည်။

နံပါတ်ဖိုး ဆေးသမား။ လောင်းကစားသမား (နှစ်လုံး၊ သုံးလုံး၊ ချဲမှုအပါအဝင်) ပြည့်တန်ဆာမများအား ထောင်တွင်းအခေါ် 'ဖိုး၊ ဖဲ၊ ဖာ' အုပ်စုဟု ခေါ်ကြသည်။ အချို့ယဉ်ကျေးသူများကတော့ 'ဖ' သုံးလုံးအုပ်စုဟု ခေါ်ပါသေးသည်။ အပြောအဆို အနေအထိုင်ကလည်း အတော်ပင် ပက်စက်ကြသည်။

သို့သော် စိတ်မဆိုးကြ။ အလေ့အကျင့်ရပြီး အလွမ်းသင့်ကြဟန်တူပါသည်။ ထိုအုပ်စုမှာ အပြင်တွင် နွံကြမည်ဖြစ်သော်လည်း ထောင်တွင်း၌ ဆေးပြတ်ပြီး ရောဂါကင်းစင်၍ လုံးတီးဆန်တန်ခိုးကြောင့် တောင့်တင်းသန်မာနေကြသည်။

တစ်နေ့ ကျွန်ုပ်ထောင်ဖွင့်နောက်ကျ၍ အပြင်ပြန်အထွက်ထွက် ထောင်ဘူးဝကြီးအနီးရှိ အမျိုးသမီးအချုပ်ဆောင်ရှေ့အရောက်၌ အမျိုးသားထောင်သားနှစ်ဦး ထမ်းလာသော စည်ပိုင်းပျက်ထမင်းအိုးကြီး လုံးတီးထမင်းများ အပြည့်အမောက် အငွေ့တထောင်းထောင်း ထွက်နေသည်။

အမျိုးသားအချုပ်၊ ထောင်ကျသားများ အမျိုးသမီးဆောင်အတွင်း မဝင်ရသဖြင့် ကျွန်ုပ် ရပ်ကြည့်နေမိသည်။ ထမင်းအိုးကြီး





အဆောင်ဝတံခါးရှေ့၌ချပြီး ထမ်းလာသူများက တံခါးအား ခေါက်လိုက်တော့ တပ်ကြပ်အဆင့်ရှိ အမျိုးသမီးတစ်ဦး တံခါးဖွင့်၍ ထွက်လာသည်။

ထို့နောက် အဆောင်တွင်းဘက် လှည့်ပြီး ...

"ဖိုး၊ ဖဲ၊ ဖာ အုပ်စုလာကြဟေ့၊ ထမင်းထမ်း ရောက်ပြီ"

မကြာမီ ဗလကောင်းကောင်းနှင့် တောင့်တင်းသော အမျိုးသမီးနှစ်ဦး ထွက်လာသည်။ ထဘီတိုတိုဝတ်၍ အားကောင်းမောင်းသန် ယောကျ်ားကြီးများအလား။ တစ်ဦးကအသားဖြူဖြူ၊ တစ်ဦးက အသားညိုညို၊ ဒေါင်းတိမောင်းတိဖြင့် ထမင်းဆိုင်းထမ်း ထမ်းပိုးအား ရှေ့တစ်ယောက်၊ နောက်တစ်ယောက် ဝင်၍ ခွေ့ခနဲ ထမ်းဝင်သွားကြသည်။ ကျွန်ုပ် လွန်စွာ အံ့သြမိပါသည်။

တစ်နေ့တွင် ကျွန်ုပ် ထောင်ပိုင်ကြီးရုံးခန်းအတွင်းသို့ ရုံးကိစ္စဖြင့်ရောက်စဉ် ပင်စင်စားထောင်ပိုင်ကြီးတစ်ဦးအား ကျွန်ုပ်တို့၏ ထောင်ပိုင်ကြီး ရုံးစားပွဲရှေ့၌ တွေ့ရသည်။ ထောင်ပိုင်ကြီးက ညွှန်သည်အား ကော်ဖီတိုက်ရင်း ညှိခံစကားပြောနေခြင်းဖြစ်သည်။ ထောင်ပိုင်ကြီးက ကျွန်ုပ်အား တွေ့သည်နှင့် ...

"ဦးသိန်းဝင်း ...ဒီထောင်ပိုင်ကြီးကို သိလား။ နယ်မှာ တာဝန်ကျပြီး ပင်စင်ယူလိုက်တာမို့ ခင်ဗျားတို့ မိမယ်မထင်ပါဘူး။ ဒီက ထောင်ပိုင်ကြီးက အဆစ်အမြစ်ရောင်ရောဂါ (Gout) ဖြစ်နေလို့ လုံးတီးဆန် လာတောင်းတာ၊ ရိက္ခာထောင်မှူးကို သွားပြောပေးပါဦး။ လုံးတီးဆန် နှစ်ပြည်လောက်ကို ပလတ်စတစ်အိတ်နဲ့ နှစ်ထပ်လုပ်ပြီး ထုပ်လာပေးပါလို့"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အလေးပြုပြီး ထောင်တွင်းပြန်ဝင်၍ ရိက္ခာရုံးသို့ ထွက်ခဲ့ပါသည်။ ရိက္ခာထောင်မှူးအား ပြောရာ ရိက္ခာထောင်မှူးက ချ ချင်းထုပ်ပိုးပြီး ဝန်ထမ်းတစ်ဦးနှင့် ထည့်ပေးပါသည်။ ကျွန်ုပ် ထော ပိုင်ကြီးရုံးခန်းပြန်ရောက်တော့ ညွှန်ကြားထောင်ပိုင်ကြီးက …

"ဒီက ထောင်မှူးတို့လည်း ငယ်ရွယ်စဉ်ကတည်းက လုံးတ ထမင်းကို စားပေးပါ။ အကျဉ်းသားစားတဲ့ ထမင်းဆိုပြီး အထင်မသေ ပါနဲ့၊ အလွန်အာဟာရ ကြွယ်ဝပါတယ်။ ကျုပ်လည်း ထောင်အရာ လုပ်လာတော့ ထောင်သားစားတဲ့ဆန်ဆိုပြီး အထင်သေးလို့ မစားဖြ ခဲ့ဘူး။

အခု (Gout) ရောဂါဖြစ်မှ ဆရာဝန်ကညွှန်းတာနဲ့ ထောင်က လာတောင်းရတာ။ လုံးတီးဆန်ဆိုတာက အခွံကျွတ်ရုံ၊ စပါးကို ကြိ ထား‌တော့ အာဟာရဓာတ်တွေ မဆုံးရှုံးတော့ဘူး။ အပြင်မှာလည်း ဝ လို့မရဘူး။ ထောင်တွေမှာပဲ ရှိတယ်လေ။ လုံးတီးဆန်စားတော့မှ ရော သက်သာသွားတာ လက်တွေ့ပဲ"

"ဟုတ်ကဲ့ အန်ကယ်"

✿ ✿ ✿

[ ၂ ]

❑

ပင်စင်စား ထောင်ပိုင်ကြီးက လုံးတီးဆန်သည် ကျန်းမာရေး အတွက် အလွန်ကောင်းကြောင်း ညွှန်းသွားသော်လည်း ကျွန်ုပ် မစား ဖြစ်သေးပါ။ ထောင်မဲဟို Main Jail တွင် ထိုင်ရင်း ဖိုကြီးမှ လုံးတီး ထမင်းနံ့ကို ရသည်။ အတော်မွှေးပါသည်။ ပြောင်းဆန်နံ့ သင်းနေသည်။ ထို့ကြောင့် ဖိုကြီးအတွင်းသို့ ဝင်ပြီး လေ့လာမိသည်။

အုတ်ခုံဖွဲ့မီးဖို အရှည်ကြီးပေါ်တွင် သံစည်ပိုင်းကြီးများအား တင်၍ အောက်က ရေခံ၊ သံထောက် (သုံးချောင်းထောက်)ထည့်၊ ပေါ်က အပေါက်ဖောက်ထားသော သံပြားကြီးတင်၊ ဆန်အိတ်လိုက် လောင်းထည့်၍ ရေနွေးငွေ့ဖြင့် ပေါင်းခြင်းဖြစ်သည်။ ဆေးကြောခြင်း မရှိပါ။ ကျွန်တော် လုံးတီးဆန်ကို ကိုင်ကြည့်တော့ ဆန်စေ့အလယ်၌ ဆန်ကြားအနီစင်းကလေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရဲဘက်ဗိုခေါင်း ကျွန်တော့်အနီးသို့ ရောက်လာပြီး -

"ဆရာ ... လုံးတီးထမင်းကို လေ့လာတာလား။ ဆန်ကြမ်းဆိုပေမယ့် အလွန်အားရှိတယ်ဆရာ။ ရောဂါတော်တော်များများလည်း ပျောက်ကင်းတယ်။ ကျွန်တော်က အပြင်မှာနေတုန်းက အဆုပ်ရောဂါသည်၊ ချိန်းထားလို့ မိန်းမသွားခိုးရင်း လူကြီးတွေမလစ်တာနဲ့ နတဲ (နွားတဲ) ထဲ ဝင်ပုန်းနေမိတယ်။

အဲဒါ နွားမီးထည့်တဲ့ မီးခိုးနံ့နဲ့တာနဲ မဖော်ခွင့်နိုင်တော့ဘဲ ချောင်းဆိုးမိရာက လူကြီးတွေဖမ်းမိပြီး နွားခိုးမှုနဲ့ ထောင်သုံးနှစ်ကျတာ ဆရာ။ ကျွန်တော် အရင်က ပိန်ပိန် ရောဂါသည်၊ ကံကောင်းချင်တော့ ထောင်ကျပြီး ဆေးရုံတောင် မကြာခဏတက်ရပေမယ့် ထောင်မှာ လုံးတီးဆန်စားပြီး ရောဂါပါ လုံးဝပျောက်ကင်းသွားလို့ အခုဆို ကျွန်တော့်ကို ကြည့်ပါလား ဆရာ၊ ကျွဲပေါက်လောက်တောင် ဖြစ်နေပြီ"

ဟုတ်ပါသည်။ ဗိုခေါင်းမှာ တုတ်ခိုင်သန်မာနေသလို ဗိုကြီးအတွင်းမှ အကျဉ်းသားများမှာလည်း ကျန်းမာသန်စွမ်းကြသည်။ ထင်းခွဲရေခပ်၊ ထမင်းထမ်းသူများအားလုံး သန်စွမ်းကျန်းမာကြသည်။ ပိန်ပိန်ဗလံကလေးများ တစ်ယောက်မှမတွေ့ရ။ မီးအပူရှိန်ကြောင့်တော့ ထင်သည်။ အားလုံး ချွေးနှင့်သံနှင့် ဝဝ၊ မည်းမည်း၊ လုံးလုံး။

"နောက်ပြီး ဆရာ၊ လုံးတီးထမင်းက အပူဓာတ်တော့ အားကြီးတယ်။ ဒါကြောင့်လည်း ကိုယ်တွင်းရောဂါတွေကို နိုင်တယ်ထင်ပါရဲ့။ လုံးတီးထမင်းစားပြီး ရေတော့ နိုင်နိုင်ချိုးရတယ်ဆရာ။ အပူကင်းတော့ လူဝတာပေါ့။

လုံးတီးထမင်းက ဘယ်လောက်ပူသလဲဆိုရင် အဆောင်တွေက မနက်စားပြီးစွန့်တဲ့ ထမင်းကျန်တွေကို ဝက်စာအတွက် လိုက်သိမ်း





ရင်း လက်နဲ့နှိုက်ကြည့်လိုက်ရင် အတွင်းက အလွန်ပူတာပဲဆရာ။ အဲဒါ လူခြားချက်ပဲ။ အဲဒီထမင်းကျန်တွေကို ဝက်ကျွေးတော့လည်း ဝက်တွေ အသားတက်နှုန်းမြန်ပြီး ဝဖြိုးနေတာပဲဆရာ။ ထောင်တွင်းမွေးမြူရေးက ဝက်တွေ သွားကြည့်ပါလား။ တစ်ကောင်မှ ပိန်တာမရှိဘူး"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

တစ်နေ့ ထောင်ဖွင့်ဝင်စဉ် လူတစ်ယောက်ပိုနေ၍ ထောင်ဖွင့်မရ။ ထောင်ဆိုသည်မှာလည်း ဘဏ်တိုက်ကြီးလိုပင်၊ ငွေပိုလို့လည်းမရ၊ ငွေလိုလို့လည်းမရ၊ အဝင်အထွက် အတိအကျဖြစ်ရသည်။ ကျွန်ုပ်တို့အဆောင်များကို လူခွဲ၍ ထပ်တလဲလဲ စစ်ဆေးကြသည်။ လူတစ်ယောက် ပိုနေတုန်းပင်။

ထောင်ကျရုံးက ထောင်ကျသစ်အခန်းတွင် ထောင်ကျဝရမ်းဖြင့် တိုက်ဆိုင်စစ်ဆေးပါမှ လူပိုတစ်ယောက်ကို တွေ့သဖြင့် ထောင်ဖွင့်နိုင်ပါသည်။ ထောင်ကျအဖေက လေးနှစ်သားကလေးငယ်ကို လူခွဲမပေးသဖြင့် ထောင်တွင်းခေါ်လာပြီး ပုံစံတန်းစီထိုင်ရာတွင် တစ်နေရာမှ ထိုင်စေသဖြင့် လူတစ်ယောက် ပိုနေခြင်းဖြစ်သည်။ ထို့ကြောင့် အပြစ်မရှိသော ကလေးငယ်ကို ထောင်ပြင်ထုတ်၍ တရားခံ၏ နီးစပ်ရာဆွေမျိုးများထံ ပြန်လည်အပ်နှံလိုက်သည်။





ထောင်ဖွင့်ပြီးတော့ မနက်ခုနစ်နာရီခွဲ ရှိပြီ။ ဗိုက်က ဆာလာပေပြီ။ ထိုစဉ် ထောင်မှူးကြီးဦးအုန်းမောင်က ဖိုခေါင်းအားခေါ်ပြီး ...

"နက်ကျော်ရေ ... ထောင်ဖွင့်နောက်ကျတော့ ဗိုက်ဆာတယ်ကွာ။ ထုံးစံအတိုင်း လုံးတီးထမင်းပူပူလေးကို ကုလားပဲပြုတ်နဲ့ ရောပြီး ဆီဆမ်း၊ ဆားဖြူးပြီး နယ်ခဲ့၊ ဖွန်းပါတပ်ပြီး ရေနွေးကြမ်းကျကျလုပ်ပေး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

အငွေ့တထောင်းထောင်းနှင့် ပဲနှင့်နယ်ထားသော ထမင်းပန်းကန် ရောက်လာတော့ ထောင်မှူးကြီး ဦးအုန်းမောင်က ...

"ဦးသိန်းဝင်း ... စားကြည့်ပါဦးဗျ။ လုံးတီးထမင်းပူပူလေးက ဆေးဖက်ဝင်ပါတယ်။ ပဲနဲ့နယ်ပြီး ဆီဆမ်း၊ ဆားဖြူးထားတော့ အလွန်အရသာရှိပါတယ်"

လုံးတီးဆန်ကောင်းကြောင်း ညွှန်းလှသဖြင့်လည်းကောင်း၊ စားချင်စဖွယ် ပြင်ဆင်ထားပြီး ဗိုက်ဆာနေသောကြောင့်လည်းကောင်း တစ်ဇွန်းမြည်းကြည့်တော့ လုံးတီးထမင်းပူပူကလေးမှာ အလွန်ဆိမ့်လှသည်။ အရသာတွေ့သွား၍ တစ်ဖွန်းပြီးတစ်ဖွန်း။ အိမ်ပြန်ရောက်တော့ Breakfast မစားနိုင်တော့။ ကော်ဖီတစ်ခွက်သာ သောက်ဖြစ်တော့သည်။ ရေမိုးချိုးပြီး အလုပ်ပြန်ဝင်ရသည်။

ကျွန်ုပ်၏ နေ့လယ်စာ ထမင်းစားထွက်ချိန်မှာ မွန်းတည့် (၁၂) နာရီအချိန်ဖြစ်သော်လည်း မွန်းမတည့်မီ (၁၁)နာရီကတည်းက ဗိုက်ထဲက တကြုတ်ကြုတ်မြည်ပြီး ထမင်းဆာလာသည်။ စဉ်းစားကြည့်တော့ မနက်က လုံးတီးထမင်းစားထား၍ အစာကြေလွယ်ခြင်းဖြစ်ကြောင်း သတိပြုမိတော့သည်။ ရုံးခန်းမှ အကျဉ်းသားများအား လုံးတီးထမင်းအကြောင်း မေးကြည့်တော့ ရဲဘက်စာရေး လှအောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ကျွန်တော်က အပြင်မှာ အစာအိမ်ရောဂါရှိလို့ ဆန်တောင် အပျော့စား၊ အကောင်းစား စားရတာ။ ဆန်ကြမ်းတာနဲ့ ဗိုက်အောင့်တော့တာပဲ။ ထောင်ရောက်တော့ ဆေးရုံတက်ပြီး ဆေးရုံ ထမင်းဖြူကို စားရတယ်။ ဆေးရုံထမင်းဆိုတာကလည်း ဖြူသာဖြူတယ် ဆန်ကြမ်း။

အဲဒါကြောင့် ထောင်ဆရာဝန်က ဆန်ညိုလုံးတီး ထမင်းကို စမ်းစားကြည့်ဖို့ပြောတာနဲ့ နည်းနည်းစမ်းစားကြည့်တယ်။ ဗိုက်မအောင့်ဘူး။ ဒါနဲ့ များများစမ်းစားကြည့်တယ်။ တစ်ပတ်လောက်နေတော့ ဗိုက်အောင့်ရောဂါပျောက်လို့ ကျွန်တော် ဆေးရုံက ဆင်းခွင့်ရတယ်။

အရင်က စားသော်ဒါနဲ့ အစာကြေဆေး၊ ဂျုံလ်မက်ကို အမြဲ တမ်းသောက်နေရာက အခုဆို ဘာဆေးမှ သောက်စရာမလိုတော့ဘူး။ လူကလည်း ကျန်းမာရေးကောင်းပြီး အသားအရေ စိုပြည်လာတယ်။ လုံးတီးထမင်းတန်ခိုးပေါ့ ဆရာရယ်။ တစ်ခါတလေ ဆန်ဖြူထမင်းစား ရရင်တောင် ဗိုက်ထဲ လျှောခနဲ ဝင်သွားပေမယ့် အစာမကြေဖြစ်ရတာ တယ်။

လုံးတီးထမင်းကတော့ ကျန်းမာရေးအတွက် အကောင်းဆုံးပါပဲ ဆရာရယ်။ အဲ ... အေးရင်တော့ ဆန်ကြမ်းပီပီ သတ္တိပြတယ်။ မာတယ်။ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ကတော့ အကောင်းဆုံး အာဟာရပါ ပဲ။ အစားအသောက်ဆင်းရဲတဲ့ ထောင်သားအတွက် ဗီတာမင်ကြွယ်ဝ တဲ့ ဓာတ်စာဆေးဝါးတစ်မျိုးပါပဲ ဆရာရယ်"

ဟုတ်လောက်ပါသည်။ ကျွန်တော် လုံးတီးထမင်းနှင့် ကုလား ပဲပြုတ်ဆီဆမ်းကို တစ်ပတ်တစ်ကြိမ်လောက်စားဖြစ်တော့ အမောလုံ လာသည်။ ရေမှန်မှန် ဝချိုးရှိလာမသိ။ တောင့်တင်းသန်မာပြီး ဝဖြိုး





လာသည်။ ယခင်က ပိန်ပိန်သွယ်သွယ် ကျွန်ုပ်မှာ ခြောက်လခန့်အတွင်း နေ့ခန့်ထည်ထည် ဖြစ်လာသည်။ ထို့ကြောင့် ဖြစ်ပါလိမ့်မည်။

ကျွန်ုပ် စခန်းများထွက်ရတော့လည်း ဘာရောဂါမှမဖြစ်။ ဟင်း ကောင်းဖို့ပဲ လိုပါသည်။ ဆန်ထမင်းကို မရွေးတော့ပါ။ ထောင်အရာရှိ များကို စည်းရုံးရေးဆင်းတော့ ပထမ အင်တင်တင်၊ နောက်တော့ ကျွန်တော့်အား အားကျပြီး လိုက်စားကြတော့ ကောင်းမှန်းသိသွားကြ သည်။

အထူးဆောင်မှ ထောင်မှူးဦးတင်မောင်ဆိုလျှင် လိပ်ခေါင်း ကျွဲယိုရောဂါဖြစ်နေရာ အင်္ဂလိပ်ဆေး၊ မြန်မာဆေးစုံပြီး သက်သာရုံ သာ။ မပျောက်။ ထောင်ပိုင်ကြီးတစ်ယောက်နည်းပေးသော ငါးရှဉ့်နှင့် ခံချက်ဟင်း၊ ဝက်သားနှင့် ဗေဒါရွက်ဟင်း စသဖြင့် ဆေးမြီးတိုလည်း စားပြီး မပျောက်။

ထို့ကြောင့် ကျွန်ုပ်က ၎င်းဟင်းများအပြင် လုံးတီးထမင်း နွေးနွေးနှင့် တစ်ပတ်ခန့်ဖွဲ့စားရန် အကြံပေးရာ ပျောက်ကင်းချမ်းသာ များသဖြင့် ကျွန်ုပ်အား လွန်စွာကျေးဇူးတင်နေရှာသည်။ လုံးတီးထမင်း နွေးနွေးမှာ အစာကြေလွယ်၍ အင်အားကိုဖြစ်စေပြီး လူများအတွက် အပ်သော ဆေးဝါးဓာတ်စာတစ်မျိုးဖြစ်ကြောင်း၊ ကျွန်ုပ် လက်တွေ့ပင် ဖြစ်ပါသည်။

ကျွန်ုပ် လုံးတီးထမင်းအား ဤကဲ့သို့ ဦးကာချ၍ ညွှန်းနေရ သည်မှာလည်း အကြောင်းရှိ၍ဖြစ်သည်။ လုံးတီးထမင်းကောင်းမှုကြောင့် ကျေးသိမ်မွေ့သွားသော ထောင်မှူးကြီး (အသစ်) အကြောင်းကို ပြလို၍ဖြစ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၄ |

❑

တစ်နေ့တွင် တပ်မှာ အရာခံဗိုလ်အဆင့်ဖြင့် ပြောင်းလာပြီး အကျဉ်းဌာနတွင် ထောင်မှူးကြီးအသစ်ဖြစ်လာသော လူတစ်ယောက် အကြောင်းဖြစ်သည်။ လူက ဖြူနွဲ့နွဲ့၊ အပွင့်များတင်ထားသော ထောင်မှူးကြီး ယူနီဖောင်းဖြင့်တော့ ခန့်ညားပြီး လိုက်ဖက်သည်။ သို့သော် ထိုသူက လွန်စွာမောက်မာပြီး ဆက်ဆံရေး မပြေပြစ်ပါ။

ကျွန်တော်တို့ကတော့ ကိုယ်ထင်ရာထူးကြီးသဖြင့် အလိုက် အထိုက် ဆက်ဆံပါသည်။ ထိုသူအား အလုပ်ဝင်စဖြစ်၍ လုံခြုံရေး တာဝန်ခံအဖြစ် ထောင်ရှေ့ဂိတ်ခန်းတွင် နေရာပေးထားသည်။ သူ လည်း တပ်ပုံစံဖြင့် ထောင်ဝန်ထမ်းများအား တင်းကြပ်စွာ စ၍ကိုင်တော့ သည်။

အကျဉ်းဌာဝန်ထမ်းဆိုသည်မှာ ယူနီဖောင်းဝတ်ပင်ဖြစ်သော် လည်း စစ်ရေးပြလေ့ကျင့်ခန်းကို အမြဲတမ်း လေ့ကျင့်နေရသူများ မဟုတ်





ဝန်စ်တကျ သင်တန်းဆင်းဆိုသည်မှာလည်း တပ်ကြပ်နှင့်အထက် အရာ ရှိငယ်များ အဆင့်သာရှိသည်။ အရာရှိကြီးများပင် စစ်သင်တန်းမတက် ဖူးသူက များသည်။

ထို့ကြောင့် ဝန်ထမ်းများအား ထိုထောင်မှူးကြီးက ထောင်ပိုင် ကြီးရုံးသို့ မကြာခဏရုံးတင်ရာ ထောင်ပိုင်ကြီးပင် စိတ်ညစ်နေရှာသည်။ သို့သော် ထိုထောင်မှူးကြီးက မလျှော့။ ဝန်ထမ်းများကလည်း မကျေ မနပ် ဖြစ်နေကြသည်။

ထိုထောင်မှူးကြီးအသစ်ကလည်း ထောင်တွင်း၊ ထောင်ပြင်၊ ဘူးမျှော်စင်များနှင့် ဗဟိုကင်းကို တစ်နေ့သုံးလေးကြိမ် ပတ်သည်။ သူ စစ်ဆေး၍ မကျေနပ်သည်နှင့် ချက်ချင်း ထောင်ပိုင်ရုံးတင်သည်။ ထောင် ပိုင်ကြီး အလုပ်အားသည် မအားသည် သူဂရုမစိုက်။ လုံခြုံရေး တာဝန် ပေးထားတော့ သူ့လုပ်ပိုင်ခွင့် အပြည့်ကိုး။ တစ်နေ့တော့ ဝန်ထမ်း တစ်စုနှင့် ပြဿနာတက်တော့သည်။

ထောင်မှူးကြီးအသစ် ထောင်တွင်းဝန်ထမ်းများ တာဝန်ကျရာ နေရာအသီးသီးသို့ လှည့်လည်စစ်ဆေးပြီး ကျွန်ုပ်တို့ ထောင်မှူးများ ထိုင်နေကြသော Main Jail သို့ ရောက်လာသည်။ အလေးပြု အလွန်ခံ ချင်တတ်သော ပုဂ္ဂိုလ်ဖြစ်သဖြင့် ကျွန်ုပ်ကပင် Main Jail ရှေ့သို့ထွက် ပြီး ...

'အလေးပြု' ဟု အော်သဖြင့် ဝန်ထမ်းများ၊ ထောင်မှူးများက သတိဆွဲ၍ အလေးပြုကြသည်။ သူကလည်း အလေးပြန်ပြုပြီး Main Jail တွင် ဝင်ထိုင်သည်။ ကျွန်တော်က အလိုက်တသိ ရေနွေးကြမ်းချ ပေးသည်။

"ဦးသိန်းဝင်းရေ ... ဝန်ထမ်းတွေက စည်းကမ်းအရမ်းပျက် သယ်များ။ တာဝန်ကို မလေးစားကြဘူး။ တပ်ပုံစံနဲ့ ကိုင်လှုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကွာတားကျကုန်တော့မှာပဲ။ ထောင်ပိုင်ကြီးကလည်း အလွှ
ပျော့သဗျာ။ ကျွန်တော်ကတော့ အလွန်စိတ်ညစ်နေပြီ။ ဘယ်လိုလုပ်
မှန်းတောင် မသိတော့ဘူး''

''ဆရာ ... ကျွန်တော် အကြံပေးချင်တယ်။ ဆရာလည်း
ပင်ပန်းတာ သက်သာသွားအောင် နည်းနည်းလျှော့လိုက်ပါ။ ဝန်ထမ်
တွေက စစ်သင်တန်းတက်ဖူးသူက ရှားတော့ စစ်ပုံစံ နားမလည်
ဘူး။

ကျွန်တော်တို့ဆီမှာ တာဝန်မှူး၊ တာဝန်ကြပ်နဲ့ ဂိတ်ခန်း
တပ်ကြပ်တွေက နေ့ညမပြတ် စစ်ဆေးနေပါတယ်။ ထောင်ပိုင်ကြီးလည်
အနားမနေပါဘူး။ နေ့ည စစ်ဆေးနေပါတယ်။ မနက်တစ်ခါ ညနေတစ်
စစ်ဆေးရင် လုံလောက်ပါတယ်''

''အေးဗျာ ... ကျွန်တော်ကလည်း ပေးထားတဲ့တာဝန်ကို ေ
ပွန်ချင့်လို့ပါ။ လုံခြုံရေးဆိုတာ အလွန်အရေးကြီးပါတယ်။ အခုတော့
ကျွန်တော့်မှာ သွေးတိုး၊ နှလုံးရောဂါအခံရှိလျက် တစ်နေ့တစ်နေ့ လမ်
လျှောက်ရတာ မနည်းဘူး''

''အဲဒီရောဂါတွေအတွက်တော့ မပူနဲ့ ဆရာရေ ... ကျွ
တော့်မှာ ဆေးနည်းကောင်းရှိပါတယ်။ ဆရာ ... တစ်လလောက် စွဲစာ
ရုံနဲ့ ပျောက်ကင်းနိုင်ပါတယ်''

''လုပ်စမ်းပါဦး ... ဦးသိန်းဝင်းရယ်၊ ကျွန်တော့်မှာ နေ့ည
အင်္ဂလိပ်ဆေးတွေ စားနေရတာ သက်သာရုံပဲ၊ မပျောက်ဘူးဗျ''

''ကဲ ... ဆရာ၊ ခဏအမောဖြေရင်း စောင့်ပါ။ ကျွန်တော်
စီစဉ်ပေးပါ့မယ်။ စွဲစားရင် ပျောက်ကင်းဖို့ သေချာပါတယ်။ ကျွန်တော်
အတွေ့အကြုံအရ ပြောတာပါ''





ကျွန်တော် ဗိုကြီးအတွင်းဝင်၍ လုံးတီးထမင်း ပူပူလေးနှင့်
ကုလားပဲပြုတ်ကို ဆီဆမ်း၊ ဆားဖြူးပြီး ထမင်းသုတ်ပုံစံ စီစဉ်ပေး
လိုက်သည်။ ထောင်မှူးကြီးက ကျွန်တော့်အား မော့ကြည့်ပြီး ...

''ဦးသိန်းဝင်း ... ဒါ ဆေးလားဗျ''

''အစာလည်းဆေး၊ ဆေးလည်းအစာဆိုတာ ဆရာသိပါတယ်။
ဆရာ နေ့တိုင်း လာစားပါ။ ကျွန်တော် ဗိုခေါင်းကို မှာထားပါတယ်။
တစ်လပြည့်တာနဲ့ ဆရာ့ရောဂါမပျောက်ရင်တောင် သက်သာစေရမယ်။
ငွေကုန်ကြေးကျခံစရာလည်း မလိုဘူး။ စားရင်းနဲ့ သိသာလာပါလိမ့်
မယ်''

''အေးဗျာ ... ကျေးဇူးပါ။ ကျွန်တော် အားကိုးပါတယ်''

ထိုနေ့က ထောင်မှူးကြီး လုံးတီးထမင်းနှင့် ကုလားပဲပြုတ်စား
ပြီး ထောင်ပြင်ဂိတ်ကြီးဘက်သို့ ထွက်သွားသည်။ ကျွန်ုပ်ကလည်း
နှုတ်ဆက်သည့်အနေဖြင့် ...

''အလေးပြု''

ဟု အော်ဟစ်ပြီး ...

''သက်သာ''

ဟု ဝန်ထမ်းများအား အမိန့်ပေးလိုက်ပါသည်။ ပြဿနာက
ထောင်မှူးကြီး အရှေ့အဝင်ဗဟိုကင်းမျှော်စင်အရောက်တွင် ဝပါသည်။
ဗဟိုဂိတ်မကြီးပေါ်မှ ချင်းရဲဘော် ဆွန်ဇာလုန်း၏အသံဖြင့် ...

''လမ္ပွတ်''

အလေးပြုဟူသောအသံကို အမိန့်သံပါပါဖြင့် အော်ဟစ်သံ
ကြားပုံရသည်။

''ဖြောင်း ... ဖြောင်း ...''



www.burmeseclassic.com

www.burmeseclassic.com



သေနတ်မြောက် အလေးပြုသံဖြစ်သည်။

"ခွေးသား"

"သက်သာ"

ဟူသော အမိန့်ပေးသံကို ချင်းရဲဘော်က စကားမပီရှာပဲလား။ တမင်သက်သက်လားတော့မသိ ကြားလိုက်ရသည်။ ထောင်မှူးကြီးလည်း အော်ဟစ်ပြီး ဘူးတံခါးကြီးအတွင်းသို့ ဒေါမာန်ပါပါ ဝင်သွားတော့သည်။ ကျွန်တော်တို့လည်း ပြဿနာဖြစ်ပြီကို သိသည်နှင့် အရှေ့ဘူးတံခါးကြီးသို့ အပြေးချီတက်ခဲ့ကြပါတော့သည်။

ဘူးတံခါးကြီးအတွင်းရှိ ထောင်ပိုင်ကြီးရုံးခန်း၌ ထောင်မှူးကြီးက ထောင်ပိုင်ကြီးအား အော်ကျယ်ဟစ်ကျယ် တိုင်တန်းနေသည်။ မကြာပါ၊ ဂိတ်ခန်းတပ်ကြပ်ကြီး ဦးဆောင်ပြီး ချင်းရဲဘော်နှင့်အဖွဲ့အား ရုံးတင်ရန် ရုံးခန်းသို့ ခေါ်ဆောင်လာပါသည်။

ထောင်ပိုင်ကြီးက ...

"အခုန ဘယ်သူ့တာဝန်ချိန်လဲဟေ့"

"ကျွန်တော့်တာဝန်ချိန်ပါ ထောင်ပိုင်ကြီး"

"မနက်က ဘယ်သူတွေ တာဝန်ကျသလဲ"

"ကျွန်တော်၊ တပ်သားမြင့်ဆွေနဲ့ တင်ဝင်း၊ စံသိန်းတို့ တာဝန်ကျပါတယ် ထောင်ပိုင်ကြီး"

"ထောင်မှူးကြီး မနက်ကရော ပြဿနာဖြစ်သေးလား"

"မဖြစ်ပါဘူး ထောင်ပိုင်ကြီး၊ ပုံမှန်အတိုင်းပါပဲ"

အကျိုးအကြောင်း သိနေသော ထောင်ပိုင်ကြီးက ဝင်ရောက် ဖြန်ဖြေပေးသည်ကတော့ ...





"ခွင့်လွှတ်လိုက်ပါ ... ထောင်မှူးကြီးရယ်၊ စိတ်မဆိုးပါနဲ့။ ချင်းရဲဘော် ဆွန်ဇာဝုန်းက ချင်းလူမျိုးဆိုတော့ မြန်မာသံမပီသလို့ပါ။ အမိန့်သံပါပါ အော်ဟစ်ရတော့ နားကြားလွဲတာလည်း ဖြစ်နိုင်ပါတယ်။ အခုတောင် ကြည့်ပါလား။ ကျွန်တော့်ကို 'ထောင်ပိုင်ကြီး' လို့ ပီပီသသ ခေါ်နိုင်ဘဲ 'တောင်ပိုင်ကြီး' တဲ့လေ"

ထိုစဉ် ချင်းရဲဘော် ဆွန်ဇာဝုန်းက ...

"ဝုတ်ပါတယ် တောင်မှူးကြီး၊ ကျွန်တော် ချင်းလူမျိုး မြန်မာ စကားမပီလို့ပါ၊ ခွေးရိုးပါနော်၊ ထောင်မှူးကြီး ဆိတ်မရိုးပါနဲ့"

"ဟော့ ... ဆဲပြန်ပြီ၊ ထောင်ပိုင်ကြီး"

"ခွင့်လွှတ်ပါ၊ စိတ်မဆိုးပါနဲ့လို့ ပြောတာပါဗျာ။ ခင်ဗျားကလည်း ထအန ကောက်နေပြန်ပါပြီ။ ကဲ ... ဆွန်ဇာဝုန်းတို့အဖွဲ့ ဂိတ်ကြီး ပေါ်ပြန်ကြ။ နောင် ဒီလိုမဖြစ်စေနဲ့။ ဒီက ထောင်မှူးကြီးလာရင် ချင်းရဲဘော် မအော်နဲ့တော့။ တခြားတစ်ယောက်က အော်။ ကြားကြရဲ့လား"

"ဝုတ် ... ထောင်ပိုင်ကြီး။ ကျေးဇူးတင်ပါတယ်"

ဆွန်ဇာဝုန်းတို့ ကင်းအဖွဲ့ ဂိတ်ကြီးပေါ်သို့ ပြန်တက်သွားမှ ထောင်မှူးကြီးလည်း အပြင်ထွက်သွားသည်။ ထောင်ပိုင်ကြီးကတော့ ပြုံးပြုံးဖြင့် ကျန်ခဲ့သည်။

နောက်နေ့များတွင် ထောင်မှူးကြီး ထောင်တွင်းသို့ အဝင် အထွက်လုပ်သော်လည်း ဂိတ်မကြီးပေါ်မှ အော်ဟစ်အလေးပြုသံ၊ ခြေ ဆောင့်ရိုက်သံ တဖြောင်းဖြောင်းကို မကြားရတော့။ ဂိတ်ခန်းတာဝန်ကျ တပ်ကြပ်ကြီးကို မေးကြည့်တော့မှ ထောင်မှူးကြီးက သူ့အား ဂိတ်မကြီးပေါ်မှ အလေးပြုရန် မလိုတော့ဟု ပိတ်ပင်ထားသဖြင့် ဖြစ်ကြောင်း သိရတော့သည်။ တစ်ခါ ဂိတ်မကြီးပေါ်သို့ ကျွန်ုပ် ကင်းစစ်အရောက်တွင်



www.burmeseclassic.com


www.burmeseclassic.com



တပ်သားဆွန်ဇာဝုန်းအား မေးကြည့်ရာ တစ်နေ့ လေးငါးကြိမ် ထော
မှူးကြီးအား သေနတ်ရိုက် အလေးပြုရသဖြင့် လက်များပင်နာနေသေ
ကြောင့် တမင်အမြင်ကပ်၍ ဆဲမိကြောင်း၊ အလုပ်ပြုတ်လျှင် ပြုတ်ပါ
စေဟု စွန့်စွန့်စားစားလုပ်ခဲ့ကြောင်း၊ ထောင်ပိုင်ကြီးက သဘောပေါက်၍
သက်သာရရကြောင်း၊ သေနတ်ရိုက် အလေးပြုရသည်မှာ ထောင်ပိုင်ကြီ
မှစ၍ အထက်အဆင့်ကို အလေးပြုရမည်ဟု သိရှိထားကြောင်း၊ ယခု
တော့ ထောင်ပိုင်ကြီးက သေနတ်မြှောက် အလေးပြုခြင်းကို တားမြ
ထားပြီး ထောင်မှူးကြီးကျခါမှ လုပ်ရိုင်း၍ အမြင်ကပ်ပြီး ဆဲဆိုမိကြောင်
ဝန်ခံပါသည်။

နောက်တစ်ပတ်တွင် ထောင်မှူးကြီးနှင့် ကျွန်တော်တွေ့ဆုံ
လုံးတီးထမင်းစား၍ သူ၏သွေးတိုးနှင့် နှလုံးရောဂါ သက်သာသွာ
ကြောင်းနှင့် အကျဉ်းဌာန (ရုံးချုပ်) သို့ သူပြောင်းရွှေ့တာဝန်ထမ်
ဆောင်ရန် အမိန့်စာထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါလာ
ပါတော့သည်။ ရောဂါသက်သာသွားသဖြင့် မာန်လည်း ချသွားဟန်တူပါ
သည်။ အကျဉ်းဌာနရုံးချုပ်တွင် သူ့ထက် ရာထူးကြီးသူများက အများ
ဖြစ်သဖြင့် ထောင်မှာလို ဗိုလ်ကျရမည်လည်း မဟုတ်တော့ပါ။ လုံးတီး
ထမင်းဟူသည် ကိုယ်တွင်းရောဂါအမျိုးမျိုးကို ပျောက်ကင်းချမ်းသာ
စေနိုင်ရုံသာမက စိတ်ဓာတ်ကိုပါ ပျော့ပျောင်းနူးညံ့စေသည်ဟု ကျွန်ုပ်က
ဆိုပါလျှင် လွန်အံ့မထင်ပါ။

ထောင်မှူးကြီးသိန်းဝင်း



| ၁ |

❑

ယခင်ဘဝဟောင်းက ပဋ္ဌာန်းဆက်အိပ်မက်ကို ရှည်လျားစွာ မက်ပြီးနောက် ကျွန်ုပ်သည် အတိတ်ဘဝက ကောင်းမှုလုံဘုရားသူကြီး ဦးတိုက်မောင်းအဖြစ် အသက်မခံရမီ အဖြစ်အပျက်များကို ပြန်လည်သတိရလာခဲ့သည်။

ထို့ကြောင့် ကောင်းမှုလုံရွာမှ ရပ်ရွာလူကြီးများကို ခေါ်ဆောင်ပြီး မလိခမြစ်တစ်ဖက်ကမ်း ကချင်တောင်တန်းကြီးခြေရင်း မဟော်ဂနီပင်ကြီးအောက်ခြေ၌ ယခင်ဘဝဟောင်းက မြှုပ်နှံထားခဲ့သော ကောင်းမှုလုံရပ်ပွားဆင်းတု နဖူးသင်းကျစ်တော်တွင် မြှုပ်နှံမှုဖော်ထားခဲ့ဖူးသော ပတ္တမြားကြီးအား ဖော်ယူ၍ ကောင်းမှုလုံဘုရားကြီး ဂေါပကအဖွဲ့နှင့် ရပ်ရွာလူကြီးများအား ပြန်လည်အပ်နှံခဲ့ပြီး ပတ္တမြားကြီးအား မြှုပ်နှံခဲ့ရာတွင် အပေါ်မှမှတ်အသားအဖြစ် ဖုံးဖိခဲ့သော ကျောက်တုံးကြီးမှာလည်း အရည်ကောင်းသော ကျောက်စိမ်းတုံးကြီး ဖြစ်နေပြန်သည်။





ထို့ကြောင့် တစ်လက်စတည်း ကောင်းမှုလုံဘုရားကြီး လုံးတော်ပြည့် ရွှေသက်န်းကပ်ရန် ယတိပြတ်လှူဒါန်းခဲ့ပါသည်။ ကောင်းမှုလုံရွာသူရွာသားများကလည်း ဘုရားလူကြီးဖြစ်သော ကျွန်ုပ်သည် လူဆိုးများနှင့် ပေါင်း၍ ကြံသည်ဟူသော မသင်္ကာစိတ် မကျန်ရစ်စေရန်အတွက် အတိတ်ဘဝက ကြွေးဟောင်းကြီးကို အံ့ဩဖွယ်ရာ အတိတ်ဘဝက ပဋ္ဌာန်းဆက်အိပ်မက်ဖြင့် ပြန်လည်သတိရပြီး အကြွေဆပ်နိုင်သဖြင့် အားလုံးက အံ့ဩဝမ်းသာနေကြပါသည်။

ထို့ကြောင့် ကျွန်ုပ်အား ယခုဘဝအမည် ထောင်မှူးကြီးဦးသိန်းဝင်းဟု မခေါ်ကြ။ ယခင်ဘဝဟောင်းက အမည်၊ ဘုရားလူကြီးဦးတိုက်မောင်းဟု ခေါ်နေကြသည်။ ဦးသိန်းဝင်းအမည်မှာ ရှာနှင့်စိမ်းသည်၊ ဦးတိုက်မောင်းအမည်ကသာ ရှာနှင့်ယဉ်ပါးပြီး ကျွမ်းဝင်လက်ခံကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့အဖွဲ့အား မနက်၊ နေ့လယ်၊ ညထမင်းစားဖိတ်ကြသည်မှာ ကောင်းမှုလုံတစ်ရွာလုံး ဖြစ်တော့သည်။ ထို့ကြောင့် သင် ကောင်းမှုလုံရွာသူကြီး ဦးလနန်ဘောက်က မှူတအောင် ခွဲတန်းချပေးနေရတော့သည်။

ကျွန်ုပ်တို့အဖွဲ့မှာလည်း ပူတာအိုမြို့သို့ တာဝန်ဖြင့်လာရင်း အိပ်မက်အရ ကောင်းမှုလုံဘုရားကြီးသို့ လာရောက်ဖူးမြော်ခြင်းသာ ဖြစ်သဖြင့် အချိန်ကလည်းမရပါ။ ထို့ကြောင့် ပြန်ရန်ပြင်တိုင်း ရပ်ရွာက ဝိုင်းဆွဲထားကြ၍ ကျွန်ုပ်တို့အဖွဲ့ ကောင်းမှုလုံရွာကြီးတွင် သောင်တင်နေတော့သည်။ ထို့ကြောင့် အပြန်ခရီးတွင် ပူတာအိုမြို့သို့ အမြန်ပြန်ရောက်စေနိုင်မည့် လမ်းခရီးအကြောင်းကို ကောင်းမှုလုံရွာလူကြီးများနှင့် ညှိနှိုင်းတိုင်ပင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



''သူကြီးခင်ဗျား . . . ကျွန်တော်တို့မှာ အချိန်သိပ်မရှိတော့ဘူး။ ကျွန်တော့်ဒ္ဒာနက လူကြီးတွေလည်း စိတ်ပူနေကြရော့မယ်။ အလာတုန်းကတော့ မူလာရှိဒီကြိုးတံတားကိုကျော်၊ မူလာရှိဒီရွာက လယ်ထွန်စက်ငှားပြီး မလိခတစ်ဖက်ကမ်းနှောင်ခိုင်ရွာကတစ်ဆင့် မလိခမြစ်ကိုကူးပြီး ကုန်းကြောင်းခရီးနဲ့လာတာ၊ နန်းခမ်းကြီးရွာမှာ ညအိပ်ရတယ်။

အဲဒီရွာကြီးကတစ်ဆင့် လမ်းလျှောက်ပြီး နမ့်ခမ်းကြီးရေတံခွန်ဆည်ကြီးကို ပင်ပင်ပန်းပန်းဖြတ်မှ ကောင်းမှုလုံရွာကြီးကို ရောက်တယ်။ အခု ကျွန်တော်တို့မှာ အချိန်သိပ်မရှိတော့လို့ ဒီကောင်းမှုလုံရွာကြီးကနေ မလိခမြစ်အတိုင်း စုံဆင်းရင် ဘယ်ကိုရောက်နိုင်ပါသလဲ။ သူကြီးဦးလနန်ဘောက်ခင်ဗျား''

''အင်း . . . ဆရာလေးတို့ အလာတုန်းက ခရီးလမ်းပန်းအဆင်ပြေတာတောင် ပူတာအိုကနေ ကောင်းမှုလုံရွာကြီးကို နှစ်ညအိပ်ခရီးလောက် ကြာတာပဲ။ လမ်းခရီးအဆင်မပြေရင်တော့ နှစ်ညအိပ်သုံးရက်လောက် ကြာတတ်တယ်။ ဆရာလေးပြောသလို မလိခမြစ်အတိုင်း လှေနဲ့စုန်ဆင်းရင်တော့ ရေစုန်ခရီးဖြစ်လို့ မြန်တာပေါ့။

ဒါပေမဲ့ အန္တရာယ်အလွန် များတယ်၊ ပင်ပန်းမယ်။ မနက်စောစော ဒီရွာကထွက်ရင် မချမ်းဘောမြို့ကို နေ့လယ်ရောက်မယ်။ မလိခတစ်ဖက်ကမ်းက နှောင်ခိုင်ရွာမှာ ထွန်စက်နဲ့ ကြုံရင်တော့ ညနေပိုင်းမှာပူတာအိုကို ပြန်ရောက်လိမ့်မယ်။ မကြုံရင်တော့ ငွဘားညော့ရိပ်သာမှာ တည်းခိုရင်း ထွန်စက်ကြီးကို စောင့်ရမှာပေါ့''

''သူကြီး . . . ကျွန်တော်နဲ့ ထောင်မှူးသံဒိုင်ကတော့ ရန်ကုန်သားတွေဖြစ်လို့ လှေမလှော်တတ်ဘူး။ မြစ်ကြောင်းလည်း မကျွမ်းကျင်ဘူး။ အိုက်ပုကတော့ ဒီနယ်သားဖြစ်လို့ ကျွမ်းကျင်ကောင်း ကျွမ်းကျင်





နိုင်ပေမယ့် သူတစ်ယောက်တည်းလည်း ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် ရေကြောင်းခရီးကလည်း ဖြစ်မှာမဟုတ်ဘူး။ တခြားကုန်းကြောင်း ဖြတ်လမ်း မရှိတော့ဘူးလား . . . သူကြီး''

''မရှိဘူး . . . ဆရာလေး။ နောက်ဆုံးဖြစ်နိုင်တာက လားငှားရင်လည်း ဝန်တင်လို့ပဲရမယ်၊ လူစီးလို့ရမှာမဟုတ်ဘူး။ လမ်းလျှောက်ရမှာဆိုတော့ ခရီးက ဖင့်မှာပဲ''

''အဲဒီတော့ ဒီလိုလုပ်ကြရအောင်ပါ။ ဆရာလေး . . . လုံခွင်းလှေ တစ်စင်းဝယ်ရမယ်။ ကျွန်တော်တို့ ကျွမ်းကျင်တဲ့သူတွေကိုယ်တိုင် လိုက်ပို့မယ်။ ကျွန်တော်တို့ လူကြီးအဖွဲ့ကလည်း ဆရာလေးလှူထားတဲ့ ကျောက်စိမ်းတုံးကြီးကို ဈေးကောင်းကောင်းရအောင် ပူတာအိုမြို့အထိ တက်ရောင်းချင်တယ်။ အပြန်ကျတော့လည်း ကောင်းမှုလုံရွာကြီး လုံးတော်ပြည့်ရွှေသက်နန်းကပ်ဖို့လည်း ပစ္စည်းတွေ ဝယ်ရဦးမယ်လေ''

''လှေက ဝယ်ရင် ဘယ်လောက်ပေးရမလဲ၊ ငှားလို့မရဘူးလား . . . သူကြီးရယ်။ ကျွန်တော့်မှာ လှေတစ်စင်းဝယ်နိုင်လောက်အောင် ငွေကြေး မလုံလောက်တော့ဘူးခင်ဗျ''

''ဆရာကလေးကလည်း အဲဒီကိစ္စ ကျွန်တော်တို့တာဝန်ထားလိုက်ပါ။ လှေဝယ်ရတဲ့အကြောင်းရင်းကလည်း ငှားမရနိုင်လို့ပဲ။ မလိခမြစ်ရေစီးက တောင်ပေါ်က ကျလာတဲ့အရှိန်ကြောင့် တအားသန်တာ။ ရှာက နိုင်ငံခြားမှာလို စက်တပ်လှေမရှိဘူး။ စက်တပ်လှေရှိရင်တောင် သွားနိုင်မယ်မထင်ပါဘူး။

တချို့နေရာက အလွန်တိမ်ပြီး မြစ်ကြောင်း၊ ကျဉ်းတယ်၊ ထိုးအကူနဲ့ သွားရတာ။ လူကလည်း ဆင်းပြီး လှေကိုဆွဲရတဲ့နေရာက



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသေးတယ်။ မြစ်ကြောင်းခရီးက အလွန်ကြမ်းတာ၊ ကျွမ်းကျင်ရင်တော့ အလွန်မြန်တဲ့ ခရီးပေါ့။ အပြန်ကျတော့ ရေဆန်၊ တောင်တက်ခရီး။ ဘယ်လိုမှ ဆန်တက်လို့မရနိုင်ဘူး။

ဒါကြောင့် ဝယ်သွားပြီး အသုံးပြုခဲ့တဲ့လှေကို မချမ်းသာပြီး ရောက်တာနဲ့ ရတဲ့ဈေးနဲ့ ရောင်းပစ်ခဲ့ရမှာ။ ကျွန်တော်တို့ ရွာအပြန်ခရီးကတော့ ဆရာလေးတို့ လာခဲ့တဲ့လမ်းအတိုင်း ကုန်းကြောင်းခရီးပဲပေါ့။ ဘုရားပစ္စည်းတွေ ပါလာမှာမို့ ဝန်တင်လားတော့ငှားရမှာပဲ"

"ဒါဆို သူကြီးတို့က ဘယ်နှစ်ယောက်လိုက်ကြမှာလဲ"

"ကျွန်တော်ရယ်၊ ဘုရားလှူကြီး ဦးအောင်ရမ်ရယ်၊ ကိုယ်ထံ ပညာတတ်တဲ့ ကာလသားခေါင်း ဖုန်ဆန်းရယ် (၃)ယောက် လိုက်မယ်။ လုံးတွင်းလှေကြီးကြီးတော့ ဝယ်ရမှာပေါ့။ ဆရာ့တပည့်အိုက်ပုက မြစ်တက်အလုပ်လုပ်နေတော့ ရေနဲ့စိမ်းနေပြီ။ သူ့အားကိုးလို့ ရတော့မှာ မဟုတ်ဘူး။ ဆရာတို့က (၃)ယောက်။ ကျွန်တော်တို့က (၃)ယောက်ဆိုတော့ အားလုံးပေါင်း (၆)ယောက် အတော်ပါပဲ"

✿ ✿ ✿

| ၂ |

❑

ထိုနေ့ညနေက သူကြီးဦးလနန်ဘောက်တို့ လှေဝယ်ကြသည်။ ကျပ် (၅၀၀၀)ခန့် ပေးရသည်ဟု ဆိုသည်။ ထိုခေတ်ကာလက လှေဖိုးမှာ ကျွန်ုပ်တို့၏ တစ်လရသည့်လစာထက် ပိုပါလိမ့်မည်။ လှေမှာ လုံးတွင်းလှေဖြစ်သည်၊ သစ်ပွသားလည်း မဟုတ်၊ သစ်မာသားလည်းမဟုတ်၊ ကျွန်းသားကဲ့သို့ပင် ပေါ့သည်။ နောက်မှသိရသည်မှာ ရေပေါ်သောလောက်ယားသားဟု သိရပါသည်။

လုံးတွင်းလှေလုပ်ရန် အထူးကောင်းမွန်သော သစ်သားမျိုးဖြစ်သည်။ ဝမ်းပတ်ကြီးသည် အလျားရှည်သည်။ သစ်လုံးအရွယ်အစားမှာ စောင်းခြင်း၊ လိမ်ခြင်းမရှိ။ ဖြောင့်တန်းညီညာသည်။ လှေဝယ်ရာတွင် ရောင်းသူက လှော်တက် (၂)ချောင်းနှင့် ထိုးဝါး (၂)ချောင်းကိုပါ လက်ဆောင်ပေးလိုက်ပါသေးသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် (၆)နာရီခန့်တွင် ကျွန်ုပ်တို့အဖွဲ့ လှေပေါ်သို့ ဆင်းကြသည်။ တစ်ရွာလုံးက ကမ်းပါးညွှတ်မျှ နှုတ်ဆက်ပို့ဆောင်ကြသည်။ လှေဦးတွင် အားကောင်းမောင်းသန် ကာလသားခေါင်းကို ဖုန်ဆန်း၊ လှေပဲ့ကိုင်က ရွာသူကြီး ဦးလနန်ဘောက်ကိုယ်တိုင်၊ ထိုးဝါးသမားက အလယ်တိုင်ဘုရားလူကြီး ဦးအောင်ရမ်နှင့် အိုက်ပုတို့ဖြစ်ကြသည်။ ကျွန်ုပ်နှင့် ထောင်မှူးသံဒိုင်တို့က ဘာမျှမလုပ်တတ်၊ ခရီးသည်သက်သက်မျှသာ။ သို့သော် ကျွန်ုပ်တို့နှစ်ဦးက ထောင်မှူးသင်တန်းဆင်းများဖြစ်ကြ၍ ကိုယ်လုံးပညာ အနည်းအကျဉ်းနှင့် ရေကူးတော့တတ်ပါသည်။

လှေမှာ လုံးတွင်းလှေဖြစ်၍ ခပ်လုံးလုံးဖြစ်သည်။ လှေအဆင်းမြင်းအတတ်ဟုဆိုသော်လည်း ကျွန်ုပ်တို့အတွက်မှာမူ ရေနှင့်ဝေးခဲ့သဖြင့် လှေအတက်၌ပင် လှုပ်ယမ်းနေပြီး မလိခမြစ်အတွင်း ပြုတ်မကျစေရန် တော်တော်ထိန်းရပါသည်။ လုံးတွင်းလှေမှာ အောက်ပြည်အောက်ရွာလို ခတ်လှေမဟုတ်၊ ထောင့်မကျ၊ မပြား။ ထို့ကြောင့် အတော်လူးသည်။

"ငြိမ်ငြိမ်ကလေးသာ ထိုင်နေ ... ဆရာလေး၊ မကြောက်နဲ့။ လုံးတွင်းလှေဖြစ်လို့ လူးပေမယ့် လှေမမှောက်နိုင်ဘူး။ နောက်ပြီး ကျွန်တော်တို့က အလေ့အကျင့်ရပြီး ကျွမ်းကျင်တဲ့သူတွေပါ"

"ဟုတ်ကဲ့ ... သူကြီး။ ကျွန်တော်တို့လည်း ရေကူးတတ်ပါတယ်။ စိတ်မပူပါနဲ့"

သတိပေးသူက သတိပေးပါ၏။ မလှုပ်နဲ့ဆို၍သာ ငြိမ်နေရသည်။ လှေက အလိုလိုလှုပ်ယမ်းနေသည်။ ရေစီးသန်ပြီး မြန်နေ၍ လှေလှုပ်နေသည်ဟု ထင်မိသည်။ ရွာထိပ်ကမ်းပါးပေါ်မှ ကောင်းမှုလုံ့ရွာ





သူရွာသားများကတော့ ကျွန်ုပ်တို့အား လက်ပြနှုတ်ဆက်၍ ကျန်နေခဲ့ပါသည်။

နံနက်ခင်းဖြစ်၍ မြစ်ပြင်ပေါ်၌ ရေခိုးရေငွေ့က ပျံ့လွင့်နေသည်။ ထို့ကြောင့် ခရီးအတော်ဝေးဝေးကို မမြင်နိုင်။ မလိခမြစ်ရေပြင်ကျယ်ကြီးပေါ်တွင် လေပြည်လေညင်းက တသုန်သုန် တိုက်ခိုက်လျက်ရှိသည်။ သာယာအေးချမ်းလှသော မြစ်ရေပြင်ပေါ်တွင် လုံးတွင်းလှေကြီးသည် ငမိုးရိပ်မိကျောင်းကြီး ရေကူးသကဲ့သို့ တရှဲရှဲအော်မြည်၍ ရေကိုခွဲပြီး ရေစုန်တွင် လျင်မြန်စွာ ပြေးလွှားနေသည်။

ကျွန်ုပ်ပတ်ဝန်းကျင် တောရိပ်တောင်ရိပ်နှင့် မြစ်ပြင်ကျယ်ကြီးကိုကြည့်ရှုရင်း တောင်ပေါ်မြစ်ချောင်းများတွင် အဘယ့်ကြောင့် လုံးတွင်းလှေများကို အသုံးပြုရကြောင်း စဉ်းစားနေမိသည်။ မြေပြန့်မှ လှေများကဲ့သို့ ဝမ်းကျယ်၊ စပ်ပြားလှေဆိုလျှင် ယခုအသုံးပြုနေသည့် လုံးတွင်းလှေထက် တည်ငြိမ်လိမ့်မည်ဟု စဉ်းစားရင်း တွေးတောနေမိသည်။

"ဆရာလေး ... ကျွန်တော်တို့ မလိခမြစ်က ရေစီးသန်တယ်၊ မြန်တယ်။ တချို့နေရာတွေမှာ ဝါးတစ်ရိုက်လောက်နက်တယ်။ တချို့နေရာတွေကျတော့ တစ်ပေလောက်ပဲ နက်ပြန်တယ်။ ဒီဘက်အပိုင်းမှာ ရေပြင်ပြေပြစ်လို့ လှေငြိမ်သက်ပါတယ်။ အောက်ဘက်ရောက်ရင်တော့ ရေတိမ်ပြီး မြစ်ကျဉ်းတယ်။ အတက်အဆင်းကြမ်းတယ်။ သတိတော့ အတော်ထားကြရမယ်"

"ဟုတ်ကဲ့ပါ ... သူကြီး"

ကျွန်ုပ်တို့လှေသည် တငြိမ့်ငြိမ့်စုန်ဆင်းလာခဲ့ရာ ငှားဖားခါးရွာကို ဖြတ်ကျော်ပြီး နောက်တွင်ကျန်ရစ်ခဲ့သော မလိခမြစ်ကမ်းပါးဆောင်းကုန်းတော်ပေါ်မှ ကောင်းမှုလုံ့ဘုရားကြီးကိုပင် မမြင်ရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခရီးက မြစ်၏အနိမ့်ပိုင်းသို့ တရွေ့ရွေ့ဆင်းလာပြီဖြစ်သည်။ သို့သော် လေသင့်၍ ထင်ပါသည်။ ကောင်းမှုလုံဘုရားကြီး၏ ထီးတော်မှ ဆည်းလည်းသံကလေးများကိုတော့ တချွင်ချွင် ကြားနေရပါသည်။ ကျွန်ုပ်စိတ်မှန်းဖြင့် ကောင်းမှုလုံစေတီတည်ရှိရာသို့ ရှိခိုးကော်ရော် ဖူးမြော်နေမိပါသည်။

ကျယ်ပြန့်လှသော မလိခမြစ်ရေပြင်ကြီးတွင် ခရီးသွားနေရသည်ကို ကျွန်ုပ်ပီတိဖြစ်မိသည်။ မြစ်ကြောင်းခရီးသွားရသည်မှာ လေကြောင်းခရီး၊ ကုန်းလမ်းခရီးတို့ဖြင့် မတူပါ။ မြစ်ကြောင်းခရီးသည် ရေပြင်သာယာလျှင် သာယာသလို စိတ်ကို ချမ်းမြေ့စေပြီး ခန္ဓာကိုယ်ရွှင်လန်းအေးမြစေပါသည်။ မြစ်ရေပြင်တစ်ကြောနှင့် မိုးကောင်းကင်ဟာလာဟင်းလင်းကြီးတွင် ကြည်နူးဖွယ်ရာ အတွေ့အကြုံများကို မြင်တွေ့ခံစားရမည်ဖြစ်သည်။

ကျွန်ုပ်တို့ စုန်ဆင်းချိန်သည် မနက်စောစော မလိခမြစ်ရေကျချိန်ဖြစ်သည်။ ထို့ကြောင့် လေပြည်လေညင်းက တသွေးသွေးရှိလှသည်။ မလိခမြစ်၏ နှစ်ဖက်ကမ်းပါးယံကြီးများမှ မြင့်မားမတ်စောက်လွန်းလှသည်။ ကမ်းနှစ်ဖက်ရှိ ကျေးရွာများမှ ရေခပ်ဆင်းသူများဖြင့် ကျေးရွာရေချိုးဆိပ်များတွင် စည်ကားနေသည်။ ကလေး၊ လူကြီး ပျော်ပါးစွာ ရေခပ်နေကြသည်မှာ မလိခမြစ်ကမ်းခြေမှ အသက်ဝင်လှုပ်ရှားနေသော သဘာဝပန်းချီကားတစ်ချပ်ပင် ဖြစ်တော့သည်။

✿ ✿ ✿

| ၃ |

❑

ကျွန်ုပ်တို့လှေကို တဖြည်းဖြည်းစုန်ဆင်းလာရာ အလင်းရောင်သည်း တဖြည်းဖြည်း ပိုရလာသည်။ သို့သော် မြန်မာပြည်မြောက်ပိုင်းဒေါင်ပေါ်ဒေသဖြစ်၍ နေကိုတော့ မမြင်ရသေးပါ။ အအေးဓာတ်က အားစိမ့်ပြီး တစ်ခါတစ်ရံလေအဝေ့တွင် ရင်ထဲအထိစိမ့်ဝင်ပြီး အေးများတတ်သည်။ လှော်တက်ကိုင်နှင့် ထိုးဝါးကိုင် သူကြီးတို့အဖွဲ့တော့ ချွေးပြန်နေကြရှာပါသည်။

ဟိုအဝေးမြစ်ယံပေါ်တွင် ကြိုးကြာငှက်များ အုပ်စုလိုက် ညီညာစွာ ပျံသန်းနေကြသည်။ ထိုအခိုက်လှေဦးမှ ကာလသားခေါင်းကိုင်ဆန်းသည် ဒူးတစ်ဖက်ထောက်၍ ထိုင်ချလိုက်ပြီး ရေပြင်ကို ဂရုစိုက်ကြည့်နေသည်။ ရေကြောင်းရှာနေဟန် တူပါသည်။ ဘုရားလူကြီးမောင်ရမ်က ထိုးဝါးထောက်၍ ထိန်းပေးနေသည်။

သူကြီးဦးလနန်ဘောက်မှာလည်း လှော်တက်ဖြင့် ပဲ့ကိုင်၍ လှေကိုထိန်းပေးနေရာ ကျွမ်းကျင်သူများဖြစ်ကြ၍ အလွန် တက်ညီ



www.burmeseclassic.com

www.burmeseclassic.com



လက်ညီရှိကြပါသည်။ အပေးအယူလည်း မှန်ကြသည်။ ထို့ကြောင့် လှေမှာ ရေစုန်ခရီးဖြစ်သော်လည်း တန့်၍နေးသွားသည်။

"ဝေး ... ရှေ့မှာ ရေတံခွန်ရှိတယ်ဟေ့"

မြစ်ကမ်းပါးမှ လူကြီးတစ်ဦး၏ လှမ်းအော်သတိပေးလိုက်သံ သဲ့သဲ့ကို ကျွန်ုပ်တို့ ကြားလိုက်ရသည်။ ဦးလနန်ဘောက်တို့ (၃)ဦးများ သွားကြသည်။ ကိုဖုန်ဆင်းက ထိုးဝါးကို ကောက်ကိုင်၍ လှေဦးမှ မြစ်ပြင် ကို ဟိုထောက်သည်ထောက်ဖြင့် ရေစမ်းသည်။

"ရှေ့မှာရေတံခွန် ငြိမ်ငြိမ်နေကြ"

သူ့နှုတ်မှလည်း သတိပေးလာသည်။

ကျွန်ုပ်နှင့် ထောင်မှူးသံဒိုင်မှာ ရေတံခွန်ဆို၍ မလှုပ်ရဲတော့ တဝေါဝေါ တဝုန်းဝုန်းကျနေသည့် မြင့်မားလှစွာသော ရေတံခွန်ကြီး ကို ဖြတ်သန်းကြရတော့မည်ဟု ထင်နေမိကြသဖြင့် မျက်နှာငယ်ကလေး များဖြင့် ဂါထာ၊ မန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်နေမိတော့သည်။

သို့ရာတွင် ရေအောက်ကျောက်တုံးများကို မြစ်ရေတိုက်ပြီး 'ပလောက်ပလောက်'ဟူသော ရေသံနှင့် ဝုန်းဝုန်းဟူသော ခပ်အုပ်အုပ် အသံကိုသာ ကြားလိုက်ရသည်။ ထိုနေရာတွင် ထူးထူးခြားခြား ငြိမ် သက်နေသည်။ ရေတံခွန်ရှိရာနေရာသည် ကျွန်ုပ်တို့ လှေနှင့် တစ်ဖ တစ်စ နီးကပ်လာပြီဟူသော အသိက ဝင်လာသည်။ ထို့ကြောင့် သူကြီး က ...

"ငြိမ်ငြိမ်ထိုင် နေကြနော်၊ မလှုပ်နဲ့"

ဟု သတိပေးနေပါသည်။

"ဘယ်ဘက်ကိုထောက် ... ဘယ်ဘက်ကိုထောက်"

သူကြီးဦးလနန်ဘောက် သတိပေး၍ မဆုံးမီ ကျွန်ုပ်တို့၏ လုံး ထွင်းလှေကြီးသည် မြစ်ရေပြင်အောက်မှ ကျောက်တုံးများဖြင့် တိုက်မိ





ဟန်ရှိသည်။ 'ဒုတ် ... ဒုတ်' အသံမြည်ပြီး လှေကြီးမှာ ခါယမ်းသွား သည်။

ထိုးဝါးကျွမ်းကျင်သော ဘုရားလူကြီး ဦးအောင်ရမ်နှင့် ကာလ သားခေါင်း ကိုဖုန်ဆန်းတို့က လှေနံတစ်ဖက်စီတွင် ထိုးဝါးကိုယ်စီထောက် ၍ ကျွမ်းကျင်စွာ ထိန်းလိုက်ကြသည်။ လှေမှာ တည်ငြိမ်သွားသော်လည်း ရေနက်ပိုင်း ရောက်သွားဟန်ဖြင့် တစ်ရှိန်ထိုး စုန်ဆင်းတော့သည်။ ကျွန်ုပ်တို့မှာ ရင်တမမဖြင့် နှလုံးခုန်နှုန်းက မြန်လာသည်။ အေးချမ်း သော အာရုံခံစားမှုများ လွင့်ပြယ်ပြီး ချွေးများပြန်လာသည်။ တကယ် တမ်းတော့ မလိခမြစ်ရေစီးသည် ပရိယာယ်များလှသည်။

မြစ်ရေပြင်မှာ နက်ရှိုင်းမယောင်ဖြင့် တိမ်မြီး တိမ်မယောင်နှင့် နက်ရှိုင်းလှသည်။ ထို့ကြောင့် ကျွန်ုပ်တို့ သက်ပြင်းမောများကို မကြာ ခဏ လေးတွဲစွာ ချမိကြသည်။ လှေဝမ်းနှင့် ကျောက်ဆောင်၊ ကျောက် တုံးများ ရိုက်မိသော်လည်း လှေကွဲမသွားပါ။ အောက်ပြည်အောက်ရွာက ခတ်လှေသာဆိုပါလျှင် အစိပ်စိပ်အမွှာမွှာ ကွဲအက်ကြေမွသွားပေလိမ့် မည်။

လုံးထွင်းလှေဖြစ်၍သာ ကျောက်တုံးများနှင့် တိုက်မိသည့်ဒဏ် ကို တင်းခံနေနိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် တောင်ပေါ်မြစ်ချောင်းများ တွင် ခပ်လှေအစား လုံးထွင်းလှေကို အသုံးပြုခြင်းဖြစ်ကြောင်း ကျွန်ုပ် တို့ သဘောပေါက်ရသည်။

နောက်ပိုင်းတွင် ရှေ့မှာ ရေတံခွန်ရှိသည်ဟု သတိပေးသော် ငြားလည်း မည်သည့်နေရာတွင် ရေတံခွန်ရှိပြီး ကျွန်ုပ်တို့ မည်သို့ဖြတ် သန်းလာခဲ့ကြသည်ကိုပင် မသိတော့ပါ။ မြစ်ရေပြင်သည် ပြန်လည် ငြိမ်သက်သွားသည်။ တညင်ညင် တသွင်သွင် စီးဆင်းနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှေသည်လည်း တငြိမ့်ငြိမ့် ပြေးလွှားလျက်ရှိသည်။ တည်ငြိမ်သွားတော့လည်း မြစ်ရေနှင့် တောရိပ်၊ တောင်ရိပ်တို့ကြောင့် တစိမ့်စိမ့် အေးမြနေပြန်ပါသည်။

ထိုစဉ် လကျာ်ဘက်မြစ်ကမ်းဘေးတစ်နေရာတွင် လှေများဖြင့် မှိုင်းခွဲပြီး ငါးရှာနေကြသော လူအုပ်စုကို တွေ့မြင်ရသည်။ မှိုင်းကွဲသံကြောင့် မြစ်ယံကောင်းကင်တွင် တောဘဲအုပ်များ လန့်ဖျပ်၍ ပျံသန်းသွားကြသည်။

ထိုနေရာကိုကျော်တော့ ကျွန်ုပ်တို့လှေသည် တငြိမ့်ငြိမ့်ပြေးနေရာမှ တုံ့နှေးသွားပြန်သည်။ ရေကြောင်းကောက်၍ ထင်ပါသည်။ ကိုဖုန်ဆန်းမှာ လှေဦးတွင် ဒူးထောက်ပြန်လေပြီ။ ရွှေရေပြင် ပတ်ဝန်းကျင်ဝဲယာကို ကြည့်ပြန်သဖြင့် ကျွန်ုပ်တို့ သတိထားရပြန်ပါသည်။

ထို့နောက် ကိုဖုန်ဆန်း မတ်တတ်ရပ်၍ …

''ရှေ့မှာရေတံခွန် ငြိမ်ငြိမ်နေကြ''

ဟု အော်ပြန်သည်။

ဦးအောင်ရမ်နှင့် ဦးလနန်ဘောက်တို့ကလည်း ကိုဖုန်ဆန်းနှင့်အတူ လှေကိုဝိုင်းတွန်းပြီး ထိန်းကြသည်။ အိုက်ပုကလည်း ထိုးဝါးတစ်ချောင်းဖြင့် ထိန်းပေးပါသည်။ ကျွမ်းကျင်ကြ၍ လှေမှာ ငြိမ်သက်သွားပြန်သည်။ ကျွန်ုပ်နှင့် ထောင်မှူးသံဒိုင်တို့အလုပ်ကတော့ အတတ်နိုင်ဆုံး ငြိမ်သက်စွာ ထိုင်နေ၍ ဘုရားစာများကို ရွတ်ဖတ်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်တို့အား မေတ္တာပို့ အမျှဝေခြင်း ဖြစ်ပါတော့သည်။

✿ ✿ ✿

| ၄ |

❑

ကျွန်ုပ်သတိထားမိတော့ မြစ်ရေသည် ကျောက်တုံးများကို
ာက်ခတ်ပြီး 'ပလောက် … ပလောက်' မြည်နေပြန်သည်။ ရေကျသံ
ဟုန်းဟုန်းကိုလည်း ကြားနေရသည်။ ရေတံခွန်ဖြစ်ပေသည်။ မကြာမီ
ုံးတွင်းလှေသည် ကြမ်းခင်းကျောက်ခံများဖြင့် ငြိပြီး ဒုတ်ဒုတ်အသံ
ျက်လာပြန်သည်။ မြစ်ရေပြင်မှာ တိမ်ပြီး ကြည်လင်လှသည်။ ရေသို့
ာက်နေသော ကျောက်တုံးများ လှေဝမ်းဖြင့်တိုက်မိပြီး တလိမ့်လိမ့်လွင့်
ံသွားကြသည်ကိုပင် မျက်စိဖြင့် မြင်နေရသည်။

ထိုစဉ်လှေသည် ဦးပဲ့တစ်ချက် သွက်သွက်ခါယမ်းသွားပြန်
ည်။ ကိုဖုန်ဆန်းနှင့် ဦးအောင်ရမ်တို့ ထိုးဝါးကိုယ်စီဖြင့် သွက်လက်စွာ
ပ်ရှားကြပြန်သည်။ ထို့ကြောင့် ကျောက်တုံးများဖြင့် ငြိနေသောလှေ



www.burmeseclassic.com

www.burmeseclassic.com



သည် ထိုးဝါးအား ရေစီးအားကြောင့် ကျောက်ကြမ်းခင်းဖြင့် ငြိနေရာ လျှောခနဲလွတ်သွားပြီး ရေနက်ပိုင်းသို့ ရောက်သွားပြန်သည်။ ဤတစ် တော့ ကျွန်ုပ်တို့ ရေတံခွန်ရှိမည့် ပတ်ဝန်းကျင်အား သေချာစွာ စူးစိုက် ရှာဖွေမိသည်။

သစ်ရိပ်ကြီးများ ဖုံးလွှမ်းနေသည့် ချောင်းကြိုမြောင်းကြား မကျန် ရှာကြည့်ရာ ရေတံခွန်နှင့် တူသည့်အရာကိုပင်မတွေ့မိ။ ဒုတိ အကြိမ်လည်း ရေတိမ်၊ ကျောက်ကြမ်း နေရာဖြင့် လွတ်သွားပြန်သည်။ မလိခမြစ်သည် တငြိမ့်ငြိမ့်စီး၍ ကျွန်ုပ်တို့ လှေသည်လည်း တသိမ့်သိမ့် ပြေးလွှားနေပြန်သည်။

ကမ်းပါးယံတစ်နေရာတွင် လယ်စောင့်တဲကလေးများကို မြင် ရသည်။ ကမ်းပါးယံကြီးမှာ ပေ (၅၀)ကျော်မြင့်မားသဖြင့် အပေါ် လယ်ကွင်းများကိုတော့ မမြင်ရပါ။ မြစ်ကမ်းခြေရေချိုးဆိပ်တွင် ခြော နှစ်ခန့်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် သုံးလေးနှစ်အရွယ် မိန်းကလေ တစ်ဦးတို့ ရေချိုးနေကြသည်။ ပတ်ဝန်းကျင်တွင် လူကြီးမိဘများ မမြင်ရ။ ထိုကလေးနှစ်ဦးတည်းသာဖြစ်သည်။

မကြာမီ ရေချိုးပြီးစီးသွား၍ ကလေးအကြီးသည် သူ့အရ ထက်ဝက်ခန့်ရှိသော ဝါးဆစ်ရေဘူးတွင် ရေထည့်ပြီး အသင့်ပါလာသည် ရေဘူးလွယ်ကြိုးကို နဖူးတွင်ချိတ်လိုက်ပြီးမှ ညီမလေးဖြစ်ဟန်တူသူ လက်ဆွဲပြီး ပေ (၅၀)ကျော်ခန့်မြင့်သော ကမ်းပါးယံကြီးကို ခါးကုန်းပြီ အင်နှင့်အားနှင့် တလှုပ်လှုပ်တက်သွားတော့သည်။ ကျွန်ုပ်တို့အားလုံး ထိုမြင်ကွင်းအား သဘောကျစွာ စိုက်ကြည့်နေမိကြစဉ် သူကြီးဦးလန ဘောက်က မှတ်ချက်ချသည်။





"ငါဟာ ယောကျ်ားကွဆိုတဲ့စိတ်ဓာတ် ဒီကလေးမှာ ရှိနေပြီ ဆရာလေး။ ဒါဟာ ငါ့တာဝန်။ ကမ်းပါးပေါ်ကို ရေသယ်ပြီး အရောက် တက်မယ်။ ညီမလေးလည်း လာဟော့လို့ ပြောနေတဲ့ အာကမလိခသား ။"

"ဟုတ်ကဲ့ . . . သူကြီးရယ်၊ ဖွဲ့ကောင်းလိုက်တဲ့ကလေး"

ကျွန်ုပ်ကလည်း သူကြီးအဆိုကို ထောက်ခံပြီး မှတ်ချက်ပြုမိ သည်။ ဝါးဆစ်ရေဘူးကလေး ကျောတွင်ပိုးထားသော မလိခသား ကလေးငယ်မှာ မြစ်ကမ်းပါးထိပ်သို့ တရွေ့ရွေ့ဖြင့် အောင်မြင်စွာ တက် ရောက်သွားနိုင်ပြီဖြစ်သည်။

နိစ္စဓူဝ ပြုလုပ်နေကျဖြစ်သော ထိုအလေ့အကျင့်သည် ဤ လိခမြစ်ကမ်းမှ ကလေးငယ်၏စိတ်ဓာတ်အတွင်း သံမှိုစွဲထားသကဲ့သို့ ရှိနေပါလိမ့်မည်။ ထို့ကြောင့်လည်း ငယ်စဉ်ဘဝမှာပင် မိမိကိုယ်ကို အားကိုးခြင်း၊ မိမိလုပ်ရမည့်တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်း၊ ယ်သူကို ညှာတာဖေးကူ ချစ်ကြည်ဖြူခြင်းနှင့် ဖွဲ့သတ္တိရှိခြင်းတို့သည် င်းမလိခသားငယ်ရင်တွင်း၌ ထာဝရကိန်းအောင်းနေဟန်တူပါသည်။ ကျွန်ုပ်တို့၏ရင်တွင်း၌ သဘာဝကျသော လက်ရာမြောက်လှသည့် ပန်းချီ ကားတစ်ချပ်ကို ခံစားကြည့်ရှုနေရသလိုပင် ပျော်ရွှင်ချမ်းမြေ့မိသည်မှာ အမှန်ဖြစ်သည်။

မြစ်ယံကမ်းနဖူးပေါ်တွင် မြစ်တွေးငှက်များ တေးဆိုနေကြ သည်။ မြစ်ညာသို့ ဆန်တက်လာသည့် လှေကလေး တစ်စင်းတလေမှ တွေ့မည်လားဟု ကျွန်ုပ် ရှာဖွေကြည့်ရှုသော်လည်း မတွေ့ရပါ။ မြစ် အကြောသို့ စုန်မည့်လှေလည်း ရှိမနေပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်ုပ်တို့ လှေတစ်စီးတည်း စုန်ဆင်းလာခဲ့ရာ တစ်နေရာအရောက်၌ လှေမှာ လှုပ်ယမ်းလာပြန်သည်။ ကျွန်ုပ် လှေဦးကို ဖျတ်ခနဲကြည့်မိတော့ ထုံးစံအတိုင်း ကိုဖုန်ဆန်းသည် ဒူးထောက်ပြီး မြစ်ပြင်ကို အသေအချာ စူးစိုက်ကြည့်နေပြန်သည်။

ထို့ကြောင့် ကျွန်ုပ်က …

"ကိုဖုန်ဆန်း …ရှေ့မှာ ရေတံခွန်တွေပြန်ပြီလား"

"ဟုတ်တယ် …ဆရာရေ့၊ ရှေ့မှာ ရေတံခွန်၊ ငြိမ်ငြိမ်နေကြပါ။ မလှုပ်ကြပါနဲ့"

မကြာမီတွင် အစောပိုင်းက ကြုံတွေ့ခဲ့ရသည့်အတိုင်း လှေဝမ်းနှင့် မြစ်အောက်ခြေ ကျောက်တုံးများ တဒုတ်ဒုတ် တိုက်မိခိုက်မိကြပြီး လှေဦးယမ်းပြန်သည်။ လှေမှာ ထိန်းမရဘဲ ရေအရှိန်နှင့်မျောပါနေသည်။ ထို့ကြောင့် ထိုးဝါးများထောက်၍ ကျားကန်ရပြန်သည်။ ထို့ကြောင့် နောက်ပိုင်း ရေစီးကြောင်းပေါ် လှေပြန်ရောက်ပြီး မြင်းစိုင်းသကဲ့သို့ မြစ်ပြင်တွင် တရိပ်ရိပ်ပြေးနေပြန်သည်။

ကျွန်ုပ်တို့မှာ ရေတံခွန်နှင့် လှေ၊ လှေနှင့် ရေတံခွန်ကိုသာ အာရုံစူးစိုက်နေမိတော့သည်။ ဤတစ်ကြိမ်တွင်လည်း ရေတံခွန်ဆိုတာကြီးကို အားစိုက်ကာ ရှာမိပြန်သည်။ သို့သော် ကျွန်ုပ် မြင်ဖူး၊ ကြားဖူးသော ရေတံခွန်ပုံစံမျိုးကို မမြင်ရ မတွေ့ရ။ အလွန် စဉ်းစားရကြပ်သည်။

ထိုစဉ် သူကြီးဦးလနန်ဘောက်က …

"ကျွန်တော်တို့ မချမ်းဘောအထိ မလိခမြစ်ပြင်မှာ ရေတံခွန် (၅)ခုရှိပါတယ်။ အခု ကျွန်တော်တို့ (၃)ခုကို ဖြတ်ကျော်ခဲ့ပြီးပါပြီ။ ရေတံခွန်နဲ့ကြုံတိုင်း ဒီလိုပဲ လှေဝမ်းနဲ့ကျောက် ငြိတတ်ပါတယ်။ လုံးထွေး





လှေဆိုတော့ စိတ်ချရပါတယ်။ နောက်နှစ်ခုကတော့ တော်တော်ကြီးပါတယ်။ အထူးဂရုစိုက်ရပါလိမ့်မယ်"

ယခုမှ ကျွန်ုပ် ရေတံခွန်ဆိုတာကြီးကို ရှင်းတော့သည်။ သူတို့ ပြောနေသော ရေတံခွန်ဆိုသည်မှာ ကျွန်ုပ်တို့ မြင်ဖူး၊ ကြားဖူးသော တောင်ကမ်းပါးယံကြီးများမှ တဝေါဝေါ တဝုန်းဝုန်းကျနေသည့် ရေတံခွန်ကြီးများ မဟုတ်ကြပါ။ ကျွန်ုပ်တို့ မြေပြန့်အခေါ် ရေအောက်ကျောက်တန်းကို 'ရေတံခွန်' ဟု ခေါ်ခြင်းဖြစ်သည်။

မလိခမြစ်၏ ရေအောက်မှ ကျောက်တန်းဆိုသည်မှာလည်း ဧရာဝတီ ဒင်လယ်ကမ်းစပ်က ကျောက်သား၊ ကျောက်သွယ်၊ ကျောက်ဆောင်တန်းကြီးများလို မဟုတ်ကြပါ။ မြစ်ကြမ်းပြင်တွင် ကျောက်တုံးလုံးချောများ ခိုင်ခိုင်ကျဲနေပြီး ထိုနေရာတွင် မြစ်ရေမျက်နှာပြင်သည် ရေကြောင်းပျောက်ကာ ရေတိမ်နေသည်။

မချမ်းဘောမြို့အထိ ရေအောက်ကျောက်တန်းကြီး (၅)ခု ရှိသည်ဟု ကျွန်ုပ်တို့ နားလည်လာရပါတော့သည်။ မလိခမြစ်မှာ တောင်ကျချောင်းများမှ မြစ်ဖျားခံခဲ့ရသဖြင့် မြောက်ပိုင်းစွန်းဒေသတွင် ရေတံခွန်များကြောင့် မလိခမြစ်ကြီးဖြစ်လာခဲ့သည်မှာ မှန်သော်လည်း မလိခမြစ်သည် ရေတံခွန်ကဲ့သို့ စီးဆင်းနေခြင်းမဟုတ်ကြောင်း သဘောပေါက်လာရတော့သည်။

ကျွန်ုပ် အတွေးရေယဉ်ကြောတွင် မျောနေစဉ် ကိုဖုန်ဆန်းက …

"ရှေ့မှာ ရေတံခွန် တွေ့ပြန်ပြီ။ ဒီတစ်ခါ ရေတံခွန်က တော်တော်ကြီးတယ်။ အားလုံး ငြိမ်ငြိမ်နေပြီး သတိထားကြပါ"



www.burmeseclassic.com

www.burmeseclassic.com



*ဟုတ်ပါလိမ့်မည်။ ဤတစ်ခါကြားရသည့်* 'ပလောက် ... ပလောက်' ရေသံ၊ ဝုန်းဝုန်းဟူသော အသံများ။ ရေစီးပြင်း၍ တဟဲဟဲ အော်သံတို့မှာ ယခင်ကြုံခဲ့ရသည့် ရေတံခွန်ဆိုသည်တို့ထက် ပိုမိုကျယ်လောင် ဆူညံနေပါသည်။ မကြာမီ ဒုတ်–ဒုတ်ဟူသော အသံကြားရပြီး ကျွန်ုပ်တို့လှေမှာ ကျောက်တုံးများဖြင့်ငြိပြီး ရပ်သွားပါသည်။

ထို့ကြောင့် ကိုဖုန်ဆန်။ ဦးအောင်ရမ်နှင့် ဦးလနန်ဘောက်တို့ လှေပေါ်မှ ခုန်ဆင်းလိုက်ကြသည်။ သို့သော် ရေမှာ တိမ်လွန်း၍ လှေနှင့် မြစ်ကြမ်းပြင် ငြိနေခြင်းမှာ မလွတ်သေးပါ။ ထို့ကြောင့် ကျွန်ုပ်နှင့် ထောင်မှူး သံဒိုင်၊ အိုက်ပုတို့လည်း မြစ်ရေအတွင်းသို့ ဆင်းလိုက်ကြသည်။

မလိခမြစ်ရေမှာ ရေခဲရေတစ်မျှ အေးလှသည်။ ရေတိမ်သော်လည်း ရေစီးအလွန်ကြမ်းသည်။ ရေစီးဖြင့် မြှုလဲမသွားစေရန် အထူး သတိထားရသည်။ ဤနေရာ၌ မလိခမြစ်ရေမှာ တစ်ပေခန့်သာ နက်ပါသည်။ ရေအောက်တွင် ကျောက်တုံးလုံးချောများဖြင့် ပြည့်နက်နေသည်။

ဦးလနန်ဘောက်သို့ (၃)ဦးက လှေကို ဆွဲယူသွားကြပြီး ရှေ့ရောက်နေကြသည်။ ကျွန်ုပ်ဝါ့ကတော့ ကျောက်လုံးခင်းရေပြင် ကိုက်(၁၀၀)ခန့်ကို လျှောက်လှမ်းကြရတော့သည်။ မြစ်ရေကြမ်းခင်းပေါ် လျှောက်ရသည်ကလည်း မလွယ်ကူပါ။ ရေညှိတက်နေသော ကျောက်လုံးများက ချောနေသည်။

မြစ်ရေမှာ အချို့နေရာများ၌ ခြေမျက်စိမြုပ်ရုံ၊ အချို့နေရာများ၌ ဒူးဆစ်မြုပ်သည်အထိ နက်သည်။ ထို့ကြောင့် လမ်းလျှောက်ရသည်မှာ မလွယ်ကူပါ။ ရေစီးအားက တွန်း၊ အောက်ခံကျောက်လုံးများက ချောသဖြင့် အသွားရ အလွန်ခက်ပါသည်။

ရေကြောင်းရှာနေသည့် ဦးလနန်ဘောက်သို့ (၃)ဦးမှာ တဖြည်းဖြည်း ကျွန်ုပ်တို့နှင့် ဝေးသွားရာ ကိုက်(၁၀၀)ခန့် ကွာဝေးသွားသည်။ ကျွန်ုပ်တို့ (၃)ဦးကတော့ ဝေသာလီဖျိုင်းကြီးများ ငါးရှာနေသကဲ့သို့ ခေါင်းကိုငုံ၍ ခြေတစ်လှမ်းချင်းသာ သတိထားပြီး ရွေ့လျားဝံ့ကြတော့သည်။

"ဝေး ... တွေ့ပြီဟေ့"

မြစ်ယံတွင် သူကြီးဦးလနန်ဘောက်၏ အသံက ထိုးဖောက်၍ လွင့်ဝဲလာသည်။ ကျွန်ုပ်တို့လည်း သူတို့ထံတွင် လှမ်းမျှော်ကြည့်လိုက်ကြရာ ကိုက်(၁၀၀)ခန့် အလှမ်းဝေးနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ (၃)ဦး သူတို့ထံသို့ ဦးတည်ပြီး လျှောက်လှမ်းကြရပြန်သည်။

"ရှေ့မှာ လက်ဝဲဘက်က စီးဝင်လာတဲ့ ချောင်းတစ်ခုရှိနေတယ်။ ဒီတော့ ရေခဲရှိနိုင်တယ်။ လှေပေါ်ရောက်ကြရင် ငြိမ်ငြိမ်ကလေး ထိုင်ပြီးနေကြပါ"

ဘုရားလူကြီးဦးအောင်ရမ်က ကျွန်ုပ်တို့အား လှမ်း၍ သတိပေးသည်။ သူတို့ပြောသော လက်ဝဲဘက်က ချောင်းစီးဝင်နေသည့် ရေခဲနေရာကို ကျွန်ုပ်တို့ မရောက်သေးသော်လည်း ကြားရုံဖြင့် ထိုနေရာကို ကျွန်ုပ် ကျွမ်းဝင်နေပါသည်။

ထိုနေရာသို့ရောက်သည်နှင့် ကျွန်ုပ်တို့ လှေကြီးကျောက်ဆောင်နှင့်တိုက်ပြီး အက်ကွဲသွားမှာကိုလည်း အလိုလို သိမြင်နေရသည်။ ထို့ကြောင့် ရွှေဝါရောင်အရာတစ်ခု၊ အတွေးစကို ထိုနေရာတွင် ပြတ်သွားသည်။ အတိတ်ဘဝက ကွင်းဆက်ဖြစ်ပုံရသည်။





စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ လှေပေါ်ရောက်ပြီး ဦးလနန်ဘောက်တို့က လှော်ရေကြောင်းဆီသို့ တဖြည်းဖြည်းဆွဲယူသွားသည်။ ထို့နောက်လှော်တက်ကြ၍ ထိုးဝါးထောက်ပြီး ရေစီးကြောင်းအတွင်း အလိုက်သင့်ဝင်သည်။ ဦးလနန်ဘောက်က ပဲ့ထိန်းပေးသည်။ လှေမှာ ရေစီးကြောင်းတဖြည်းဖြည်း မြန်လာသည်။ မကြာမီ ရေစီးသံတဝေါဝေါကို ကျယ်လောင်စွာကြားရသည်။

သောင်ယံကွေ့တစ်ခုအနီးတွင် မြစ်အတွင်းစီးဝင်သည့် ချောင်းရေအားနှင့် မြစ်ရေစီးအား ဆုံဟန်တူသည်။ ဝဲကန်တော့ထိုးနေသည်။ မလိခမြစ်သည် ထိုနေရာတွင် ရေအတော်နက်ပုံရသည်။ ရေဦးထိုးသဖြင့် မြစ်ကမ်းပါးယံမှာ ချိုင့်ခွက်ဖြစ်ပြီး ကွေ့ကောက်၍ ရေစီးအားနေးသွားသည်။ သို့သော် ဝဲကန်တော့ထိုးနေ၍ လှေကို ဝိုင်းထိန်းကြသည်။

ထိုစဉ် ရေဝဲအတွင်း လှေရောက်ရှိသွားသည်နှင့် ရေမှုန်ရေမွှားများဖုံးအုပ်ပြီး ပတ်ဝန်းကျင်ကို မှုန်ဝါးသွားစေသည်။ လှေမှာလည်း ဦးတည်ပဲ့လှုပ်ယမ်းသွားပြီး ရေဦးမှာ တစ်စုံတစ်ရာဖြင့် ပြင်းထန်စွာ ဆောင့်မိတော့သည်။

"ဒုန်း ..."

"ဟာ ... ကျောက်စွန်းနဲ့တိုက်မိပြီး လှေကွဲသွားပြီဟေ့။ အိုက်ပါ ဝါးထိုးဝါးပက်ခွက်နဲ့ အမြန်ပက်စမ်း။ လှော်ကြစမ်း။ ထိုးဝါးလည်း ကျကြဦး။ ကမ်းစပ်ရေတိမ်ရောက်တာနဲ့ လှေကို ကမ်းပေါ် ဆွဲတင်ကြစမ်း"

ဦးလနန်ဘောက်က လူအားလုံးကို အဆက်မပြတ် သတိပေးလိုက်ပြီး သူကိုယ်တိုင်လည်း ကာလသားခေါင်းကို ကိုဖုန်ဆန်းနှင့်အရှ





တက်ညီလက်ညီ လှော်ပါတော့သည်။ ဦးအောင်ရမ်နှင့် အိုက်ပုကလည်း တာဝန်ကျေပွန်စွာ ထိုးဝါးကူသည်။ တော်ပါသေးသည်။

ရေနက်ရေစီးကြောင်းမှာ မကျယ်ဝန်းလှသဖြင့် ကမ်းစပ်ရောက်သည်နှင့် လှေကြီးကို ကမ်းပေါ်သို့ ဆွဲတင်ကြသည်။ လုံးထွင်းလှေဆိုသည်မှာ အတွင်းပိုင်း၌ လှူစီးရန် သစ်သားအားနှိုက်၍ ထွင်းထားပြီး ဘေးဘောင်နှစ်ဖက် အထူ (၂) လက်မခန့်သာ ချန်ထားပါသည်။ ရှေ့လှေဦးတွင်လည်း ထိပ်ချွန်၍ ရေကိုခွဲနိုင်ရန် ဘေးနှစ်ဖက်အသားအား ချထားသေးသည်။ လှေဦးနှောက်ဟုခေါ်ဆိုရမည့် လှေထိပ်ဦးအသားမှာ အလွန်ဆုံး (၆)လက်မခန့်သာ ထူပါလိမ့်မည်။ ယခုထိုနေရာအား ကျောက်စွန်းဖြင့်ဆောင့်မိ၍ ကွဲအက်သွားခြင်းဖြစ်သည်။

လုံးထွင်းလှေထွင်းသော လောက်ယားသားဟူသည့် သစ်သားမျိုးမှာ ပျဉ်းတွဲတွဲဖြင့် အထိအနိုက်ခံနိုင်သော သစ်အမျိုးအစားဖြစ်သည်။ ယခုတော့ သစ်ကြောတည့်တည့်သို့ ရေအောက်ကျောက်စွန်းကမားဖြင့် ခွဲလိုက်သလို ဟက်တက်ကြီးကွဲခြင်းဖြစ်သည်။ ကျွန်ုပ်ငုံ့၍ကြည့်နေစဉ် တစ်စုံတစ်ရာသော တောက်ပဝင်းလက်သည့် အရာတစ်ခုကို မြင်လိုက်ရသည်။

"သူကြီး ... လှေဦးထိပ်က အက်ကွဲကြောင်းထဲမှာ ရွှေရောင်ဝင်းတဲ့ အရာတစ်ခုကို တွေ့ရတယ်။ လာကြည့်ပါဦး"

အားလုံး လာကြည့်ကြရာ ...

"ဟာ ... ဟင် ... ရွှေရောင်ပဲ"

ထိုစဉ် ကာလသားခေါင်း ကိုဖုန်ဆန်းက သူလွယ်လာသောငှက်ကြီးတောင်ဓားရှည်ဖြင့် လှေဦးကွဲကြောင်းအား ချဲ့သည်။ ဦးလနန်ဘောက်က ချဲ့ထားသော ကွဲကြောင်းရာအတွင်းသို့ လှေတက်ဦးထည့်၍



www.burmeseclassic.com

www.burmeseclassic.com



ကလန့်သည်။ မကြာမီ လှေဦးကွဲသွားပြီး ငါးဆယ်ကျပ်သားခန့်ရှိ ရွှေ ရောင်အလုံးတစ်လုံး ထွက်ကျလာသည်။

"ဟာ . . . ဟ . . . ဒါ . . . ရွှေတုံးပဲ။ ဘယ်လိုဖြစ်တာပါလိမ့်"

"အစက လှေနဲ့တိုက်မိတာ ရေထဲက ရွှေငုပ်ထင်တယ်။ သူ ကြီး . . . ရွှေငုတ်ကျိုးပြီး လှေကွဲကြားမှာ ညပ်နေတာထင်ပါရဲ့"

"အိုက်ပုရယ် . . . အတွေးတိမ်လှချည်လား။ ရွှေဆိုတာ မာတဲ့ ဝတ္ထုမျိုးမဟုတ်ဘူး။ လောက်ယားလို လုံးထွင်းလှေလုပ်တဲ့ သစ်မျိုးကို ထိုးမခွဲနိုင်ဘူး။ ရွှေတုံးက နဂိုကတည်းက လှေထွင်းတဲ့သစ်ပင်ထဲမှာ ရှိနေတာနေမှာ"

"သူကြီး . . . သူကြီးပြောချင်တာက ဒီရွှေတုံးဟာ သစ်ပင် အသားထဲဝင်နေတဲ့ ရွှေတုံးအမြုတေလို့ ပြောချင်တာလား"

"ဟုတ်တယ် . . . ဆရာလေး၊ ငါးအမြုတေလို သစ်ပင်ထဲမှာ အလိုလိုဖြစ်တဲ့ အမြုတေလား၊ ရွှေတုံးတွေ မြေအောက်မှာရှိတဲ့နေရာမှာ သစ်ပင်ပေါက်လို့ ရွှေတုံးက သစ်ပင်ထဲ ဝင်နေတာလား၊ စဉ်းစားစရာပဲ။ ရွာပြန်ရောက်မှ လှေထွင်းတဲ့သူတွေကို ဒီလှေထွင်းတဲ့လောက်ယားပင် ဘယ်နေရာက ခုတ်သလဲလို့ မေးမြန်းပြီး သွားတူးကြည့်ရဦးမယ်"

"သူကြီးတို့ရွာဘက်မှာ ရွှေက အဲဒီလောက်တောင် ပေါ သလား"

"ပေါသပေါ့ . . . ဆရာလေးရယ်၊ ကျွန်တော်တို့ ကောင်းမှုလုံ ရွာပတ်ဝန်းကျင်က ရွှေအလွန်ထွက်တဲ့ နမ့်ခမ်းကြီးချောင်းနဲ့ နီးတယ် လေ။ မြေကြီးထဲမှာ နစ်မြုပ်နေတဲ့ ရွှေကြောကြီးတောင်ရှိတယ်လို့ ယုံ ကြည်ကြတယ်။ ကျွန်တော်တို့ဘက်မှာ စာဆိုတောင်ရှိသေးတယ်။ ဘာတဲ့





သြော် . . . မလိခမြစ် အရှေ့ဘက်ကမ်းက မြေက ရွှေထွက်လို့ဝါသတဲ့။ အနောက်ဘက်ကမ်းက မြေက ကျောက်စိမ်းထွက်လို့ စိမ်းသတဲ့လေ"

"ကဲ . . . သူကြီး၊ ခု ဒီရွှေတုံးကို ဘယ်လိုလုပ်ကြမှာလဲ"

"ဆရာလေးမြင်တာ ဆရာလေးနဲ့ပဲ ဆိုင်ပါတယ်။ နောက်ပြီး တော့ ကောင်းမှုလုံဘုရားနဲ့ပတ်သက်လို့ ရတနာတွေရတာ၊ ဆရာလေး ပဲလေ"

"အို . . . မဟုတ်တာ။ လှေက ကျွန်တော်ဝယ်တာမှမဟုတ်ဘဲ သူကြီးဝယ်တာမဟုတ်လား"

"မဟုတ်ဘူး ဆရာလေးရဲ့။ ကျွန်တော်တို့ စပ်ပြီး စုဆောင်း ဝယ်ထားကြတာ"

"အဲဒါဆိုလည်း ရှင်းတာပဲ။ ရွှေတုံးကိုရောင်းပြီး စုပေါင်းလှေ ဝယ်ထားတဲ့သူတွေ၊ အချိုးကျ ခွဲဝေယူကြရုံပေါ့ သူကြီးရယ်"

"အဲလိုလည်း မဟုတ်သေးဘူး . . . ဆရာလေးရဲ့၊ ဒီလှေဝယ် တဲ့ကိစ္စက ဆရာလေးနဲ့လည်း ဆိုင်တယ်။ ဆရာလေးတို့ကိစ္စသာ မရှိရင် ကျွန်တော်တို့ လုံးထွင်းလှေဝယ်စရာ အကြောင်းမရှိဘူး။ နောက်ပြီး လှေထွင်းတဲ့သူတွေက ဟိုထွင်းဒီဖြတ်နဲ့ တစ်လှေလုံးကို ပယ်ပယ်နယ် နယ် ကိုင်တာ။

ထူးဆန်းတာက လှေဦးပိုင်းတစ်မိုက်လောက်သာ အသားထူ တဲ့ နေရာကလေးမှာ ရွှေတုံးက ဝင်ဥနေတာ။ ကျွန်တော်တို့ အလိုအရ တော့ လှေကွဲကြီးကို ကမ်းပေါ်ဆွဲတင်ပြီး ခြေလျင် ခရီးဆက်ကြရုံပဲ။ အခုတော့ ဆရာလေးက စေ့ငုတတ်လို့ ရွှေတုံးကိုရတာ။ ဆရာလေးနဲ့ ဆိုင်ပါတယ်။ ဒါလည်း ဆရာလေးရဲ့ အတိတ်ဘဝက ပဋ္ဌာန်းဆက်တွေ က ပေးတာပဲ ဖြစ်ပါလိမ့်မယ်။ ဆရာလေးနဲ့ပဲ ဆိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒါဆိုရင်လည်း ဒီလိုလုပ်ကြရအောင်ပါ သူကြီးရယ်။ မချမ်းဘောမြို့ရောက်ရင် ဒီရွှေတုံးကို ပေါက်ဈေးနဲ့ ရောင်းလိုက်ပါ။ ရတဲ့ငွေထဲက လှေဝယ်ထားတဲ့ ကုန်ကျစရိတ်ကို နုတ်ပါ။ နောက်ပြီး အခု အုပ်စုလိုက် သွားစရိတ်၊ လာစရိတ်၊ စားစရိတ်၊ အထွေထွေ ကုန်ကျစရိတ်တွေကို နုတ်ပါ။ ကျန်တဲ့ငွေကိုတော့ အခုရှိနေကြတဲ့ လူအားလုံးကို အချိုးကျဝေပေးလိုက်ပါ . . . သူကြီးရယ်"

"မဟုတ်သေးပါဘူး ဆရာလေး။ ကျွန်တော်တို့က ကောင်းမှုလုံဘုရားကြီး ဘက်စုံမွမ်းမံရေးအတွက် ငွေကြေးမထည့်ရသေးဘူး။ ဒါကြောင့် ဆရာလေးမယူရင်တော့ ဘုရားကြီးဝေယျာဝစ္စအတွက် ကျွန်တော်တို့ အကုန်လှူပစ်လိုက်ချင်ပါတယ်။ ကျွန်တော်တို့ စုပေါင်းလှေ့နီးလည်း မယူတော့ပါဘူး။ အားလုံး သဘောတူကြသလား"

"တူပါတယ် . . . တူပါတယ်"

စိတ်ကောင်းအလွန်ရှိကြသော အာဂမလိခသားများ ဖြစ်ကြပါသည်။ အံ့ဖွယ်လိလိပင်။

"ကဲ . . ဆရာလေး၊ ဒီကမ်းခြေသောင်ပြင်ကြီးကို ဖြတ်ပြီး ကမ်းပါးပေါ် တက်ကြမယ်။ ဟိုးရှေ့က တောင်ကြီးကို ကွေ့ပတ်ကျော်လိုက်တာနဲ့ မချမ်းဘောမြို့အစပ်ကို ရောက်ပါပြီ။ မွန်းတည့်ချိန်လောက်မှာ နေ့လယ်စာစားအမီ မချမ်းဘောမြို့လယ်ခေါင်ကို ရောက်ပါလိမ့်မယ်"

ကျွန်ုပ်တို့အုပ်စု ကုန်းကြောင်းခရီး လျှောက်လှမ်းခဲ့ကြပါသည်။ နေလုံးကြီးကို နှင်းမှုန်ထုကြား အရှေ့ဘက်စောင်းစောင်း ကောင်းကင်ယံတွင် မြင်ရသဖြင့် မွန်းမတည့်သေးပါ။ ကျွန်ုပ်၏လက်မှ နာရီကို ငုံကြည့်လိုက်တော့လည်း နေ့လယ် (၁၁)နာရီခန့်သာ ရှိပါသေးသည်။





ကျွန်ုပ်တို့ တစ်နာရီခန့် လမ်းလျှောက်လျှင် မချမ်းဘောမြို့သို့ နေ့လယ်စာ စားချိန်အမီ ရောက်မည်ဖြစ်သည်။ ရွာသူကြီး ဦးလနန်ဘောက်ပြောသလို မလိခမြစ်တစ်ဖက်ကမ်း၊ နောင်ခိုင်ရွာတွင် ကိုဒီဇော်ရဲ၏ ထွန်စက်ကြီးရောက်နေပါက ယနေ့ညနေစောင်းတွင် ကျွန်ုပ်တို့အဖွဲ့ ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြမည် ဖြစ်ပေသည်။


ကျောက်စိမ်းတုံးကြီးကိုလည်း သင့်ရာဈေးဖြင့် ရောင်းချမည်။ ရွှေတုံးကိုလည်း ရောင်းချမည်ဖြစ်သဖြင့် ကောင်းမှုလုံဘုရားကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် လုံလောက်ရုံတင်မက ပိုလျှံ၍ပင် နေပါလိမ့်မည်။

ကျွန်ုပ်၏မိသားစုဖြင့် နောက်တစ်ခေါက် ဘုရားဖူးလာလျှင် ကောင်းမှုလုံဘုရားကြီးအား လုံးတော်ပြည့် ရွှေချအပြီး၊ ဆင်းတုတော်တွင်လည်း နဖူးသင်းကျစ်တော်၌ ပတ္တမြားကြီးအား ပြန်လည်တပ်ဆင်ပြီးဖြစ်သဖြင့် မလိခမြစ်ကမ်းဘေး ကုန်းတော်ပေါ်၌ 'အထက်မှာ ကောင်းမှုလုံ၊ အောက်တွင် ရွှေတိဂုံ' ဟူသော စာဆိုနှင့်အညီ သပ္ပာယ်စွာ ဖူးမြော်ရတော့မည်ဖြစ်ကြောင်း ပီတိအတွေးဖြင့် အေးဆေးစွာ လျှောက်လှမ်းမိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

❏

ပုသိမ်ထောင်ကို အင်္ဂလိပ်လက်ထက်က ဆောက်လုပ်ခဲ့သဖြင့် နှစ် (၁၀၀)ခန့် သက်တမ်းရှိပြီဖြစ်သည်။ စစ်တွေထောင်ကို (၁၈၂၆)၊ အင်္ဂလိပ်မြန်မာစစ်ပွဲ (ပထမ)အပြီး ဆောက်လုပ်ခဲ့သဖြင့် မြန်မာပြည်၌ အင်္ဂလိပ်ဆောက်လုပ်သော ရှေးဦးဆုံးထောင်ဟု အဆိုရှိသည်။

ပုသိမ်ထောင်မှာလည်း ရှေးထောင်ဟောင်းကြီးဖြစ်၍ စစ်တွေထောင်နှင့် သက်တမ်းသိပ်ကွာမည်မထင်ပါ။ သို့သော် ပုသိမ်ထောင်က စစ်တွေထောင်ထက် အကွက်အကွင်းစနစ်ကျသည်ဟု ဆိုနိုင်ပါသည်။

ပုသိမ်ထောင်မှာ လေးထောင့်စပ်စပ်ပုံစံရှိသည်။ ထောင်အရှေ့ဘက်ဝင်ပေါက်မှာ ဈေးချောင်းလမ်းကို မျက်နှာမူထားပြီး မရမ်းချောင်းနှင့် ပြည်တော်သာလမ်းကြား၌ ထောင်ကြီးတည်ရှိသည်။ ရှေ့ခြံစင်များ



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့်လည်း ထောင်အရှေ့ အမျိုးသမီးဆောင်အနီး၌ (၁) မျှော်စင်နှင့် မရမ်းချိုလမ်းဘက်၌ (၂) မျှော်စင်နှင့်၊ (၃) မျှော်စင်၊ ထောင်အနောက်ဘက်၌ (၄)မျှော်စင်၊ (၅) မျှော်စင်နှင့် (၆) မျှော်စင်တို့ရှိသည်။

ထောင်ဖွဲ့စည်းပုံမှာ အတော်စနစ်ကျသည်။ ဈေးချောင်းလမ်းဘက်၌ ထောင်ဘူးဝတံခါးမကြီးရှိပြီး အပေါ်ထပ်၌ ထောင်ပိုင်အိမ်နှင့် ဂိတ်မကြီး၊ ထောင်တွင်းဝင်လိုက်သည်နှင့် လက်ယာဘက်၌ လက်သမားအလုပ်ရုံ၊ ရိက္ခာဂိုဒေါင်၊ အစာစပ်စက်ရုံနှင့် စက်ပြင်ဂိုဒေါင်ရှိသည်။

အနောက်ဘက်အလုပ်ရုံဝင်းထဲ၌ အလုပ်ရုံအမှတ် (၁)၊ (၂)၊ (၃)နှင့် မီးစက်ရှိသည်။ မိန်းဂျေး Main Jail အဝင်လမ်းကိုလည်း တံခါးမကြီး အဝင်လမ်းနှင့် ဆက်သွယ်ဖောက်လုပ်ထားသည်။

တံခါးမကြီးလမ်း လက်ဝဲဘက်၌ ဖိုကြီးနှင့် မီးစက်အလယ်၌ မိန်းဂျေးကို ပတ်ပိုင်းထားသည်။ (၁) ဆောင်၊ (၂) ဆောင်၊ (၃) ဆောင်နှင့် ဂေါ်ရာဆောင်၊ (၄) ဆောင်နှင့် ကုန်ကြမ်းဂိုဒေါင် နှစ်လုံးရှိသည်။

အုတ်ရိုးအတွင်း (၁) မျှော်စင်အနီး၌ အမျိုးသမီးတစ်ထပ်ဆောင်နှင့် နှစ်ထပ်ဆောင်၊ တိုက်ခန်းများရှိသည်။ ဘုရားစေတီကလေးလည်းရှိသည်။ မိန်းဂျေးမှဆက်လာလျှင် (၄) တံခါးကိုကျော်ပြီးသည်နှင့် နှစ်ထပ်ထောင်ဆေးရုံ၊ ရင်ကွဲတိုက်ခန်းများ၊ သီးသန့်တိုက်ခန်းများနှင့် ကြိုးစင်ရှိသည်။ ထောင်၏အစွန်ဆုံးဖြစ်၍ ချောင်ကျသည်။ ထို့ကြောင့် လုံခြုံရေးအရ (၃)မျှော်စင်နှင့် (၄)မျှော်စင်ကို အနီးကပ်ထားခြင်းဖြစ်သည်။

ထောင်အပြင်မှာ လမ်းနှင့် ရပ်ကွက်များဖြစ်ပြီး ထောင်အုတ်ရိုးမဲမဲကြီးက ကာရံထားသည်သဖြင့် အတွင်းနှင့်အပြင်မှာ ကမ္ဘာခြားသွားရတော့သည်။





ပြည်တော်သာလမ်းဘက်၌ (၆) မျှော်စင်သာရှိသည်။ အလုပ်ချိန်၌သာ လူရှိပြီး ထောင်ပိတ်ချိန်၌ အလုပ်ရုံဝင်းတံခါးများအား သော့ခတ်ထားသဖြင့် လူမရှိ။ အစောင့်အနေအထားလည်း မရှိပါ။ ကျွန်ုပ်တို့ထောင်အလုပ်မှာ ဘဏ်၌ ငွေအဝင်အထွက်ပေါင်းပြီးမှ ဘဏ်ပိတ်နိုင်သလိုပင်။ နေ့စဉ် လူအဝင်အထွက်ပေါင်းနုတ်ပြီးမှ ထောင်ပိတ်ရသ့ရှိသည်။ အားနည်းချက်မှာ အချုပ်သား၊ အကျဉ်းသားကိုသာ သတိထားသဖြင့် ဝန်ထမ်းပိုင်းအဝင်အထွက်အား မေ့လျော့နေတတ်ခြင်းဖြစ်သည်။

အလုပ်ကြီးဘက်သို့ အကျဉ်းသားများ အဝင်အထွက်ကို စန္ဒာဂိတ်ဟုဆိုသော ဂိတ်စောင့်မှ အသေအချာ အဝင်၊ အထွက်ကို စီစစ်တတ်သည်။ ဝန်ထမ်းများအနေဖြင့်တော့ အလုပ်ဘက်အမြဲဆင်းသည့် ပတ်ကိုင်နှင့် နည်းပြဆရာများ၊ အရာရှိများကိုသာ အလေးပေးဂရုထားသည်။ အဆောင်နှင့် အခြားနေရာများမှ ဝင်ထွက်တတ်သည့် ဝန်ထမ်းများမှာ ယာယီအဝင်အထွက်သာရှိတတ်သဖြင့် အလေးပေး စိုက်ခြင်း နည်းပါးတတ်သည်။

❁ ❁ ❁

www.burmeseclassic.com

[ ၂ ]

❑

မောင်လှငြိမ်းမှာ နာမည်နှင့်လိုက်ဖက်အောင် အေးအေး
ငြိမ်းနေတတ်ပြီး ချောမောသူတစ်ယောက်လည်း ဖြစ်သည်။ မိဘ
မှာ လယ်သမားများဖြစ်ကြပြီး မိသားစုများသဖြင့် မောင်လှငြိမ်း
(၉)တန်းအောင်သည်နှင့် ကျောင်းကထွက်ပြီး ယာဉ်မောင်းသင်
တက်၍ အကျဉ်းဦးစီးဌာနသို့ဝင်ရောက်ကာ စက်လည်းပြင်တတ်ပြီး
လည်း မောင်းတတ်ပေသည်။ ယာဉ်မောင်းတပ်သားဖြစ်လာသူ ဖြစ်
သည်။

ပထမထောင်ရိက္ခာဌာနတွင် ယာဉ်မောင်းလုပ်သည်။ အ
စာရိတ္တကောင်းပြီး မွန်ရည်သူဖြစ်၍ လူတကာက သူ့ကိုချစ်ခင်ကြသည်





ငယ်ဖြစ်သော်လည်း ကားမောင်းရာတွင် ညင်သာသည်။ ကျွမ်းလည်း
ကျွမ်းကျင်သည်။ ထို့ကြောင့် ထောင်ပိုင်ကြီးက သဘောကျပြီး ထောင်
ကြီးစီးသည့် မာစတာကျစ်ကားကို မောင်းခိုင်းသည်။

မောင်လှငြိမ်းက သူမောင်းသည့်ကားကို အလွန်ရှိသေသည်။
ကားဘော်ဒီ အတွင်းအပြင်သာမက ကားဘီးလေးဘီးစလုံးကိုလည်း
ရေဆေးအခြောက်ခံပြီး ဖိနပ်တိုက်ဆေးဖြင့် နက်ပြောင်နေအောင် တိုက်
တတ်သည်။ ထို့ကြောင့် ထောင်ပိုင်ကြီးက အလွန်သဘောကျသည်။
ကြာခဏလည်း 'ဘောက်ဆူး' ခေါ် မုန့်ဖိုးကိုပေးတတ်သည်။

ထောင်ပိုင်ကြီးမှာ ဇနီးနှင့် သမီးတစ်ဦးသာရှိသည်။ သမီးမှာ
လှပြီးဖြစ်ပြီး (၉) တန်းကျောင်းသူဖြစ်သည်။ ထောင်ပိုင်ကြီးက ကား
အသုံးနည်းသည်။ ရန်ကုန်ရုံးချုပ် အစည်းအဝေးနှင့် ပုသိမ်မြို့အတွင်း
အစည်းအဝေးပွဲများ၌သာ ကားကို အသုံးပြုတတ်သည်။

ဆိုရလျှင် နှစ်ပတ်တစ်ခါခန့်သာဖြစ်သည်။ နေ့စဉ် ကားအသုံး
ပြုနေသူများကတော့ ထောင်ပိုင်ကြီးကတော်နှင့် သမီးသာဖြစ်သည်။
ထောင်ပိုင်ကြီးကတော်က မနက် ညနေ ဈေးသွားသည်။ သမီးက မနက်
ကျောင်း၊ ညနေကျူရှင်ဖြစ်သည်။

မောင်လှငြိမ်းမှာ မိသားစုအခြေအနေအရ (၉)တန်းအောင်
သည်နှင့် ကျောင်းထွက်လိုက်ရသော်လည်း စာအလွန်တော်သူဖြစ်သည်။
ထို့ကြောင့်လည်း မလှဖြူမသိသော နားမလည်သဘောမပေါက်သော
ဘာသာရပ်များကို ရှင်းလင်းပြတတ်သည်။ ထို့ကြောင့် မလှဖြူစာတော်
သလို မောင်လှငြိမ်းကိုလည်း အစ်ကိုကြီးတစ်ဦးအနေဖြင့် ခင်မင်
ရင်းနှီးလာသည်။

www.burmeseclassic.com



ကျောင်းကြို ကျောင်းပို့လုပ်ရင်း မောင်လှငြိမ်းက သင်ကြားပြသပေးခြင်းသာဖြစ်သည်။ ထောင်ပိုင်ကြီးအိမ်ပေါ်တွင် စားပွဲဝိုင်းချ၍ စနစ်တကျသင်ကြားပေးသော အခြေအနေတော့မဟုတ်ပါ။

မနက် (၉)နာရီတွင် မလှဖြူအား အထက်တန်းကျောင်းသို့ ပို့ရသည်။ ညနေ (၃း၃၀)နာရီ ကျောင်းပြန်ကြိုပြီး ညနေ (၅)နာရီတွင် ကျူရှင်ပို့ရသည်။ ကျူရှင်မှာ ည (၇)နာရီမှပြီးသည်။ အပြန်လမ်းက မှောင်ပြီဖြစ်သည်။

မလှဖြူမှာ (၉)တန်းကျောင်းသူ၊ အသက် (၁၆)နှစ်ကျော်ရှိသာဖြစ်သော်လည်း ဖွံ့ထွားသည်။ ရခိုင်အနွယ်များဖြစ်၍ ယဉ်ကျေးပြီး ကျော့ရှင်းလှပသည်။

တစ်နေ့ ညနေစောင်းတွင်ဖြစ်သည်။ မလှဖြူအား ကျူရှင်ကြိုအပြီး ထောင်အိမ်သို့ပြန်လာစဉ် မလှဖြူက မောင်လှငြိမ်းအား တိုင်သည်။

"အစ်ကိုကြီး ...လှဝေတို့အုပ်စု ညီမကို စာအတင်းလိုက်ပေးတယ်။ ညီမ ဘယ်လိုလုပ်ရမလဲ"

"ဘယ်ကလှဝေလဲ ညီမ"

"ဟို ရေလုပ်ငန်းပိုင်ရှင်သူဌေး ဦးလှကျော်ရဲ့သားလေ။ ညီမတို့ကျူရှင်ကပဲ။ သူက (၉)တန်းမှာ တဖုန်းဖုန်းကျနေတာ"

"ညီမ အလိမ္မာသုံးပြီးနေပေါ့ကွယ်။ အဖျံ့အရှယ်၊ လူပျိုအရွယ် စာပေးတာတော့ မဆန်းပါဘူး။ လွန်ကဲလာရင်တော့ ဆရာ့ကိုတိုင်ပေါ့"

"သူတို့က အုပ်စုနဲ့အစ်ကိုရဲ့။ စာပေးတာ ရိုးရိုးပေးတာမဟုတ်ဘူး။ လက်ဆွဲပြီး အတင်း မယူမချင်းပေးတာ"





"အင်း ...ဒါဆို ထောင်ပိုင်ကြီးကို သတင်းပို့ရတော့မယ်ထင်တယ်"

"မလုပ်နဲ့ဦး ...အစ်ကို။ ဖေဖေက သဘောကောင်းပေမဲ့ လူဖြောင့်စိတ်တို ဒေါသအလွန်ကြီးတယ်"

"ဒါဆို ဒီလိုပဲ ငြိမ်ခံနေရမှာလား ညီမရဲ့။ နောက်ဆို အစ်ကို ကျောင်းပေါက်ဝအထိ လာကြိုမယ်"

"ဟုတ်ကဲ့ အစ်ကို"

✿ ✿ ✿

www.burmeseclassic.com

[ ၃ ]

❑

နောက်တစ်နေ့ညနေ ကျူရှင်ပို့တော့ မောင်လှငြိမ်းက မလှဖြူ
အား ကျောင်းခန်းထဲအထိ လိုက်ပို့သည်။ ကျောင်းပေါက်ဝတွင် စော
နေကြသော သူဌေးသားလုဝေတို့အုပ်စုကတော့ မောင်လှငြိမ်းအား စ
နောက်ကြ, ပြောင်ကြသည်။

"ဒါပေါ့ကွ ... အိမ်စောင့်ခွေး ကိုယ်ရံတော်တပ်မှူးက
ဆိုတာ။ ဟား ... ဟား ... ဟား"

"ဘယ်က တပ်မှူးကလေးမှာလည်း အိမ်စောင့်ခွေးအိုင်
ပါကွာ။ အဖက်လုပ်စရာ မလိုပါဘူး။ တစ်နည်းပြောရရင် ထော
ကြီးအိမ်က အနိုင်အစေကျွန်ပါကွာ။ ဟဲ ... ဟဲ ... ဟဲ"

မောင်လှငြိမ်း ငြိမ်ခံနေပါသည်။ သူက ထောင်အရာရှိကြီး
လက်အောက်ငယ်သား ယူနီဖောင်းဝတ် ဝန်ထမ်းဖြစ်သည်။ ကျေ





တော့မဟုတ်။ မိဘကို လုပ်ကျွေးနေသောသူဖြစ်သည်။ အစိုးရဝန်ထမ်း
ယူနီဖောင်းဝတ် တပ်သားဖြစ်၍ အဆင့်ဆင့်လေးစားပြီး စည်းကမ်းရှိ
သူသာဖြစ်သည်။ ထို့ကြောင့် သူမကြားယောင်ဆောင်၍ သည်းခံသည်။

ယခင်နေ့များက မလှဖြူအား ကျူရှင်ပို့ပြီးသည်နှင့် ထောင်
သို့ပြန်နေကျ။ ယနေ့တော့ မပြန်သေးပဲ ကားပေါ်သို့ တက်ထိုင်၍စောင့်
ကြည့်နေသည်။ လုဝေတို့အုပ်စု မကြားဝံ့မနာသာစကားများ ပြောနေ
ကြပြီး မောင်လှငြိမ်းအား ရန်စကြသည်။

ကျူရှင်တက်မှ မောင်လှငြိမ်း ထောင်သို့ပြန်ခဲ့သည်။ အပြန်
လမ်းတွင် ကားမောင်းလာရင်း လူငယ်ပီပီ အံတကြိတ်ကြိတ်နှင့် ခံပြင်း
လာခဲ့သည်။ သို့သော် လုဝေတို့အုပ်စုမှာ သူဌေးသားများဖြစ်ကြပြီး အုပ်စု
သည်းတောင့်သဖြင့် မောင်လှငြိမ်း စိတ်ကိုလျှော့ရသည်။

ည (၇)နာရီကြိုပြန်တော့ ပိုဆိုးလာပြန်သည်။ မလှဖြူအား
လုဝေတို့အုပ်စုက ကျောင်းခန်းမအပြင် မှောင်ရိပ်ရောက်သည်နှင့် ဆွဲ
အားရမ်းလား လုပ်လာကြသည်။ မောင်လှငြိမ်း အပြေးသွားစဉ် မလှ
ဖြူက ...

"အစ်ကို လုပ်ပါဦး"

"အေး ... အေး ... လာပြီ ညီမ"

"ဒီမှာညီလေးတို့ လူကြီးလူကောင်း သားသမီးတွေပဲ။ ဒီလို
မိန်းကလေးတစ်ယောက်ကို စော်ကားတာတော့ မကောင်းပါဘူး။ နောက်
ပြီး မလှဖြူက ထောင်ပိုင်ကြီးသမီးပါ။ အမှုအခင်းတွေဖြစ်ကြရင်
မကောင်းပါဘူး"

"ခင်ဗျားက ဘာကောင်မို့လဲ။ အေးအေးဆေးဆေး ဘေးဖယ်
နေပါ။ ဒါ ကျုပ်တို့ လူငယ်တွေကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



"လူငယ်တွေကိစ္စကို အစ်ကိုနားလည်ပါတယ်။ ဒါပေမဲ့ အ
ဟာက ညီလေးတို့က မိန်းကလေးတစ်ယောက်ကို အုပ်စုနဲ့ အနိုင်ကျ
စော်ကားသလို ဖြစ်နေတယ်။ အစ်ကိုတောင်းပန်ပါတယ် ညီလေး
ရာ။ လူငယ်ချင်းကိစ္စ မေတ္တာရှိရင်လည်း လူကြီးလူကောင်းသားသ
ပီပီ လူကြီးမိဘတွေကတစ်ဆင့် တောင်းရမ်းနိုင်ပါတယ်။ အခု
ကိုယ့်အိမ်ကို အေးအေးဆေးဆေးပြန်ကြပါ"

"မပြန်တော့ ခင်ဗျားက ဘာလုပ်ချင်သလဲ။ ကဲ ...
ကြစမ်းကွာ။ အိမ်စောင့်ခွေး ဒရိုင်ဘာကို ပညာပေးလိုက်ကြရအောင်"

လွယ်အိတ်များထဲမှ မောင်းပြန်ဓားများကိုထုတ်ပြီး ဖွင့်လိုက်ကြသည်။

"ဖျောက် ... ဖျောက် ... ဖျောက်"

"အစ်ကို သတိထားနော်"

မလှဖြူ၏ စူးရိမ်တကြီး သတိပေးသံ။

"ရတယ် ညီမလေး။ ကားပေါ်မှာသွားနေ"

"ကဲ ... ညီလေးတို့ကို တောင်းပန်လို့မရမှတော့ ယောကျ်ား
ပီပီ ရင်ဆိုင်ရတော့မှာပေါ့။ ငါကတစ်ယောက်တည်း လက်နက်မပါ
မင်းတို့က (၃)ယောက်တောင်၊ လက်နက်ကိုယ်စီနဲ့။ ကိုင်း ...
စောသေချင်တဲ့ကောင် အရင်ဝင်လာခဲ့တော့"

မောင်လှငြိမ်းမှာ ခြေခွင်ကိုခင်း၍ အကွက်ချလိုက်သည်။
ကလည်း ပေါ့သေးသေးမဟုတ်။ ပေတောမြို့နယ်မှ ရှမ်းသိုင်းဆရာ
ဦးရန်ဝေး၏ လက်ရင်းတပည့်တစ်ဦးဖြစ်သည်။ မောင်လှငြိမ်း ခြေ
ခင်း၍ နေရာယူသည်နှင့် လူဝေတို့အုပ်စု အတန်ငယ်တန့်သွားသည်။

သို့သော် လက်နက်ပါပြီး လူအားတောင့်သဖြင့် ခုန်ပျံဝင်





ကြသည်။ မောင်လှငြိမ်းကလည်း ခေသူမဟုတ်ပါ။ ပထမဆုံးဝင်လာသည့် မောင်လှဝေကို တစ်ကွက်ရှောင်၍ ဓားကိုင်လက်အား ဖမ်းချုပ်ပြီး လိမ်၍ ရှေ့တွင် ဒိုင်းသဖွယ်ကာထားလိုက်သည်။ ဓားသမားများက ဓားဖြင့် ဝိုင်းတွက်ကြသည်။

"စွပ် ... စွပ် ... အား ... အား"

မောင်လှငြိမ်းသည် ဒဏ်ရာရသွားသော လှဝေခန္ဓာကိုယ်ကြီးကို ဖယ်လိုက်ပြီး ဓားကိုင်နှစ်ယောက်အား တစ်ယောက်ချင်းဝင်လုံးရင်း ရင်ဝကို ဒူးနှင့်တိုက်၊ နောက်ကျောကို တံတောင်နှင့်ထောင်း၍ လှဲသိပ်ပေးလိုက်သည်။

"အား ... အား ... အင်း ... အင်း"

လက်နက်အားကိုးဖြင့် အုပ်စုအားကောင်းသော်လည်း ကိုယ်လုံးသိုင်းပညာရှင် မောင်လှငြိမ်းကို လှဝေတို့အုပ်စု မယှဉ်နိုင်ပါ။ မကြာမီ ရန်ဖြစ်သံကြား၍ ကျောင်းဆရာ၊ ဆရာမများနှင့် ရပ်ကွက်လူကြီးများ အလျှိုလျှို ရောက်လာကြသောကြောင့် သက်သေအဖြစ် မလှဖြူက တိုင်တန်းတော့သည်။ နှစ်ဖက်မိဘများကလည်း ရောက်လာကြသည်။ ဓားဒဏ်ရာရထားသော လှဝေကို ပုသိမ်ဆေးရုံကြီးသို့ မောင်လှငြိမ်း၏ကားဖြင့်ပင် အရေးပေါ် တင်ရသည်။

ဆေးရုံကြီး၌ ရာဇဝတ်မှုဖြစ်သဖြင့် ဆရာဝန်ကြီးကတိုင်ကြားရာ ရဲများရောက်လာကြသည်။ မကြာမီ လှဝေမိသားစုနှင့် ထောင်ပိုင်ကြီးနှင့်အဖွဲ့လည်း လိုက်လာကြသည်။ လှဝေ၏ ဓားဒဏ်ရာများမှာ ရင်အုံကို မထိ။ လက်မောင်းနှစ်ဖက်ကိုသာထိသဖြင့် အသက်အန္တရာယ်နှင့် ဝေးသော်လည်း သွေးထွက်မလွန်စေရန် ဆရာဝန်များက ပြုစုပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့မျက်နှာဖုံးများဖြစ်ကြ၍ ညှိနှိုင်းကြသော်လည်း လှဝေ၏ မိဘများဘက်က မကျေနပ်သဖြင့် မောင်လှငြိမ်းအား ဓားထိုးမှုဖြင့် အမှုဖွင့် တိုင်ကြားသည်။

ထို့ကြောင့် ထောင်ပိုင်ကြီးကလည်း မနေသာတော့။ သမီး မလှဖြူအား ဣန္ဒြေပျက်အောင်စော်ကားမှု၊ တပည့်မောင်လှငြိမ်းအား ဓားနှင့်ဝိုင်းထိုးမှုတို့ဖြင့် အမှုဖွင့်ရတော့သည်။ နောက်ဆုံး နှစ်ဖက်တရားပြိုင်များအား ရဲစခန်းကလူကြီးများအမှုဖြစ်၍ ခံဝန်ကိုယ်စီဖြင့် အာမခံ ပေးသည်။

အပြန်လမ်း၌ မလှဖြူက သူ့မိဘများအား အမှုဖြစ်စဉ်အကျိုး အကြောင်း ဓာတ်ရည်လည်အောင် ရှင်းပြသဖြင့် သဘောပေါက်သွား သော ထောင်ပိုင်ကြီးက . . .

"ငါ့တပည့် မောင်လှငြိမ်း . . . ဘာမှမစိုးရိမ်နဲ့။ ဆရာတို့က ဥပဒေဘက်တော်သားတွေ အမှန်အတိုင်းဖြစ်စေရမယ်။ စိတ်အေးအေး ထား။ မစိုးရိမ်နဲ့။ မင်းညီမကို အရှက်တကွဲ၊ အကျိုးနည်းမဖြစ်အောင် မင်း ကာကွယ်တဲ့အတွက် မင်း မနစ်နာစေရဘူး။ ဆရာ ရေဆုံးရေဖျား အထိ လိုက်မယ်"

နောက်နေ့များတွင် နှစ်ဖက်သက်သေများနှင့် တရားခံများ အားစစ်ဆေးပြီး တရားရုံးသို့ စွဲချက်တင်သည်နှင့် နှစ်ပတ်တစ်ကြိမ် ရုံးချိန်းသွားရသဖြင့် မစွန်းရင်းကလည်းမှို ကန်စွန်းခင်းကလည်း ငြိ သဖြင့် မောင်လှငြိမ်းနှင့် မလှဖြူတို့ ချစ်သူများဘဝသို့ရောက်သည်။ တစ်ဦးနှင့်တစ်ဦး အသက်ပေး၍ချစ်သော ချစ်သူများ ဖြစ်သွားကြသည်။

✿ ✿ ✿

[ ၄ ]

❑

(၆)လခန့် အမှုရင်ဆိုင်ကြပြီးမှ မောင်လှငြိမ်းနှင့် မောင်လှ ဝေတို့ တရားသေလွှတ်မြောက်ကြပြီး မောင်လှဝေ၏သူငယ်ချင်းနှစ်ဦး ဖြစ်သူ ဖိုးဖြူနှင့်နီမောင်မှာ ဓားထိုးမှုဖြင့် ထောင် (၁)နှစ်စီကျသည်။ အကယ့်တရားခံအစစ် ရေလုပ်ငန်းသူဌေးသား မောင်လှဝေကတော့ လွတ်မြောက်သွားသည်။

(၉) တန်းစာမေးပွဲများ ပြီးဆုံးတော့ မလှဖြူ (၁၀)တန်းသို့ တက်ရသည်။ မောင်လှငြိမ်းလည်း ထောင်ပိုင်ကြီး၏ ပံ့ပိုးထောက်ပံ့မှု ဖြင့် ဒုတိယတပ်ကြပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။ မောင်လှ ငြိမ်းနှင့် မလှဖြူတို့ အလွန်ပျော်ကြသည်။ သို့သော် သူတို့အချစ်ဇာတ် လမ်းကိုတော့ လူကြီးများမသိအောင် သိုဝှက်ထားကြသည်။ (၁၀) တန်း နှစ်လယ်ခန့်တွင် မလှဖြူက . . .

"ကိုငြိမ်း . . . ဒီလို တစ်ရစ်ပြီးတစ်ရစ်တက်နေရင် အခွင့် ကြာမယ်။ ညီမနဲ့ကိုငြိမ်းနီးစပ်ဖို့က ကိုငြိမ်း အရာရှိဖြစ်မှဖြစ်မယ်။ ဒါ



www.burmeseclassic.com

ကြောင့် ကိုငြိမ်း (၁၀)တန်းစာမေးပွဲကို အပြင်ကပြန်ဖြေပါ။ ကိုငြိမ်းက ဉာဏ်ကောင်းပါတယ်။ ညီမဆီမှာ မှတ်စုတွေယူဖတ်ပေါ့။ ကိုငြိမ်း (၁၀) တန်းစာမေးပွဲဖြေနိုင်အောင် ကျူရှင်လည်းတက်ပါ။ ညီမမိဘတွေကို ပြောပေးမယ်။

"အေးပါ ... ညီမရယ်။ အစ်ကို ကြိုးစားပါ့မယ်"

(၁၀)တန်းအောင်မှ (inService) အနေနဲ့ ထောင်မှူးဖြစ်နိုင်တာ။ (၁၀)တန်းအောင်ပြီးတော့လည်း အဝေးသင်တက္ကသိုလ်တက်ပြီး ဘွဲ့တစ်ခုခုရအောင်လို့လေ။ တစ်ဆင့်ပြီးတစ်ဆင့် ဘဝကို တိုးတက်အောင် လုပ်ကြတာပေါ့ အစ်ကိုရယ်နော်"

"အေးပါကွယ် ... အေးပါ"

မလှဖြူ၏ ပြောဆိုစည်းရုံးမှုကြောင့် ထင်ပါသည်၊ ထောင်ပိုင်ကြီးကလည်း မောင်လှငြိမ်းအား (၁၀)တန်းစာမေးပွဲဖြေဆိုရန် ငွေကြေးကအစ ထောက်ပံ့သည်။ ကျူရှင်ကိုလည်း မလှဖြူနှင့်အတူ ပုသိမ်မြို့ပေါ်က အကောင်းဆုံးကျူရှင်ကို ထားပေးသည်။ ကျောင်းသွားအတူ ကျောင်းပြန်အတူဖြစ်၍လည်း မောင်လှငြိမ်းနှင့် မလှဖြူတို့အချစ်မှာ ပိုမိုတောင့်တင်း ခိုင်မာလာသည်။

လူ့ဘဝဆိုသည်မှာ သာယာဖြောင့်ဖြူးသော လမ်းခရီးမဟုတ်ပါ။ တိုက်ပွဲအလီလီတိုက်ပြီး အောင်ပွဲအလီလီခံရအောင် လုံ့လဝီရိယဖြင့် ကြိုးစားကြရသည်။ ကံမခိုင်၊ သံတိုင်အိမ်ဆောက်တောင်မမြဲဟူသော စကားပုံအရလည်းကောင်း၊ ကံမရှိ ဉာဏ်ရှိတိုင်းမွဲဟူသော စကားပုံအရလည်းကောင်း လူ့ဘဝတွင် ကံမကောင်းပါက ဉာဏ်နှင့်ဝီရိယထားကယ်တာတောင် အောင်မြင်မှုမရနိုင်ပေ။

စိတ်ကူးသစ်စာပေ



မောင်လှငြိမ်းသည် မလှဖြူကို အလွန်ချစ်၍ ကြိုးစားပါသည်။ ဆိုက ဉာဏ်ကောင်းသူဖြစ်၍လည်း (၁၀)တန်းစာမေးပွဲတွင် ကောင်းကောင်းဖြေဆိုနိုင်သည်။ (၁၀)တန်းအောင်မြင်ပါက အဝေးသင်တက္ကသိုလ်တက်ပြီး တစ်နှစ်ပြီးတစ်နှစ် အောင်မြင်လာသည်နှင့်အမျှ ရာထူးတိုးတက်ပြီး အရာရှိဖြစ်ရန် အခွင့်အရေးလည်း ရလာမည်ဖြစ်သည်။

မောင်လှငြိမ်းနှင့် မလှဖြူတို့ဘဝမှာ အနေအထား၊ ရာထူးဂုဏ်၊ ဓနဂုဏ် ကွာခြားလွန်းလှသဖြင့် မောင်လှငြိမ်းတစ်ယောက် အပြင်းအထန် ကြိုးစားနေရခြင်းဖြစ်သည်။

မိုးကျတော့ (၁၀)တန်းအောင်စာရင်းများ ထွက်သည်။ မောင်လှငြိမ်း ဂုဏ်ထူးနှစ်ဘာသာဖြင့်အောင်သည်။ မလှဖြူက ဂုဏ်ထူးတစ်ဘာသာပါသည်။ သူတို့နှစ်ဦး အလွန်ပျော်ကြသည်။ အပျော်လွန်ပြီး ချစ်သူနှစ်ဦးချိန်းတွေ့ကြရာ ထောင်မှ အရာရှိတစ်ဦးမြင်သွားသည်ကို သူတို့ မသိလိုက်ကြပါ။

နောက်တစ်ပတ်တွင် မောင်လှငြိမ်းအား ထောင်ပိုင်ကြီးအိမ်မှ MAZADA JEEP ကားအစား ရိက္ခာဌာနမှ HINO RANGER ကားကြီးအား ပြောင်းရွှေ့မောင်းနှင်ရန် တာဝန်ခံအရာရှိ၏အမိန့်စာ ထွက်လာသည်။ မောင်လှငြိမ်း အလွန်အံ့ဩမိသည်။ ထောင်ပိုင်ကြီးနှင့် ထောင်ပိုင်ကြီးကတော်ကလည်း ယခင်ကလို လိုက်လိုက်လှဲလှဲမရှိတော့။ သူစိမ်းတွေလို ဆက်ဆံလာသည်။ ကျောင်းလည်း မတက်ရတော့သဖြင့် မလှဖြူနှင့်လည်း မတွေ့နိုင်တော့ပါ။ ထောင်ပိုင်ကြီး၏ မာဇဒါဂျစ်ကားအား ယခင်ရိက္ခာဌာနမှ ယာဉ်မောင်းဦးသန်းချစ်က မောင်းနေသည်။

မောင်လှငြိမ်း ရိပ်မိသိရှိပါသည်။ သို့သော် သူ၌ ဘာလုပ်နိုင်စွမ်း မရှိပါ။ မလှဖြူထံမှ အဆက်အသွယ်ကိုသာ စောင့်မျှော်ရင်း ရင်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



မောနေရတော့သည်။ အခုတလော မလှဖြူ၏ အရိပ်အယောင်ကိုပင် မမြင်ရသည်မှာ အတော်ကြာပြီဖြစ်သည်။ တစ်ပတ်ခန့်ကြာမှ သိရသည်မှာ မလှဖြူအား ရခိုင်မှအမျိုးများထံ ပို့ထားကြောင်းဖြစ်သည်။

မောင်လှငြိမ်းနှင့် မလှဖြူတို့အချစ်ခရီး ဝေးကြရပြီထင်ပါ သည်။ မလှဖြူထံမှ အဆက်အသွယ်တစ်စုံတစ်ရာ မရပါ။ မောင်လှငြိမ်း မှာ လူပျိုလူလွတ်ဖြစ်၍ ထောင်ရပ်ကွက်၌ လိုင်းခန်းလည်း မရှိပါ။ မိဘများနေသော တောင်အနောက်ဘက်၊ မရမ်းချိုရပ်ကွက်၌သာ နေ ထိုင်နေခြင်းဖြစ်သည်။

တစ်ညနေ အလုပ်ပြန်ချိန်၌ မောင်လှငြိမ်း၏မိခင်က စာတစ် စောင်ပေးသည်။ စာအိတ်ပေါ်က ဝိုင်းစက်လှပသော လက်ရေးကလေး ကို မြင်သည်နှင့် မလှဖြူ၏လက်ရေးမှန်း မောင်လှငြိမ်း ချက်ချင်းသိ သည်။ မောင်လှငြိမ်း အလွန်ဝမ်းသာရပါသည်။ ချက်ချင်းပင် ဖောက်ဖတ် ကြည့်တော့ . . .

*ကိုငြိမ်း . . .*

*ညီမ စစ်တွေမြို့က အမျိုးတွေဆီမှာရောက်နေတယ်။ ညီမကို ရမ်းဗြဲကျွန်းက ရေနံလုပ်ငန်း သူဌေးသားတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်နေကြတယ်။ အစ်ကို အမြန်လိုက်ခဲ့ပါ။ အစ်ကို အမြန် မီမလာရင်တော့ ညီမကိုယ်ညီမ သတ်သေမှာပဲ။ အောက်မှာ လိပ်စာ ရေးထားပါတယ်။ အစ်ကို ဆက်ဆက်အမြန်လာပါ။*

*အစ်ကို့ကိုသိပ်ချစ်ရတဲ့ ညီမ . . .*

*လှဖြူ*

*သေဌ၊ စစ်တွေမြို့*

✿ ✿ ✿

[ ၄ ]

❑

နောက်တစ်နေ့မနက်၌ပင် မောင်လှငြိမ်း မော်တော်ယာဉ်မှူး သံမှတ်တစ်ဆင့် ဂါတ်စာရေးကြီးထံသို့ ခွင့်တစ်ပတ်တင်သည်။ သို့သော် ၎င်းသိမ်ထောင်တွင် ထောက်ပံ့ရှာနကားကြီးကို မောင်းနိုင်သည့် ယာဉ် မောင်းကမရှိ။ ထောင်ပိုင်ကြီးကားကိုမောင်းသည့် ယာဉ်မောင်းဦးသန်း ချစ်ကို အကူအညီတောင်းမှ ဖြစ်နိုင်ပေမည်။

သို့သော် ဦးသန်းချစ်က ထောင်ပိုင်ကြီးကတော်နှင့်အတူ စစ် တွေမြို့သို့သွားနေ၍ ယာဉ်မောင်းကမရှိပြန်။ ထို့ကြောင့် မောင်လှငြိမ်း ခွင့်မရပါ။ ယူနီဖောင်းဝတ်ဖြစ်သဖြင့် သာရေးနှင့်နာရေး အရေးကြီး သော ကိစ္စများ၌သာ ခွင့်ပေးနိုင်မည်ဖြစ်ကြောင်း ဂါတ်စာရေးကြီးထံ မှ အကြောင်းပြန်ကြားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်လှငြိမ်း အခက်တွေ့ရပါပြီ။ မလှဖြူက အချစ်ကြီးပြီး အမျက်ကြီးတတ်သဖြင့် သူမ၏စာတွင် ပါသည့်အတိုင်း မတော်တရော် လုပ်သွားမှာလည်း စိုးရိမ်မိသည်။ ထို့ကြောင့် မောင်လှငြိမ်း ခွင့်မဲ့ထွက်ပြေးရန်ပင် စိတ်ကူးမိသည်။

သို့သော် မိုးကာလ ရိက္ခာစုဆောင်းချိန်ဖြစ်သဖြင့် လေနှင့် မိုးကြားထဲတွင် မောင်လှငြိမ်းတစ်ယောက် မနားရရှာပါ။ မနက်မိုးလင်းမှ မိုးချုပ်အထိ ရိက္ခာပစ္စည်းများကိုသယ်ဆောင်ပြီး ထောင်တွင်းရိက္ခာ ရုံးသို့ အခေါက်ခေါက်အခါခါ သယ်ဆောင်ပေးနေရသည်။ တာဝန်ကို လေးစားတတ်သော မောင်လှငြိမ်းအနေဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ် မလှဖြူ၏ကိစ္စကိုပင် တဒင်္ဂ မေ့လျော့သွားတတ်သည်။

သို့ဖြင့် (၅)ရက်ခန့်ကြာသွားပြီး တစ်ညနေတွင် မောင်လှငြိမ်း ထံသို့ ရိက္ခာဌာနထောင်မှူးထံမှ သတင်းဆိုးတစ်ခုကို ကြားရတော့သည်။

"မောင်လှငြိမ်းရေ ... စိတ်နိုင်နိုင်ထားပေရော့။ မလှဖြူတော့ စစ်တွေမြို့မှာ ဆုံးရှာပြီလို့ သတင်းရတယ်"

"ခင်ဗျာ ... ဘယ်လိုဆရာ ... မလှဖြူဆုံးပြီ ဟုတ်လား"

"ဟုတ်တယ် ... မောင်လှငြိမ်းရေ။ ရေနံသူဌေးသားနဲ့ လက်ထပ်ရမဲ့ရက်မတိုင်ခင်ညမှာ အိပ်ဆေးအသောက်လွန်ပြီး ဆုံးပါးသွားတာတဲ့။ ထောင်ပိုင်ကြီးတောင် အစောကလေးကပဲ ဦးသန်းချစ်ပြန်လာ ခေါ်လို့ အရေးပေါ်လိုက်သွားပြီ"

"ကျွန်တော့်ဘဝတော့ သွားပါပြီ ဆရာရယ်။ ညီမ ... မလှဖြူရေ ... အစ်ကို့ကြောင့်ဖြစ်ရတာ။ အစ်ကိုလည်း နောက်က အမီ ခဲ့မယ်။ ညီမလှဖြူ တမလွန်က စောင့်နေပေရော့ကွယ့်။ အဟီး ... အီး ... အီး ... ဟီး ..."





မောင်လှငြိမ်းမှာ မလှဖြူ၏ ပိုင်းစက်သောလက်ရေးကလေး ရေးပို့လာသော စာကလေးအား ရိက္ခာဌာနတာဝန်ခံ ထောင်မှူး စာလွှင်အား ထုတ်ပြမိသည်။

"ဩော် ... မင်းတို့က တကယ်ချစ်ကြတာကိုး။ ထောင်ပိုင် သိမ်းဆိုတော့ အစ်ကိုတို့လည်း မတတ်နိုင်ဘူး ညီလေးရေ။ မလှဖြူ ညီလေးကို တကယ်ချစ်လို့ တကယ်လုပ်သွားတာကိုး။ ဗုဒ္ဓဘာသာဝင် တရားနဲ့ဖြေပေတော့ ညီလေးရာ"

"ကျွန်တော် ခွင့်မဲ့ပြေးဖို့ လုပ်နေတာပါဆရာ။ ဒီမှာလည်း ကာလ အလုပ်တာဝန်တွေက အရေးပေါ်နေတော့ ကိုယ်ရေး ယ်တာကိစ္စတောင် စဉ်းစားချိန်မရပါဘူး။ ကျွန်တော် အလွန်ကံဆိုး ယ် ဆရာရယ်။ မလှဖြူကတော့ ကျွန်တော့်အပေါ်မှာ အလွန်စိတ် ရှာမှာပါပဲ။ အင်း ... အဟီး ... အီး ... အီး"

"စိတ်ထိန်းပါ ... ညီလေးရာ။ မင်းက အရာရှိမဟုတ်သေး သူတို့က အထင်မကြီးကြဘူးပေါ့။ နောက်ပြီး သူတို့ရနိုင်လူမျိုး က သူတို့ရနိုင်အချင်းချင်းပဲ ပေးစားတတ်ကြတာ။ တရားနဲ့သာ ... ညီလေးရယ်။ မင်းလို လူတော်လူကောင်းတစ်ယောက်ဟာ နေတော့ အရာရှိဖြစ်လာမှာပါ။ အဲဒီတော့မှ သူတို့ထက်သာတဲ့ သူဌေး ကို ခေါင်းခေါက်ယူပြလိုက်ပေါ့ကွာ"

"မဖြစ်နိုင်တော့ပါဘူး ... ဆရာရယ်။ ကျွန်တော့်ဘဝကို ကုန်လွန်းလို့ လက်လျှော့လိုက်ပါပြီ။ အလုပ်က ထွက်စာတင်မယ်။ ပ်နဲ့ ဒီထောင်ကြီးကိုလည်း စိတ်ကုန်ပါပြီဗျာ။ မလှဖြူကိုလည်း ဖက်ပြီး နောက်တစ်ယောက်ကိုလည်း မရှာတော့ပါဘူး ဆရာ



www.burmeseclassic.com

ရယ်။ ဒီကိစ္စတွေက ကျွန်တော်နဲ့မလုပ်ဖြူသာ အသိဆုံးပါ ဆရာရယ်"

"မောင်လှငြိမ်း . . . မဟုတ်မဟာ်တာတွေနဲ့ စိတ်ကူးမယ် နဲ့။ မင်းဘဝက အခုဆိုရင် တိုးတက်လာပြီ။ (In Service) ဆိုတော့ မင်းမကြာခင် ထောင်မှူးလောင်းစာမေးပွဲ ဖြေရတော့မှာ အသေအချာ ပဲ။

နောက်ထပ်(၄)နှစ် အဝေးသင်တက္ကသိုလ်တက်ပြီး ထောင်မှူး ကြီးဖြစ်တော့မှာ။ ထောင်မှူးကြီးဖြစ်တာနဲ့ ထောင်ပိုင်ဆိုတာ အလှမ်း မဝေးတော့ဘူး။ မင်းလို လူတော်တစ်ယောက်အနေနဲ့ ကိုယ့်ဘဝကို တန်ဖိုး ထားပါ။ တလွဲမကြံစည်နဲ့။ ယောက်ျားပဲကွ မာန်မာနထားစမ်းပါ။

ကဲ . . . မောင်လှငြိမ်းရေ ငါလည်း အိမ်ပြန်နားတော့မယ် မင်းရော မပြန်သေးဘူးလား။ မိုးတောင်ချုပ်ပြီပဲ ပြန်ချေတော့ပေါ့ကွာ"

"ကျွန်တော် ဆန်အိတ်တွေ ကားပေါ်ကချပြီး ဂိုထောင်သွင်း တာ စောင့်ကြည့်ရဦးမယ်ဆရာ။ ပြီးမှပြန်ပါ့မယ်။ ဆရာသာ စိတ်ချ လက်ချ ပြန်ပါ"

"အေး . . . အေး . . . ငါစိတ်ချမယ်။ ဒီနေ့မှ ရိက္ခာစာရေး လေးနဲ့ ဂိုထောင်စောင့်ဝန်ထမ်းလေးက စောစောပြန်သွားကြတယ်။ ဆန် အိတ်တွေ ဂိုထောင်ထဲသွင်းပြီးတာနဲ့ ရိက္ခာရုံတံခါးတွေကို လုံခြုံအောင် ပိတ်၊ သော့တွေကို အသေအချာခတ်ပြီးမှ မင်းပြန်ပေရော့။ ကဲ . . . မောင်လှငြိမ်းရေ . . . အစ်ကို ပြန်ဦးမယ်"

"ဟုတ်ကဲ့ . . . စိတ်ချပြန်ပါ ဆရာ"

မောင်လှငြိမ်းတစ်ယောက် ရိက္ခာဂိုထောင်ရှေ့ခန်း၌ ငူငူငေး ငေါင်ထိုင်နေရင်း အစ်ကိုလို ခင်မင်လေးစားရသော ရိက္ခာထောင်မှူး ဦးစောလွင်ကို ဂါရဝပြုမိသည်။

စိတ်ကူးသစ်စာပေ



ရိက္ခာထောင်မှူး ဦးစောလွင်မှာလည်း ရခိုင်တိုင်းရင်းသား တစ်ဦးဖြစ်သည်။ သို့သော် သူက ခေတ်ပညာတတ် လူငယ်တစ်ဦးဖြစ် သဖြင့် မှူးတသည်။ လူမျိုးခွဲမရှိ။ သူယူထားသော အမျိုးသမီးကလည်း ရခိုင်တိုင်းရင်းသူမဟုတ်။ ဗမာမဖြစ်သည်။ ကလေးပင် နှစ်ယောက်ရ နေပြီဖြစ်သည်။

မောင်လှငြိမ်း ဆန်အိတ်များ ကားပေါ်ကချနေသည်ကို စောင့် ကြည့်ရင်း စာတစ်စောင်ကို ရေးနေသည်။ ည (၇) နာရီခန့်မှ ဆန်အိတ်များ ရိက္ခာဂိုထောင်အတွင်း သွင်းပြီးနောက် ဝန်ထမ်းနှင့် ရဲဘက်များ ပြန် သွားကြသည်နှင့် မောင်လှငြိမ်း တံခါးများကို အသေအချာစစ်ဆေးပြီး ပိတ်သည်။ သော့များကို စစ်ဆေးသည်။

ရိက္ခာဂိုထောင်အဝတွင် သွင်းထားသော Hino Ranger ကား ကြီးကို ရှေ့သို့တိုး၍ တံခါးနှင့်ခွာပြီး ကားဂိုထောင်အတွင်း၌ရပ်သည်။ ပြီးနောက် ကားနောက်ခန်းပေါ် တက်လိုက်ဆင်းလိုက်လုပ်ပြီး အလုပ် များသွားတော့သည်။ ထောင်ပိတ်ချိန်ဖြစ်၍ ရိက္ခာပစ္စည်းများသာထား သော ဂိုထောင်ဝင်းအတွင်း၌ ဝန်ထမ်းနှင့်ရဲဘက်များ တစ်စုံတစ်ယောက် မျှ မရှိကြတော့ပါ။ မောင်လှငြိမ်းတစ်ယောက် လွတ်လပ်စွာ အလုပ် လုပ်နေပြီဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

[ ၅ ]

ည (၇)နာရီကျော် ထောင်ပိတ်ပြီးချိန်၌ အရာရှိနှင့် ဝန်ထမ်းများမှတစ်ပါး နေ့တာဝန်ကျအရာရှိများနှင့် ဝန်ထမ်းများ Main Jail တွင် ထောင်ပိတ်လက်မှတ်ထိုးပြီးသည်နှင့် တစ်စုတစ်ဝေးတည်း ထွက်လာကြသည်။ ထောင်ပိတ်နောက်ကျသည့်မှာ မနေ့ကတည်းကဖြစ်သည်။

တိုက်ဆိုင်သည်ကတော့ မနေ့ညက ထောင်ပိုင်ကြီးသမီး မလှမြ အိပ်ဆေးသောက်၍ သေဆုံးသည်၊ ယနေ့ညကတော့ ဘာဖြစ်မှန်းမသိ၊ ထောင်ပိတ်ရာ၌ လူတစ်ယောက်လိုလိုက်၊ လူတစ်ယောက် ပိုလိုက်ဖြင့် (၃)ကြိမ် (၃)ခါ အဖွဲ့ပြောင်း၍ ရေတွက်မှ အမှန်ရသည်။ နယ်ထောင်များတွင် လူအဝင်အထွက်နည်း၍ ထောင်ပိတ်ရာတွင် ချောတိုင်းစေသည်။

ထောင်ပိတ်အဖွဲ့ အတွင်းထောင်ဘူးဝအရောက်တွင် ရိက္ခာဌာနဝင်းတံခါး ပွင့်နေကြောင်း တွေ့ရှိသွားသဖြင့် ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးက ထောင်ကြပ်အား ...





"ဆရာမြင့်သိန်း ... ရိက္ခာကိုထောင် ဆန်အိတ်တွေချတာ မပြီးသေးဘူးလား"

"ထောင်ပိတ်နေတုန်းက ရဲဘက် (၂၀) ပြန်သွင်းပြီးပြီလေ ဆရာ၊ ရိက္ခာထောင်မှူး ဦးစောလွင်လည်း ပြန်လောက်ပါပြီ။ ကားဆရာ မောင်လှငြိမ်းတစ်ယောက် ကားများပြင်နေသလား မသိဘူး။ ကျွန်တော် သွားကြည့်လိုက်ပါ့မယ်"

တပ်ကြပ်မြင့်သိန်း ရိက္ခာကိုထောင်ထဲဝင်သွားပြီး မကြာမီ ...

"ဆရာထောင်မှူးကြီး ... လာပါဦးဗျို့။ မောင်လှငြိမ်းတစ်ယောက် ကြိုးဆွဲချပြီး သတ်သေသွားပြီ။ လုပ်ပါဦး"

မကြာမီ ရဲစခန်းမှာ စခန်းမှူးနှင့်အဖွဲ့ ရဲကားဖြင့် ရောက်လာသလို ထောင်အနောက်ဘက် မရန်ချီးရပ်ကွက်၌ နေထိုင်ကြသော မောင်လှငြိမ်း၏မိခင်၊ ဖခင်နှင့် မိသားစုဝင်များလည်း ထောင်မှူးကြီး၏ အခေါ်လွှတ်သဖြင့် ဝမ်းနည်းပူဆွေး ငိုကြွေးလျက် ရောက်လာကြသည်။

ငိုကြွေးသံများကြောင့် ယခင်က ညည့်ယံအချိန် ထောင်ပိတ်ပြီးသည်နှင့် အေးဆေးဆိတ်ငြိမ်နေတတ်သော ပုသိမ်ထောင်ကြီးဝန်းကျင်မှာ ကျွက်ကျွက်ဆူညံနေတော့သည်။

မြို့မရဲစခန်းမှူးနှင့်အဖွဲ့က မောင်လှငြိမ်းအလောင်းအား အနေအထားအမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်သည်။ စစ်ချက်များယူသည်။ သက်သေခံပစ္စည်းများ ရှာဖွေသိမ်းဆည်းစဉ် အခင်းဖြစ်ပွားရာ နေရာအနီး၌ ရိက္ခာကိုထောင်ရှေ့ စားပွဲပေါ်တွင် ကျောက်တုံးကလေးဖြင့် ဖိထားသော စာသုံးစောင်ကို တွေ့ရှိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စာတစ်စောင်မှာ တာဝန်ခံအရာရှိ၊ ပုသိမ်ထောင်ဟု လိပ်မူပြီး အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ရေးထားသည်။ ဒုတိယတစ်စောင်မှာ မောင်လှငြိမ်းက မိဘများအားလိပ်မူပြီး သားမိုက်အား ခွင့်လွှတ်နားလည်ပေးပါရန် ပန်ကြားအသနားခံစာဖြစ်သည်။

တတိယစာကတော့ မလှဖြူ၏ ဝိုင်းစက်ညီညာသော လက်ရေးကလေးဖြင့် မောင်လှငြိမ်းအား လာခိုးရန်နှင့် တမလွန်တွင် ပေါင်းဆုံကြရန်အတွက် ဆုတောင်းထားသော စာကလေးဖြစ်သည်။ စာများကို ဖတ်ရသူအားလုံး မျက်ရည်မဆည်နိုင်ကြ။ စုတ်တသပ်သပ်ဖြင့် တောက်တခေါက်ခေါက် ဖြစ်ကြရသည်။

ထောင်ပိုင်ကြီးမိသားစုမှာ သမီးသေဆုံးသဖြင့် စိတ်ဒုက္ခရောက်ကြရသည်မှာ မှန်ကန်သော်လည်း အကျဉ်းထောင်လောက၌ နာမည်ဆိုးဖြင့် ကျော်ကြားတော့မည်မှာ အမှန်ပင်ဖြစ်သည်။ မောင်လှငြိမ်း သေဆုံးချိန်တွင် ပုသိမ်ထောင်၌ ထောင်ပိုင်ကြီးမိသားစု မရှိသဖြင့်သာ တော်ပေတော့သည်။

ရဲအရေးပိုင်သောအမှုဖြစ်သဖြင့် မောင်လှငြိမ်း၏ရုပ်အလောင်းအား ပုသိမ်ဆေးရုံကြီးသို့ သယ်ဆောင်သွားပြီး သေမှုသေခင်း ဖွင့်လှစ်သည်။ သက်သေများအား ခေါ်ယူစစ်ဆေးသည်။ ထောင်ဆရာဝန်၏ ဆေးမှတ်တမ်း၊ သက်သေခံချက်များနှင့် ထောင်မှူးကြီး၏ မျက်မြင် သက်သေထွက်ချက်များအား အတည်ပြုသည်။

မလှဖြူအား စစ်တွေမြို့၌ သင်္ဂြိုဟ်၍ ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့တွင် ထောင်ပိုင်ကြီးမိသားစု ပုသိမ်မြို့သို့ ပြန်ရောက်လာရာ ထောင်တွင် မောင်လှငြိမ်း၏ ရက်လည်ဆွမ်းကျွေးသောနေ့နှင့်





တိုးသည်။ ဝန်ထမ်းအများစုက ထောင်ပိုင်ကြီးကို မကျေနပ်ကြပါ။ ထောင်ပိုင်ကြီးမှာ နဂိုက သဘောကောင်းသူဖြစ်သော်လည်း သမီးကိစ္စတွင် အဆင့်အတန်း ခွဲခြားမိသဖြင့် လွန်စွာ အရုပ်ဆိုးအကျည်းတန်သော လူမှုရေးပြစ်မှုကြီးကို ကျူးလွန်မိခြင်းဖြစ်သည်။

ဝန်ထမ်းများနှင့် ရပ်ရွာလူထုမှာ မောင်လှငြိမ်းကို သံယောဇဉ်ရှိကြသဖြင့် အသုဘကို ပို့ဆောင်ရာ၌လည်းကောင်း၊ ရက်လည်ဆွမ်းကျွေးသောနေ့၌လည်းကောင်း စည်ကားစွာ ဝိုင်းဝန်းကူညီကြသည်။ ရက်လည်ဆွမ်းကျွေးကို နှစ်နေရာလုပ်၍ တရားနာအမျှဝေသည်။

မောင်လှငြိမ်းတို့ မရန်းချိုရပ်ကွက်အိမ်တွင် တစ်နေရာနှင့် အသက်ပျောက်ကွယ်လွန်ခဲ့သော ပုသိမ်ထောင်အတွင်း ရိက္ခာရုံ၌ တစ်နေရာဖြစ်သည်။ နှစ်နေရာစလုံး ဝန်ထမ်းများနှင့် မြို့ခံလူထုဖြင့် အလွန်စည်ကားလှပါသည်။

မောင်လှငြိမ်းနှင့် မလှဖြူတို့၏ ဇာတ်လမ်းကို ပုသိမ်ထောင်ဝန်ထမ်းများနှင့် အကျဉ်းသူ၊ အကျဉ်းသားများ၊ မြို့ခံလူထုက မြန်မာရိုမီယိုနှင့် ဂျူးလီယက်ဇာတ်လမ်းဟု ပြောဆိုလေ့ရှိကြသည်။ (၇) ရက်နှင့် မေ့လွယ်၊ ပျောက်လွယ်သော ဇာတ်လမ်းမျိုးမဟုတ်။ အချိန်ကာကြာမြင့်စွာ စွဲမြဲပြောဆိုကျန်ရစ်သော ဇာတ်လမ်းမျိုးဖြစ်သည်။

တမလွန်တွင် မောင်လှငြိမ်းနှင့် မလှဖြူတို့၏ဝိညာဉ်များ ဆုံတွေ့သည်၊ မဆုံတွေ့သည်ကို မသိနိုင်သော်လည်း မျက်မှောက်ကာလသူအများ၏ ပါးစပ်များတွင်တော့ မောင်လှငြိမ်းနှင့်မလှဖြူတို့၏ အချစ်ဇာတ်လမ်းက မရိုးနိုင်အောင် ပြောစမှတ်တွင်သော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိုင်ကြီးမှာလည်း မှားမှန်းသိပြီး သံဝေဂရဟန့်ရ
သည်။ အသက် (၆၀) နှစ်မပြည့်သော်လည်း လုပ်သက် နှစ် (၃၀) ပြ
ပင်စင်ယူ၍ ထောင်လောကမှ အနားယူပြီး ရခိုင်ပြည်နယ်သို့ ပြော
ရွှေ့၍ ဇာတ်မြှုပ်သွားတော့သည်။

သင်ခန်းစာယူစရာကတော့ စာရေးသူ ကျွန်ုပ်နှင့် တဖတ်
သင်ပါ တစ်နေ့တွင် လူကြီးမိဘအရာကို ရောက်ကြရမည့်သူများ
ဖြစ်သည်။ သားသမီးပေါ်တွင် ဆက်ဆံရာ၌ အလိုမလိုက်ဘဲ မ
စတင်း စောင်းကြိုးညင်းသလို ကြိုတင်လေ့လာပြီး ကြိုတင်ကာ
ထားသင့်သည်။ မိုးလွန်မှ ထွန်မချပါနှင့်။ အကျိုးယုတ်တတ်သည်။

ခေတ်ရွေ့ပြေး သားသမီးများမှာ ရေးရိုးရာယဉ်ကျေးမှုအ
ကို လက်မခံတတ်ကြသည်က များသည်။ ထို့ကြောင့် မိဘလုပ်သူလည်
ခေတ်မီပါ။ အဆင့်အတန်း မခွဲပါနှင့်။ ရိုးသားကြိုးစား၍ တက်လ
သော လူငယ်ကို သင့်တော်သောလူငယ်ဟု အသိအမှတ်ပြုပါ။ နောင်
သံဝေဂမရပါနှင့်။

မနုဿတ္တဘာဝေါ ဒုလ္လဘောဟူသည့် အဆိုအမိန့်နှင့်အ
လူ့ဘဝသည် ရခဲလှသည်။ ရခဲပြီး တိုတောင်းလှသော လူ့ဘဝကို ထ
ဖိုးထားပြီး အကျိုးရှိတုံ့တက်အောင် ဆောင်ရွက်ကြပါစို့ဟူ၍ တို
တွန်းပိုက်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

## [ ၁ ]

❑

နေ့လယ် (၁၂)နာရီခန့် ကျွန်ုပ်ထောင်တွင်းအချုပ်ရုံးမှ နေ့လယ်စာ စားရန် အိမ်သို့ထွက်လာတော့ အိမ်တွင် ညှေ့သည်ရောက်နေသည်။ အိမ်ပေါ်တက်တော့ အိမ်ရှေ့ညှေ့ခန်းတွင် ညှေ့သည်သုံးလေးဦး တွေ့ရသည်။ အသေအချာကြည့်မှ တက္ကသိုလ်တွင် တစ်ခန်းတည်းအတူနေသော ကိုသန်းဝင်းဖြစ်နေသည်။

"ဟာ ...သူငယ်ချင်း ကိုသန်းဝင်းမဟုတ်လား"

"ဟုတ်ပါ့ ...ကိုသိန်းဝင်းရယ်၊ ခင်ဗျား မှတ်မိသားပဲ"

"ငယ်ပေါင်းသူငယ်ချင်းတွေပဲဗျာ၊ ဘယ်မမှတ်မိနေမလဲ"

"ဒါနဲ့ ညှေ့သည်တွေပါ ပါလာတာဆိုတော့ ထောင်ကိစ္စထင်ရဲ့"





"ဟုတ်လိုက်လေ ...သူငယ်ချင်းရယ်။ တူတော်မောင် ထောင်ကျလို့ မိသားစုတွေ လိုက်လာကြတာ"

"ဘာမှုဖြစ်တာလဲ ကိုသန်းဝင်း"

"လူငယ်ဆိုတော့ ဆေးမှုပေါ့ဗျာ"

"အချုပ်လား။ ထောင်ကျလား"

"အချုပ်ပါ။ ထောင်မကျသေးပါဘူး"

"ထောင်ကျဖို့ရှိသလား ...ကိုသန်းဝင်း"

"ဖိုးရှုတာလေ။ စီးကရက်ထဲ ထည့်သောက်တာပါ။ ပစ္စည်းအထုပ်အထည်တော့ မမိပါဘူး။ ဆေးလိပ်တိုတွေတော့ ရဲစခန်းက သက်သေခံအဖြစ် သိမ်းသွားတယ်"

"ဒါဆို အဖွဲ့လိုက်ပေါ့။ ဘယ်နှစ်ယောက်လဲ"

"သုံးယောက်"

"ဘယ်နေ့က ထောင်ပို့တာလဲ"

"တစ်နေ့ကပို့တာ သူငယ်ချင်း"

"ဒါဆို လူသစ်ပုံစံခန်းမှာပဲ ရှိဦးမယ်။ ကျွန်တော်နဲ့ မတွေ့ရသေးဘူး။ ကျွန်တော် နေ့လယ်စာစားပြီး ပြန်ဝင်မှ လူသစ်ကြည့်ရမှာ။ နာမည်နဲ့ အဖေနာမည်၊ တရားရုံးတွေ ပေးခဲ့လေ"

"ရော့ ...သူငယ်ချင်း၊ ဟောဒီသည်မှာ အသင့်ရေးယူလာတယ်။ စောင့်ရှောက်ကြည့်ရှုပါဦး ...သူငယ်ချင်း။ ကိုယ့်တူက အလွန်ကြောက်တတ်တာ။ နာမည်က လှရွှေတဲ့။ သိပ္ပံဘွဲ့ရပြီးသား။ အသက် (၂၀) ကျော်ပဲ"

"စိတ်ချပါ ...ကိုသန်းဝင်းရယ်၊ ကျွန်တော့် အချုပ်ရုံးမှာ ခေါ်ထားပြီး စောင့်ရှောက်ထားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အားကိုးပါတယ် သူငယ်ချင်းရယ်။ ကိုယ်တို့ ထောင်ဝင်စာတွေ့ချင်တယ်။ သူငယ်ချင်း ကူညီနိုင်မလား"

"အင်း ...ဒီနေ့တော့ အချိန်နည်းနေပြီ။ လူသစ်ကလည်း ကြည့်ရဦးမှာ။ ကိုသန်းဝင်းတို့မှာ ထောင်ဝင်စာပို့မယ့်ပစ္စည်းလည်း မရှိပါဘူး"

"ဟုတ်ပါတယ်။ အိမ်က အထဲမှာ စားဖို့ ဘာမှမပါလာဘူး"

"အင်း ..အဲဒါဆို မနက်ဖြန် မနက်ကိုးနာရီတော့ ဒီအိမ်ကိုပဲ လာခဲ့ပါ။ ကျွန်တော် အထဲမှာ စီစဉ်ပြီးတာနဲ့ ဝန်ထမ်းတစ်ယောက်နဲ့ ခေါ်ခိုင်းလိုက်မယ်"

"အင်း ...အဲဒါကောင်းတယ်"

"စားစရာသောက်စရာနဲ့ အသုံးအဆောင်တွေ ပြည့်စုံအောင် ယူခဲ့ပါ"

ကောင်းပါပြီဗျာ။ ကဲ ...သူငယ်ချင်းကိုသိန်းဝင်း ကျွန်တော်တို့နဲ့ အပြင်လိုက်ခဲ့ပါ။ နေ့လယ်စာ စားကြရအောင်"

"မဖြစ်သေးဘူး ကိုသန်းဝင်းရေ ထမင်းချိန်က တစ်နာရီခွဲရတာ။ ရေချိုးရဦးမှာနဲ့ အဆင်မပြေဘူး။ ကျွန်တော်တို့က မနက်ငါးနာရီကတည်းက ဝင်ရတာ။ ဒါကြောင့် အခုမှ ရေချိုးရမှာ"

"အေးပါဗျာ ...မနက်ဖြန် ကျွန်တော်တို့ မနက်ကိုးနာရီ အရောက်လာပါ့မယ်။ ကဲ ...သူငယ်ချင်းလည်း အလုပ်ပြန်ဝင်ရဦးမှာဆိုတော့ ကျွန်တော်တို့ ပြန်ဦးမယ်နော်"

"ကောင်းပါပြီ ...သူငယ်ချင်း ကိုသန်းဝင်းရယ်။ ကျွန်တော် မနက်ဖြန် မောင်လှရွှေနဲ့ ထောင်ဝင်စာတွေ့ဖို့ အသင့်ပြင်ဆင်ပြီး စောင့်နေပါ့မယ်"





"ကျေးဇူးတင်တယ် သူငယ်ချင်း။ ကျွန်တော်တို့ ပြန်တော့မယ်"

"ဟုတ် ...ဟုတ်ကဲ့"

ညှိသည်များဖြင့် စကားကောင်းနေရာ အချိန်နည်းသွား၍ ကျွန်တော့်မှာ အလျင်အမြန်ရေချိုးပြီး နေ့လယ်စာ၊ ဖိမ်ခံစားမနေနိုင်တော့။ ပြီးစလွယ်စား၍ ထောင်တွင်းသို့ လူသစ်ကြည့်ရန် ဝင်ခဲ့ရတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

❑

(၂) ဆောင် အချုပ်ရုံးရောက်တော့ ခေတ္တနားနေစဉ် ပုံစံခန်း လူကြီးမြင့်ဦးက လူသစ်ကြည့်ရန် လာခေါ်သည်နှင့် ထလိုက်ခဲ့ရတော့သည်။

"ရှေ့ ... ကြည့်"

"ပုံစံ"

"သက်သာ"

အခန်းလူကြီးမြင့်ဦးက ကျွန်တော်ပုံစံခန်းဝ ရောက်သည်နှင့် စစ်ထွက်ပီပီ အမိန့်သံနှင့် ထောင်အခေါ်အဝေါ်ကို ဖြည့်စွက်ပြီးအော်သည်။ ကျွန်တော် လူသစ်ကြည့်သည့် စားပွဲထိုင်မိမှ သက်သာသေးသည်။ ယနေ့ လူသစ်က (၅၀)ကျော်ခန့်ရှိသည်။ တနင်္လာနေ့ဖြစ်သဖြင့်





အတန်များခြင်းဖြစ်သည်။ တနင်္ဂနွေပိတ်ရက်ခံနေသောနေ့များ၌ တနင်္လာနေ့က လူသစ်များတတ်သည်။

လူသစ်စကြည့်သည်နှင့် ...

"အချုပ်နံပါတ် ..."

"ဝ၉၅၀"

"အမည် ..."

"ထွန်းလွင်"

"အဘအမည် ..."

"ဦးထွန်းမောင်"

"ဘာမှုဖြစ်သလဲ ..."

"ရိုက်မှု"

"တရားရုံး ..."

"ရန်ကင်းတရားရုံး"

"ရုံးထွက် ..."

"( ..... )"

'အမှတ်အသားရှာ' ဆိုသည်နှင့် အခန်းစာရေးက အချုပ်သား၏ ခန္ဓာကိုယ်ပေါ်မှ ထင်ရှားသော အမှတ်အသားများကို ကျွန်ုပ်မြင်သာအောင် လက်ဖြင့်ထောက်ပြသည်။ ကျွန်ုပ်က မှတ်ပုံတင်စာအုပ်ထဲတွင် ရေးသွင်းထားသော အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသည်။

ပြီးမှ မြင့်ဦးက ...

"နောက်တစ်ယောက် ..."

"အချုပ်နံပါတ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝဋ္ဋဝါ"

"အမည် ..."

"လှရွှေ"

"အဘအမည် ..."

"ဦးသန်းစိုး"

ကျွန်တော် မော့ကြည့်မိသည်။ သူငယ်ချင်းကိုသန်းဝင်း ကျွန်တော့်အား လာအပ်ထားသူဖြစ်သည်။ အသက်က (၂၀) ကျော်ခန့် အသားဖြူဖြူ၊ ဆံပင်ကုပ်ဝဲနှင့် ခေတ်ဆန်သော လူရည်သန့်တစ်ဦး ဖြစ်ပေသည်။ နှစ်နာရီခန့်ကြာမှ လူသစ်ကြည့်၍ ပြီးသည်။

လူသစ်ကြည့်၍ ပြီးသည်နှင့် ကျွန်ုပ် အချုပ်ရုံးခန်းသို့ ပြန်၍ အနားယူနေစဉ် ကျွန်ုပ်မှာခဲ့သည့်အတိုင်း အခန်းလူကြီးမြင့်ဦးက မောင်လှရွှေအား ကျွန်ုပ်ထံသို့ ခေါ်ဆောင်လာပါသည်။ အကျီအဖြူ ပလေကပ်လုံချည်အနက်ရောင်ဖြင့် သားနားပြီး မွန်ရည်ပုံရသည်။

'မောင်လှရွှေ ... အဲဒီကုလားထိုင်မှာ လွတ်လွတ်လပ်လပ် ထိုင်ပါ"

"ဟုတ်ကဲ့"

"မင်းက ဘွဲ့ရဆို၊ ဘာဘွဲ့ရတာလဲ"

"သိပ္ပံဘွဲ့၊ သင်္ချာအဓိကပါ ဆရာ"

"အတွက်အချက် ကျွမ်းကျင်တာပေါ့။ အတွက်အချက် ကျွမ်းကျင်ရဲ့သားနဲ့ မိမိကိုယ်မိမိ ဘာလုပ်ရင် ဘာဖြစ်မယ်ဆိုတာ မတွက်ချက်ခဲ့ဘူးလား"

"သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ အပျော်လုပ်ရင်း ဖြစ်တာပါဆရာ။ ကျွန်တော် ခေးမစွဲပါဘူး"





"ဆေးရှူတာတော့ အမှန်ပဲပေါ့"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော် ဝန်ခံပါတယ်"

"ရဲက သိမ်းဆည်းသွားတဲ့ စီးကရက်တိုတွေကလည်း နံပါတ် ...ပါတဲ့ စီးကရက်တိုတွေပဲလား"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော် ရဲစခန်းမှာလည်း ဝန်ခံ ...ပါတယ်"

"အေး ... ကောင်းတယ်။ ယောကျ်ားပဲ ကိုယ်လုပ်ရင် ကိုယ် ...ရမှာပေါ့။ နံပါတ် (၄) ရှူတာ ငွေကုန်ကြေးကျ အလွန်များတယ်။ ...ကျန်းမာရေးကို ထိခိုက်စေတယ်။ နောက်တစ်ဆင့်တက်ပြီး အကြော ...ထိုးသွင်းတော့ သေတတ်တယ်။ တဒင်္ဂသာယာမှုကို မယက်မောစမ်း ...နဲ့ မောင်လှရွှေ။ တခြားပျော်စရာတွေ လူ့လောကကြီးထဲမှာ အများ ...ကြီးရှိပါတယ်ကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

ထိုနေ့မှစ၍ ကျွန်တော် မောင်လှရွှေအား ကျွန်တော်၏ အချုပ် ...ရုံးတွင် ခေါ်ထားပြီး အချုပ်သစ်မှတ်ပုံတင်ဘုတ်တွင် ခန့်ထားလိုက် ...သည်။ သူ၏လက်ရေးလက်သားမှာ ကောင်းမွန်သဖြင့် အဆင်ပြေသည်။ ...လည်း ဘွဲ့ရလူငယ်ကျေးတစ်ယောက်၍ ရဲဘက်ဝန်ထမ်းအားလုံး ...တည့်အောင်ပေါင်းနိုင်သည်။

သူ၏အားလပ်ချိန်တွင် ဒုအဆောင်မှူးရုံးခန်းသွား၍ ပန်းကန် ...ယောက်များစာရင်း၊ အဆောင်လူဦးရေစာရင်း၊ အဆောင်တွင်းသုံး ...ည်းများစာရင်းကိုလည်း ကူညီပြုစုပေးသဖြင့် ဒု-အဆောင်မှူးနှင့် ...ည်း မောင်လှရွှေ အလွန်သင့်သည်။ ဒု-အဆောင်မှူးနှင့် အလွန်သင့်



www.burmeseclassic.com

www.burmeseclassic.com



တော့ စားဝတ်နေရေးနှင့် မိလ္လာကိစ္စ၊ ရေချိုးခြင်းကိစ္စ၊ ထမင်းခွဲခြင်းကိစ္စနှင့် ထောင်တွင်းသွားလာခြင်းကိစ္စများ အဆင်ပြေတော့သည်။

ပေါင်းတတ်သင်းတတ်သဖြင့် မောင်လှရွှေတစ်ယောက် ထောင်တွင်း၌ အရာရောက်ပြီး ပျော်ရွှင်နေသည်။ ဆေးပြတ်သွားသဖြင့် ရုပ်မှာ ဝလာပြီး အသားအရေစိုပြည်လာသဖြင့် သူ့အိမ်ကပင် ထောင်တွင်းရောက်သည်ကို သဘောကျနေကြသည်။

ထောင်တွင်းရောက်ပြီး တစ်လခန့်ကြာတော့ မောင်လှရွှေ ထောင်နှစ်နှစ်ကျသည်။ ထို့ကြောင့် ထောင်ကျဆောင်သို့ ရောက်သွားရာ ကျွန်တော်က အချုပ်ရုံးခန်းသို့ပင် ပြန်ခေါ်ထားပြီး မူလအလုပ်ကို ပြန်ပေးထားရသည်။ သူကလည်း ကျေးနပ်ပါသည်။ ဆေးနှင့်ပတ်သက်သော အသံမကြားမရ။ ထောင်တွင်း လုံးတီးတန်ခိုးကြောင့် တစ်နေ့တခြား ရောဂါကင်းစင်ပြီး ဝဖြိုးလာသည်။ ကျန်းမာရေးကောင်းတော့ ရုပ် အလွန်ခန့်ညားလာသည်။

ကျွန်ုပ်အချုပ်ရုံးခန်းကိုလည်း မောင်လှရွှေက မနက်ညနေ နှစ်ကြိမ် သန့်ရှင်းရေးလုပ်ပေးသည်။ ရုံးခန်းအတွင်း ကြမ်းခင်းမှာ ပြောင်လက်နေသည်။ ကျွန်ုပ်၏ ရုံးစားပွဲပေါ်မှ စာအုပ်နှင့်ဖိုင်များ၊ စာအုပ်စင်မှ စာအုပ်များ၊ ဗီရိုအတွင်းမှ စာအုပ်စာတမ်းများမှာ သူ့ခုနှ[illegible] သူ စနစ်တကျ စီတန်းနေသည်။

မောင်လှရွှေက ရဲဘက်စာရေးဖြစ်၍ တခြားအချုပ်သားများအား ခေါ်ခိုင်း၍ရသော်လည်း စိတ်မချဟုဆိုကာ သူတစ်ဦးတည်း [illegible]စဉ်လုပ်ခြင်းဖြစ်သည်။ ကျွန်ုပ် တစ်ခါတစ်ရံ အလုပ်များ၍ ထမင်း[illegible] မထွက်နိုင်သော နေ့များ၌လည်း မောင်လှရွှေက ဒုအဆောင်မှူး[illegible]





အဆင်ပြေသဖြင့် ထောင်တွင်းစိုက်ခင်းမှ ကိုက်လန်၊ ပန်းဂေါ်ဖီ၊ နို့ကိုဥကြီးများကို ယူထားပြီး ရုံးခန်းသုံး ရေနွေးအိုးကျိုသည့် လျှပ်စစ်မီးဖိုကလေးဖြင့် ဖွယ်ဖွယ်ရာရာ ကြော်လှော်ပေးတတ်သည်။

ဆိုရလျှင် မောင်လှရွှေမှာ သူပင် စာရေး၊ သူပင် သန့်ရှင်းရေးသမား၊ သူပင် အချက်အပြုတ် တာဝန်ခံဖြစ်တော့သည်။ သို့သော် သူဘာ အခွင့်အရေးမယူ။ ညနေ ထမင်းစားရာတွင် ပုံစံခန်းအခန်းလူကြီး မြင့်ဦးတို့နှင့်သာ သွားစားတတ်သည်။ ကျွန်ုပ်တို့ ရုံးခန်းရှိ ရုံးအဖွဲ့ဖြင့် မစားပါ။

ရုံးပိတ်ရက် ဂျူတီကျချိန်၌ အပြင်မထွက်ရသဖြင့် ကျွန်ုပ်တို့ ထောင်တွင်း၌ပင် ထမင်းစားရရာ လှရွှေအား ထမင်းစားရန် ခေါ်သော်လည်း သူက ဝင်မစား။ ပုံစံခန်း၊ အခန်းလူကြီးမြင့်ဦးနှင့်ပေါင်း၍ သက်သတ်လွတ်စားနေသည်ဟု အကြောင်းပြသည်။ မနက်ည တရားလည်း ထိုင်နေသည်ဟု သိရသည်။

ထို့ကြောင့် သူ၏အသားအရေမှာ ဝင်းဝါနေပြီး မျက်နှာမှာ အမြဲတမ်း ကြည်လင်ပြုံးရွှင်နေသည်။ ပညာတတ်လူငယ်တစ်ယောက် [illegible]စီးစတွင်ပင် ထောင်တွင်းရောက်၍ အကျွတ်တရားရကာ လူငယ်လူကောင်းဖြစ်သွားသဖြင့် ကျွန်ုပ်နှင့်အတူ သူ၏မိသားစုများလည်း ဝမ်းသာကြပါသည်။

လူကောင်းဖြစ်သွားသော သားကို အပြင်တွင် လွတ်လပ်စွာ တွေ့လိုသည်ဟုဆိုပြန်သဖြင့် လွတ်ရန် ခြောက်လခန့်အကြာတွင် ကျွန်ုပ် မောင်လှရွှေအား အပြင်ဘုတ်သို့ ထုတ်ပေးလိုက်သည်။

အပြင်ဘုတ်ဆိုသည်မှာ ထောင်အုတ်ရိုးအပြင်ဘက်ရှိ ရာသီလိုက်စိုက်ပျိုးခင်းများအား နေပူ၊ မိုးရွာမရှောင်၊ ရေလောင်း၊ ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



သင် စိုက်ပျိုးပြုစုရသော အလုပ်ဖြစ်သဖြင့် ပင်ပန်းသည်။ နေ့စဉ် အလုပ်ထွက်ရသည်။ နေမကောင်းထိုင်မသာဖြစ်မှ နားရသည်။

သို့သော် နေ့စဉ် ထောင်ဝင်စာတွေ့နိုင်သဖြင့် မောင်လှရွှေ ပျော်နေသည်။ ထောင်တွင်း စာရေးလုပ်ရသည်က ဘော်ကြောဖြစ်၍ အသားအရေ ဖြူစင်ဝင်းပနေသော်လည်း ယခုတော့ အသားအရေမှာ နေလောင်ထားသဖြင့် ကြေးနီရောင်ပေါက်နေသည်။

မှတ်ချက် ။ ။ ထောင်စည်းကမ်းအရ အချုပ်သားတစ်ဦး ထောင်ဝင်စာတွေ့ရခြင်းမှာ တစ်ပတ်တစ်ကြိမ်သာ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များအနက် တစ်ရက်သာ တွေ့ခွင့်ရှိသည်။ ထောင်ကျများ ထောင်ဝင်စာတွေ့ရခြင်းမှာ နှစ်ပတ်တစ်ကြိမ် ကြာသပတေး၊ သောကြာ စနေနေ့များတွင်သာဖြစ်သည်။ အပြင်ဘုတ်ထွက်သူများကတော့ နေ့ရက် အကန့်အသတ်မရှိ တွေ့လိုသောရက်၊ တွေ့လိုသောအချိန် လာတွေ့ခွင့်ရှိပါသည်။

သို့ဖြင့် မောင်လှရွှေ အပြင်ဘုတ်ထွက်ပြီး နှစ်လခန့်အကြာတွင် လျှော့ရက်စနစ်အရ ထောင်မှလွတ်တော့သည်။ ကျွန်ုပ်က အဆင်ပြေအောင် စီစဉ်ပေးပြီး ဆိုဆုံးမ၍ မိဘဆွေမျိုးများအား ပြန်လည်အပ်နှင်းလိုက်သည်။

✿ ✿ ✿

[ ၃ ]

❏

တနင်္ဂနွေ ပိတ်ရက်တစ်ညနေစောင်းတွင် ကျွန်ုပ်၏ဇနီးဖြစ်သူ သူငယ်ချင်း ကိုသန်းဝင်းနှင့် မောင်လှရွှေတို့ ကျွန်ုပ်၏အိမ်ရှေ့သို့ ကားလေးတစ်စီးဖြင့် ရောက်လာကြသည်။

"ဆရာ ... အားတယ်မဟုတ်လား။ ဆရာ့ကို ဂါရဝပြုချင်လို့ လာခေါ်တာပါ၊ ကျွန်တော့်မိဘနဲ့ အစ်မတွေ မြေနီကုန်း Bamboo House မှာ စောင့်နေပါတယ်"

"အားတော့ အားပါတယ်၊ ဒါပေမဲ့ နေပါစေကွယ်။ မင်း လူကောင်းဖြစ်သွားရင် ပြီးတာပါပဲ"

ထိုစဉ် သူငယ်ချင်းကိုသန်းဝင်းက ...

"ဒီလို သူငယ်ချင်း။ မောင်လှရွှေမိဘတွေက သူငယ်ချင်းကို ကျေးဇူးတင်လွန်းလို့ သူတို့ရှေ့မှာ မောင်လှရွှေကို ကန်တော့နိုင်းမှာ။ သူငယ်ချင်း မလိုက်လို့ မဖြစ်ဘူး။ လုပ်ပါ သူငယ်ချင်းရာ၊ အဝေးအဝေးလဲပါ။ ကားလည်း အသင့်ပဲ။ အပြန်လည်း အိမ်တိုင်ရာရောက် ပြန်ပို့မှာပါ။ ကဲ ... လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်လည်း အားနာသဖြင့် လိုက်ခဲ့ရတော့သည်။ ထိုခေတ်ထိုအချိန်က နာမည်ကြီးစားသောက်ဆိုင်များ ယခုလို မပေါ်များသေးပါ။ အင်းစိန်တွင် ဒေင်ဥယျာဉ်၊ ရှစ်မိုင်တွင် နမ့်ဆင်း၊ ကုက္ကိုင်း၌ တို့လူချွန်၊ မြို့တွင်း၌ သုံးခြောက်ကိုး၊ မြေနီကုန်း၌ Bamboo House လောက်သာ ရှိသေးသည်။ ဆိုင်တွင် မောင်လှရွှေ၏မိသားစုက စောင့်နေကြပြီ။

ကျွန်ုပ်ရောက်သည်နှင့် ကျေးဇူးတင်စကား ဝိုင်းဝန်းပြောဆိုကြပြီး စားသောက်ဖွယ်ရာ အစုံအလင်ဖြင့် ကျွေးမွေးဧည့်ခံပါသည်။ စားသောက်ပြီးတော့လည်း လက်ဆောင်များဖြင့် မောင်လှရွှေက ကန်တော့သဖြင့် ကျွန်တော်က ဆုံးမစကား ပြောကြားရသည်။

"ကဲ . . . မောင်လှရွှေရေ၊ မကောင်းမှုလုပ်လို့ ဥပဒေအရ ထောင်ကျခံပြီးပြီဆိုတော့ လူလိမ္မာဖြစ်သွားပြီပေါ့။ အဲဒါကြောင့် ထောင်တွင်းမှာ နေခဲ့ရစဉ်အတိုင်း စည်းကမ်းတကျ နေထိုင်ပါ။ ကျန်းမာရေးကို လိုက်စားပါ။ မိဘ၊ မောင်နှမတွေရဲ့ ကျေးဇူးကို ပြန်ဆပ်တဲ့အနေနဲ့ ဝင်ငွေရမယ့်အလုပ်တစ်ခုခုကို လက်ကြောတင်းအောင် လုပ်ပါ။ တရားဥပဒေနဲ့မလွတ်ကင်းတဲ့ အမှုမှန်သမျှကို ဝေးဝေးက ရှောင်ကြဉ်ပါ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော့်ကို ကူညီစောင့်ရှောက်၊ ကယ်တင်ခဲ့လို့ အလွန်ကျေးဇူးတင်လွန်းလို့ ကျွန်တော် ကန်တော့ပါတယ်"

"အေး . . . အေး . . . ကျန်းမာလို့ ချမ်းသာပါစေကွယ်။ မိဘ မောင်နှမတွေကို စိတ်ချမ်းသာအောင် လုပ်ကျွေးပြုစုနိုင်တဲ့ သားကောင်း ရတနာတစ်ယောက်ဖြစ်ပါစေ"

✿ ✿ ✿

[ ၄ ]

နောက်လေးငါးရက်အကြာတော့ မောင်လှရွှေ၏အစ်မ မျက်နှာမကောင်းစွာဖြင့် ကျွန်ုပ်၏အိမ်သို့ ရောက်ရှိလာသည်။ အကျိုးအကြောင်းမေးတော့ မောင်လှရွှေတစ်ယောက် ဆေးထိုးအပ်တန်းလန်းဖြင့် အိမ်သာထဲ၌ သေဆုံးသွားသောကြောင့် အသုဘပို့ဆောင်ရန် လာရောက်ဖိတ်ကြားခြင်းဖြစ်သည်။

အပေါင်းအသင်းဟောင်းများဖြင့် ပြန်ပေါင်းပြီး မိဘများကလည်း အကျွတ်တရားရပြီ အထင်နှင့် အလိုလိုက်ပြီး လွတ်လပ်ခွင့်ပေးထားသဖြင့် 'ခွေးမြီးကောက် ကျည်တောက်စွပ်သလို' မိုက်တွင်းနက်ခြင်းဖြစ်ကြောင်း ငိုယို၍ ပြောကြားသွားခဲ့ပါသည်။ ကျွန်ုပ် အလွန်အံ့သြမိပါသည်။ လူ့ဘဝတွင် အရေးကြီးသည်မှာ အပေါင်းအသင်းများဖို့ ဖြစ်ကြောင်းလည်း ကျွန်ုပ် နားလည်သဘောပေါက်မိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com